
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကြင်တင်အေး (ရွက်စိမ်းစာပေ) ပုံနှိပ်သူ - ဦးစန်းဦး (အက်စ်ကေအီစီပုံနှိပ်တိုက်)

| | |
|---|---|
| ထုတ်ဝေခြင်း | ဒုတိယအကြိမ် ၂၀၁၄-ခုနှစ်၊ ဒီဇင်ဘာလ |
| မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်ပုံများ | ပန်းချီ - မမွေး |
| အုပ်ရေ | (၁၀၀၀) |
| တန်ဖိုး | ၂၅၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုကို

ပဒေသာဖလင်းရုပ်ရှင်ကုမ္ပဏီမှ

" ပျံသာပျံပါ ထက်အကာသို့ " အမည်ဖြင့်

၁၉၇၄-ခုနှစ်တွင် ရုပ်ရှင်ရိုက်ကူးပြသခဲ့ပါသည်။

ဇာတ်ညွှန်း ကိုသိန်း

ဒါရိုက်တာ အောဝမ်းသန်းထွန်း သိန်းထွန်း အမ္ဗာညီနောင်

ပါဝင်သူများ ကိုမြင့်၊ တိုးညွှန့်၊ စိုင်းဝဏ္ဏ၊ မျိုးသန့်
စောမြသန္တာ၊ ကြည်ကြည်ဌေး၊ မေနွဲ့၊ ဦးဝမ်းချူ၊
စိုင်းအောင်တင့်၊ မျိုးထွန်း



ကိုမြင့်၊ စောမြသန္တာ

www.burmeseclassic.com

www.burmeseclassic.com



စောမြသန္တာ





တိုးညွန့်၊ မျိုးသန့်

www.burmeseclassic.com

www.burmeseclassic.com



မျိုးသန့်၊ စောမြသန္တာ



ကိုမြင့်၊ တိုးညွန့်၊ မျိုးသန့်၊ စောမြသန္တာ

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်၊ တိုးညွန့်၊ စိုင်းဝဏ္ဏ၊ မျိုးသန့်၊ ဝင်းလှိုင်

"ပျံသာပျံပါ ထက်အာကာသို့" ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ဓာတ်ပုံများ ကိုဖော်ပြရန် ကူညီပေးပါသော ဒါရိုက်တာ အေဝမ်း ဦးသိန်းထွန်းအား ကျေးဇူးတင်ရှိပါသည်။

စိန်စည်တော်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## [၁]

လေအဟုန်မှာ... အတောင်လွင့်လို့ ပျံလိုက်စမ်း။ လေဆန် ဖြစ်ချင်လည်း ဖြစ်ပါစေပေါ့...။ အတောင်နှစ်ဖက် ရှိသရွေ့... ပျံနိုင်တဲ့အား ရှိသရွေ့ ပျံရမှာပဲ။ ငှက်တို့ တန်ဖိုးက ကောင်းကင်ယံ၊ လူတို့တန်ခိုးက မီးပုံးပျံတဲ့... ခုခေတ်ဆို ဒုံးပျံပေါ့ဟယ်...၊ ပြီးတော့... ငှက်တွေဟာ ပျံရင်း သေသတဲ့...၊ လူတွေဟာ ကြံရင်း သေသတဲ့ကွယ်။ ဘယ်လိုကံကြမ္မာမျိုးမဆို ရင်ဆိုင်ရမှာပဲ...။

❀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [၂]

လူ့ဘဝတွင် ရေဆန်ကို ကူးနေရသလို ဖြစ်လာပြီ ဆိုလျှင်တော့ အမြဲမောပြီ... ဝေခင်က ဒီစကားမျိုးကို ပြောမိလေသည်။ စင်စစ် ကိုယ့်ကိုယ်ကိုယ် အားတင်းခြင်းလည်း ဖြစ်သည်။

ဝေခင့် စကားများကို ကပျက်ကချော် လုပ်ချင်သော၊ လုပ်လေ့လုပ်ထလည်းရှိသော 'ဂျူဒို' က ပြုံးစစ မျက်နှာနှင့်...

"ဘာတဲ့ ဟေ့... ငှက်တွေက ပျံရင်း သေတယ်၊ လူတွေက ကြံရင်း သေတယ်... ဒါဖြင့် တို့ အဝေရာကြီးကတော့ ပုလင်းမော့ရင်း သေမှာ သေချာတယ်။ ဟိုကောင် ဘဲဥကတော့... ကောင်မလေးတွေ သန်းခေါင်စာရင်းကောက်ရင်း သေမှာ... ကိုပြံကတော့ သီယိုဒိုလိုက်ထဲကနေ သိဂီကို ချောင်းကြည့်ရင်း သေမှာ... စိတ်ပုတီး ကတော့... တန်းစီတိုးရင်း လူပိသေမှာ... ချီးပေကတော့... မခိုင်တဲ့ဝမ်း တရစပ်လျှောရင်း..."

"နေစမ်းပါ... တို့ စကားကောင်း ပြောနေတာကို..."

ဝေခင်က ဇလုံ ခွက်ယောက်၊ စာအုပ်စာတမ်းများ၊ Steel tape ခေါ် သတ္တုသံကြိုးများ ထည့်ထားသော ယိုးဒယားခြင်း အနီကို ဆွဲကိုင်လျက် လျှောက်လာရင်း 'ဂျူဒို' ကို လှမ်း မာန်လိုက်လေသည်။

ဂျူဒိုက သီယိုဒိုလိုက် (Theodolite) ခေါ် ထောင့်တိုင်း ကိရိယာမှန်ဘီလူးနှင့် ဆင်ဆင်တူသော အရာကို လက်တစ်ဖက်က ဆွဲလျက် Tripot ခေါ် သုံးချောင်းထောက် ခုံကို ထမ်းကာ ဝေခင်အား လှမ်းကြည့်ပြီး...

"ငါကလည်း... အကောင်းပြောနေတာပဲ"

ဂျူဒိုက ရှေ့မှ သွားနှင့်သော သူ့မိတ်ဆွေများ နောက်ကျောကို လှမ်းကြည့်ရင်း ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ အကောင်းလဲ..."

"အကောင်းပေါ့... လူတွေ ကြံရင်း သေတယ်ဆို... နင်ကော သေ တော့ မလို့လား... မြေတိုင်းရင်း အမောဆို့ သေသွားတဲ့ မိန်းကလေးလို့ သတင်းစာထဲ ပါလာနေပါဦးမယ်... မလုပ်ပါနဲ့"

"ဟောဒီ ဂျူဒိုဟာ သိပ် အာချောင်တာပဲ..."

"တကယ်ပါ... မေမြို့လို နေရာမျိုးမှာ သေရတာ နည်းနည်း နောနော... ကုသိုလ်မှတ်လို့...၊ ပန်းခွေတော့ သိပ်လှမှာပဲ၊ ပန်းတွေ ဒါလောက် ပေါတာ။ ပန်းမြို့တော်မှာ သေဆုံးသွားတဲ့ ဝေခင့် အလောင်း ကို အလွန်လှတဲ့ ပန်းခွေတွေနဲ့ ဖုံးအုပ်လိုက်ရရင်..."

"တို့ ခဲနဲ့ ကောက် ပေါက်လိုက်မယ်နော်..."

ဂျူဒိုက လွတ်လပ်ပေါ့ပါးစွာ ရယ်မောနေသည်။ ဝေခင်က မောလွန်းသဖြင့် စိတ်တိုနေသည်။

မနေ့ကလည်း ခရီးပန်းခဲ့သည်။ ယနေ့ လျှောက်လာခဲ့ရသော ခရီး ကလည်း နည်းနည်းနောနော မဟုတ်။ ထို့ပြင် သစ်ပင်ဆူးချုံပင်တို့ကို ဖြတ်ကျော်လာခဲ့ရသဖြင့် ခြေထောက်များမှာ ရှပြီး ယားစပ်နေသည်။ ဝေခင်၏ ခြေမသည်လည်း ကျောက်တုံးအစ တစ်ခုကို ခလုတ်တိုက်မိ ထားသဖြင့် သွေးတွေ ထွက်ကာ တစိမ့်စိမ့် ယိုနေသည်။ လက်ကိုင်ပဝါနှင့် ဖုံးအုပ် စည်းနှောင်ထားသော်လည်း လက်ကိုင်ပဝါမှာ သွေးများနှင့် စိုနီ နေသည်။

ဂျူဒိုက သုံးချောင်းထောက် ခုံ ထမ်းလျက်ကပင် သူ့ရှေ့မှ Ranging pole ခေါ် တစ်နေရာမှ တစ်နေရာ မြင်သာရန် စိုက်ထောင်ရသော အဖြူအနက်နှင့် အနီသုံးရစ်စီ ခြားထားသည့် အတံရှည်ကြီးကို ထမ်း လျက် ခပ်သုတ်သုတ် လျှောက်သွားသော ကျောင်းသားနောက်ကို အမှီ လိုက်၍...

"ဟော့-ခိုးပေ..."

"ဟော..."

"ဝေခင်က ပြောတယ်ကွ သိလား..."

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



ချီးပေဟု အခေါ်ခံရသော ကျောင်းသားက သူ၏ ရှည်ကိုင်းသော အရပ်ကြီးကို ပို၍ ကိုင်းသယောင်ပြုကာ ပါးစပ် 'ဟ' ရင်း... ဟောဟဲ ဟောဟဲနှင့် မောနေလေသည်။

"ငှက်တွေက ပျံရင်း သေတယ်တဲ့... မင်းကော ဘာလုပ်ရင်း သေမလဲ"

ဂျူဒိုက သူ့ဝသီအတိုင်း ရွှတ်ပြက်ပြက် နှင့် ရယ်ရင်း မေးလိုက်လေသည်။

"ဟင်... ဟင်..."

ချီးပေက နားမလည်သလို ထပ် မေးလိုက်လေသည်။

"ဒီကောင်... ငကြောင်... သိပ်ကြောင်တဲ့ကောင်..."

ဂျူဒိုက စိတ်မရှည်သလို မာန်နေသေးသည်။ သည်တော့ ချီးပေက မျက်ခုန်းတွန့်ကာ လက်ခါပြလျက်...

"မင်းတို့ကောင်တွေ ပြောတာ ဘာမှ မကြားရဘူးကွ... ပင်ပန်းလွန်းလို့ နားထဲက လေတွေ ထွက်နေတာ တဝုန်းဝုန်းဘဲ" ဟု လှမ်းအော်ပြောလိုက်လေသည်။ သူပြောမှပင် သတိရသည်။ ဝေခင့် နားထဲကလည်း လေတွေ ထွက်နေသည်။

ဝေခင့် မိတ်ဆွေမလေး ကြိုင်ကြိုင် ဆိုသူက...

"ကြိတ်လိုက်... ကြိတ်လိုက်... စတုတ္ထနှစ်၊ မေမြို့ Camp ထွက်တဲ့ အရသာဆိုတာ ဒါပဲ..."

ညည်းညည်းညူညူ နှင့် ပြောနေသေးသည်။ ဂျူဒို က ချီးပေဘက် လှည့်ကာ...

"မေမြို့ စခန်းထွက်ရတာ ပျော်စရာ ပျော်စရာဆို ဟေ့... ချီးပေ..."

ခနဲ့နေသေးသည်။ မိန်းကလေးတွေရှေ့ ချီးပေဟု အခေါ်ခံရသူက...

"အေး... အရင်နှစ်တွေတုန်းက မင့်နှမ ပါတာကိုး... ပျော်စရာကြီးပေါ့... ခု မင်းနှမလည်း မပါ - မင်းကြီးတော်လည်းမပါ" ဟု အငြိုးနှင့် ပြန်တွယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေခင် နှင့် ကြိုင်ကြိုင် တို့က ရယ်မောကြလေသည်။ ဂျူဒိုက-

"စိတ်ပုတီးရေ ကယ်ပါဦး... ငါ့ကို ချီးပေ ချဲနေပီကွ..."

အတံရှည်ကြီး ထိပ်ဖျားတွင် အလံပြာ ချည်ကာ ကိုင်ထားသော ဖြူဖြူပိန်ပိန် ကျောင်းသားတစ်ယောက်အား လှမ်းတိုင်လေသည်။ စိတ်ပုတီးက ရယ်လျက်...

"မင်းတို့နှစ်ယောက် အမြဲ ကိုက်နေတာပဲ၊ မဆန်းပါဘူး..."

ချီးပေ က ခွေးသံနှင့်တူအောင် လုပ်ပြနေသည်။

"စိတ်ပုတီးရဲ့ အပေါင်းအသင်းပဲ၊ ကိုက်တတ်ရမှာပေါ့..." ဟု လည်း ပြောသေးသည်။

စိတ်ပုတီးက စ၍ "ချီးပေ... ချီးပေ... တောထဲမှာနေ... အိပ်ရာ သင်ဖြူး ချေးတွေနဲ့ လူး... " ဟူသော ငယ်စဉ် ကလေးဘဝက သီချင်းလုပ် သီဆိုခဲ့သကဲ့သို့ ဆိုနေသည်ကို ဂျူဒိုက သံယောင်မှုလိုက်ဆိုသည်။ ဘဲဥ နှင့် ကိုပြံ ကလည်း ဝင်ဆိုသည်။

"နင်တို့ကလည်း... ဆရာတွေပါလို့ ဖရီး(Free) မရိုက်ရတော့ တစ်လမ်းလုံး နောက် နေတာပဲ... တော်တော် အာချောင်တဲ့ ဟာတွေ..."

ကြိုင်ကြိုင်က မနေနိုင်သဖြင့် ဝင်ပြောသည်။ ဖရီးရိုက် ဆိုသည်မှာ အတန်းပြေး သည် ဟူလို...။

ဝေခင်က...

"တော်ပါသေးရဲ့... ခုတော့ လူ ရှင်းလာလို့... စောစောတုန်းက ကလေး... တစီစီ... ခွေး တစီစီနဲ့..."

ကိုယ့်အုပ်စုနှင့် ကိုယ်အဖွဲ့ အသီးသီးတို့သည် Ranging pole ခေါ် အတံတို့တွင် အလံအနီ-အစိမ်း၊ အပြာ-အဖြူ တပ်ဆင်ချည်နှောင် လျက် ဆရာများ ဦးဆောင်ကာ နံနက်စောစော အမှတ် (၄) ကျောင်းမှ ထွက်လာကတည်းက အိမ်တိုင်းလိုလိုမှ လူတွေက အထူးတဆန်း ထွက် ကြည့်လေသည်။ ကလေးတွေက ဆိုလျှင် ပြေး၍ ကျောင်းသား ကျောင်းသူ ရှေ့မှ ကြိုကြည့်နေကြသည်။

ဝေခင်တို့ကား လေ လွင့်သဖြင့် လန့်မသွားစေရန် ဦးထုပ်များကို ပြင် ဆောင်းကြသည်။ ထိုးထိုးထောင်ထောင် နှင့် တုတ်တုတ်ချောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်သူ ကိုင်၊ သုံးချောင်းထောက် ခုံ ထရိုင်ပို့ ကို ပခုံးပေါ် ထမ်းသူထမ်းနှင့် ဘယ်လိုထင်ကြသည်မသိ။ ယောက်ျားလေး အုပ်စု အများကြီး ထဲတွင် အရေအတွက် (၂၀)ပင် မပြည့်သော မိန်းကလေးများအား တအံ့တဩ ငေးမော ကြည့်ရှုနေကြသည်။ မိန်းကလေးတို့၏ နောက်ကျောတွင် ခွေး များ ရွှံနစ်နေသည်။

လျှောက်ရသည့် ခရီးကလည်း အတော် ဝေးသည်။ တိုင်းရမည့် ကွင်းသို့ တော်တော်နှင့် မရောက်နိုင်ခဲ့။ လွတ်လပ်ရေး ကျောက်တိုင်အနား မှ ဖြတ်ကာ မြို့တော်ခန်းမနား ရောက်မှ ဝေခင်တို့ 'အနီ' အဖွဲ့မှ လူတွေအားလုံး စုရုံးမိကြလေသည်။

လွတ်လပ်ရေးကွင်းမှာ သစ်တောကြိုးဝိုင်းအတွင်း အပါအဝင် ဖြစ်၍ သစ်ပင်၊ ဆူးချုံပင် ပေါများလှပေသည်။

ဆရာသည် ယမန်နှစ်က မြေပုံကို ဖြန့်ကာ ယနေ့ တိုင်းတာရမည့် လုပ်ငန်းနှင့် ပတ်သက်သမျှကို ရှင်းပြလေသည်။ တိုင်းရမည့် နေရာဌာန (Station) (၈) ခု ရှိသည်ဟု ဆိုသည်။ ဆရာက နေရာများကို ရွေးချယ် သတ်မှတ်ပေးလေသည်။

"မြို့ပြစွမ်းအား - ပြည်ထွန်းကားအံ့..." ဟု ကဗျာစာဆိုဟံသာဦးက ရေးထားခဲ့သလို လူသားတို့ စွမ်းရည်ဆိုတာ ဒါပဲဖြစ်မည်ဟု ဝေခင်က တွေးမိလေသည်။ လူသားတို့အတွက် အကျိုးပြုလုပ်ငန်းပေတကား။ တောင်တွေ့လျှင် ဥမင်ဖောက်သည်။ မြစ်တွေ့လျှင် တံတားဆောက် သည်။ ကန္တာရကာဆီးနေလျှင် လမ်းခင်းပေးကြသည်။ ထို့ပြင် ဆည် မြောင်းများ၊ တာတမံများ၊ အဆောက်အဦးကြီးများ စသည်ဖြင့်...။

လူသားတို့၏ ဉာဏ်စွမ်း ဝီရိယဖြင့် လောက ကို သာယာ ဖွံ့ဖြိုးစေ ခဲ့လေသည်။ မြို့ပြတို့သည်ကား ကမ္ဘာမြေကြီးကို ထက်ဝက် ချုပ်ကိုင်ထား လေသည်။

သို့လျှင် ဝေခင်က ခမ်းနားကြီးကျယ်သော အတွေးထဲ နစ်နေ ဆဲ... အဝေရာ၊ စိပ်ပုတီးနှင့် ချိုးပေ တို့က နေရာ H (၈) ရှိရာ မြို့တော်

www.burmeseclassic.com

www.burmeseclassic.com



ခန်းမနောက်ဘက်သို့ ထွက်ခွာသွားကြလေပြီ။ ကျန်အုပ်စုမှ လူများလည်း အသီးသီး တာဝန်ကျရာ နေရာသို့ သွားကြပြန်သည်။

ယခင် ကျောင်းတက်စဉ်က တစ်ခါမျှ ဘောင်းဘီ ဝတ်သည်ကို မတွေ့ရဖူးသော ကိုပြံ နှင့် ဘဲဥ တို့သည်ပင် ဘောင်းဘီ ဝတ်ကြသည်။ ကျောင်းသား အားလုံးပင် ဘောင်းဘီနှင့်၊ ဆရာတစ်ဦးက. . .

"မိန်းကလေးတွေပါ ဘောင်းဘီ ဝတ်နိုင်ရင် သိပ် ကောင်းမယ်" ဟု ပြောသေးသည်။ ကြိုင်ကြိုင်က ရယ်မောကာ...

"ဝတ်တော့ ဝတ်ချင်ပါတယ်၊ မဝတ်ရဲတာက ခက်တယ် ဆရာ..."

"ထပ်တရီး..."

ကိုပြံက မကြားတကြား ဝင်ပြောသည်မှာ...

"နင်တို့ အုပ်စုထဲက ဝေခင် တစ်ယောက်ပဲ ဘောင်းဘီ နဲ့ ကြည့်လို့ ရမယ်... နှံ့ပြည်စုတ် လည်း ဘောင်းဘီကြားထဲ ရှာနေရမယ်၊ အိမ်ထန်းပင် ကျတော့လည်း... အောင်မလေး... လန့်စရာ၊ တို့တွေ မြေတိုင်းမှာ အဖျား ရောဂါထကုန်ကြမယ်..."

နှံ့ပြည်စုတ် အမည်ခံ သေးသေးပျပ်ပျပ် နှင့် မေအောင်၊ အိမ်ထန်း ပင် အမည်ခံအရပ်မြင့်သော ကြိုင်ကြိုင် တို့က မျက်စောင်းခဲကုန်ကြလေ သည်။ ဆရာက မသိကျိုးကျွန်ပြုရင်း မသိမသာပြုံးနေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၃]

ထို့နောက်တော့ ဂျူဒို၊ ဝေခင်နှင့် ကြိုင်ကြိုင် တို့ကား နေရာ (အေ) နှင့် (ဘီ) ရှိရာ မန္တလေး-လားရှိုးလမ်း၏ မြောက်ဘက်ရှိ ကွင်းသို့ လာခဲ့ ကြလေသည်။

"ဟော့... သတိထား... စတေရှင် (အေ) နားမှာ ခွေးကိုက်တတ် သတဲ့၊ ဆရာ စောစောက သတိပေးလိုက်တယ်..."

ကြိုင်ကြိုင် က ရှေ့ဆုံးမှသွားနေသော ဂျူဒို အား လှမ်း အော်သတိ ပေးနေသည်။ ဂျူဒို က ရယ်လျက် ရှေ့တိုးသွားမြဲ သွားကာ...

"မပူပါနဲ့ဟာ... တို့ဆီမှာလည်း ကိုက်တတ်တဲ့လူ ပါသားပဲ..."

ဝေခင့်ကို လှမ်းမေး ငေါ့ပြရင်း နောက်ပြောင်နေသည်။ ဝေခင်က အဖက်လုပ် စကား မပြောတော့။ သည့်နောက်တော့ တိုင်းကြ ထွာကြ သည်။ စတေးရှင်း (အေ) နှင့် (ဘီ) ကြားတွင် ပေ ၅၀၀ ရှိပြီး (ဘီ) မှ ပေတစ်ရာကျော်ခန့် အကွာ... (အေ) နှင့် (ဘီ) အကြားတွင် တော်လှန် ရေး မီးရှူးတိုင် ရှိလေသည်။

ဂျူဒို မှာ သူ့အုပ်စုနှင့်ပေါင်းမိလျှင် ဗရုတ်ကျသော်လည်း အလုပ် တကယ်လုပ်တော့လည်း ဖျိုးဖျိုးဖျတ်ဖျတ်နှင့် တွင်ကျယ်အောင် လုပ်နိုင် သည်။ အလုပ် လုပ်ရင်း လေတွေ ဖောင်နေသည်။ လူကလည်း မနား၊ ပါးစပ်ကလည်း အအားမနေ။

ဝေခင် က သတ္တုပေကြိုးကို ပေတစ်ရာအကွာမှ ဆွဲလာလေသည်။ ဂျူဒိုက အတံရှည်ကို ကိုင်ကာ စောင့်နေသည်။ ကြိုင်ကြိုင် က ဖိုင်တွဲကို ကိုင်ကာ ရေးမှတ်ရန် စောင့်နေသည်။ ဂျူဒိုက မျက်နှာတစ်ခုလုံး နေပူရှိန်နှင့် နီရဲကာ...

www.burmeseclassic.com

www.burmeseclassic.com



"Steel tape (သတ္တုကြိုး) ကို နာနာ ဆွဲပါဟ... သူ့ကို ဆွဲတာ မှန်ရင် မှန်တာပဲ၊ နင့်ဥစ္စာက အား မရှိသလိုပဲ... အဆောင်က ကျွေးခဲ့တဲ့ ဘဲဥဟင်း နဲ့ နိုင်လွန်ဟင်းချိုမှ အားမနာဘူး..."

ဝေခင့် ကို လှမ်း စနေသေးသည်။ ဂျူဒိုပြောလည်း ပြောစရာ၊ သတ္တု ကြိုးကို ဆွဲရာတွင်... ဝေခင်၏လက်အားက မသန်။ များမကြာမီ ဆရာ ရောက်လာကာ ဆရာက ဝင် ဆွဲပေးလေသည်။ ဂျူဒိုက ဆရာ့ ရှေ့မှာပင် နောက်တီး နောက်တောက် စကားတွေနှင့်...

"ဆရာ... ဝေခင် က ပြောနေတယ်။ ငှက်တွေက ပျံရင်း သေတယ်၊ လူတွေက ကြံရင်း သေတယ်တဲ့၊ သူလည်း မြေတိုင်းရင်း အရိုးကြေကြေ အရေခန်းခန်း သေသွားပစေတဲ့... ခိုင်းချင်ရင် ခိုင်းပါတဲ့၊ စောစောက သူ Tripot ထမ်းလာတာ သိပ်ကြည့်လို့ ကောင်းတာပဲ၊ ပုရွက်ဆိတ် ထမင်းလုံးချီလာတဲ့အတိုင်းပဲ..."

ဆရာ က ရယ်မောနေသည်။ ထို့နောက်

"ကိုရန်ပိုင်က ပျော်တတ်တယ် ထင်တယ်..." ဟုပင် မေးလိုက်လေသည်။

"ပျော်တတ်တာ မကောင်းဘူးလား ဆရာ... စိတ်ပိုင်းဆိုင်ရာ ခံစား မှုတွေထဲမှာ ပျော်တာဟာ အလိုလားအပ်ဆုံးပဲ၊ ကျွန်တော်တော့ ပျော်ချင် နေတာပဲ... စိတ်ဆင်းရဲစရာတွေ၊ စိတ်ညစ်စရာတွေကို ကျွန်တော် ကျောခိုင်းတာပဲ။ အိမ်မှာ မေမေက ကျွန်တော့်ကို ဒီနား ဆူရင် ဟိုနား ထ သွားတာ။ ကျွန်တော် ငယ်ငယ်တုန်းက ၅ နှစ်သားလောက်ပေါ့... ဘွားဘွားက ကျွန်တော့်ကို မြည်တံရှည်ကြီးနဲ့ မြည် တွန်တော့ ဘွားဘွား လက်ထဲကို ကျွန်တော့် မုန့်ဖိုး ဆယ်ပြား ထည့်ပေးပြီးပြောသတဲ့၊ ဘွားဘွား ဒီအိမ်က ခုထွက်သွားတော့...၊ ရော ဘွားဘွားဖို့ လမ်းစရိတ်လို့... ပေး တော့ အဘွားက အဆူရပ်ပြီး ရီရသတဲ့..."

ဆရာနှင့်အတူ ဝေခင်ရော ကြိုင်ကြိုင်ပါ ရယ်မောကြရလေသည်။ ဂျူဒိုကလည်း သူ့ဘာသာသူ သဘောကျကာ တသောသော ရယ်မော လျက်...

www.burmeseclassic.com

www.burmeseclassic.com



"ကလေးများဟာ မုန့်ဖိုး သိပ်မက်တာဆရာ... ကျွန်တော်တို့က အောင်နှမလည်း များ၊ အမေကလည်း စနစ်ကြီးတော့ ရတဲ့မုန့်ဖိုးဆယ်ပြားကို ဘယ်လွယ်လွယ်ကူကူ စွန့်ရက်လိမ့်မလဲ... အဘွားဆူတာ အသာ မခံနိုင်တော့ ဘွားဘွားရှေ့ "ချယ်ပြား"... လမ်းဂျရိတ်ယူပြီး အိမ်က ထွားတော့... လို့ မပီကလာ ပီကလာနဲ့ နှင်သတဲ့... "

ကြိုင်ကြိုင် က အတောမသတ် ရယ်ပြန်သည်။ ဝေခင်ကမူ ရယ်နေရာမှ ရုတ်ခြည်းမျက်နှာတည်ကာ အရယ် ရပ်သွားလေသည်။ ထို့ကြောင့် ဝေခင့် နှုတ်ခမ်းတွင် အပြုံးယဲ့ယဲ့သာ ကျန်တော့သည်။ နှုတ်က ပြုံးနေသော်လည်း မျက်လုံးများကား အတွေးနှင့် ငေးနေသည်။

"ကြည့်စမ်း... ဒို့ ရယ်နေလိုက်တာ... ဒါပေမဲ့ တို့ ကြာကြာ မရီနိုင်ပါဘူး၊ ဂျူဒို ပျော်တတ်တာကိုတော့ သွားမတုနဲ့လေ... သူ့ ဘဝ ပေးအခြေအနေက သူ ပျော်ဖို့ ဖန်တီးပေးထားတာပဲ၊ သူ့မှာ ဘာပူစရာရှိသလဲ... ဂျူဒို့မိဘတွေက ကြေးရခါတ်တွေ...။ ကြိုင်ကြိုင်ဆိုလည်း ကြည့်...၊ သူ့အဖေက အရာရှိကြီး... ပိုက်ဆံတွေများ သုံးလိုက်တာ ထုံးကနဲ-လုံးကနဲပဲ၊ သူတို့လိုတို့ မသုံးနိုင်ပါဘူး... တို့က ဆင်းရဲတယ်၊ တို့အမေက မွဲလိုက်တာ ကုန်းကောက်စရာတောင် မရှိဘူး၊ ခု အမေပို့တဲ့ ငွေတလည်း နည်းလိုက်တာ အဆောင်ခက ၅၇ ကျပ်၊ ကျောင်းလခက ၂ လခအတွက် ၃၀ ကျပ် တစ်ခါတည်း ၈၇ ကျပ်လုံးကနဲ ပေးခဲ့ရတဲ့ အပြင် လမ်းစရိတ်နဲ့ လမ်းမှာ သုံးလာတာနဲ့ လိုတဲ့ပစ္စည်း နည်းနည်းပါး ဝယ်လာတာနဲ့ ခု လက်ထဲငွေလေး သုံးကျပ်တောင် မပြည့်တော့ဘူး ဒီ သုံးကျပ်ထဲနဲ့ ဘာ သွားသုံးမလဲ... ပြီးတော့ ငွေက လုံးလုံး အသုံးခံတာ မဟုတ်ဘူး..."

ကွင်းဘေးပတ်လည်တွင် ချယ်ရီပင်များ၊ ထင်းရှူးပင်များ၊ စိန်ပန်းပြာပင်များ စိမ်းစိမ်းလတ်လတ်နှင့် စီရစီ ပေါက်ရောက်ကာ တောတောင်ရေမြေသဘာဝ အနေအထားကား သာယာကြည်နူးဖွယ် ဖြစ်သော်လည်း ရင်ထဲ၌ မသာယာနိုင်၊ ရှင်းလည်း မရှင်း၊ ငွေရေး ကြေးရေး ကိစ္စတွေးတိုင်း ခေါင်းလေးရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စတိုင်ပင် ထောက်ပံ့ကြေးရနိုးနှင့် လျှောက်ခဲ့သည်မှာ လေးနှ
သာ တိုင်ခဲ့လေသည်။ အရိပ်အရောင်ပင် မမြင်ရ၊ ဝေခင်ထက် ပိုဆင်း
တဲ့သူတွေ ရှိနေပြီ ထင်သည်။ ယူလာမိသော ဘာသာရပ်ကလည်
နှစ်ရှည်ကြီး ရှန်းကန်ရမည့် ဘာသာရပ်ကြီး၊ တစ်နှစ် တစ်တန်း အောင
ကို မနည်းအားခဲနေရသည်။ နှစ်တွေ ကုန်လာသည်နှင့်အမျှ အင
လည်း အကြွေးနွံထဲ နစ်နေလေပြီ။

ဝေခင့်မျက်နှာ မသာမယာဖြစ်နေသည်ကို ဂျူဒိုက အကဲခတ်
လေသည်။ ဝေခင့် နဖူးနှင့် နှာခေါင်းတွင် ချွေးများ မသိမသာ စို
သည်ကို သုတ်မပစ်ဘဲ ဒီအတိုင်းထားသည်။ စိတ်တွေ လေးလံနေသဖြ
မျက်နှာမှာ မှုန်မှိုင်းနေသည်။

အသက် (၂၀)... လွတ်လပ် ပျော်ပါးနိုင်သော အရွယ်တွင် ဝေခ
အဘယ်ကြောင့် ညှိုးနွမ်းနေရသနည်း။ သည်မိန်းကလေးသည် ခါတို
ထက်ထက်မြက်မြက် နှင့် သွက်လက်ကာ သူနှင့် ရန်ဖြစ်လို့ ကောင်းသေ
မိန်းကလေး။ ဝေခင်သည် သူ့လိုပင် ထုံထိုင်းခြင်းနှင့် အဆန့်ကျင်ကြ
ဆန့်ကျင်ကာ ပေါ့ပေါ့ပါးပါး ဖျတ်ဖျတ်လတ်လတ်နှင့် မျက်နှာရွှင်သည
မိန်းကလေး...၊ ယခုတော့ ဒီမိန်းကလေးမှာ မရယ်နိုင်၊ မပြုံးနိုင
တငိုင်ငိုင်။

❀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [၄]

မိန်းကလေးတို့ မနိုင်ဝန်ကို ထမ်းဆောင်မိပြီဟု အပြစ်တင်လိုက
င်လေတော့။

အင်ဂျင်နီယာလိုင်း လိုက်မည်ဆိုတော့ အမေနှင့် ဆွေမျိုးတွေက
း သဘောမတူ။ အမေကဆိုလျှင် တက္ကသိုလ် ပို့ဖို့ပင် အတော်ကြီး
စဉ်းစားနေသည်။

"ကောလိပ်ပို့ဖို့တောင် ရင်ထဲ ခပ်လေးလေးပဲ... ပညာသင်စရိတ်
ကို ဘယ်လိုရှာရပါ့မလဲ..."

အမေ က ညည်းရှာသည်။ သည်တော့ ဝေခင်က စာမေးပွဲကို
ဂုဏ်ထူး နှစ်ခုနှင့် အောင်ခဲ့လျက် ကျသူများပမာ မျက်ရည်ဖြိုင်ခဲ့ရသေး
သည်။

"ကလေး... စိတ်သန်လည်း သွားပါစေဟာ... ဒီလိုပဲ ဝိုင်းဝန်း
ထောက်ပံ့ကြတာပေါ့"

ဘကြီးဖြစ်သူက ဝင် ဖြေရှင်းခဲ့သည်။ စကောလားရှစ် ခေါ် ပညာ
တော်သင်ဆုရဖို့လည်း အဆင့်က ကပ်လိုနေသည်။ အင်္ဂလိပ်စာတွင်
အမှတ် နည်းသွားသည်။ သို့သော်လည်း စတိုင်ပင် ခေါ် ထောက်ပံ့ကြေး
လျှောက်လျှင် ရမည်ဟု ထင်ထားမိခဲ့လေသည်။

"ဒါဖြင့်လည်း ဆရာဝန်လိုင်း လိုက်ပါလားအေ... ညည်းအမှတ်
တွေက ပြည့်တယ်ဆို..."

"အမေကလည်း ကျွန်တော်မှ ဝါသနာမပါဘဲ... ပြီးတော့ လူတိုင်း
လူတိုင်း ဆရာဝန်လိုင်း လိုက်မှယ်၊ ဆရာဝန်လိုင်း လိုက်မယ်နဲ့..."

ဝေခင် က နွဲ့ဆိုး ဆိုးသလို အမူအရာ နှင့် အညာလေ့အတိုင်း
အမေ့ကို ကျွန်တော် နှင့် ပြောနေသည်။ အမေက ဝေခင့် ကို ဂုဏ်ယူ
အားထားသော မျက်နှာနှင့် ငေးစိုက်ကြည့်ရင်း...

"ဆရာဝန်လိုင်းက အကျိုးရှိတယ် မဟုတ်လား ကလေးရဲ့... တို့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးထဲမှာ ဆရာဝန် တစ်ယောက်မှ မရှိဘူး၊ ဆရာဝန်ဆိုတာ သူများ အသက် ကယ်ရတယ်၊ ပိုက်ဆံတွေလည်း အများကြီးရမယ်၊ ကုသိုလ် လည်းရ ဝမ်းလည်း ဝ..."

အမေက သူ နားလည်သလောက် ပြောနေသေးသည်။ သည်တော့ ဝေခင်က အမေ၏ ရိုးသား ဖြူစင်သော မျက်နှာကို လှမ်းငေးကြည့်ရင်း ရယ်လျက်...

"အမေရဲ့... ကျွန်တော်ကတော့ အများကြီးပဲ စဉ်းစားတာ... ရန်ကုန်မှာ ဂုဏ်ထူးရတဲ့ လူတွေကို သတင်းထောက်တွေက မေးတော့ ကျေးရွာတွေ ဆင်း ဆေးကုမယ်၊ အသက်သခင် လယ်သမားတွေကို ဆေးကုမယ်... ဘာမယ်... ဖြေကြတယ်လို့ ကျွန်တော် သတင်းစာထဲမှာ ဖတ်ရတယ်၊ ကျွန်တော့်ကိုသာ အဲဒီသတင်းထောက်တွေက လာမေးရင် ကျွန်တော်က တစ်မျိုးဖြေချင်တာ..."

"အလို... ညည်းက ဘယ်လိုများ ဖြေချင်လို့လဲ..."

အမေက ဝေခင့် ရှေ့ တည့်တည့်တွင် ထိုင်ကာ ဆေးပေါ့လိပ်ကို တစ်ရှိုက်မျှ ရှိုက်ဖွာရင်း ပီတိတွေ ဖြာဝေသော အပြုံးမျိုးနှင့် မေးလိုက် လေသည်။ တစ်မိပေါက် တစ်ယောက်ထွန်း သမီးလေးအတွက် ဂုဏ်လည်း ယူရင်း မပြည့်စုံကျပ်တည်းသော ဘဝအတွက် စိတ်လည်း မချမ်းမြေ့ဖြစ်ရင်း မျက်ရည်များ ဝဲနေသည်။

၁၆ နှစ်ပြည့်ရန် လပိုင်းမျှ လိုသေးသော သမီးငယ် က နုနယ်သော မျက်နှာလေးနှင့် ရယ်မောနေသေးသည်။ စင်စစ် ဝေခင်သည် တက္ကသိုလ်သို့ (၁၆) နှစ်နှင့် အသက်မီရုံရောက်သွားရမည့် မိန်းကလေးမို့ အလုပ် လုပ်ရန် များစွာ စောနေလေသည်။

ဝေခင်က သူ့လက်နှစ်ဖက်ကို ပိုက်ကာ ကိုယ်ကို မတ်ထိုင်လျက် 'အဟမ်း' ဟု ချောင်းဟန့်ပြီး အရှိန်ယူသလို လုပ်ပြီး ရယ်နေရာမှ ရုတ်ခြည်း မျက်နှာတည်သွားရင်း...

"ကျွန်တော့်ရည်မှန်းချက်ကတော့... ကျွန်တော်တို့ဆီမှာ သိပ် ဆင်းရဲနေတဲ့ လယ်သမားတွေရဲ့ဘဝမြှင့်တင်ရေးသက်သက်အတွက် ဆည်တွေ၊ တာတမံတွေ ဆောက်လုပ်နိုင်တဲ့ အင်ဂျင်နီယာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မြစ်လာချင်ပါတယ်... ကျွန်တော်တို့ဆီက မိုးခေါင်တော့ အစားဆင်းရဲ၊ အနေ ဆင်းရဲနဲ့ မသေရုံတမယ် အလုပ် လုပ်ကြရတယ်... လူး တို့ ပဲတို့ ပြောင်းတို့နဲ့ ရောကျိုစားရပါတယ်၊ တစ်ခါတလေများ ထမင်းငတ်ကြရတယ်၊ ဒီလို အငတ်အမွဲပြဿနာကို ဖြေရှင်းဖို့ ရေတွေ သိုလှောင်စရာ ဆည်တွေ တာတမံတွေ အများကြီး လိုပါတယ်..."

သည်လိုတွေ ပြောတတ်အောင် တမင် အလေ့အကျင့် လုပ်ထားသော ဝေခင်က သူ့ဘာသာသူ ဟန်ပန်လေသံ လုပ်ပြောသည်ကို မလုံသလို ရယ်မိပြန်သည်။ ဘကြီးက ကွမ်းတွေ ဝါးထားသော သွားကြောင်များပေါ်အောင် အားပါးတရ ပြုံးကာ...

"ဟ... နင် ဒီလိုဖြေတာတွေ သတင်းစာတွေထဲမှာသာ ပါလာရင်တော့ အကျော်ဇေယျဘဲ ဟော့..." ဟု စိတ်ကူးယဉ်မိသေးသည်။

"ငါ့သမီးက သိပ်တော်တာပဲ..." ဟု အမေက ကိုယ့် ငါးချဉ်ကိုယ်ချဉ်လေသည်။

ဝေခင်သည် အိမ်ပြူတင်းဆီသို့ လာရပ်ကာ ပြူတင်းမှကျော်၍ လယ်ကွင်းဆီသို့ ငေးမောကြည့်နေသည်။ အမေနှင့် ဘကြီးတို့ လယ်တောသည် စိမ်းရင့်ရင့် ဖြစ်နေရမည့်အစား၊ ဝါဖျော့ဖျော့ အရောင်သို့ လူနေကြသည်။

စာမေးပွဲအောင်စာရင်းတွေထွက်ကာ နောက်ကျပြီး နှစ်ပတ်ခန့်ကြာခဲ့ပြီဆိုလျှင်ပင် မိုးဖြိုင်ရမည့် ဝါဆိုဦးအခါမို့ အောက်အရပ်လယ်တောတွင် ပျိုးပင်တွေ စိမ်းလန်းနေပေရော့မည်။

သည်မှာတော့ မစိမ်းမလန်း...။ တမာပင်၊ ဆူးဖြူပင် နှင့် ထနောင်းပင်များက ပတ်လည်ဝိုင်းနေသော်လည်း သွေ့သွေ့ခြောက်ခြောက်နှင့် ကုန်းခေါင်ခေါင်မှ အညာကျေးလက် တောရွာလေး တစ်ရွာ။ ထိုတောရွာလေး၏ လူနေမှုစနစ်သည် များစွာ နိမ့်ကျလျက် ရှိလေသည်။

ဝေခင်တို့ အိမ်ပတ်ဝန်းကျင် ပတ်ပတ်လည်တွင် ထန်းရွက်မိုး၊ဝါး တိုင်ထူသော ယိုင်နဲ့နဲ့ တဲအိမ်ငယ်လေးများသာ ရှိလေသည်။ ဝေခင်တို့ အိမ်သာလျှင် ဝါးကပ်မိုး၊ ပျဉ်ကာပျဉ်ခင်း နှင့် အမေတို့ မိဘများ၏ အမွေအနှစ်အဖြစ် ကျန်ခဲ့ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေတို့ ဆင်းရဲတာတော့ ရွာသူ ရွာသားနှင့် မခြားပေ။ အမေမှာ သားသမီး သုံးယောက် မွေးဖွားခဲ့သည်။ အစ်ကို နှစ်ယောက်၊ ပြီးတော့ ဝေခင်။ ဝေခင့်အဖေသည် ဝေခင် လ သမီး အရွယ်ကပင် ဆုံးခဲ့သဖြင့် အဖေ ဘယ်လိုနေသည်ကိုပင် မသိ။ အစ်ကိုနှစ်ယောက်အနက် တစ်ယောက်က တောခိုသည်။ တစ်ယောက်က တပ်ထဲ ဝင်သည်။ အစ်ကို နှစ်ယောက်အတွက် အမေ့မှာ ဗျာများသောက ရောက်ခဲ့ရှာသေးသည်။

အမေကသားသမီးတွေကိုသူ့လိုဆင်းရဲမှာစိုးရိမ်သည်။ သို့ကြောင့် ဝေခင်ကို ကျောင်းကောင်းကောင်း ပို့သည်။ အမေက ငွေကို ရသလောက် ရှာသည်။ အိမ်အောက်ထပ်တွင် ရက်ကန်းစင်တစ်ခုလည်း ထားထားသည်။ မုန့်ပေါင်းလည်း လုပ်ရောင်းသည်။ မုန့်ပေါင်းနှင့်အတူ စားရန် ကြက်သွန်ကြော်၊ ဗယာကြော်များလည်း ကြော်သေးသည်။

“ငါတို့နှမများ... ပိုက်ဆံရမယ် ဆိုရင်... လိုက်ခေါင်းများ တူးပီး ရှာမလား မသိဘူး”

ဘကြီးကပင် ခနဲ့သည်။ အမေက ခေါင်းကိုပင် ခါယမ်းလျက်...

“ဒါတောင်... ငွေတွင်းက နက်တယ် ကိုရင်တိုးရေ့... ” ဟု ညည်းညူလေသည်။

“ပိုက်ဆံ အရှာရခက်တာထက် အသုံးခက်တာ ပိုဆိုးတယ် နှင်းယုံ... စားစရိတ်တွေ၊ နေစရိတ်တွေ တက်နေသမျှတော့ တို့ ဘယ်တော့မှ မချမ်းသာဘူးမှတ်... ရတာက ၁ဝိ၊ ပြန်သုံးရတာက ၂ဝိ ဆိုရင် တို့ အိမ်ထောင်စုတွေ အကြွေးမကင်းဘဲ ခံနိုင်ရိုးလား”

ဘကြီး ဦးတိုးလူ က မှတ်ချက်ချနေသည်။ အမေကတော့ မီးငွေ့သေနေသော ဆေးလိပ်ကို စဉ့်ခွက်ထဲကို ထိုးစိုက်ရင်း ခေါင်းကိုသာ တွင်တွင် ခါရမ်းနေမိလေသည်။ ပြီးတော့ အမေက သက်ပြင်း မသိမသာ ချလိုက်သည်။

အမေ့အသက်က (၄ဝ) ပင် မပြည့်သေးသော်လည်း နဖူးရေ ပါးရေများ တွန့်ချင်နေပေပြီ။ ဆံစတို့ ခြောက်သွေ့ကာ ကြိုးကြား ဖြူစပြုလေပြီ။ ဝေခင်တို့ အတန်းမှ အထက်တန်းပြ ဆရာမ အဒေါ်ရှိကတော်လေး က အမေ့ အသက်ထက်ပင် ကြီးသည်။ သို့သော်လည်း နုပျိုခြင်း

www.burmeseclassic.com

www.burmeseclassic.com



အရာ၌ မနိုင်းယှဉ်သာအောင် ကွာခြားလှပေသည်။ မြို့သူမို့လား မသိ၊ အမေ့လို အသားညိုညို သေးသေးလေးပေမင့် အပြင်အဆင်နှင့် လှ ညည်း လှသည်၊ နုလည်း နုသည်။

သည်တော့ ဝေခင်က အမေတို့ ဆင်းရဲတွင်းကို မြေဖို့ ချစ်ချင်သည်။ သူ့အတွေးတို့ အဆုံးအစ မရှိသလို သူမြင်ရသော အနာဂတ် လယ်ကွင်း တို့သည်လည်း အဆုံးအဆမရှိ။ လက်ကွင်းတို့သည် မိုးကုပ်စက်ဝိုင်းအထိ ပင် ကျယ်ပြန့်သွားလေသည်။ လယ်ကန်သင်းနှစ်ခုကြားထဲတွင် ရေသွင်း မြောင်းကလေးက အဆက်မပြတ် စီးဆင်းနေသည်။

သည်ရေများကို မြောင်းဘေး တစ်ဘက် တစ်ချက်တွင် ရှိသော လယ်ကွင်းများထဲသို့ သွင်းပေးနေသည်။ ထို့ပြင် ဆောင်းတွင်းစိုက် သီးနှံ ခင်းများ ဖြစ်ကြသော ကြက်သွန်ခင်း၊ မုန်လာခင်း၊ မုန်ညင်း၊ ဂေါ်ဖီနှင့် ခရမ်းချဉ် စသော အခင်းများကို လယ်တော၏ ကွက်ကြားကွက်ကြားတွင် မြင်ယောင်မိပြန်သည်။ ထိုစိုက်ခင်းများထက် မြင့်မောက်ပြီး စိမ်းစိမ်း လတ်လတ်နှင့် ညိုဖတ်သော အခက်အလက်များ နှင့် ငှက်ပျောခင်းများ ကိုလည်း ဟိုနားတစ်ခင်း၊ သည်နားတစ်ခင်း၊ စိတ်ကူးနှင့် မြင်ကွင်း အလှကို ဖန်ဆင်းနေမိသည်။

"ဘယ်ဘက်ကို လိုက်သင့်တယ်ဆိုတာစဉ်းစားကြသေးတာပေါ့ အေ"

အမေက ဝေခင်၏အတွေးများကို တစ်မုဟုတ်ချင်း ချေဖျက်လိုက် လေသည်။ ဝေခင်က အမေ တတောက်တောက် နှင့် အလုပ် လုပ်ရာ နောက်သို့ တကောက်ကောက် လိုက်နေသည်မှာ ညနေအထိပင်တည်း။

"အမေရယ်..."

အမေ့ကို နားဝင်အောင် ဘယ်လို နားသွင်းရပါ့မလဲ ဟု စဉ်းစား ပြီးမှ အမေ့လက်မောင်းကို ကိုင်လှုပ်ကာ...

"အမေပဲ ကျွန်တော့်ကို ချစ်တယ် ဆိုပြီးတော့..." ဟု ချွဲမိသေး သည်။

www.burmeseclassic.com

www.burmeseclassic.com



အမေက ဆီအိုးထဲ မှန့်ညက်နှင့်နယ်ထားသော ကြက်သွန်များ ထည့်ကြော်ရင်း မီးခိုးများနှင့် ဝေစပ်သော မျက်လုံးများကို မှိတ်ချေ ဖွင့်ချေ လုပ်ကာ...

"ခုဟာက ချစ်တာ မချစ်တာနဲ့ မဆိုင်ပါဘူးကွယ်... မိန်းကလေးနဲ့ သင့် မသင့်... (၆) နှစ်လုံးလုံး ထားရမယ့် အားကို အမေတို့ လိုက်နိုင်၊ မလိုက်နိုင်..."

"အမေရယ်... ကျွန်တော် တခြား ဥစ္စာတွေ အကုန် ခြိုးခြံမယ်၊ ကျွန်တော့်အဖို့ ထဘီ လေးငါးထည်ရှိရင် တော်ပြီ... သူများတွေ ဂုဏ်တု ဂုဏ်ပြိုင်နဲ့ လုံချည် နှစ်လ မထပ်ထပ် တစ်နှစ်လုံး မထပ်ထပ် အမေလည်း ကြားဖူးသားပဲ၊ ဘကြီးရဲ့အမျိုးဟာ ဘယ်သူ ခင်မေ သိလား... လုံချည် တစ်နှစ်တိတိ ကျောင်းတက်တာ မထပ်ဘူးဆို... ကျွန်တော် ဒါတွေ အားလုံး နားပိတ် မျက်စိမှိတ်ထားမယ်..."

ဝေခင်က သူ့နားကို လက်ညှိုးနှစ်ချောင်းနှင့် ထည့်ပိတ်ကာ မျက်စိနှစ်လုံးလည်း ပိတ်ထားပြနေသည်။ အမေ က ရယ်မိသေးသည်။

"အစားလည်း အဆင်းရဲခံနိုင်ပါတယ်... အဆောင်မှာ အစား ဆင်းရဲလို့ အပြင်က ဘာတစ်ခုမှ ကျွန်တော် ဝယ်မစားဘူး၊ အဆောင်မှာ အစား သိပ်ဆင်းရဲတယ်ဆိုပဲ... ဘဲဥ ကို ရေနဲ့တောင် ကြော်ကြွေးသတဲ့၊ ဟင်းချိုဆိုတာ ရေနွေးပဲတဲ့၊ ဒါတွေ ကျွန်တော် ခံနိုင်ရည်ရှိပါတယ်..."

ပြောတော့ အမေက ဝေလျက် ကျလာသော မျက်ရည်များကို မီးခိုး ကြောင့် ဝေမှိုင်း စိမ့်ယိုလာသော မျက်ရည်များနှင့် ရောလွှတ်ကာ...

"ညည်းအစ်ကို...၊ ဉာဏ်ထွန်းကို မေးပြီးပလား..."

"မေးပီးပါပီ အမေရယ်..."

"ညည်း သူ့ကို တိုင်ပင်ရမယ်... ဉာဏ်ထွန်းကြောင့် ညည်း သင်္ချာ ဘာသာရယ်၊ နောက် ဘာ... ဘာသာ..."

"ရူပဗေဒပါ အမေ..."

"အေး... ဂုဏ်ထူး နှစ်ခု ရတာ မဟုတ်လား... သူ့ကျေးဇူးဘဲ့ဆိမှာ အများကြီးရှိတယ်။ ဒါတောင် ညည်း ဘကြီး က သူ့သားကြောင့် ညည်း ဂုဏ်ထူးရတယ်လို့ တစ်ခွန်းပြောတာ၊ ဂုဏ်ဖော်တာ မဟုတ်ဘူး..."

www.burmeseclassic.com

www.burmeseclassic.com



ညာဏ်ထွန်း မှာ ဘကြီး၏ တစ်ဦးတည်းသော သား၊ ဝေခင်၏ အစ်ဝမ်းကွဲ အစ်ကိုဖြစ်သည်။

"ဟုတ်ပါတယ် အမေရယ်... ကျွန်တော်လည်း အစ်ကို့ကို တိုင်ပင်ပြီးပါပြီ"

"သူက ဘာပြောသလဲ..."

"အကြမ်းအတမ်း ခံနိုင်ရည်ရှိရင်တော့ လိုက်တဲ့... ပင်တော့ ပင်ပန်းတယ်တဲ့၊ ပြီးတော့ ကျွန်တော် သင်္ချာတော်သားပဲ... လိုက်မယ်ဆိုရင် ဖြစ်ပါတယ်တဲ့၊ သင်္ချာတွေ အများကြီး ထွက်ရတဲ့ ဘာသာရပ်တဲ့... သင်္ချာမနိုင်ရင်တော့ မလိုက်နဲ့တဲ့၊ ရှုးတတ်တယ်တဲ့..."

သည်စကားတွေကို အမေ့အား ပြောပြီး ပြီးချင်း နောင်တရမိလေသည်။ အမေက နှုတ်ခမ်းကိုမဲ့ကာ...

"အင်း... အားရှိစရာပဲ..." ဟု ပြောလေသည်။

"ကျွန်တော်ကတော့ သင်္ချာ တော်တယ်လေ အမေရဲ့... စိတ်ပူစရာ မရှိပါဘူး၊ သင်္ချာကို မျက်စိမှိတ်တွက် တွက်..."

ဝေခင်က သူ့မျက်စိကို ပိတ်ကာ ဘယ်လက်ဝါးပေါ်တွင် ညာလက်ညှိုးနှင့် ထောက်လျက် သင်္ချာ တွက်ဟန်ကို လုပ်ပြနေသည်။ အမေက ဝေခင့်အား စေးစိုက်ကြည့်ရင်း ပြုံးလျက်... "အရူးမ" ဟု ချစ်စနိုးနှင့် ခေါ်လိုက်လေသည်။

"သင်္ချာကို ကျွန်တော် ပိုင်ပါတယ် အမေရဲ့..." ဟု ဝင့်ကြွားစွာ ပြောလိုက်ပြီး အစ်ကိုပြောသော ကျောင်းသား တစ်နှစ် တစ်ယောက်ရှုး သည်ဆိုသော အကြောင်းတော့ ထည့်မပြောတော့ပေ။

"ညည်းတို့ ဒီက စာမေးပွဲအောင်ပြီဆိုရင် ဘာလုပ်ရမလဲ၊ ဘယ်လိုအကျိုးရှိလဲ..."

အမေက တစ်ခုစီ မေးနေသည်။

"ဒီမှာ လိုင်းခွဲတွေ အများကြီးပဲ အမေရဲ့ ခွဲထားတာ... မြေပြင်တဲ့၊ တော်မူ တဲ့၊ လျှပ်စစ်၊ သတ္တု၊ ချည်မျှင်၊ ဓာတု၊ ဗိသုကာ... အဲဒီလို ဘာသာတွေ ခွဲထားတော့ အို... ဒီလိုပြောလို့ အမေ- နားရှုပ်မှာပဲ ကျွန်တော်ပြောမယ် အမေရယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ပြော ပြော... ညည်းပဲ ပြောနေတာပဲ မဟုတ်လား..."

သည်တော့ ဝေခင် က ရယ်ရင်း အမေပခုံးကို ကိုင်လှုပ်ကာ...

"ခြုံပြောရရင် အမေရယ်... ဒီကျောင်းက ထွက်ရင် ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေဟာ တိုင်းပြည်ကို အများကြီး ချမ်းသာအောင် လုပ်နိုင်တယ်။ သတ္တု-ရေနံတွေကို ရှာဖွေနိုင်တယ်။ အမေ ကျွန်တော့်ကို ဆင်ချင်လှချေရဲ့ဆိုတဲ့ ရွှေဒင်္ဂါး နှစ်ပြား တံဆိပ် လှိုင်းကြီး ခရစ်တွေလည်း ရအောင် လုပ်နိုင်မယ်၊ အမေ နေမကောင်းတဲ့အခါ ညည်းညည်းနေတဲ့ ဆေးဝါးတွေလည်း ပေါလာအောင် တတ်နိုင်တယ်။ အခု ရွာမှာ မီး မရှိတာ လျှပ်စစ်မီးတွေ တပ်ဆင်နိုင်အောင် လုပ်ပေးနိုင်တယ်၊ ရေရှားတဲ့နေရာမှာ ရေတွေ ပေးနိုင်တယ်။ မြို့ရွာတွေ သန့်ရှင်းအောင် လုပ်နိုင်တယ်... ဒါ့အပြင် ကျွန်တော်တို့ ခု သွားနေတဲ့ ညစ်ပတ်တဲ့ တွင်း အိမ်သာတို့၊ ဇလား အိမ်သာတို့အစား... ပိုက်လိုင်းနဲ့သွားရတဲ့ အိမ်သာတွေ..."

"ဟဲ့... ညည်းတို့ဟာ အိမ်သာပါ လုပ်ပေးရသလား..."

"ဩော်... အမေရယ်... နားဝေးလိုက်တာ ပိုက်လိုင်းတွေ ဘာတွေနဲ့ အဆင့်အတန်းမြင့်မြင့် နေနိုင်ဖို့ စီမံပေးရတာ ပြောတာ၊ ခုခေတ်မှာဆိုရင် ဇလားအိမ်သာတွေ၊ တွင်းအိမ်သာတွေ မရှိသင့်တော့ဘူးတဲ့။ အစ်ကို ဉာဏ်ထွန်းပြောတာ လူတွေ အဆင့်အတန်းမြင့်မြင့် နေနိုင်ဖို့ကို လုပ်ပေးနိုင်တာ ပြောတာ အမေရဲ့... ခု အမေ တဲနဲ့ နေရတယ်၊ နောက်ဆို... တိုက်နဲ့ နေရမယ်၊ ခု အမေ တွင်းအိမ်သာကို လောက်တဖွေးဖွေးနဲ့ ရွံလွန်းလို့ ဆိုပြီး ဆေးပေါ့လိပ်ကြီး သောက်သွားရတယ်၊ နောက် အမေ အိမ်မှာ ကြွေခွက် နဲ့ သန့်သန့်ရှင်းရှင်း သွားနိုင်တော့မယ်။ ခုကြွေခွက်နဲ့ အိမ်သာသွားနေနိုင်တဲ့လူက မြို့ပေါ်က လူနည်းနည်းလေးရယ်... လူအများက ဒီလို အဆင့်အတန်းမြင့်မြင့် မနေနိုင်ဘူး၊ ဒါကို ကျွန်တော် ပြောနေတာ..."

သည်တော့ အမေက နားလည်သွားသည်။ သမီးကိုလည်း များစွာ အထင်ကြီးသွားလေသည်။ "ငါ့သမီးက သိပ်နားလည်တာပဲ၊ သူ ဒါတွေ ဘယ်လိုများ ပြောတတ်လာပါလိမ့်..." ဟု စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးက ပညာရှိသည်ဟု အမေ တင်စားပြန်သည်။ ပညာ ရှိသလောက် ရုပ်ရည်လေးကလည်း ရည်မွန်သည်။ အသားက သူ့လောက်ညိုသော်လည်း ညိုစိမ့်စိမ့်လေးနှင့် ချောမွတ်သည်။ အရပ်အမောင်းကလည်း သိပ် အကောင်းကြီး မဟုတ်ပေမင့် သူ့ထက်တော့ မြင့်သည်။ ၅ ပေ ၁ လက်မ ရှိသည်ဟု ပေကြိုးနှင့် ခဏခဏ တိုင်းရင်း အမေကို ပြောတတ်သည်။ ကိုယ်ထည်ကတော့ သိပ် မဖွံ့ဖြိုးလှ။ သွယ်နွဲ့သည်။ မျက်နှာလေးကတော့ ခပ်ဝိုင်းဝိုင်း။ နဖူးကျယ်၍ မျက်လုံး မျက်ဖန်လည်း လှသည်။ နှာတံလည်း ပေါ်သည်။ သူ့ဖအေ့မျက်နှာ ချွတ်တပ်ထားသည့် အတိုင်းပင် အဖေနှင့် တူလှသည်။

နှုတ်ခမ်းများကတော့ သူ့လိုပင် ပါး၍ နည်းနည်း ထော်ချင်သည်။ အမေ့လိုပင် နှုတ်သီးကောင်း လျှာပါး သဏ္ဍာန် ပေါ်သည်။ မေးစေ့ ကလည်း သူ့လိုပင် ချွန်သည်။ အပြုအမူချင်းလည်း တူသည်။ စကားတတ်ပုံချင်းလည်း တူသည်။

"ဒီအတတ်ပညာကို တတ်ပြီဆိုရင် ကျွန်တော့်အဖို့ စေတစ်လုံး ရတာနဲ့ အတူတူပဲ အမေရဲ့... မနှစ်က အမေ့အိမ်ကို ပြင်တယ်၊ တစ်ရာ ကျော် ကုန်တယ်၊ သေသေချာချာ တွက်ပြီးမှ လုပ်မယ်ဆိုရင် အမေတစ်ရာကုန်မှာ ငါးဆယ်အလွန်ဆုံးပဲ ကုန်မယ်၊ ချွေတာရေးနဲ့ သက်သက်သာသာလည်း ဖြစ်မယ်၊ ခိုင်လည်း ခိုင်ခန့်မယ်၊ အမေ့အိမ်ကို ရိုးရိုးအတိုင်း (၁) နှစ်ပဲ ခံမယ်ဆိုရင် သေသေချာချာ အင်ဂျင်နီယာနဲ့ ဆောက်ရင် အနှစ်နှစ်ဆယ် ခံနိုင်တာပေါ့ အမေအတွက်အဆ သိပ်လိုတာ အမေရဲ့..."

"အင်းလေ... တွက်တတ် ချက်တတ်တယ်ဆိုတော့လည်း စနစ်ကျတာပေါ့..."

"အဆောက်အဦတွေ သုံးသပ် လေးထပ် အကြီးကြီးတွေ ဆိုရင် အင်ဂျင်နီယာတွေက သေသေချာချာ တွက်ရတယ်။ မတွက်ရင်ရင် ဖြစ်ဖြစ်၊ ပေါ့ရော့ရင်ဖြစ်ဖြစ်... လေတိုက်တာနဲ့ ပြိုနိုင်တယ်၊ လူတွေ အများကြီး ဒုက္ခရောက်နိုင်တယ်... ဆရာဝန်တစ်ယောက် ဆေးထိုးမှားရင်

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် အသက်ပဲ ဆုံးရှုံးမယ်၊ အင်္ဂလန်နိုင်ငံအတွက် မှားရင် အသက်အပေါင်းများစွာပဲ အမေရဲ့...”

ဝေခင်က သူ့ခံယူချက်နှင့်သူ အမေ့အား နားချလေသည်။ အမေက အလွယ်တကူ ခေါင်းညိတ်လျက်ကပင် သက်ပြင်းတစ်ချက် ချပြီးနောက် ခေါင်းကို ခါယမ်းမိလေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## [၅]

အမေရယ်… ကျွန်တော်တော့ လောကသစ် တစ်ခုကို ရောက်လာသလိုပါပဲ ဟု ဝေခင် က အမေ့ကို တတမ်းတမ်း တသသ စာရေးရင်း ပြောခဲ့မိသေးသည်။

လောကသစ် (သို့မဟုတ်) ကမ္ဘာသစ်၊ ကမ္ဘာသစ်က ဆန်းသစ်သော ကမ္ဘာသစ်လေးတစ်ခု ဖြစ်သည်။ ဝေခင်နှင့် တစ်ခါဖူးမျှ အထိအတွေ့ မရှိသော ကမ္ဘာလောကတစ်ခု…။ အတွေ့အကြုံမရှိခဲ့သော ဝေခင်အဖို့ ယောင်ချာချာလည်း ဖြစ်ခဲ့ရ၊ စိတ်လည်း ရှုပ်ခဲ့ရ၊ ပျော်သလိုလည်း ဖြစ်ခဲ့ရသည်။

မိုးလွတ်စ… ဆောင်းရာသီ မပီတပီ၏ မိုးသားအပြာ၊ ပြာရီလဲ့လဲ့တွင် တိမ်ဖြူလွှာက ဇာပဝါနှယ်… လွှမ်းရစ်ကပ်လျက် လေအနှင်တွေ အလွင်လွင် ရွေ့နေသည်။

မိုးယံမြင့်နီး ကျောင်းတော်ကြီးကား ခမ်းနားထည်ဝါလှပေသည်။ ရန်ကုန်-အင်းစိန် လမ်းပေါ်တွင် မြို့ထဲနှင့် ဝေးပြီး တစ်ထီးတစ်နန်း တည်ရှိနေသော အာရ်၊ အိုင်၊ တီခေါ် စက်မှုတက္ကသိုလ်ကား လူသူအရောက်အပေါက်နည်းသော နေရာဌာနကြီးတစ်ခု ဖြစ်လေသည်။

လွတ်လပ်ကျယ်ပြန့်သော ကွင်းပြင်ကျယ်ကြီးတွင် များပြားလှသလောက် ခန့်ထည်သော အဆောက်အဦးကြီးများသည် ကတ္တရာလမ်းသွယ် အသွယ်သွယ်ဘေးတွင် တည်ရှိနေကြသည်။ ကျောင်းရှေ့မျက်နှာစာတွင် လေးထောင့်တိုင်ကြီးများသည် စက်မှုတက္ကသိုလ် ဟူသော ဂုဏ်ကို ပို၍ မြင့်မားစေသည်။

အရှေ့ဘက်သို့လားသော် ဥတ္တရထိုကျောင်းတော်ရာ၏ မိန်းကလေး အဆောင်များဖြစ်သော မြသီရိ နှင့် ဥတ္တရဆောင်ခေါ် ဂျိုပော

www.burmeseclassic.com

www.burmeseclassic.com



(လ်) အဆောင်များ ရှိလေသည်။ (ဂျီ) အဆောင် တောင်ဘက်၌ ဘော်လုံးကွင်း ရှိပြီး ခပ်လှမ်းလှမ်းတွင် တက္ကသိုလ်ဆေးရုံတည်း။

အနောက်သို့လားသော် ရန်ကုန်-အင်းစိန် လမ်းမ၊ ထိုလမ်းမ ကျော်လျှင် လန်းဆန်းလတ်ဆတ်လျက် လဲ့လဲ့စိမ်းစိမ်း နှင့် လေတွင် ယိမ်းနေကြသော စိုက်ပျိုးပင်များ ပေါက်ရောက်ရာ စိုက်ပျိုးခြင်း။ လမ်းခွဲ တစ်ခုမှ ဆက်သွားလျှင် ဆေးဝါး ထုတ်လုပ်ရာ B.P.I. (ဘီ-ပီ-အိုင်) အဆောက်အဦတည်း။

တောင်သို့လားသော် ကျောင်းသားများ စံပျော်ရာ (အေ) (ဘီ) (စီ) (ဒီ) (အီး) အဆောင်များ တန်းစီကာနေသည်။ ထိုတောင်ဘက် တစ် နေရာတွင် ကျောင်းစာအုပ်ဆိုင်လည်း ရှိသေးသည်။ အဆောင်များ၏ အရှေ့ဘက်တွင်မူကား စားသောက်ဆိုင်ငယ်တွေနှင့် ထမင်းစားဆောင် လည်း ရှိသေးသည်။

မြောက်သို့လားသော် ပန်းပဲဖိုနှင့်...၊ ပန်းပဲဖိုနှင့်ယှဉ်လျက် အနောက်ဘက်တွင် သတ္တုဗေဒဌာန ရှိလေသည်။ ပန်းပဲဖိုရှိရာ အဆောက်အဦမှာ နံပါတ် (၃) အဆောက်အဦ ဖြစ်သည်။ ထိုမှ တောင် ဘက်သို့ လူသွားစင်္ကြံနှင့်ဆက်လျက် အဆောက်အဦ (၂)၊ အဆောက်အဦ (၁) များ ရှိသေးသည်။ အဆောက်အဦ (၂) မှာ စာသင်ခန်းများဖြစ်၍ (၁) မှာ ပင်မအဆောက်အဦ ရုံးခန်းနှင့် တွဲလျက် ဖြစ်သည်။

စက်မှုတက္ကသိုလ် အဝင်ဝနှင့်မူ နည်းနည်း လှမ်းသည်။ အင်းစိန် လမ်းမဘေး မုခ်ဝအကြီးကြီးနှင့် စက်မှုတက္ကသိုလ် တံခါးဂိတ်ပေါက်သည် ခပ်ခုံးခုံး ခပ်ချွန်ချွန် လူဦးခေါင်း အချွန်နှင့်တူသော သံတံခါးဘောင်က အပေါ်မှ စီးမိုးထားလေသည်။ ဝေခင့်ထက် လူရည်လည်ကာ အမတွေက ရောက်နှင့်နေသဖြင့် အလုံးစုံကြားသိနေသော ဝေခင့်အစ်မ သူငယ် ချင်း ကြိုင်ကြိုင်က...

"ဒါပေါ့ ဦးလူပေါ ဂိတ်ဆိုတာ..." ဟု ရယ်ရင်း ဝေခင့်အား ပြောပြ သေးသည်။

ဤကား... ကားများဝင်သော ဂိတ်ပေါက်ပင်တည်း။ ထိုဂိတ်က ဝင်လျှင်တော့ တက္ကသိုလ်ရုံးခန်းနှင့် စာသင်ခန်းများဆီသို့ တမျှော်တခေါ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဆွေ့ာက်ရမည်ဖြစ်သည်။ ရုံးခန်း (သို့မဟုတ်) ကျောင်းသို့ တိုက်ရိုက်တန်းတန်းမတ်မတ် ရောက်ချင်လျှင်တော့ ထိုဂိတ်ဝကြီး၏ မြောက်ဘက်တွင် ခလွှယ်ပေါက်ငယ်တစ်ခု ရှိလေသည်။ ထိုဂိတ်ဝငယ်မှ လူသွားရန်မြေသမ်းအတိုင်းဝင်လျှင် ရောက်လာနိုင်သည်။

ငှက်ပျောညွှန့်ရောင် စိမ်းစိမ်းနု ပင်ပျိုပေါက်တို့သည် ငှက်ကျေးဆောင် ဖြန့်သည့်ပမာ အလှတန်ဆာ ဆင်ထားလေသည်။

ဝေခင်တို့ မရောက်ခင်နှစ်က ဒီနေရာ ဒီဒေသကား-ကုံကော်တွေ့မြေ၊ စိန်ပန်းမပွင့်၊ အင်းလျားနှင့်ဝေး၊ တေးသံမသာ၊ ပျော်စရာမရှိဟု ကျောင်းသားတို့ ဆိုရိုးရှိခဲ့သည်။

ယခုတော့မူ ရှင်သန်ကြီးထွားလှသော ထင်းရှူးပင်ပျိုများ၊ ချယ်ရီပင်၊ ခရေ၊ အုန်းပင်၊ ပိတောက်၊ စွယ်တော် နှင့် ယူကလစ်ပင် ပါမကျန်၊ ကုံကော်နှင့်တကွ ပျဉ်းမလည်း နှော၊ ပန်းစုံပေါ်သော မြတောဟောဝန်အဖြစ် တင်စားနိုင်ပေပြီ။

လူ့ဘဝတွင် ဒီလို သာယာစရာ... ကြည်နူးစရာတွေကိုသာ ကြည့်ပြီး နှစ်သိမ့်နေရရင် ကောင်းမှာပဲဟု ဝေခင်က တောင့်တမိသေးသည်။

ဝတ္ထုတွေထဲပင် ဝေခင်ဖတ်ရသော တက္ကသိုလ် ကျောင်းသူကျောင်းသားဘဝက တမ်းတမက်မောစရာတွေနှင့် ပြည့်နေခဲ့သည်။ အနေဆည်းဆာ ရွှေခြည်အောက်မှ အင်းလျားကန် ရေပြင်...၊ လှိုင်းတအိအိနှင့် လူးလှိမ့်နေသော လှေငယ်ကလေးများ၊ လေချိုသိမ်း အဖွဲ့တွင် သိမ်းနွဲ့နေကြသော ကုံကော်ပင်တန်း...၊ ထို ကုံကော်ပင် အောက်မှ ချိုရာနံ့သင်းပျံ့နေသောတက္ကသိုလ်ကျောင်းသူနှင့်အထက်တန်းလွှာမှ တက္ကသိုလ်ကျောင်းသားကြီး၏ လှပထည်ဝါသော ဥပမာ၊ ဥပစာများနှင့် ဝေါဟာရဝါကျများ...။

သို့သော်...

ဝေခင်သည်လည်းကောင်း၊ ဝေခင့်လို ကျောင်းသူ ကျောင်းသားတို့သည်ကောင်း၊ လှပသော စိတ်ကူးယဉ်အိပ်မက်တွင် ယစ်မူးခွင့်မရ။ ခင်စစ်တော့ ဤသို့သော ကြည်နူးစရာ ပန်းဝတ်ရည်ကို လူနည်းစု (ဝါ) သက်တစ်ဆုပ်စာ လူတစ်စုသာလျှင် သောက်သုံးနိုင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ဝေခင် က ရယ်တော့ ရယ်နိုင်ပါသေးသည်။ လူငယ်တွေဆိုတော့ ဗရုတ်ကျကြသော အဖြစ်တွေကို ရယ်ခန်း ဖွင့်ကြသေးသည်။ ဘဝဆိုတော့ ပြဇာတ်ခုံလိုပင်၊ ရယ်ခန်း ငိုခန်း အစုံစုံပေါ့။ ရယ်ရင်းလည်း ငိုရ၊ ငိုရင်းလည်း ရယ်ရတာတွေ ရှိသည်။ သို့ကြောင့်...

ဝေခင်တို့အကြောင်း၊

ဂျူဒိုတို့အကြောင်း၊

ဆရာစံတို့အကြောင်း၊

ပြည်သူ့ချစ်ဖတ် ခေါ် ကျော်မျိုးသက် အကြောင်း၊

မာစဒီး ခေါ် ခိုင်ကေသီမော် အကြောင်း၊

ဝေခင့်အစ်ကို ရဲဘော်တင့်ဇော် အကြောင်း၊

ကော်လာဖြူလောက အရာရှိကြီး

ဦးကျော်ဇံအကြောင်း၊

ဦးကျော်ဇံ၏ ဇနီး မင်းကတော် ဒေါ်ခင်စန်းမြင့်

အကြောင်း စသည် စသည်...

ပြောမကုန်နိုင်အောင်ပင်တည်း။

အကယ်၍သာ လူတို့ ဆင်းရဲခြင်းကို ကုသသော ဆေးနည်းသာ အောင်မြင်ပြီဆိုလျှင် (သို့မဟုတ်) လူတွေတွင် ညစ်ညမ်းသော ဒုစရိုက် အကျင့် မရှိပါလျှင်၊ ဂုဏ်အသိုင်းအဝိုင်း ပကာသနတွေနှင့် အပြိုင်အဆိုင် ကင်းလျှင်... သည်အဖြစ်တွေ ပေါ်ပေါက်လာစရာ အကြောင်းရှိမည် မထင်ပေ။

❀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## [၆]

"ဟော့... ဒီနေ့ ဂျူဒို မလာဘူးကွ..."

"ဘာဖြစ်လို့လဲ..."

"မနေ့မနက်က ချဥ်ဖတ် နဲ့ ကျီကျ လို့ ချဥ်ဖတ် ကို မျက်နှာချင်းဆိုင်ချင်တော့လို့တဲ့..."

"ဘယ်သူ ပြောတာလဲ..."

"ဘဲဥပေါ့... မနေ့က ဂျူဒို နဲ့ ဘဲဥ အတူတူလာကြတာပဲ၊ မနက်က အစောကြီးတဲ့... ချဥ်ဖတ်တို့ကလည်း သူ့အိမ်က ကားကို မောင်းလို့ အမောင်း ကြီးလာကြတာ၊ ကားထဲမှာ ဟစ်ပီရယ်...၊ ဗိုလ်စုတ်ရယ် ပါလာတယ်တဲ့၊ ဂျူဒိုကို ပြောင်သလို ချော်သလိုလိုနဲ့ ကား နဲ့ လိုက် တိုက်တယ်ဆိုလား..."

"ချဥ်ဖတ်မောင်းတာ... ဖယ်မလီယာ ကားအပြာ မဟုတ်လား..."

"ဒီကောင်မောင်းတာ ဆ (.........) လေ၊ သိပ် ကားမောင်း ရမ်းတဲ့ကောင်... ငါတို့တွေ အမြဲ နွံ့စင်တာ ဒီကားပေါ့။ တောက်... ပြောရင်း ဒေါသထွက်တယ်၊ ဖအေ့ ရုံးတံဆိပ် တပ်ထားတဲ့ ကားကို သောက်ရမ်းမောင်းတဲ့ ကောင်... မအေပေး-ခွေးသူခိုး... ရုပ်ကိုက ဆောင့်ကြွားကြွားနဲ့..."

"ဟော့... ချီးပေ... မင်း ဂျူဒို့ ရှေ့မှာ အရမ်း အရမ်း သွားမပြောနဲ့ကွ... သူတို့က ကာဆင်တွေ... တစ်ဝမ်းထဲကွဲတာ၊ ရန်ဖြစ်နေည်းမှာပဲ..."

"အို... သောက်ဂရုစိုက်လို့ကွာ..."

ဝေခင်တို့ နောက်နားဆီမှ လျှောက်လာကြသော ကျောင်းသား

www.burmeseclassic.com



များထံမှ တစ်ယောက်တစ်ပေါက် ပြောသံဆိုသံများ ကြားနေရသည်။ ခါတိုင်းလို နောက်သံ ပြောသံများ မကြားရ။

တက္ကသိုလ်များ ပြန်လည် ဖွင့်လှစ်ချိန်ဖြစ်သောကြောင့် စက်မှုမြေဝယ်... ကျောင်းသားကျောင်းသူတွေသည် ပုရွက်ဆိတ်အုံကို တုတ်နှင့် ဆွတိသကဲ့သို့ ဟိုဟိုသည်သည် လူးလာ ခေါက်တုံ့ခေါက်လှည့် သွားလာနေကြလေသည်။ ကျောင်းဖွင့်စ ဖြစ်သဖြင့် သင်တန်းများမှာ အချိန်ပြည့် မတက်ရသေးပေ။ ထို့ကြောင့် ဟိုဟိုဒီဒီ လမ်းသလားသူက သလားကြ၊ ဟိုတစ်စု ဒီတစ်စု ဝိုင်းဖွဲ့ကာ စကားပြောသူက ပြောကြနှင့် ဆူညံနေကြသည်။

ကျောင်းစတက်သောနေ့ကတော့ ဝေခင်မှာ မျက်နှာမထားတတ်အောင်ဖြစ်ပြီး ခြေလှမ်းတွေပင် မှားမတတ် ဖြစ်ခဲ့ရသေးသည်။ လူသွားစင်္ကြံတိုင်း စင်္ကြံတိုင်းတွင် နှစ်ကြီးသမား ကျောင်းသားရော၊ နှစ်နုရော ဝိုင်းညှပ်ရပ်ကာ... လူတစ်ယောက်ဝင်သာရုံသာ လမ်းပေးပြီး တစ်ယောက်စီ လျှောက်သွားရသော မိန်းကလေးတွေကို အနုလုံ-ပဋိလုံ စေ့စေ့လည်း ကြည့်သည်။ ပါးစပ်ကလည်း အမျိုးစုံ ပြောင်ကြသေးသည်။

"တော်တော်ဆိုးတဲ့ဟာတွေ..." ဟု ကြိုင်ကြိုင်က တီးတိုးမှတ်ချက်ချနေမိသည်။

မေအောင် က ခွင့်လွှတ်စိတ်နှင့်ပင် ရယ်မောလျက်...

"သူတို့က ဒီလိုပဲတဲ့၊ နှစ်စဆိုရင် မနေတတ် မထိုင်တတ်အောင် စ ကြ နောက်ကြတာ... တို့မိန်းကလေးအုပ်က နည်းတယ် မဟုတ်လား၊ ဒီဝိုင်းထဲ ရောက်ရင်ကို သူတို့ အကျင့်က မကောင်းတော့ဘူး။ ဒီဝိုင်းအပြင်ကို ရောက်ရင်တော့ တကယ် နှမသားချင်းလိုပဲ စောင့်ရှောက်ကြပါတယ်။ တို့ကျောင်းကလည်း အပြင်ထွက်ရတဲ့ အချိန်က များတယ် မဟုတ်လား။ ဒီမှာ အကျင့်တန်သလောက် Camp (စခန်း) ထွက်တဲ့အခါ၊ တို့လက်တွေ့သင်တန်းအတွက် စက်ရုံတွေ အလုပ်ရုံတွေ ဆင်းတဲ့အခါကျတော့လည်း သူတို့အကျင့်က ချစ်စရာ ကောင်းလာပြန်ရောတဲ့..."

"နင်ကလည်းဟယ်... ကျောင်းဖြင့် မတက်ရသေးဘူး ချစ်စရာကောင်းတာက အရင်ပဲ..."

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်ခင့်ကို ကျောင်းသားအုပ်က ကျော်သွားပြန်တော့ အသက်ရှူ ချောင်ပြန်ကာ ရယ်ရယ်မောမောနှင့်ပင် မေအောင့် အား မှတ်ချက်ချနေ မြန်သည်။ မေအောင်ကလည်း ကြိုင်ကြိုင့် လိုပင် လူရည်လည်နေပေပြီ။ မေအောင့် အစ်ကို တစ်ယောက်က ဒီကျောင်းသို့ ရောက်နှင့်ပြီး၊ မောင် တစ်ယောက်ကလည်း သူနှင့် တစ်နှစ်တည်း ရောက်လာခဲ့လေသည်။

ပြောရင်းဆိုရင်း လူအုပ်ထဲသို့ ရောက်လာပြန်လျှင် ကျောင်းသား တွေက ဝေခင်တို့၏ အမည်များကိုသော်လည်းကောင်း၊ အမျိုးစုံ မှည့်ခေါ် သော နာမည်များကိုသော်လည်း အော်ဟစ် ခေါ်ဝေါ်ကြလေသည်။

"မေအောင်... နှံ့ပြည်စုတ်..."

"ကြိုင်ကြိုင်... အိမ်ထန်းပင် ဒီယတာလာ..."

ဒီယတာလာ မှာ မဟောသဓာ တရားစီရင်ဖြတ်ထုံး မှ အရုပ်ရှည် သော မိန်းမ၏အမည်ဖြစ်သည်။

"ခိုင်ကေသီမော်၊ မာစဒီး မာစဒီး..."

"လှလှသော် မိုနာလီဇာ..."

ခိုင်ကေသီမော် နှင့် လှလှသော် တို့က တစ်အုပ်စုဖြစ်လေသည်။ မာစဒီးမှာ ခေတ်ဆန်ဆန် ကိုယ်လုံးပေါ် ဝတ်စားထားသော မိန်းကလေး။ (ခေတ်စကားနှင့် အပျံစား) ကို ခေါ်ခြင်းဖြစ်သည်။ မိုနာလီဇာမှာ ဆံပင် ကို ပခုံးဝဲ ဖြတ်ထားသော မိန်းကလေးကို မှည့်ခေါ်ခြင်း ဖြစ်သည်။

ထို့နောက် ဘယ်သူတွေကိုမှန်းမသိ၊ ရွှေလုံး၊ မဲလုံး၊ စုတ်ဖွား ဘူးသီး ခနဲ့လေး၊ မယ်ကုဝဏ်၊ ကုတ်ကျား... စသည်များကိုလည်း အော်ကြီး ဟစ်ကျယ်နှင့် ခေါ်ဝေါ်ကြသေးသည်။ ဆိမ်းပလိမ်း (Same Plane) ဟု မကြာခဏ ခေါ်သံကြားရသလို... ဆောလစ် (Solid) ဟုလည်း ကြားရပြန်သည်။ ကိုယ်လုံးတဖြောင့်တည်း မိန်းကလေးတွေကို ဆိမ်း ပလိမ်း ခေါ်ပြီး၊ ကိုယ်လုံးလှသော မိန်းကလေးတွေကို ဆောလစ် ခေါ် သည် ဟူလို။

ဝေခင်က ခေါင်းကို ခါယမ်းကာ ရယ်လျက် သက်ပြင်း ချပြီး "အမျိုးစုံပါပဲဟယ်..." ဟု ညည်းညူနေရှာသည်။ ကြိုင်ကြိုင်က...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မညစ်ပါနဲ့ဟာ... ဒီလိုပေါ့၊ ဒီမှာ ဆရာ ဆရာမတွေက သိပ်ကောင်းတယ်၊ ဆရာ အရေအတွက်က ပို များတယ်၊ ဆရာတွေက အထိန်းအသိမ်း ကောင်းတယ်တဲ့၊ တတိယနှစ်ကစပြီး ဆရာတွေနဲ့ ရင်းနှီးမှု ရှိလာမယ်၊ ဆရာတွေက မိဘတွေလို ဖြစ်လာပြီး ကျောင်းသား တွေကို လိုက်လိုက်လျောလျော ဆက်ဆံတယ်တဲ့၊ ကျောင်းသားတွေရဲ့ ဆန္ဒကို ဦးစားပေးပြီး မေတ္တာနဲ့ အုပ်ချုပ်ကြတော့လည်း ဆရာတွေဆိုတာ တို့တွေ အားထားရာ ဖြစ်လာတာပေါ့..." ဟု ဖျောင်းဖျခဲ့သေးသည်။

ဝေခင် က နဂိုကမှ ဗျိုင်းအလယ်သို့ ရောက်လာရသော ကျီးငယ် ပမာ မျက်နှာငယ်ရသည့်အထဲ ရုတ်ရုတ်ရက်ရက်တွေကြားထဲ မျက်နှာ လေးမှာ ဆီးရွက်ပမာ ငယ်နေမိသည်။ စိတ်အားကို အဖန်ဖန်တင်းရ သည်။ မဟုတ်မခံ ဆတ်ဆတ်ကြဲ စိတ်ကလေးကိုလည်း တစ်ဘက်မှ ဇက်သတ်ရလေသည်။ ဝေခင်နှင့်အတူတူနေသော ကြိုင်ကြိုင် နှင့် ကြိုင်ကြိုင့်မိတ်ဆွေ နေ့ကျောင်းသူလေး မေအောင် ကလည်း မေတ္တာထား လျက် ပေါင်းကြသည်။ စောင့်လည်း စောင့်ရှောက်ကြရှာသည်။

"စိပယ်ရိုင်းလေးတစ်ပွင့်" ဟု မေအောင် က ဝေခင့် အား တွေ့ တွေ့ချင်း မှတ်ချက်ချခဲ့လေသည်။

အမောက်မျိုးစုံ၊ ကောက်ရိုးပုံနှင့် ပျားအုံဆံပင်ကိုလည်း ဝေခင် မထုံးဖွဲ့နိုင်။ ကျောင်းသားတို့ အမည်မှည့်လေ့ရှိသော မိုနာလီဇာ (ကမ္ဘာ ကျော် ပန်းချီဆရာကြီး လီယိုနာဒို ဒါဗင်ချီ၏ ပန်းချီကားချပ်မှ အမျိုး သမီးအမည်) နှင့် ကလီယိုပက်ထရာ (အီဂျစ်ဘုရင်မ) တို့၏ ပခုံးဝဲသော ဆံမတိုမရှည် ထုံးဖွဲ့မှုနှင့်လည်း ဝေး၊ ဆံတိုလည်ဝဲလည်း မထားရဲ၊ ခါးလည်လည် ကျော်ကျော်ရှည်သော ဆံပင်ကို ဆံကျစ်တစ်ချောင်းတည်း သာ ကျစ်ထားရလေသည်။

မျက်နှာမှာလည်း နံ့သာမိတ်ကပ် မလူးနိုင်၊ နှုတ်ခမ်းနီပါးနီ မခြယ် သနိုင်၊ ဝတ်စားဆင်ယင်မှု၌လည်း လှိုင်းကြီးခေါ် ခရစ် မဝတ်နိုင်၊ ပါတိတ်၊ တက်ထရွန် နား မသိနိုင်။ ခရစ်တဘီဆိုလျှင် ဝေဝေးဝေး။

ရှာနယ် (လ်) အမှတ် (၅) ရေမွှေးနှင့် ဂိုရာ ရေမွှေးဟုလင်းဆိုသည်

www.burmeseclassic.com

www.burmeseclassic.com



မြင်ခင် မမြင်ဘူး။ ယုတ်စွအဆုံး ပြည်တွင်းဖြစ် မဥ္ဇူ ရေမွှေး ကိုတောင်မှ အပြီ ဇိမ်ခံပစ္စည်းအဖြစ် မသုံးနိုင်၊ ငါးကျပ်တစ်ဆယ်မျိုး သုံးရန်ပင် အတော် စဉ်းစားရသည်။

သည်အတွက် ဝေခင် ဝမ်းနည်းခဲ့သလား။ ဝမ်းမနည်းပါ ဟု ဆေခင်က မဆိုင်းမတွ အဖြေပေးလိမ့်မည်။ သာမန် ကိစ္စရပ်တွေအတွက် ဆေခင် ဘယ်တော့မှ ဝမ်းမနည်းစဘူး။ "တို့က မွဲတယ် ဟယ်..." ဟု သူငယ်ချင်းမလေးများရှေ့ ရယ်ကာမောကာ ပြောခဲ့နိုင်သေးသည်။

သည်တော့ ဂုဏ်နှင့် ပကာသန လုပ်နေကျဖြစ်သော လူတွေ ကိုသာ မြင်ရတွေ့ရသော ဝေခင့်မိတ်ဆွေမလေးများက...

"ဝေခင်က သိပ် ဆင်းရဲစကားပြောတာပဲ" ဟု ဆိုလျှင် ဝေခင်က ရယ်လျက်...

"ဆင်းရဲတာ လျှို့ဝှက်စရာလား၊ ပြီးတော့ ရှက်စရာလား၊ တို့တော့ ဆင်းရဲတာကို မရှက်ပါဘူး၊ မဟုတ်မဟတ်တွေ လုပ်ရမှာကိုသာ ရှက်တာ..." ဟု ပွင့်လင်းစွာ ပြောမိသေးသည်။

နောင်သောအခါ၌ ဝေခင်သည် ဆင်းရဲခြင်းကို အကြောင်းပြု၍ ဝမ်းနည်းရာ၊ ငိုစရာတွေ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့လေသည်။ ဘယ်သူ့အပြစ်လည်း ဆန်းစစ်စရာ မလိုပါ။ ပုံကြီးချဲ့စရာလည်း လိုမည် မထင်ပါ။ အဖြစ်တွေကတော့ လယ်ပြင် ဆင်သွားသလို ထင်ရှားသည်သာ ဖြစ်ပါသည်။

ယခုတော့ ဝေခင် ရယ်လိုက်မောလိုက် နေနိုင်သေးသည်။ ရယ်မိသေးသည်။ ရယ်စရာအကြောင်းတွေကတော့ အစုံစုံပင်။

ဝေခင်တို့က ကိုယ်ပိုင်ကားတွေ ရပ်ထားသော နေရာမှ အရှေ့ ဘက် စကြံ်န်တစ်လျှောက်ကိုလျှောက်လာဆဲဖြစ်သည်။ စကြံ်န် တလျှောက်လုံး ရုပ်ရှင်ရုံက လူတွေ ထွက်လာသည့်ပမာ ပြည့်ကြပ်နေ သည်။

"ဟော့... အဲဒါပဲ... ချဉ်ဖတ်ရဲ့ကား..."

နောက်မှ 'ဂျူဒို' တို့အုပ်စုမှ ကျောင်းသားတစ်စုလည်း ဝေခင်တို့

www.burmeseclassic.com

www.burmeseclassic.com



နောက် လိုက်လာရင်း 'ချဉ်ဖတ်' အကြောင်းကို မကျေမနပ်နှင့် ပြောဆိုလာကြလေသည်။ ထိုစဉ်တုန်းက ဂျူဒို တို့ ချီးပေ တို့ ကိုပြံတို့နှင့် အသိမိတ်ဆွေတွေ မဖြစ်ကြသေး။ ဂျူဒို ဆိုသည်ကို လူပင် မမြင်ဘူးသေးပေ။ လူ မမြင်ဘူးခင်ကပင် ဂျူဒို့ အမည်ကို ကြားနေရသည်။

ဂျူဒိုသည် ပညာလည်းတော်၊ စိတ်ရင်းလည်းကောင်းသော်လည်း ဇရုတ်ကျသော အုပ်စုဗိုလ်မို့ ဝေခင်တို့နှင့် မကြာခဏ ရန်ဖြစ်ရလေသည်။ ဂျူဒိုက အကျီစားလည်း သန်သည်။ ဆင်ကျီစားရာ ဆိတ် မခံနိုင်လည်း ဖြစ်ခဲ့ရသည်။ နောက်တော့ ဂျူဒိုသည် ဝေခင်၏မိတ်ဆွေကောင်းဖြစ်လာသည်။ သာမန် မိတ်ဆွေထက် ပိုသော၊ ရဲဘော်ရဲဘက်စိတ် ထားနိုင်သော သူငယ်ချင်းစင်စစ်လည်း ဖြစ်လာသည်။

အမှန်ကတော့ အင်ဂျင်နီယာကျောင်းသားဆိုတာ အဖွဲ့အစည်းနှင့် နေရသူများဖြစ်ကြသဖြင့် ရဲဘော်ရဲဘက်စိတ်က အများကြီး လိုလေသည်။ သည်မှာ ကိုယ်ကျိုးတစ်ခုတည်း ကြည့်လို့ မရ။ တစ်ကိုယ်ကောင်းစိတ်ထားကို အတတ်နိုင်ဆုံး ပယ်ရမည့်သူတွေ ဖြစ်သည်။

ချဉ်ဖတ်ကား အကြောင်းပြော၍ ကားတွေဆိုက်ထားရာ နေရာသို့ ကြိုင်ကြိုင်က လှည့်ကြည့်မိသေးသည်။ မေအောင် က ကြိုင်ကြိုင်အား လက်အသာတို့ကာ ခေါင်းကို အသာယမ်းပြလိုက်၏။

"ဟော့... ကားကလည်း တိုက်ထားပါလား၊ ရှေ့က မှန်တွေက ပင့်ကူ အိမ်ပဲ အစိပ်စိပ်နဲ့..."

တစ်ယောက်သော ကျောင်းသားက အလန့်တကြားပြောဆဲ တစ်ယောက်က...

"တိုက်ပစေပေါ့ကွ... ကိုယ်ပိုင်ပစ္စည်းမှ မဟုတ်ဘဲ၊ ပြည်သူပိုင်ပဲ..."

"တောက်၊ ပြည်သူ့ပစ္စည်းကို ကိုယ့်ပစ္စည်းလုပ်လို့ မအေပေး..."

"တော်စမ်းပါကွာ၊ မင်းကလည်း တစ်ခါတည်း မကျေနိုင်မချမ်းနိုင်နဲ့။ ချီးပေ... ချီးပေ... တောထဲမှာ နေတာ မဟုတ်ဘူး၊ မြို့တက်ပြီး လာခဲ့မနေနဲ့၊ ဒူးယားဆောင်မှာ အိမ်သာ (၁၈) လုံး တစ်လုံးမှ မအားလို့ ချီးပေဖြစ်ရတဲ့ ကိုယ့်အဖြစ်ကို ကိုယ်စဉ်းစား၊ ပဲနဲ့ဝက် အခါမလပ် စားရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝကို ကိုယ် ကျေနပ်၊ လူဆိုတာ ကိုယ့်ဘဝကို ရောင့်ရဲရတယ်၊ ဆင်းတိမ်ရတယ်..."

ရှေ့မှလျှောက်လာသော ဝေခင် တို့က ပြုံးမိကြလေသည်။ ချီးပေ ကတော့ မကျေနိုင်မချမ်းနိုင်ဖြစ်ဆဲ ရှိဟန်တူသည်။

"အဲဒီနေ့က ငါက အင်းလေးလုံချည်မီးခိုးရောင်လေး ဝတ်ထား တာကွ ရှိုးနဲ့၊ သူက ကားကို တမင် လမ်းဘေးချပြီး မောင်းတယ်၊ ရွှံ့ရေတွေက ဖြန်းကနဲ စင်သွားတာ တစ်ခါတည်း လုံချည်မှာ ရွှံ့စက်တွေ ချွတ်လို့ မရတော့ဘူး။ တမင်လုပ်သွားတာကွ၊ ဒီနေ့က ဂျူဒိုကလည်း သူ့ ကာဆင် သူ ဒေါသထွက်လို့ လှမ်းတောင် ဆဲသေးတယ်..."

"ပြီးတာ ပြီးပြီပဲကွာ၊ ပြောမနေပါနဲ့တော့၊ လုံချည်ရွှံ့စက်ပေတာ အာလူးခွံနဲ့ပွတ်ရတယ် ဆိုလား၊ တို့အမေပြောတာ ကြားဖူးတယ်..."

"လုံချည်က ရှားပါတယ်ဆိုမှ ငါ့မှာ အင်းလေး ဆိုလို့ ဒီတစ်ထည် တည်းရှိတာ..."

ချီးပေက, ကလေးဆိုးကြီးသဖွယ် ပြောနေသေးသည်။ ထို့နောက် အာလေးရှာလေး နှင့် ပြောတတ်သော ကျောင်းသားတစ်ဦးက...

"သူငယ်ချင်း... မင်းသာ လုံချည်ရှားတာ မဟုတ်ဘူး၊ ကိုပြ ပုဆိုး လည်း ဗရစိတ်ဗရပွာပဲ သွားပြီ..."

"ဘာဖြစ်လို့လဲဟေ့ အဝေရာ..."

"မင်းမသိပါဘူး ဘဲဥရာ... ဒီကောင်က ဘွတ်အဲ သင်တန်း တက် လိုက်တာ..."

"ဘာရယ်..."

ဘဲဥက နားမလည်သလို မေးလိုက်လေသည်။

"မင်းကလည်း တုံးပါ့ကွာ၊ ဘွတ်အဲ သင်တန်းဆိုတာ နွားသင်တန်း ကို ပြောတာ၊ ဟို မာစဒီး မလေးဟာ ဘယ်သူ..."

"ခိုင်ကေသီမော်လား..."

"အေး အေး... တစ်ခါတည်း ကြာမူယာလေး နဲ့၊ စာအုပ်ဆိုင်မှာ အစ်ကိုရယ် ကူပါဦး၊ ခိုင်ကေတော့ လူတွေ မတိုးနိုင်တော့ဘူးဆိုလို့... တိုးပေးလိုက်ရတာ..."

www.burmeseclassic.com

www.burmeseclassic.com



"တော်ကွာ..."

ကိုပြံ က ဝင်၍ ဟန့်လိုက်လေသည်။

"အံမယ်... အမျိုးသမီးတွေရှေ့ ရှက်နေရသေးတယ်။ ဘာ ရှက်စရာရှိလဲ၊ ဟုတ်တာ... ဟုတ်တာပေါ့၊ တစ်ခါလည်း လူကြားထဲ ညှပ်ပြီး ပုဆိုးပြံလာလိုက်တာ၊ ဒါကြောင့် ပုဆိုးပြံ... ကာလရွေ့လျောလာတော့ ကိုပြံ..."

တသောသော ရယ်မောကြဆဲ၊ ကိုပြံ က အဝေရာ ၏ ကျောပြင်ကျယ်ကြီးကို တဖြုန်းဖြုန်း ရိုက်နေလေသည်။

ဝေခင်တို့ပင် မသိမသာ ရယ်မိကြသေးသည်။

"အင်း... ကိုပြံ ကိုပြံ၊ ခိုင်ကေ့အတွက် အရိုးကြေကြေ အရေခန်းခန်း အလုပ် လုပ်လိုက်ရတာ၊ အင်း... နောက်ဆုံးတော့ဆံတိုမလေးတွေ အိုက်တင်များပြီး ချူတာက ကိုယ်ပိုင်ကားနဲ့လူဟော့၊ မင်းတို့ကောင်တွေ အနား မကပ်နိုင်ဘူး၊ မသေမချင်းမှတ်ထား..."

ချီးပေ က ပြောပြောဆိုဆို ကိုပြံ၏ခေါင်းကို တစ်ချက် လှမ်းပုတ်လိုက်လေသည်။ အဝေရာက...

"အင်း... ဒါကြောင့် မတူရင် မတုနဲ့လို့ ငါပြောတယ် မဟုတ်လား၊ တို့က တောနေလူတန်းစား၊ သူတို့က မြို့နေလူတန်းစား ငါတို့က ပဲစား၊ သူတို့က ပြည်သူ့မုန့်တိုက် က ကိတ်မုန့်စား၊ အကောင်းစား၊ ငါတို့က ပဲစားပြီး ဝဲယား။ ဟော့... ဒါထက် ဝဲယားဆိုလို့ မနေ့က စိပ်ပုတီး ရင်ဘတ်ယားလို့ ကုတ်လိုက်တာ... စပ်ဖျဉ်းဖျဉ်း ဝေဒနာပေါ်ပြီး အနီစင်းကြီးတွေ ရတယ်တဲ့။ အဲ့ဒါ ရေယုန်တဲ့ မောင်..."

"ဟော..."

ကိုပြံ နှင့် ချီးပေ၏ မျက်လုံးအစုံတို့သည်ပြူးသွားကြသည်။ ထို့နောက် ကိုယ့်ရင်ဘတ်ကိုယ် စမ်းမိကြလေသည်။

"မနှစ်ကရောက်တဲ့ တောင်ငူသားပြောပြတာ... သူ့ညာဘက်မျက်ခွံအောက်မှာလည်း ရေရုံအနီစင်းတစ်ခု၊ ကျောင်းသားတွေ အတော်များများ ပေါက်ကြတယ်တဲ့။ အဲဒါ အနီရောင် ရေမှာ သုံးချောင်းခတ်ပါလို့

www.burmeseclassic.com

www.burmeseclassic.com


ရှိပေါက်တာတဲ့။ မနေ့က ဆရာဝန်က စိပ်ပုတီးကို ဆေး အဖြူနှစ်ရည်တွေတောင် ပေးလိုက်သေးတယ်...”

“အမျိုးသမီးတွေကော မပေါက်ဖူးလားကွာ...”

ဘဲဥ က မတရားသား မေးသဖြင့် ကြိုင်ကြိုင်က ဘဲဥ ကို ချက်စောင်း လှည့်ထိုးလိုက်လေသည်။

“ရေက မျက်နှာလိုက်တယ်ကွ၊ အမျိုးသမီးတွေ ရေယုန် ပေါက်တယ်လို့ ပြောသံ မကြားရဘူးတဲ့။ မနေ့က တောင်ငူသား ပြောနေတယ်၊ ပေါက်ရင်တော့ ကောင်းသားပဲ၊ တက္ကသိုလ်ဆေးရုံဘက်ကိုသွား၊ ဆရာဝန်ဆီမှာ တန်းစီ၊ သတိ... ကြည့်... ထိ... ၊ ရေယုန်ဖူးစာလို့ ဝတ္ထုရေးနိုင်သေးသည်”

ကိုပြုံ က စိတ်ကူးယဉ်နေသေးသည်။

ကိုပြုံ၏ခေါင်းကို ချီးပေ က ရိုက်ပြန်သည်။ ဤတွင်...

“ဟော့... မင်းတို့ကောင်တွေ ပေါက်ကရတွေ အာ မနေနဲ့၊ တက္ကသိုလ်ဆိုတာ လူငယ်တွေ ပျက်စီးရာ မဟုတ်ဘူး၊ ဟိုရှေ့မှာ ကြည့်စမ်း၊ ဆိုင်းကလေးတွေ ဘယ်လောက် လိမ္မာထားတုံး၊ ဘယ်လောက် အမိတက္ကသိုလ် ရဲ့ ဂုဏ်ကျက်သရေ ကို ဆောင်ထားသတုံး၊ အသိတရားရှိကြစမ်းပါ...”

အဝေရာက ရှုတည်တည် ပြောပြန်သော်လည်း ကိုပြုံနှင့်ချီးပေတို့က “အံမယ်... အံမယ်...” ဟု ဆိုကာ အဝေရာ ၏ကျောပြင်ကျယ်ကို ဖတ်ဖတ် နှင့် ရိုက်ကြပြန်သည်။

ဝေခင် တို့ စားသောက်ဆိုင် တန်းဘက်သို့ လာရန် စကြံ့ထောင့်ချိုးတစ်ခုကို ချိုးလိုက်ရာ ကျောင်းသားတစ်စုက အုပ်လိုက် စုရပ်ကာ...

ဝေခင်... ဝေခင်...

အဲဒါ ဝေခင်...

ညိုချောဆိုတာသူပေါ့...

အော်ကြဟစ်ကြပြန်သည်။

“ဝေခင်ကို လေယာဉ်ပျံနဲ့ခိုးမယ်လို့ လူဆိုးတွေနဲ့ မောင်ဇော်ပင်...”

ဟု သီချင်းလုပ်ဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်တို့ကား... ဣန္ဒြေမပျက် လျှောက်လာကြရသည်။ မေအောင် နှင့် ကြိုင်ကြိုင်တို့ကား... ဝေခင့် ဘေးတစ်ဖက် တစ်ချက် ဆီမှ လိုက်ပါလာ လေသည်။ "ရုပ်တွေကိုက 'နာ' နေတာပဲ..." ဟု မေအောင် က တီးတိုး မှတ်ချက်ချနေသည်။

"တတိယနှစ် သမားတွေ၊ သူတို့က သာ့ဒ်ရီးယား ရောက်တာ Slide Rule (လျှောပေတံ) တကိုင်ကိုင်နဲ့ သွေးကြွနေတာ..."

ကြိုင်ကြိုင် က နှုတ်ခမ်းမဲ့ကာ ပြောလိုက်လေသည်။

"ဆလိုက်ရူး(လ်)ဆိုတာ..."

ဝေခင်က မျက်မှောင်ကြုတ်ကာ မေးလိုက်လေသည်။

"တတိယနှစ်မှာ အရေးတကြီး မကိုင်မဖြစ်တဲ့ လျှောပေတံကွယ် MC (ဆေး) ကျောင်းသားတွေ နားကြပ် ကိုင်ရသလိုပေါ့၊ နားကြပ်ဟာ ဆေးကျောင်းသားရဲ့ အဆင်တန်ဆာပဲ၊ ဒါ တကိုင်ကိုင်နဲ့၊ အီကို တို မိန်းမတို့ကို သွားနောက်ပိုး၊ ဘိုင်ကျရင်တော့ အဲဒါကို ပေါင်လိုပေါင် ရောင်းလို ရောင်းနဲ့..."

"ဈေးသိပ်ကြီးလို့လား..."

ဝေခင် က စိုးထိတ်စွာ မေးလိုက်လေသည်။

ကြိုင်ကြိုင်က...

"ဈေးကြီးဆို အဒိုးရဈေးတောင် ၈၅ ကျပ်၊ အပြင်ဈေးက ၁၀၀ တောင် ပေးရသတဲ့။ တစ်ခါတလေ သိပ် ရှားသွားရင် အဟောင်းတောင် ၁၂၅ ကျပ် ဆိုပဲ..."

"ဘုရား... ဘုရား..."

ဝေခင့်ခမျာ ရင် 'မ' ကာ စိတ်တွေလည်း အဝေးသို့ လွင့်သွားပြန် သည်။ ချွေးတလုံးလုံးနဲ့ ယာယ်ထဲ ဆင်းနေသော အမေ့ကိုလည်းကောင်း၊ ရက်ကန်းခတ်နေသော အမေ့ကိုလည်းကောင်း၊ အကြော်ဖိုရှေ့တွင် ထိုင် နေသော အမေ့ကိုလည်းကောင်း မြင်ယောင်မိပြန်သည်။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၇]

ကျောင်းတက်ပြီး မကြာမီ ရက်ပိုင်း အတွင်းတွင် လက်တွေ့သင်ခန်းစာ အဖြစ် ကျောင်းတွင်း အလုပ်ရုံ သို့ ဆင်းရလေသည်။ (Work Shop) သို့ ဝင်ကြရာတွင် သစ်သားတုံး တစ်ခုနှင့်တစ်ခု စရွေးကိုက်ဆိုရသော လက်သမား အလုပ်ရုံ (Carpentry) သံတိုသံစတွေကို တံစဉ်းနှင့် တိုက်ကာ တပ်ဆင်ရသော (Fitting) အလုပ်ရုံ၊ သံတုံးများကို မီးဖုတ်ပြီး ထုရသော ပန်းပဲဖို (Black Smith Shop)၊ သံတွေကို စက်နှင့်လှပ်ကာ ကြိုက်သည့်ပုံ ဖော်သော (Machine Shop) ခေါ် စက်အလုပ်ရုံဆိုသည်တွေမှာ ဝေခင်တို့လို မိန်းကလေးတွေအဖို့ ကြမ်းတမ်းပင်ပန်းလှပေသည်။

အင်ဂျင်နီယာတွင် ဘာသာလိုင်းခွဲများ ရှိလေသည်။ မြို့ပြ စက်မှု၊ လျှပ်စစ်၊ သတ္တုတွင်း၊ သတ္တုဗေဒ၊ အထည်အလိပ်၊ ဓာတုဗေဒ၊ ဗိသုကာဆိုသည်တို့အပြင် လျှပ်စစ်တွင် လျှပ်စစ်စွမ်းအား၊ လျှပ်စစ် ဆက်သွယ်ရေး လည်းကောင်း၊ စက်မှုတွင် စက်မှု စိုက်ပျိုး၊ စက်မှု မော်တော်ယာဉ်ဟူ၍ အသီးသီး ခွဲထားလေသည်။

ဝေခင်တို့ နှစ်က မြို့ပြလိုင်းတွင် မိန်းကလေးက ၂၀ ရာခိုင်နှုန်းခန့်သာ ပါသည်။ လျှပ်စစ်တွင် မိန်းကလေး ၂၅ ရာခိုင်နှုန်းခန့်ပါပြီး၊ စက်မှု တွင် မိန်းကလေး ၅ ရာခိုင်နှုန်းသာ ပါသည်။ ချည်မျှင်၊ ဓာတုနှင့် ဗိသုကာကြတော့ မိန်းကလေး အလိုက်များပြီး ယောကျ်ားလေး ၂၀ ရာခိုင်နှုန်းသာ ပါတော့သည်။ သတ္တုတွင်းကြတော့ မိန်းကလေး မခေါ်တော့။ မြေအောက် သတ္တုတွင်းများ မိုင်းများ ဆင်းရမည့် အလုပ်ကို မိန်းကလေးများနှင့်မတော်ဟု ဆုံးဖြတ်ကြသည်။ ဒါတောင်

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်တို့ မရောက်ခင် တစ်နှစ်က မိန်းကလေးတစ်ယောက် ရှားရှား ပါးပါး လိုက်ခွင့် ပေးလိုက်ရသေးသည်။

ပထမနှစ်တွင် ဘာသာလိုင်းခွဲတွေ ယူရသော ဘာသာရပ်တွေ အင်္ဂလိပ်စာ မြန်မာစာ အပါအဝင် အတူတူပင်တည်း။ ထို့ကြော ဆက်ရှင် (Section) ခေါ် အတန်းခွဲရာတွင် လူဦးရေနည်းသော လိုင်း များသော လိုင်းပေါင်းကာ အေ၊ ဘီ၊ စီ ဟူ၍ သုံးတန်း ခွဲထားလေသည်

ဥပမာ-ချည်မျှင်၊ ဓာတု၊ သတ္တုတွင်း၊ သတ္တုဗေဒ၊ ဗိသုကာ ပေါင်း၍ အတန်း အေ၊ စက်မှု နှင့် လျှပ်စစ် က အတန်း ဘီ၊ မြို့ အတန်း (စီ) စသည်ဖြင့် ခွဲခြားထားသည့် နိုင်ငံခြားပြဇာတ်ရုံများပ အနိမ့်ရာမှ အမြင့်သို့ စီထားသော ခုံရှည်များနှင့် စာသင်ခန်းမ (The- atre) တစ်ခုတွင် ကျောင်းသား ၂၅၀ ခန့် ဆန့်သည်။

အတန်းတွေကို တရစပ်ပြေးတက်နေရသော ဝေခင်တို့အဖို့ ပထ ပုံဆွဲခြင်းတွင် အရာဝတ္ထုတစ်ခုကို ရှေ့အမြင်၊ ဘေးအမြင်၊ အပေါ် အမြင်၊ ဘယ်လိုကြည့်လျှင် ဘယ်လိုမြင်နိုင်သလဲဆိုတာတွေကို သင်ကြာ ကာ လက်တွေ့ ပုံဆွဲရန် ပုံဆွဲရုံ ခေါ် အဆောက်အဦးများရှိရာသို့ သွားကြ ရသည်။

ကျောင်းဘေး ကတ္တရာလမ်းလေးအတိုင်းတက်၍ ပုံဆွဲရုံများ ရှိရာ ဘက်သို့ လျှောက်လာကြရသည်။ ပုံဆွဲရုံများဘေး ကုန်းမြင့်မြင့်သို့ တက် သွားသော လမ်းကလေးကို ချစ်သူ့လမ်း (Love's Lane) ဟု ခေါ်သည် ဝေခင် သိခဲ့ရသည်။ ဒွိယံစုံတွဲများ ဒီလမ်း မော့လေးပေါ်တွင် လက်တွဲ လျှောက်ကြသည်ဟု ဆိုစမှတ်ပြုကြသည်။

ပြကတေ့ ပြာလွင်လွင် နှင့် ကြည်လင်သော မိုးသားအောက် ဖြောင့်ဖြူးသော ကတ္တရာလမ်းနက်လေး၊ စိမ်းလန်း စိုပြည်သော မြက်ပင် ရှည်များ၊ ကိုင်းပင်များ... ဒါတွေကို မြင်ရတော့ အမေ့ကို အမှတ်ရမိပြ သည်။

"အမေရယ်... အမေက စိတ်ပူပြီး ကျွန်တော့်ကိုရည်းစား မထားနဲ့လို့ မှာလိုက်တာ သတိရပြီး ကျွန်တော် ပြုံးမိသေးတယ် ပုံဆွဲရုံတွေ ဘေးမှာ လမ်းကလေး တစ်လမ်းရှိတယ်။ ချစ်သူတွေ

www.burmeseclassic.com

www.burmeseclassic.com



လက်တွဲလျှောက်ကြလို့ချစ်သူ့လမ်း တဲ့။ ကျွန်တော့်သူငယ်ချင်းတွေကတောင် ကျွန်တော်က လှလို့ မြန်မြန်စွံမှာပဲ၊ ဒီ လမ်းကို ကျွန်တော် ဦးဆုံး လျှောက်ရမှာလို့ နောက်ကြပြောင်ကြတော့ ကျွန်တော်က စိတ်မကူးဝံ့ပါဘူး လို့ ဖြေရတယ် အမေ..."

တကယ်ပါအမေရယ်...၊ ကျွန်တော် လုံးဝ စိတ်မကူးပါဘူး၊ ကျွန်တော်တို့ မိတ်ဆွေတစ်သိုက် ရွှေတိဂုံဘုရား တက်ဖူးရင်း ကျွန်တော် အဓိဋ္ဌာန် မို့ ပုတီးစိပ်ခဲ့တယ်၊ ရည်းစား မထားဘူးလို့ ဆုံးဖြတ်ခဲ့တယ်၊ သူများ ရည်စားထားတာ အားလည်း အားမကျပါဘူး၊ အမေ့ကို ကျွန်တော် သနားတယ်...။

ဒီမှာတော့ စာပေးတာတို့ စကား အတင်းလိုက်ပြောတာတို့ ရှိတယ်။ ဒါပေသိ ကိုယ်က စိတ်ပါမှ ဖြစ်တာပါ။ ကျွန်တော်တော့ တည်တည်ပဲ၊ မိန်းကလေးများ မျက်နှာထားတည်ရင် တော်ရုံတန်ရုံ ယောကျ်ား မစဝံ့ဘူးနော် အမေ...။

ဒီနေ့လို ပုံဆွဲရုံ သွားတဲ့နေ့ဆိုရင် T-Square ခေါ်တဲ့ အင်္ဂလိပ်စာလုံး 'တီ' ပုံသဏ္ဍာန် သစ်သားပြားကြီး ကိုင်သွားရတယ် အမေ...၊ သစ်သားပြားက တော်တော်ကြီးတယ်။ အဲဒါနဲ့ ဆော်ပလော်တီးရင် မသက်သာဘူး။ တစ်ခါတုန်းက ကျောင်းသားတစ်ယောက်က ကျောင်းသူတစ်ယောက်ကို အတင်းလိုက်ပြီး ချစ်စကားကြိုက် စကားပြောသတဲ့။ ကျောင်းသူက အဲဒါနဲ့ ရိုက်လိုက်တာ ကျောင်းသား ခေါင်း ကွဲသွားသတဲ့ အမေ၊ ကျွန်တော်တို့ တီ စကွဲ ကိုင်ရင် ကျောင်းသားတွေက မစဝံ့ မနောက်ဝံ့ဘူးတဲ့...။

ပြောလို့သာ ပြောရတာပါ အမေရယ်... ၊ ဒီမှာ ချစ်ရေးကြိုက်ရေး ကိစ္စတွေဟာ သက်သက် 'လေ' နဲ့သာ ဖြစ်ရမယ့် ကိစ္စပါ။ ကျွန်တော်တို့မှာ အချိန် မရှိလှပါဘူး။ အလုပ်ရုံတွေဝင်တဲ့ အချိန်ဆိုရင် သိပ်ပင်ပန်းတာပဲ။ ပေးထားတဲ့ သံတုံးကို မျက်နှာပြင် ညီဖို့ တံစဉ်းနဲ့ တိုက်ရတဲ့အလုပ်ကို ဖစ်တင်း အလုပ်ရုံမှာ လုပ်ရတယ်၊ မသက်သာဘူး အမေရယ်...။ တူထုပြီး သံဆောက်နဲ့ ခြောက်မြောင့်ထွင်းရတာ ပိုဆိုးတယ် ဒါကို ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သားတွေက လျှာထွက်တဲ့ အလုပ်တဲ့။ သံချောင်းကို ရဲရဲနီအောင် မီးဖုတ်ပြီး ပေ ပေါ်တင်၊ တူနဲ့ထုရတဲ့အလုပ်ကို ပန်းဘဲဖိုမှာ တာဝန်ကျရင် လုပ်ရတယ်။ အဲဒါ ပိုပင်ပန်းတယ်။ မိန်းကလေး တွေကို ယောကျ်ားလေးတွေက ကူတော့ ကူကြပါရဲ့၊ ဒါပေမဲ့ အလုပ်ရဲ့ အုပ်က မကြိုက်ဘူး။ နောက်ဆို ကူညီ လုပ် မပေးရလို့ အမိန့်ထုတ်မယ်တဲ့...။

ကျောင်းသားတွေကိုယ်တိုင်က မေမေရေ... မေမေ့သား ပေါ်ကြော့ကို ပြေး မြင်လှဲ့ပါဦး လို့ ညည်းကြတယ်။ ဒီမှာတော့ ပေါ်ကြော့တို့ ဆိုက် (ဂိုက်ဆိုက် ထုတ်သူ) တို့ နာမည်ပေးခံရတဲ့ ကျောင်းသားတွေ ကြာကြာမခံပါဘူး။ ပေါ်ကြော့အဖြစ် အခြေ အနေက ခွင့်မပေးဘူးလေ...၊ ချွေးနဲ့ပဲ မိတ်ဆက်နေရတာပဲ...။ လက်ကိုတူ တို့-တံစဉ်းတို့နဲ့ မတော်တဆ ထုမိ ခိုက်မိရင် သွေးတွေ ထွက်လာရတာပဲ။ ဒါကြောင့် ဒီ စက်မှုနယ်မြေကို "သွေးနဲ့ ချွေးနဲ့ ရင်းသည့်မြေ" လို့ ကျောင်းသားတွေက တင်စားခေါ်ခဲ့ကြတယ်။

နောက်ပြီး ဓာတုဗေဒ စမ်းသပ်ခန်းမှာ ကျွန်တော်တို့ လုံချည်တွေ၊ ကျောင်းသားတွေ ပုဆိုးလုံချည်တွေ ဘောင်းဘီတွေ ပေါက်လိုက်တာ အမေရယ်...၊ ကျွန်တော့် လုံချည်နှစ်ထည် ပြဲသွား ပြီး ဖာပြီး အထဲ ထည့်ဝတ်ရတယ်။ ကျွန်တော့်လို အမွဲက လုံချည် ပေါက်တိုင်း ချောင်ထိုး မထားနိုင်ပါဘူး၊ ဒီမှာ ပျော်စရာလည်း ကောင်းရဲ့၊ စိတ်ပျက်စရာလည်း ကောင်းရဲ့။ တချို့ကျောင်းသား တွေကတော့ လည်သလို လက်တွေ့ချိန်မှာ ဖရီး ရိုက်ကြတယ်၊ (အဲဒါ အချောင်ခိုတာကို ပြောတာ အမေ)

ဆရာတွေကတော့ ကျွန်တော်တို့ လိုက်စားနေတဲ့ ပညာ ဟာ ခက်ခဲကြမ်းတမ်းသလောက် နောင်တစ်နေ့ တိုင်းပြည်ကို အများကြီး အကျိုးရှိစေမယ့် ပညာရပ်တွေတဲ့၊ ကျွန်တော်တို့ဟာ အနာဂတ်ကာလ မီးရှူးတန်ဆောင်တွေ့တဲ့၊ တိုင်းပြည်ရဲ့ အလင်းဆောင်မယ့်သူတွေတဲ့..."။

❀

www.burmeseclassic.com

www.burmeseclassic.com

[၈]

ဝေခင်က စိတ်ဝင်စားသော အသေးစိတ် အကြောင်းအရာများကို အမေ့ဆီ စာရေးတိုင်း ထည့်ထည့်ရေးမိလေသည်။

တချို့အသုံးအနှုန်းတွေဆိုလျှင် ရိုးသားသော တောသူ အမေ နားမှ နားလည်ပါ့မလား မသိ။ သို့သော်လည်း သမီးကိုချစ်ဖို့နှင့် လွမ်းဖို့ သာ တတ်နိုင်သော အမေ့မှာ တုန်ရီသော လက်များနှင့် အဘယ်မျှ ခင်းသာရှာမည်နည်း။ မီးခိုးများကြောင့် ဝေမှိုင်း ကျိန်းစပ်သော အမေ့ မျက်လုံးများမှ မျက်ရည်တွေလည်း ကျနေပေလိမ့်မည်။ ခမ်းနားထည်ဝါ သော တက္ကသိုလ် ကျောင်းတော်ကြီး၌ ဝေခင် မျက်နှာငယ်မှာလည်း စိုးရိမ်ရှာပေလိမ့်မည်။

"တကယ်တော့ဟယ်... အထက်တန်းလွှာက ကျူရှင်တွေကို ငွေနဲ့ ပေါက်ပြီး အိုင်အယ်အေ ကောင်းကောင်း နဲ့ စာမေးပွဲအောင်လို့ ဆရာဝန် လိုင်း၊ အင်ဂျင်နီယာလိုင်း ရောက်လာကြရတဲ့ သူတွေကြားထဲ တို့တွေက မျက်နှာငယ်တာပေါ့။ ဗျိုင်းအလယ် ကျီးကန်း ရောက်လာသလိုနေမှာပဲ၊ အမေတော့ ငွေတွင်း နက်သထက် နက်ပါပီ ကြိုင်ကြိုင်ရယ်..." ဟု ဝေခင်က ကြိုင်ကြိုင် အား ပြောရင်းဆိုရင်း မျက်ရည်ဝဲနေမိသေးသည်။

"ဘယ်ဟုတ်မလဲ ဝေခင်ရယ်... ဒီမှာ ဝေခင့်လို ကျောင်းသူ ကျောင်းသားတွေလည်း အများကြီးရှိသေးတာပဲ။ ကြိုင်ကြိုင်လည်း မိဘ က အရာရှိ ဆိုပေမဲ့ နယ်နေရတဲ့သူပါ၊ မောင်နှမကများတော့ မပိုမလျှံလှ ပါဘူး၊ အင်းလေ... ဝေခင် ပြောသလို အခွင့်အရေး ပို ရှိတဲ့လူက ဒီလိုင်း ပိုလိုက်တာတော့ လိုက်တာပေါ့လေ၊ ဒါပေမဲ့ လူတိုင်းလူတိုင်းကတော့ ချဉ်ဖတ်တို့၊ ဟစ်ပီ တို့ မဟုတ်ပါဘူး၊ ခိုင်ကေသီမော်တို့၊ လှသော်တို့ မဟုတ်ပါဘူး..."

www.burmeseclassic.com

www.burmeseclassic.com



ကြိုင်ကြိုင် က သူ့ အယူအဆများကို တင်ပြကာ ရယ်နေမိသည်။

"အမှန်ကတော့ တို့လို လယ်သမား သားသမီးကမှ အင်ဂျင်နီယာ ဖြစ်သင့်တာ၊ တို့က တောက လာပြီး တောပြန်မယ့်သူတွေပါဟာ..."

ဝေခင်က ကြိုင်ကြိုင် သင်ပေးသမျှ ချင်း, ကြက်သွန်ဖြူများကို ဆုံထဲ ထည့်ထောင်းရင်း ပြောမိလေသည်။ ကြိုင်ကြိုင်နှင့် ဝေခင်တို့အနီးမှ မာတုနှင့် ချည်မျှင် ကျောင်းသူများ ဖြစ်ကြသော သိန်းသိန်းအေးနှင့် စိမ်းတို့က ပုစွန်ဆိတ်အခွံများ သွန်နေကြဆဲ စပ်မိစပ်ရာ ပြောနေကြခြင်း ဖြစ်သည်။

အဆောင် မရကြသေးခင် အတွင်းမှာတော့ ဒီလိုပင် ကသီလင်တ နိုင်လှပေသည်။ ဝေခင် တို့ အဖော်စပ်ပြီးနောက် လေးဦးစပ် အိမ်ငှားနေ ကြရသည်။ အိမ်မှာ အင်းစိန်ရွာမမှ ချောင်ကျလှသော ကရင်မကြီးအိမ် တစ်အိမ်၊ ပေ ၁၅×၂၀ ခန့် ကျယ်သည်။ သွပ်မိုးကြမ်းခင်း ပျဉ်ကာ ပေမင့် ခနော်ခနဲ့ ခပ်ယိုင်ယိုင်၊ ည-ညကျ ကြမ်း အပေါက်ကြားများမှ လေဝင်သဖြင့် ချမ်းလှပေသည်။ ဆောင်းတွင် အအေးဒဏ်ကို ခံရလေသည်။

ခုတင်မရှိ၊ ကိုယ့်အိပ်ရာလိပ်ကို ကိုယ် ခင်းကာ လေးယောက်သား ပူးကပ်တန်းစီလျက် အိပ်ကြရသည်။ ဝေခင်တို့က အိမ်ရှေ့ခန်းတွင် အိပ် ကြပြီး ကရင်မကြီးက အိမ်နောက်ဖေးခန်းတွင် အိပ်လေသည်။

ကရင်မကြီးက မုဆိုးမ၊ သားသမီး ကျောထောက်နောက်ခံမရှိ၊ အသက် ၆၀ ခန့်ရှိပေပြီ။ သူ့ခြံထွက်သစ်သီးဝလံများကို ရောင်းချ စားသောက်နေထိုင်သည်။ ယခင်က လင်မယား နှစ်ယောက်ကို တစ်လ ၃၀ နှင့် အိမ်ငှားထားသည်မှာ လခ မမှန်ဟု ဆိုကာ မငှားတော့၊ ယခု ဝေခင် တို့ကို တစ်လ ၃၂ ကျပ် နှင့် ငှားထားသည်။ ဝေခင်တို့က တစ် ယောက် ၈ ကျပ် ကျသည်။

အဆောင်သမားများက အဆောင် ထမင်းဟင်း မကောင်းဟုသာ ညည်းရသည်။ အပြင်မှာနေ၍ ကိုယ့်ဘာသာကိုယ် ချက်စားပြန်တော့ ပိုက်ဆံ ကုန်လှသည်။ တစ်ယောက်ကို တစ်လ ၃၅ ကျပ် ထည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ချက် စားကြပြန်တော့ ဘာမှ မည်မည်ရရ မရှိ၊ ပုစွန် အသားငါးကို အသီးအရွက်နှင့် ရောရသည်။

ထမင်းစားရတာ မတင်းတိမ်ပြန်တော့ ကျောင်းတွင် ဝယ်စားရသော မုန့်ဖိုးမှာ မသက်သာ၊ နံနက်ခင်းကို ဖြစ်တတ်သလို ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည်ကြမ်း သောက်ပြီး ကျောင်းသို့ ထမင်းမုန့်ဘူးများ ယူသွားမှ ပိုက်ဆံကုန် သက်သာသည်။

ညနေအပြန် ကမာရွတ်ဈေးမှ ရရာ ဝယ်လာပြီး ထမင်းဟင်းချက်ရသော အလုပ်ကိုတော့ ကြိုင်ကြိုင်တို့က ချူသံပါအောင် ညည်းမိလေသည်။ ဝေခင်ကတော့ တစ်လတစ်လ ပိုက်ဆံတွက်နေရသဖြင့် ညည်းရန် မေ့နေသည်။ စိမ်း ဆိုသူလေးကတော့ ရယ်မလို မျက်နှာထားနှင့်...

"သိပ် မကြာတော့ပါဘူး၊ အင်ဂျင်နီယာဖြစ်ဖို့ ၆ နှစ်ပဲ လိုပါတော့တယ်..." ဟု ရွတ်သေးသည်။

သိန်းသိန်းအေးက...

"သင်ရိုးဆုံးလို့ ဘွဲ့ရတော့လည်း တိုက်တစ်လုံးမှာ ဇနီး အချောအလှနဲ့နေ၊ ဖယ်မလီယာကားလေးစီးလို့ မြို့မှာ... ဆရာ... အော်ဖစ်ဆာခေါ်သံတွေ နာခံပြီးနေခွင့်ရရင်... ပန်းပဲဖိုမှာ တူထုရကျိုးနပ်ပါပီတဲ့... ဟိုနေ့ကပဲ ကောင်လေးတွေ ပြောင်နေကြတာ..."

"ဂျူဒိုတို့လား..."

ကြိုင်ကြိုင် က မေးလိုက်လေသည်။ သိန်းသိန်းအေး က ခေါင်းကို ခါယမ်းလျက်...

"ဟင့် အင်း... ဘယ်သူပြောလိုက်မှန်း မသိပါဘူး၊ ကျောင်းတက်ရတာ လူတွေက အုန်းအုန်း-အုန်းအုန်းဖရန်းနဲ့ ဘာတွေမှန်းလည်း မသိဘူး၊ ကျားတွေက များလိုက်တာ ဟိုနေရာမှာလည်း ကျား...၊ ဒီနေရာမှာလည်း ကျား၊ ဒီကြားထဲ သူတို့က နောက်ကြပြောင်ကြနဲ့ သူတို့မျက်နှာတွေလည်း စေ့စေ့ မကြည့်ရဲပါဘူး..."

"ကြည့်ရဲအောင် ကျင့်ထား၊ ဒါမှ ရဲရဲ ရင်ဆိုင်နိုင်မယ်..."

www.burmeseclassic.com

www.burmeseclassic.com



ကြိုင်ကြိုင် က ပြောလိုက်လေသည်။ ဝေခင် က ငရုတ်ဆုံထဲမှ ငရုတ်သီးများကို ဇွန်း နှင့် ခပ်ကော်ရင်း ကြိုင်ကြိုင် အား လှမ်းကြည့်ကာ...

"အဲဒီ... ဂျူဒိုဆိုတာလည်း ခဏခဏ ကြားနေရပြီး... 'ရုပ်က ဘယ်လိုနေမှန်းတောင် မသိဘူး၊ တစ်ခါမှ မတွေ့သေးဘူး၊ တို့လိုပဲ မြို့ပြ ဆိုပေမဲ့ တို့ သူတို့ အတန်းထဲရှိတာ ဘယ်လှမ်းကြည့်ရပ်ပါ့မလဲ..."

"အသားဖြူဖြူ... ဆံပင်တွန့်တွန့်... ရုပ်ကလေး ခပ်လှလှပါပဲ၊ တို့ ခင်မောင်ချစ်တို့နဲ့ တစ်ဖွဲ့ထဲပေါ့၊ သူတို့ အဖွဲ့ထဲမှာ သူတစ်ယောက်ပဲ ဘောင်းဘီဝတ်တာ၊ သူက အုပ်စုဗိုလ်ပဲ။ တို့ဖရက်ရှာထဲမှာ ချဉ်ဖတ်တို့က တစ်အုပ်စု၊ ဂျူဒိုတို့က တစ်အုပ်စု၊ ပြီးတော့... ရွှေမျက်မှန်တို့က တစ်အုပ်စု... ဗိုလ်ကျနေကြတာ..."

ကြိုင်ကြိုင် က ရှင်းပြနေသည်။ ဝေခင် က ခေါင်းကိုသာ ခါယမ်းလျက်...

"ဘယ်သူမှ မသိဘူး..."

"ရွှေမျက်မှန်တို့က တော်ပုံရပါသည်။ သူတို့အဖွဲ့ထဲမှ အားကစားသမားလည်း ပါတယ်၊ စာပေ အနုပညာသည်လည်း ပါတယ်၊ ကာတွန်းဆရာ၊ ပန်းချီဆရာလည်း ပါတယ်၊ သူတို့က စာလည်း တော်တယ်တဲ့။ အသင်းအပင်းတွေလည်း အင်တိုက်အားတိုက် လုပ်တယ်၊ ဆိုးတာက ဂျူဒိုတို့ အုပ်စု တော်တော် ဗရုတ်ကျတယ်၊ အဲ... ချဉ်ဖတ်တို့ ဟစ်ပီတို့ ဗိုလ်စုတ်တို့ အဖွဲ့ကတော့ အန္တရာယ်ပဲ... ဝေးဝေးက ရှောင်..."

ကြိုင်ကြိုင်က ဆက်၍ ပြောပြနေသည်။ ဝေခင်ကမူ စိတ်ဝင်စားရမည်လား၊ မဝင်စားရမည်လား... သိပ် မစဉ်းစားမိ။ ခေါင်းကို ညိတ်ကာ နားထောင်နေမိသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၉]

ဂျူဒိုနှင့် တစ်နေ့တွင် ဆုံဖို့ဖြစ်လာသည်။ ကျွားနှင့် ဆင် လယ်ပြင်မှာ တွေ့သလို ဝေခင် နှင့် တွေ့ကြသည်။ ဂျူဒို နှင့် ရန်ဖြစ်ရသော အဖြစ်က ဆန်းလှသည် မဟုတ်။

တစ်ခုသော နံနက်ခင်း ကျောင်းတက်စအချိန် ဖြစ်သည်။

ဆရာ မလာသေးသော အချိန်တွေမှာ ဂျူဒိုတို့ လူသိုက်မှာ အလုပ်ရှုပ်လျက် ရှိလေသည်။ ဂျူဒိုတို့သည် လေ့ကျင့်ခန်းစာအုပ်ထဲမှ စက္ကူများ ဆွဲစုတ်ကာ စက္ကူများသဏ္ဌာန်၊ စက္ကူ ရော့ကက် ခေါ် (ဒုံးပျံ) များ လုပ်ထား ပြီး ရှေ့တန်းထိုင်ခုံများများတွင် ထိုင်နေကြသော ကျောင်းသူ အသစ်အချော အလှလေးများဆီသို့ ပစ်လွှတ်ကြလေသည်။

စက္ကူရော့ကက်လေးများသည် လေတွင် ပျံဝဲကာ မိန်းမငယ်တို့ ဆံပင်ပုံစံအမျိုးမျိုးတွင် စိုက်သည်က စိုက်၊ ဘေးတွင် ကျသည်က ကျကုန်သည်။ မိန်းကလေးတို့သည် ဆံပင်ထဲ စိုက်နေသော ရော့ကက်ကို ဆွဲနုတ်ကာ စိတ်ဆိုးမာန်ဆိုးနှင့် လှည့်ကြည့်ကြလည်း သကောင့်သား ဂျူဒိုတို့ကား ငါတော်ခြောက်ဆယ်ရ ဘုန်းတော်ကြီးများပမာ ဣန္ဒြေမပျက်၊ အေးအေး ဆေးဆေး စကားပြောနေဟန် ဆောင်သည်။

ဗီယက်နမ် စစ်တလင်းတွင် စစ်ခင်းသည့်ပမာ ဂျူဒို တို့က နောက်တစ်ချီ ပစ်လွှတ်ကြပြန်သည်။ မိန်းကလေးများက ဒေါပွပွနှင့် လှည့်ကြည့် ကြပြန်တော့ ဂျူဒိုတို့က ဣန္ဒြေမပျက် နေကြပြန်သည်။

ကျောင်းသူများသည် ရော့ကက် ပစ်ခြင်းကို အရှုံ့မုန်းကြီး ရှုံ့မုန်းကာ အတွိုန်ဆဲကြီး ကျိန်ဆဲကြလေသည်။ ရော့ကက် ပစ်တာ ခေတ်စားတာ

www.burmeseclassic.com

www.burmeseclassic.com



တွေက ခင်ဗျားတို့ကို ကြိုက် မထင်ပါဘူး၊ ကျွန်တော့်နှမတွေ၊ သမီးတွေ ဆိုလည်း... ဒါမျိုးတွေ မကြိုက်နဲ့လို့ တားမြစ်ရမှာပဲ...”

သည်တော့ ရယ်ကြပြန်သည်။ စင်စစ်ဆရာသည် မောင်နှ သားချင်း မရှိသော လူပျိုကြီးဖြစ်မှန်း နောင်တော့မှ သိကြရသည်။

“ဗရုတ်ကျတဲ့သူကို မိန်းကလေးတွေက ဝေးဝေး ရှောင်တယ်ဗျ ကြောက်လည်း ကြောက်ကြတယ်။ ခင်ဗျားတို့က သက်သက် မုန်းအေ ဖော်နေတာပဲ။ ခင်ဗျားတို့မှာ ဒါတွေ လုပ်လို့ အကျိုးလည်း မရှိဘူး အချိန်လည်း ကုန်၊ စက္ကူတွေလည်း ကုန်၊ ဩော်... ဒါကြောင့်မို့ ပြည်သူ ဆိုင်က ဗလာစာအုပ်တွေ ပါးရှားကုန်တော့တာကိုး...”

ကျောင်းသားများက ရယ်ဆဲ ဆရာက စာသင်ရန်ဖိုင်တွဲကို လှန်လှော၍...

“ကဲ... ကဲ... ရှေ့ကကပ်ပစ်တာ တော်လောက်ပါပြီပေါ့ဗျာ၊ ခင်ဗျား တို့က နောက်တစ်နေ့ကျ လ ကမ္ဘာကို ဒုံးပျံလွှတ်နိုင်ကြမယ့် အင်ဂျင်နီယာ လောင်းတွေပဲ၊ ခုလည်း စက္ကူရှေ့ကကပ် ပစ်ရင်း တော်တော် ကျင့်သား နေပါပြီ...”

မှင်သေသေ နှင့် ပြောနေသော ဆရာ့ကို ပွဲကျကြပြန်သည်။ ကျော ကား ဆရာ့စကားနှင့် မျက်နှာတွေ နီနေသည်။ ဆရာ ဦးမြတ်ဆွေသည် တပည့်တွေ အချစ်တော် ဆရာဖြစ်လေသည်။ စာသင်ကောင်းသလောက် ဟာသလည်း ရွှင်သည်။

အသားလတ်လတ်၊ အရပ်က မြင့်ကာ ပိန်သည်။ မျက်စိမှုန်သဖြင့် သဖြင့် မျက်မှန်ထူထူ တပ်ထားရသည်။ သူ့ဘာသာရပ်တွင် သူကျွမ်းကျင် ပိုင်နိုင်ပြီး၊ ပြတ်ပြတ်သားသား ဆောင်ရွက်စရာရှိလျှင်လည်း ဆောင်ရွက် တတ်သည်။ သူ့ကို ကျောင်းသားတွေက ချစ်လည်းချစ်၊ ကြောက်လည်း ကြောက်ကြသည်။

ပထမ တစ်နှစ် နှစ်နှစ်အတွင်းတော့ ဆရာတွေနှင့် ကျောင်းသား များ သိပ် ရင်းနှီးမှု မရှိကြသေး။ ဆရာတွေကလည်း တပည့်တွေကို မမှတ်မိသေး။ နောင်အခါကျမှ ဆရာဦးမြတ်ဆွေသည် ဂျူဒို တို့ ဝေခင်

www.burmeseclassic.com

www.burmeseclassic.com



...၏ မိတ်ဆွေကောင်းသဖွယ် ဖြစ်လာရသလို ဖခင်သဖွယ် ချစ်ခင် မြတ်နိုးလာကြလေသည်။

ဆရာ ပြောဆိုဆုံးမပြီးမှ နောက်နေ့များတွင် ရော့ကက် အပစ် ...ည်း အတန်းထဲ ရပ်စဲသွားခဲ့လေသည်။ နောင်တွင် ကြိုကြား ကြိုးကြား ...နည်းငယ်သာ ပစ်လွှတ်သော်လည်း ယခင်ကလောက် ပလူပျံသလို ...ော့ကက်များ မဝဲတော့ပေ။

ဝေခင် သည် ဂျူဒိုနှင့် ရန်ဖြစ် ပြီးကတည်းက ဂျူဒို ဆိုလျှင် ...ေးကပင် ရှောင်သည်။ ဂျူဒိုအသံ ကြားလျှင်ပင်...

“နားမှလေသံ မကြားချင်ဘူး၊ လာမပြောနဲ့...” ဟု ကြိုင်ကြိုင်ကို ...န့်တားရင်း ဂျူဒိုအား အမုန်းပုတီးစိပ်ကာ နေသည်။

“သိပ် မမုန်းနဲ့လေ... မုန်းလွန်းရင်လည်း ချစ်လာတတ်တယ်” ...ု ကြိုင်ကြိုင် က အိမ်ရောက်တော့ နောက်သေးသည်။

ဝေခင်က...

“မနောက်ပါနဲ့... ရွှေကြိုင်ကလည်း...၊ တို့ တကယ် မုန်းတာ၊ ရုပ် ...လေး သနားကမား နဲ့ အကျင့်က တန်တယ်...”

မျက်နှာထား တင်းကာ ဆိုလိုက်လေသည်။

ကြိုင်ကြိုင်သည် စားပွဲပေါ်သို့ စာအုပ်များ ပစ်ချကာ...

“အင်း... ချစ်တယ် မုန်းတယ်ဆိုတာ အစဉ်အမြဲ မဟုတ်ဘူး ...ခင်ရဲ့၊ လူတွေရဲ့ သဘောထားကာ အမြဲပြောင်းလဲနေတတ်တာ၊ ငါတို့ ...မတွေတုန်းကလည်း ဒီလိုပဲ... ဖရက်ရှာနှစ်တုံးက သူတို့ သိပ်မုန်းတာပဲ ...ိုပဲ ကောင်လေးတွေက... နောက်တော့ ခရီးတွေထွက်၊ အလုပ်ရုံတွေ ...တူတူဆင်းနဲ့ ပုလင်းတူ ဗူးဆို့တွေ ဖြစ်ပြီး သူငယ်ချင်းကောင်းတွေလိုပဲ ...င်လာကြတာ၊ ငါ့အစ်မတစ်ယောက်ဆိုရင် တသက်လုံးတောင် လက်တွဲ ...သွားပြီး အစကတော့ ဒီကောင့်မျက်နှာမြင်ရင် အစာမကြေဘူးတဲ့၊ ...ခုတော့ ချစ်လိုက်ကြတာ ကိန္နရီမောင်နှံအတိုင်းပဲ ဟား... ဟား... ဟား...”

ကြိုင်ကြိုင် က ပြောရင်း သူ့ဘာသာသူ သဘောကျ...ာ အော်ကြီး ...စ်ကျယ် နှင့် ရယ်မောနေသည်။ ဝေခင်က အကျိုကြ...သီး ဖြတ်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"တို့တော့ အဝေးကြီး ဘယ်တော့မှ ပတ်သက်မှ မဟုတ်ပါဘူး..." ဟု ပြောလိုက်မိလေသည်။

နောက်နောင်ကာလဝယ် ဂျူဒိုနှင့် ပတ်သက်စရာ အကြောင်းတွေ အများကြီးပေါ် လာခဲ့ရတာ ကံကြမ္မာ ကို ရန်တွေ့ရမည်လား။ လူတို့ ကံကြမ္မာဆိုတာလည်း တားဆီးနိုင်ကောင်းသော အရာ မဟုတ်။ ကံကြမ္မာ သည် ဒိုးလိုမ္ဘွေ ရေလို နှောက်ရန် သူ၏အေးစက်သော 'လက်' ကို ဆန့်တန်းလျက် ရှိသည်သာတည်း။

❀

www.burmeseclassic.com

www.burmeseclassic.com

## [၁၀]

ခုတစ်လော ငွေကလည်း အမြဲ 'လို' နေသည်။ ဘယ်လို ခြောက်ထောက်ပေါက်ပေါက်ပြီး ခုန်ထွက်သည် မသိ။ ပိုက်ဆံ အိတ်ထဲမှ နေသည် အပြင် သို့သာ သွားနေသည်။ အိတ်ကလေးမှာ ကြာလေလေ ပြားကပ်ကပ်လေ ဖြစ်လာလေလေ။

ဈေးဝယ်ရသဖြင့် ဟင်းလျာဖိုး က ကုန်လှသည်။ လမ်းစရိတ်က နေ့စဉ် မသုံးမဖြစ်သော အသုံးစရိတ်၊ စာအုပ်ဖိုးတွေကလည်း တတိတိ ထိုးနေသည်။ အမေ့ဆီကိုလည်း ခဏခဏ စာရေး မတောင်းချင်။ အမေ ကလည်း အစစ အရာရာ ချွေတာပါချည်း စာရေးသည်။ ချွေတာဖို့ဆိုတာ အမေပြောဖို့ပင် လိုမည် မထင်ပေ။

သူများအဖို့ ဆာရင် ရေသောက် ဗိုက်မှောက်နေမယ်ဆိုတာ စကားပမာသာ ဖြစ်သည်။ မိမိကတော့ တကယ်သည်အတိုင်းပင်။ နေ့လယ်ဘက်တွင် ကြိုင်ကြိုင်၊ မေအောင်တို့နှင့်အတူ မုန့်ဆိုင်များသို့ လိုက်မသွား၊ အဆာခံနေရသည်။ ဝမ်းထဲအူက တကြုတ်ကြုတ်။

အပေါင်းအသင်းနှင့်ဆိုတော့ သူတစ်လှည့်၊ ကိုယ်တစ်လှည့် ပေး ရမှာ ကိုယ့်တွင်သည်လို ပေးနိုင်အား မရှိ။ သည်တော့ အပြင်မုန့် သိပ် စားတတ်ဘူးဆိုကာ အိမ်က ထမင်းကို ထမင်းဘူးထဲ ထည့်ယူလာကာ ဆာသည့်အခါ စားရသည်။ ဟင်းကတော့ ထုံးစံအတိုင်း ဖြစ်ကတတ်ဆန်း ပေါ့။

တစ်ခါတစ်ရံ ထမင်းချည်းပဲ ယူလာကာ လမ်းတွင်တွေ့သော အကြော်သည်ဆီမှ ဗယ်ရာကြော် (သို့မဟုတ် ) မန္တလေးပဲကြော်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ကာ စပါးလုံး အထွေးထွေးနှင့်ရှိသော ဆန်ကွဲတစ်ဝက် ရောယှက်သော ထမင်းနှင့်စားရသောအခါ ဆာဆာနှင့်ပင် မြိန်သွားရသည်။ မမြိန်သော်လည်း မြိန်ရသည်။

တစ်ခါက ကျောင်းလေ့ကားရင်းတွင် တစ်ယောက်နှင့်တစ်ယောက် တိုက်မိရင်း လွင့်စင်ကျသွားသော နေ့ကျောင်းသူတစ်ဦး၏ မုန့်ဘူးထဲမှ ပုစွန်တုပ် ဆီပြန်ဟင်း၊ ကြက်သား အသည်းအမြစ် နှင့် ဗိုလ်စားပဲကြော်များ တွေ့လျှင် စားချင်စိတ် ရင်ထဲတွင် အလိပ်လိပ် တက်လာလေသည်။

တစ်ကြိမ်၌လည်း... ဝေခင် ရှေ့တွင်ပင် ချဉ်ဖတ် တို့လူတစ်စု လျှောက်သွားခိုက် L.C.R ခေါ် မိန်းကလေးတို့ စတည်းချရာ အခန်းရှေ့ အရောက် မုန့်ဗူးထဲမှ ပေါင်မုန့်ကို ကြည့်ကာ "တောက်... ဝက်အူချောင်းကြော် ထည့်ပေးပါဆိုတာ ထောပတ် ထည့်ပေးပြန်ပြီ၊ တစ်ခါလာလည်း ထောပတ်..." ဟု ဆိုလျက် မုန့် လေးချပ်ကို ယူပြီး လွှင့်ပစ်လိုက်သည်ကို မဆီမဆိုင် နှမြောရသေးသည်။

သည်အဖြစ်တွေကို ရိပ်မိသော ကြိုင်ကြိုင်က မုန့်တွေ ဝယ်ကျွေးရှာပါသည်။ တစ်ခါတစ်ရံ စာကျက်နေသော ဝေခင့်အား သူကချည်း ဒိုင်ခံမုန့်ဝယ်ကာ ပန်းကန်နှင့် ပြင်ကျွေးသည်။ အမြဲ နိစ္စဓူဝတော့ မဖြစ်နိုင်။ ဝေခင်ကလည်း ကြိုင်ကြိုင်ကျွေးသမျှကို ငြင်းမြဲပင်။

သူများတွေ ဗိုလ်ချုပ်ဈေးသို့လည်းကောင်း၊ လဟာပြင်ဈေးသို့လည်းကောင်း၊ တောင်ဥက္ကလာပ (၁၀) ရပ်ကွက်ဈေးတို့လည်းကောင်း၊ နန္ဒဝန် ဈေးသို့လည်းကောင်း၊ တနင်္ဂနွေနေ့များ အလှည့်နှင့် သွား၍ ဝယ်လာကြသော ယိုးဒယား ဇာ၊ တက်ထရွန်၊ ရေရွှန်၊ ခရစ် စသည့် အဝတ်များ၊ ယိုးဒယားအမွေးပွ လက်ပွေ့အိတ်များ၊ ခေါက်ထီးများကို ယောင်လို့မှ ကိုင်မကြည့်၊ ဝေခင်က သူနှင့် ဆိုင်သည်ဟု တစ်ခါမှ မတွေး။

"အမေရယ်...၊ ကျွန်တော့်ရဲ့ စိတ်ပဲခိုင်လို့လား၊ နှလုံးပဲ မမက်တတ်လို့ပဲလား မသိဘူး၊ သူများတွေ ဝယ်လာတဲ့ အဖိုးတန် ပစ္စည်းတွေကို 'ကျွန်တော် မဝတ်ရ မသုံးရလို့ ဘယ်လိုမှ မနေပါဘူး၊ ကြိုင်ကြိုင်ကတောင် ကျွန်တော့်ကို အံ့သြ ယူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိပ်တော်တာပဲလို့ ချီးမွမ်းတယ်၊ ဒီအတွက်တော့ ကျွန်တော် ဝမ်းသာတယ်...။

ဒါပေမဲ့ အမေရယ်... သူများနည်းတူ စာအုပ်တွေ ဘာတွေ စေ့ငှအောင် မဝယ်နိုင်တဲ့အခါတော့ ကျွန်တော် ဝမ်းနည်းတယ်...၊ စိတ်လည်း ဆင်းရဲတယ်...၊ အတန်းတွေ ပြေးရင်း လွှားရင်းနဲ့ 'ဆာ' လာပြီး ဘာမှ မစားနိုင်လို့ မစားရတဲ့အခါကြတော့လည်း ငိုချင် လာတယ်...။

အမေ့ဆီလည်း ပိုက်ဆံ ပို မတောင်းချင်ပါဘူး...၊ အမေလည်း တစ်လ တစ်လ ငွေ ၁၀ဝိ ကျွန်တော့်ကို ဘယ်လောက် အားခဲ ပို့နေရတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ အမေ့ နဖူးက ချွေးနဲ့ရင်းရတဲ့ ပိုက်ဆံဆိုတာ ကျွန်တော် သိပါတယ်...။

ငွေများ မမျှတလိုက်တာ အမေရယ်...၊ ချမ်းသာတဲ့ လူများ တော့ ပိုလျှံနေတာပဲ၊ ကျွန်တော်တို့ အတန်းထဲက ချဉ်ဖတ်တို့၊ ဟစ်ပီတို့ဆိုတဲ့ ကောင်လေးများ ရေလိုပဲ ငွေ သုံးတာ၊ သူတို့ စားတာလည်း အလျှံပယ်။ ပေါင်မုန့်များတောင် ထောပတ် သုတ် တာ မကြိုက်ဘူးဆိုပြီး လွှင့်ပစ်တယ်။ သူတို့ ဝတ်တတ်တဲ့ ဂျာကင် ဆိုတာ ငွေ ၆၀ဝိ လောက် တန်သတဲ့...၊ သူတို့ ကျောင်းကို ယူ လာတဲ့ ထရန်စစ္စတာ ရေဒီယို အသေးလေးတွေဟာ ၃၀ဝိ လောက်ကျသတဲ့ အမေရယ်...။

နောက်ပြီး ကျွန်တော်တို့ကို လိုက် လိုက်ပြီး ဓာတ်ပုံရိုက်တဲ့ ရိုလီဖလက်စ်ဆိုတဲ့ ကင်မရာဟာ တစ်ထောင်ကျော်တောင် တန် တယ်ဆိုပဲ၊ သူတို့ကြတော့လည်း ချမ်းသာ လွန်းပါတယ်...၊ ဒါတွေ ကို ကျွန်တော် မနာလိုလို့ ပြောတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဘဝ နဲ့ သူတို့ဘဝ ကွာခြားပုံကို စဉ်းစားမိလို့ပါ။

ခု ကျောင်းဖွင့်စ ဆိုတော့လည်း စာအုပ်ဖိုးတွေ လိုလာပြန် တယ်။ နောက်တော့လည်း လောက်သွားမှာပါ... အမေရယ်...၊ လောလောဆယ် ငွေ ၂၀ဝိ-၃၀ဝိ လောက် ရချင်တယ်၊ အမေ့ဆီကို တောင်းရမှာလည်း အမေ့ကို သနား...

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်တော့လည်း ဝေခင်သည် အမေ့ဆီသို့ စာ မပို့ဖြစ်ပေ။ စာကို ဆွဲဆုတ်ပစ်လိုက်လေသည်။ အမေ့ကို စိတ်မချမ်းမသာ မဖြစ်စေချင်ပေ။

အရင်တစ်ပတ်က လမ်းစရိတ် ကာမိရန် ကြိုင်ကြိုင်နှင့် ကမာရွတ်ဈေးထဲလိုက်ပါသွားရင်း အဝတ်ဟောင်းတွေ ရောင်းသည့်ဆိုင်သို့သွားကာ ဓာတုဗေဒ စမ်းသပ်ခန်းတွင် ပေါက်လာသော ထဘီအဟောင်း ၂ ထည်ကို တစ်ထည် ၃ ကျပ်စီနှင့် ရောင်းရသေးသည်။ ဝေခင်၏ ဟောက်နေသော ပိုက်ဆံအိတ်လေးကို ကြံဖန်ဖြည့်ရခြင်း ဖြစ်သည်။

နောက်တစ်ပတ်တော့ ဝေခင့်အစ်ကိုတစ်ဝမ်းကွဲ ကိုညဏ်ထွန်း ရှိရာ အတန်းသို့ သွားရလေသည်။

ကြိုင်ကြိုင့်ကို အဖော်ခေါ်၍ အနောက်မြောက်အစွန်းရှိ သတ္တုဗေဒဌာနသို့ ခပ်သွက်သွက် လှမ်းလာကြလေသည်။ ညဏ်ထွန်းက သတ္တုတွင် (Mining) ဘာသာရပ်ကို ယူလေသည်။

အတန်းတွေ လွတ်လိုက်ချိန်ဖြစ်သောကြောင့် လူ ရှင်းနေသည်။ ညဏ်ထွန်း စကြံ ထွက်ရပ်နေသည်ကို အဆင်သင့်ပင် သွားတွေ့သည်။ ကိုညဏ်ထွန်းနှင့် ယှဉ်ရပ်လျက် စကားပြောနေသူကား 'ဂျူဒို' ဖြစ်နေသဖြင့် ဝေခင်၏ ခြေလှမ်းများ တုံ့ဆိုင်းကာ ကြိုင့်ကြိုင့် လက်ကို ဆွဲကိုင်လျက် လှည့်ပြန်ရန် ပြင်သည်။

"ဟေး... ပုရစ်..."

ကိုညဏ်ထွန်း က လှမ်းအော်ခေါ်လိုက်လေသည်။ ကြိုင်ကြိုင်က ဝေခင့် အား လှမ်းကြည့်ရင်း...

"ပုရစ်တဲ့... နင့်ကို ခေါ်တာလား... မိဝေ..."

"ဟုတ်တယ်..."

"ဘာဖြစ်လို့..."

"တို့ ငယ်ငယ်က မျက်လုံးပြူးလို့တဲ့ ဘကြီးက ခေါ်တော့... အစ်ကို ကပါ လိုက်ခေါ်တာ"

ဝေခင်က ရယ်ရင်း ဖြေလိုက်လေသည်။ စိတ်ရှုပ်ရှုပ် နှင့် မျက်

www.burmeseclassic.com

www.burmeseclassic.com



…ကောင်လည်း ကုတ်ထားမိသည်။ ထို့နောက် ကြိုင်ကြိုင့်လာကို ဆွဲဖျစ်ရင်း တီးတိုးလေသံနှင့်…

"ဟိုမှာ တွေ့လား…၊ မကြည့်ချင်တဲ့ မျက်နှာ…"

"ဂျူဒိုလား… ၊ ရေစက်ပေ့ါဟယ်…"

ကြိုင်ကြိုင်က တီးတိုးလေသံနှင့် ပြန် နောက်နေသည်။

"ဘာ ရေစက်လည်း စကားနောက် တရားပါ၊ မပြောစမ်းပါနဲ့"… …ဝေခင်က မျက်နှာထိ မျက်နှာထား နှင့် ပြောလိုက်သည်။

"ဒီနေ့ ဂျူဒိုက ပုံစံတွေ ဘာတွေ ပြောင်းလို့ပါလား၊ တိုက်ပုံ အင်္ကျီနဲ့ ပုဆိုးနဲ့ လူလူ သူသူ"

ကြိုင်ကြိုင်က ဂျူဒို မကြားစေရန် လေသံနှင့် မှတ်ချက်ချနေသည်၊ ဝေခင်၏ ခြေလှမ်းများကား တုံ့နှေးနေသည်။ ကိုဉာဏ်ထွန်း က ဝေခင် တို့အား လှမ်းမျှော်ကြည့်ကာ…

"ပုရစ် ဘယ်လာတာလဲ"

"အစ်ကို့ဆီပဲ"

အနားရောက်တော့ ဝေခင်တို့အား ဣန္ဒြေရစွာ ငေးကြည့်နေသော ဂျူဒိုကို တွေ့မြင်ရလေသည်။ ဝေခင်နှင့် ကြိုင်ကြိုင်တို့က သူ့မျက်နှာကို သေသေချာချာ မြင်ရသော် အအံ့သြကြီး အံ့သြရလေသည်။ ဂျူဒို့မျက်နှာ၊ ဂျူဒို့ကိုယ်ဟန် သို့ပေမင့် ဂျူဒို မဟုတ်သော လူတစ်ယောက် (ဝါ) ဂျူဒိုနှင့် ထပ်တူထပ်မျှ ရုပ်ချင်းတူသော လူတစ်ယောက်…။

ရုပ်ချင်း ခွဲမရအောင် တူသည်ဆိုရပေမင့်လည်း အနီးကပ် သေသေချာချာကြည့်လျှင် ဂျူဒို မဟုတ်မှန်း သိသာသည်။ သူက အသားညို၍ ကိုယ်ဟန်လည်း ပိုထွားကျိုင်းကာ ဂျူဒို လို မနုနယ်၊ ကြမ်းတမ်းရင့်ရော်ဟန် ပေါက်သည်။

"ဆိုစမ်း… အစ်ကို ဘာလုပ်ပေးရမလဲ…"

ဝေခင်က ရုတ်တရက် မဖြေ၊ နှုတ်ခမ်းကိုသာ ပြင်နေသည်။ သည်တော့ ကိုဉာဏ်ထွန်းက ပြုံးရယ်ကာ…

"မိတ်ဆက်ပေးရဦးမယ်…၊ ဒါ ကိုရန်နိုင်တဲ့… အစ်ကို့လိုပဲ သတ္တုတွင်း တတိယနှစ်၊ ပြီးတော့ အခန်းဖက်၊ နှစ်ကိုယ့်တစ်စိတ် သိပ်ခင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင် က မျက်နှာထား တည်တည်ပင် မပြုံးမရယ် ခေါင်းကိုသာ တစ်ချက်ညိတ်ပြလိုက်လေသည်။ ဝေခင်က သည်တော့မှ... "ငွေ ၂၀ိ လောက် လိုချင်လို့ ပိုက်ဆံက မလောက်ပြန်ဘူး။ အစ်ကို့ကို (၂) လခွဲ ဆပ်မယ်" ဟု ပြောလိုက်သည်။

ဉာဏ်ထွန်းက...

"၂၀ိ လောက်ဆိုရင်တော့ ရပါတယ်။ ပြန် ဆပ် မနေပါနဲ့ဟာ။ ငါ့ဆီ မနေ့က ငွေ ရောက်တယ်၊ နင် ကံကောင်းတယ်"

"ဟင့် အင်း... ပြန်တော့ ဆပ်မယ်၊ စာအုပ်ဖိုး လိုတာပါ။ အမေ့ဆီ မတောင်းချင်ဘူး"

"အရီးဆီကတော့ မတောင်းတာ ကောင်းပါတယ်၊ အရီးကြည့်ရတာ သိပ်ပင်ပန်းတယ်..."

ပြောပြီး ကိုဉာဏ်ထွန်းက သူ့ရှပ်အင်္ကျီအိတ်ထဲမှ ငွေ ကို ထုတ်ပေးလိုက်လေသည်။ ကြိုင်ကြိုင် က ရန်နိုင် အား ငေးကြည့်ပြီး မအောင့်အည်းနိုင်ဘဲ...

"ဂျူဒို နဲ့ ညီအစ်ကိုလား" ဟု ဖျတ်ခနဲ မေးလိုက်လေသည်။

"ရန်ပိုင် ကို ပြောတာလား၊ ကျွန်တော်နဲ့ ရန်ပိုင် က အမြွှာ ညီအစ်ကိုပါ"

ရန်နိုင် က မဆိုင်းမတွ ဖြေသည်။ ဂျူဒို စကားပြောတာ မြန်သလောက် ရန်နိုင့် အသံက အေးဆေး တည်ငြိမ်သည်။ စကားကို ဖြေးဖြေးနှင့် မှန်မှန် ပြောသည်။

"ဂျူဒိုက ဒီနှစ်မှ ရောက်တယ်နော်..."

ကြိုင်ကြိုင်က သွက်လက်စွာ မေးလိုက်လေသည်။

"ဟုတ်တယ်...၊ သူ... ငယ်ငယ်က ခဏခဏမမာဘူးဗျ... ချူချာတယ်၊ (၃) တန်းတုန်းက တစ်ခါ၊ (၇) တန်းတုန်းက တစ်ခါ ကျောင်းက ခဏ ထွက်လိုက်ရလို့ ကျွန်တော်နဲ့ နှစ်တန်း ကွာသွားတာပါ။ အမှန်မယ်... သူက ပိုဉာဏ် ကောင်းပုံပဲ..."

ကိုရန်နိုင် က သူ့ညီကို အမွှမ်းတင်ပြောဆိုနေသည်။ ကြိုင်ကြိုင်က ရယ်လျက် ပွင့်လင်းသော ဟန်ပန်လေသံနှင့်...

www.burmeseclassic.com

www.burmeseclassic.com



"အပြုအမူချင်းလည်း လုံးလုံး မတူဘူး..."

ကိုရန်နိုင် က ပြုံးလိုက်သည်။ ဉာဏ်ထွန်း က ရန်နိုင့် ကျောကို ...လျက်...

"အစ်ကိုတို့ ဓာတ်သတ္တုက လူမိုက်တွေ များတယ်မဟုတ်လား၊ ...နှန်းလွန်းလို့ ဒီဘာသာကို အကြမ်းခံနိုင်တဲ့ တိုင်းရင်းသားတွေသာ ...တိုက်များတယ်...၊ ဒီတော့ စိတ်ကြမ်း ကိုယ်ကြမ်း နဲ့ ဒီအသွင် ပြောင်း ...တာ၊ ဒီလူ့မျက်နှာကို မြင်ရင်... တော်ရုံ တန်ရုံလူ ရန် မစရဲဘူး..."

နောက်ပြောင်နေသေးသည်။ ကိုရန်နိုင်က ပြုံးယောင်သန်း ...လျက်...

"မိုက်ရှုပ်ပေါက်နေတယ် ပြောစမ်းပါဗျာ..."

ကိုဉာဏ်ထွန်းက ရယ်လျက် ပြောသည်။ ဝေခင့်ဘက်လှည့်ကာ... ...ခင့် မျက်နှာ စေ့စေ့ကြည့်ရင်း...

"ဟေး... ပုရစ်၊ စကားနည်းလှချေလား...၊ ပြောလေ... အိမ်မှာဖြင့် ...အသံချည်းပဲ ကိုရန်နိုင်၊ ဒါ ကျွန်တော့်နှမလေ... မြို့ပြက... ဒီနှစ်မှ ...ောက်တာ... ဝေခင်တဲ့၊ ဟိုဘက်က...

"ကြိုင်ကြိုင်ပါ"

သည်တော့လည်း ဝေခင်က လျင်မြန်စွာ ဝင်ဖြေသည်။ ကြိုင်ကြိုင် ... စိတ်ကူးပေါက်ကာ...

"ဝေခင်က ဂျူဒို နဲ့ အတန်းထဲ ရန်ဖြစ်ထားတာ...၊ ကိုရန်နိုင်ကို ...င်တော့ ဂျူဒို မှတ်ပြီး လှည့်ပြန်မလို့လုပ်တုန်း ဒီအစ်ကိုက လှမ်းခေါ် ...ိုက်တာနဲ့..."

"ရန်ပိုင် နဲ့ ဘာဖြစ်လို့... ရန်ဖြစ်တာလဲ..."

ရန်နိုင် က စိတ်ပါဝင်စားစွာ ဖြတ်မေးလိုက်လေသည်။

"ဝေခင့်ကို ရော့ကက် ပစ်တာက စ တာ..."

ကြိုင်ကြိုင် က ဖြစ်ပျက်ပုံကို အကျဉ်းချုံးကာ ပြောပြနေသည်။ ...န်နိုင်က မျက်ခုံးပင့်ကာ နားထောင်ပြီးနောက်...

"ရန်ပိုင် က ဒီလိုပဲ နည်းနည်းတေချင်တယ်...၊ သူငယ်ငယ်တုန်းက ...သွတင်းထွက် ဆိုပြီး မိဘများက အလို လိုက်ထားခဲ့တယ်...၊ ကျွန်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူ မွေးကြတော့ တစ်ယောက်တော့ ရှင်မယ်...၊ တစ်ယောက်က မသေချာဘူးလို့ ဆရာဝန်က ပြောတာ...၊ သေလူပေါ့ဗျာ...၊ ဒီလိုနဲ့ ရန်ပိုင်ကို ပြုစုစောင့်ရှောက်ရင်း အသက်ရှည်လာရတာဆိုတော့ အိမ်မှာ ရန်ပိုင် ဆိုးသရွေ့ တေသရွေ့ ခွင့်လွှတ်နေကြရတာပဲ"

စိတ်ရှည် လက်ရှည် နှင့် ရှင်းပြနေသည်။ ဝေခင်က သည်တော့လည်း ရန်နိုင့်မျက်နှာကို အံ့ဩစွာ ငေးကြည့်နေမိသည်။ သက်တူ ရွယ်တူ ပေမဲ့လည်း ရန်နိုင် နှင့် ရန်ပိုင် ရင့်ကျက်ပုံချင်း၊ အသိတရား ရှိပုံချင်း ကွာခြားပုံကို တွေ့မြင်ရလေသည်။ ရန်ပိုင့်အကြောင်းပြောရာ၌လည်း သူ့ထက်များစွာ ငယ်ရွယ်သော ညီငယ် အကြောင်းပြောသည့်ပမာ ပြောပြနေသည်။

ဉာဏ်ထွန်းက...

"အတန်းထဲမှာယောကျ်ားလေးတွေနဲ့ ဖက် ရန်ဖြစ်မနေပါနဲ့ဟာ... ကိုယ်က မိန်းကလေးဆိုတော့ သူတို့ နောက်သရွေ့ ပြောင်သရွေ့ ခံရမှာပဲ၊ မကြားချင်ယောင်၊ မမြင်ချင်ယောင် ဆောင်နေပေါ့ဟာ..."

"ဒီလို ငုံ့ခံနေမှာလား... ကျွန်တော့်ကို ယီးတီးယားတား လုပ်ရင် တော့ အသေပဲ...၊ သူသေသေ ကိုယ်သေသေ..."

ဝေခင်က ဖျတ်ခနဲ ပြောလိုက်သည်။ ဉာဏ်ထွန်းက နှမငယ်ကို ငေးမောကြည့်ကာ ရယ်မောနေသည်။ ရန်နိုင်က သက်ပြင်း တစ်ချက် ချလျက်...

"ကျွန်တော်လည်း ရန်ပိုင့်ကို သတိပေးပါဦးမယ်..."

"ကိစ္စ မရှိပါဘူး..."

ဝေခင်က သည်တော့လည်း လျှော့ပေါ့ပြောဆိုလေသည်။

"ငါလည်း ကြားပါတယ်...၊ ဒီနှစ်အုပ်စုက တော်တော်ဆိုးတယ် တဲ့...၊ တို့ သာ့ဒ်ရီးယား သမားတွေတောင် လက်မြှောက်ရမယ့်ပုံပဲ၊ ဂျီဟော(လ်) က နှစ်ကြီးသမား မိန်းကလေးတွေတောင် စ တာ နောက်တာတဲ့...၊ နင် ဆိုရင် လွှင့်ထွက်သွားမှာပေါ့...၊ ဂျူနီယာအတွက်တော့ ကိုရန်နိုင် တစ်ယောက် လုံး ရှိပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ထွန်းက ရန်နိုင်၏ ကျောကို ပုတ်ကာ ပြောလိုက်လေသည်။ ...ရန်နိုင် မှာ ကိုဉာဏ်ထွန်း ထက် များစွာ အသက် ငယ်ပုံရသော်လည်း ...စားစွာပင် ဆက်ဆံ ပြောဆိုလေသည်။ ကိုဉာဏ်ထွန်း က ဆက်၍...

"ပြီးတော့ သူတို့ ညီအစ်ကိုနှစ်ယောက် သိပ်ချစ်တယ်...၊ တစ်...တ်ကို တစ်ယောက် အရိပ်ကြည့်နေတာပဲ...၊ တစ်ယောက် ဩဇာ ...စ်ယောက်လိုက်တယ်..."

ပြောဆဲ...၊ ရန်နိုင် က ပြုံးယောင်သန်းပြီး... "နောက်ကွယ် ရန်ဖြစ် ...တော့ လူ မသိဘူး..." ဟု ပြောလိုက်လေသည်။ သည်တော့ ကြိုင်ကြိုင် ... သူတို့နှစ်ယောက်အပေါ် ခင်မင်ရင်းနှီးစိတ်တွေ ဝင်လျက်...

"အမြွာတွေက ရန်ဖြစ်ရင်သာ ဖြစ်ရမယ်...၊ သိပ် ချစ်ကြတယ်၊ ကြိုင်ကြိုင့် အောက် ညီမလေးတွေက အမြွာပေါ့...၊ ရုပ်ချင်းတော့ မတူ ...၊ ဒါပေမဲ့ သိပ်ချစ်တယ်...၊ လူကြီးတွေက ဆူရင် ပူရင် တစ်ယောက် ...ောက်ကိုများ ရိုက်လိုက်ရင် နှစ်ယောက်သား ဖက်ငိုကြတာ...၊ မွေးတာ ...စ်နာရီလောက် ကွာတယ်၊ အချင်း တစ်ခုတည်းလည်း မဟုတ်ဘူး၊ ကြိုင်ကြိုင် တို့ အသိထဲတော့ အချင်းတစ်ခုတည်း မွေးတာတဲ့...၊ ...စ်ယောက် ဖျားရင် ဖျားရော...၊ ယောကျ်ားလေး နှစ်ယောက်၊ ငယ်ငယ် ...က သေသွားကြတယ်...၊ တစ်ယောက် သေရင်လည်း လိုက်သေ ...တ်သတဲ့..."

စိတ်ပါဝင်စားစွာ ပြောဆဲ...

"ဟိုက်"... ခင်ဗျားတို့တော့ ဒီလို မဟုတ်ဘူး ထင်ပါရဲ့နော်..."

ဉာဏ်ထွန်း က နောက်ပြောင်နေသေးသည်။ ရန်နိုင်က ပြုံးရင်း ...င်းကို ခါယမ်းလိုက်ပြီး...

"မဟုတ်ပါဘူး...၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကတော့ ... မိနစ် ကွာတယ်...၊ ရုပ်ချင်း တူတယ်...၊ အပြုအမူချင်းတော့ တော် ...ာ်ပဲ ကွာတယ်လို့ ပြောကြတယ်ဗျာ..."

"ဒါတော့ ရင်ညွန့်ချင်းကပ်လျက် ယိုးဒယားအမြွာ ညီအစ်ကို ...ာင် စိတ်သဘောချင်း မတူဘူးတဲ့ဗျ...၊ ကြာပါပြီ သောင်းပါး တစ်

www.burmeseclassic.com

www.burmeseclassic.com



စောင်မှာ ကျွန်တော် ဖတ်ရဖူးတယ်...၊ တစ်ယောက်က ပွေတယ်... အရက်သောက်တယ်...၊ တစ်ယောက်ကတော့ အနေအေးတယ်...၊ ပိုက်... စုဆောင်းတယ် ဆိုလားဗျာ..."

ကိုညာဏ်ထွန်းက မိန်းကလေးတွေရှေ့ ဖွင့်ပြောရန် အားနာသ... ဆက် မပြောတော့သော်လည်း စာပေဝါသနာအိုးဖြစ်သူ အစ်ကိုက အ... မှာ စီကာပတ်ကုံး ပြောကြားခဲ့သည်ကို အမှတ်ရနေသည်။

ထို ယိုးဒယား အမြွှာညီနောင်တို့သည် အသီးသီး အိမ်ထောင်ပြု... ကာ တစ်အိမ်တည်း အတူနေကြသော်လည်း မိန်းမ အချင်းချ... မသင့်မြတ်ကြလို့လား မသိ၊ တစ်အိမ်စီ ထားရသည် ဆိုသည်။ မိန်းမ... အိမ်များသို့ အလှည့်နှင့် သွားရောက် နေထိုင်သည်။ နောက် ကွယ်လွ... ချိန်တန်တော့ အရက်သောက်သော သူသည် အရင် အိပ်ရာထဲ သေဆုံး... နေသည်ကို သူ့ အမြွှာ က တွေ့ရသည်။ သူလည်း ကိုယ်လက်မအီမသာ... ဖြစ်လာကာ နာရီပိုင်းအတွင်း လိုက် သေဆုံးသည်ဟု ဆိုသည်။

ရန်နိုင် က...

"ကျွန်တော်တို့ အသိမိတ်ဆွေ မိန်းကလေးတစ်ယောက်က 'အမြွှာ... တွေကို သိပ် စိတ်ဝင်စားတယ်...၊ ဒီတော့ ကျွန်တော့်ကိုရော ရန်ပိုင့်... ရော မေးတယ်...၊ မိန်းကလေးတစ်ယောက်တည်းကို တစ်ပြိုင်နက်... ကြိုက်နေမှာလားတဲ့...၊ ကျွန်တော်နဲ့ ရန်ပိုင်နဲ့ အဲဒါပြဿနာလေး တစ်... လုပ်ပြီး ရယ်ရသေးတယ်...၊ မင်း ကြိုက်ရင်လည်း စောစောပြောထား... ငါကြိုက်ရင်လည်း ငါကြိုက်တာ စောစောပြောထားမယ်လို့..."

ကြိုင်ကြိုင်က ရယ်မောနေသည်။ ထို့နောက် ပွင့်လင်းစွာ စကားဆို... တတ်သော ကြိုင်ကြိုင် က...

"ကျွန်မလည်း 'အမြွှာ' ပွဲ ဆိုရင် သိပ်ချစ်တာ..." ဟု မဆ... မခြင် ပြောသေးသည်။

ဝေခင်က မျက်နှာလေး ရှုံ့လျက် ကြိုင်ကြိုင့်အား 'ဟင့်' ဟု... ဆိုကာ တံထောင်နှင့် တွတ်လိုက်လေသည်။ သည်တော့ ကြိုင်ကြိုင်က... ဝေခင့်အား မျက်စောင်းထိုးလျက်...

www.burmeseclassic.com

www.burmeseclassic.com



"ငါ ရိုးရိုးပြောတာပါ ဟဲ့...၊ မိန်းကလေး အမြွာညီအစ်မဆိုရင် ချစ်တယ်...၊ အဝတ်ဆင်တူ ဆင်၊ ဖဲပြားဆင်တူ၊ ဖိနပ်ဆင်တူနဲ့ လှလည်း လှမယ်ဆိုရင်ပေါ့... သိပ်ချစ်ဖို့ ကောင်းမှာပဲ..."

ပြောရင်း ရယ်လိုက်လေသည်။ ကိုရန်နိုင် က သူ ဖတ်ဖူးသော ပြင်သစ်စာရေးဆရာကြီး အလက်ဇန်ဒါး ဒူးမား(စ်) ရေးသားသော ကော်ဆီကန် အမြွာညီနောင်' အကြောင်း ပြောပြနေသေးသည်။ သူလည်း ကိုဉာဏ်ထွန်း လို စာဖတ်သမားပင်။ သတ္တုဗေဒဌာန အဆောက်အဦ ကော်ရီဒါ အုတ်ပေါင်ကို လက်ထောက်မီရပ်လျက်...

"ကျွန်တော် မှတ်မိသလောက် ထူးဆန်းတဲ့ ကော်ဆီကန်အမြွာဟာ အားချင်းဆက်လျက် မွေးသတဲ့...၊ ဆရာဝန်က ခွဲစိတ်ပေးမှ တစ်ကိုယ်စီ ဖြစ်လာရသတဲ့...၊ ဒါပေမဲ့ တစ်ကိုယ်တည်း၊ တစိတ်တည်းလို ဖြစ်နေသတဲ့... ဗျာ၊ သူတို့ ဘာကြောင့်လဲတော့ မမှတ်မိတော့ဘူးဗျ...၊ ညီအစ်ကိုနှစ်ယောက် တစ်ယောက်တစ်ကွဲစီ လွင့်သွားရပေမဲ့ တစ်ယောက်ရဲ့ ခံစားမှုနဲ့ တစ်ယောက် ထပ်တူ လာ လာ ဖြစ်တယ်တဲ့၊ ကိုယ်ရော စိတ်ရော ခံစားမှုတွေက အတူတူပဲ... ဥပမာ..."

ကြိုင်ကြိုင် နှင့် ဝေခင် တို့က စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။

"တစ်ယောက်က လက်ခိုက်မိလို့ နာနေရင် ကျန်တစ်ယောက်က လည်း မခိုက်မိဘဲနဲ့ ထပ်တူ နာနေတာမျိုးပေါ့ဗျာ...၊ တစ်ယောက်က အကြောင်းတစ်ခုခုကြောင့် ဝမ်းနည်းစိတ်ထိခိုက်နေရင် ကျန်တစ်ယောက် က အကြောင်းမရှိဘဲနဲ့ စိတ်ထဲ လေးသလိုလို...၊ ဝမ်းနည်းသလိုလို ဖြစ် လာတယ်... တဲ့"

"ဒီလိုဆိုရင် တစ်ယောက်ယောက်က ဘာဖြစ်တယ် ဆိုတာ အဝေး က သိနေတာပေါ့နော်..."

"ဒါပေါ့..."

"ဆက်ပြောပါဦး... ဆက်ပြောပါဦး..."

ကြိုင်ကြိုင်က ကလေးငယ်က ပုံပြောခိုင်းသလို တိုက်တွန်းနေ သည်။ ဉာဏ်ထွန်းက ရယ်မောလျက်...

www.burmeseclassic.com

www.burmeseclassic.com


"တို့အဖွဲ့က စကားပြောကောင်းတယ်နော်...၊ ကိုရန်နိုင်က စာရေးဆရာ၊ တံစဉ်းကိုင်တဲ့လက်က ကလောင်ကိုင်လည်း ပြောင်ပြောင် မြောက်မြောက် ကိုင်နိုင်တယ်လေ...၊ ငွေတာရီ၊ မြဝတီ နဲ့ သွေးသောက် မဂ္ဂဇင်းတို့မှာ "ရဲသွေး" ဆိုတဲ့..."

ရန်နိုင် က ဉာဏ်ထွန်း ကျောပြင်ကို လက်နှင့် ပုတ်လိုက်ရင်း...

"လူသိကုန်ပါ့မယ်..." ဟု ဟန့်တားလိုက်လေသည်။ ထို့နောက် သူ့ဖာသာသူ သဘောကျသလို ရယ်မောပြီး...

"လူရှင်...၊ လူဝီ ညီနောင်တဲ့...၊ ဘယ်သူ အကြီး အငယ်တော့ သိပ်မကွဲဘူးဗျ...၊ လူဝီ က မြို့သားရှေ့နေဖြစ်ပြီး...၊ လူရှင်ကတော့ ကော်ဆီကန် နယ်သား သေနတ် လက်ဖြောင့်တယ်၊ လူရှင်သေ နတ်ပစ်တော်သလောက် လူဝီ က မတတ်ဘူး...၊ ဒါပေမဲ့ အဲ့ဒီခေတ်က နှစ်ယောက်ချင်း ယှဉ်ပြိုင် သေနတ်ပစ်တာ ခေတ်စားတယ်...၊ သေနတ် မပစ်တတ်တဲ့ လူဝီက မခံချင်စိတ်နဲ့ လူတစ်ယောက်နဲ့ သေနတ်ချင်း ယှဉ်ပစ်ရင်း သေရတယ်..."

"ဟင်... မြန်လိုက်တာ..."

ကြိုင်ကြိုင် က အားမရသလို ပြောနေသည်။

"ကျွန်တော် မှတ်မိသလောက် ပြောရတာကို လူဝီသေနတ်မှန်သေတဲ့နေ့က လူရှင် က မြင်းစီးလာရင်း သူ့ရင်ဘတ်ကို တစ်ခုခု ထိမှန်သလိုဖြစ်ပြီး၊ သိပ်နာလွန်းလို့ တစ်ခါတည်း သတိလစ်သွားသတဲ့...၊ သတိရလို့ ကြည့်လိုက်တော့ သူ့မျက်နှာကို သူ့အဖော်တစ်ယောက်က ရေတွေနဲ့ ဖြန်းနေသတဲ့...၊ မြင်းကတော့ သူနဲ့ လေးကိုက်အကွာမှာ ချည်ထားတယ်၊ သူ့ အဖော် 'အော်လန်ဒီ' ဆိုတဲ့ လူက မေးတာပေါ့...၊ 'ဟော့... ဘာဖြစ်တာလဲ... ' ဆိုတော့ လူရှင် က ကျွန်တော် မသိဘူးဗျ၊ သေနတ်သံ မကြားဘူးလားလို့ မေးတယ်တဲ့။ ဒီတော့ အော်လန်ဒီ က မကြားပေါင် တဲ့။ လူရှင်ကဟာ... ကျွန်တော့်ကို သေနတ်မှန်သလိုပဲဗျာလို့ ပြောတယ်"

ကိုရန်နိုင်က စကားပြောရင်း နာရီကြည့်ကာ ကိုဉာဏ်ထွန်း အားလှမ်းကြည့်၍...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ပုံကတော့ ဆက်ရန် ရှိသေးသည်ပေါ့ဗျာ၊ ကျွန်တော် မြို့ထဲ သွားရဦးမယ်" ဟု ပြောလိုက်ရာ ကြိုင်ကြိုင် က ကလေးဆိုးကြီးပမာ...။

"ဟင့်အင်း... ပြောပါ၊ ဒီအကြောင်းလေးတော့ အဆုံးသတ်သွား အောင် မြန်မြန်ပြောပေါ့" ဟု ပူဆာနေသည်။

ဝေခင်က အားနာနေသည်။ ကိုရန်နိုင်က ပြုံးလျက်...

"လူရှင်က သူနာတဲ့နေရာကို လက်ညှိုးထိုးပြပြီး သေနတ် ဟောဒီ နေရာမှန်သလိုပဲလို့ ပြောတယ်၊ အော်လန်ဒိ က ကြဲကြီးစည်ရာကွာ...၊ အယ်သူမှ မင်းကို သေနတ်နဲ့ မပစ်ပါဘူး၊ မင်း ကုတ်အင်္ကျီမှာလည်း အပေါက်မတွေ့ပါဘူးဆိုတော့ လူရှင် က ဒါဖြင့် ကျွန်တော့် အစ်ကို (အစ်ကိုလား၊ ညီလား) ထားပါတော့...၊ လူဝီ သေနတ်မှန်သေပြီ လို့ ပြောပြီး အလန့်တကြား သူ့ ကုတ်အင်္ကျီကို ဖွင့်ကြည့်လိုက်တော့ နီနေတဲ့ အကျချက် တွေ့တယ်တဲ့၊ သွေးစို့နေသလိုပဲတဲ့...၊ ဒါနဲ့ လူဝီကို သေနတ်ချင်း ဆွဲပစ်တဲ့ လူကို လူရှင် က လိုက်ရှာပြီး လက်စားချေပြီး သေနတ်ချင်း ဆွဲပစ်သတ်လိုက်ရောတဲ့...၊ ကဲ... ပြီးပါပြီ..."

ကိုရန်နိုင်က လက်နှစ်ဖက် ကြက်ခြေခတ် ယှက်ပြီး ဘေးသို့ ဝိုက်ပြ ကာ ပြီးပါပြီအမှတ်အသား လုပ်ပြလျက် သူ့နာရီကို မြှောက်ကြည့်ပြီး နှုတ်ဆက် ထွက်သွားလေသည်။ နှုတ်ဆက်ပြီး ထွက်ခွာတော့ ကိုရန်နိုင့် မျက်နှာသည် ရုတ်ခြည်း တည်ကြည်သွားလေသည်။ နှုတ်ခမ်းကို တင်း တင်းစေ့ကာ ခေါင်းအောက်စိုက်လျက် ခပ်သုတ်သုတ် လျှောက်သွား လေသည်။

ပင်နီတိုက်ပုံအင်္ကျီ၊ ရခိုင်လုံချည် ကျောက်စိမ်းရင့်ရောင် ဝတ်ထား သော ကိုရန်နိုင်၏ နောက်ကျောကို ငေးမောကြည့်ကာ ကိုဉာဏ်ထွန်းက အသောသောရယ်မောရင်း ကျန်ရစ်လေသည်။ နောက်က ကြည့်တော့ ဂျူဒိုနှင့် ဘိုကေ ပုံစံချင်းလည်း မတူပေ။ ဂျူဒို က ဘိုကေ ဆံရှည်ကာ ခုခေတ် အခေါ် 'ဒေါက်' တွေ ဘာတွေနားထင်ဘေးတွင် ထားသည်။ ကိုရန်နိုင် က ဆံ မတိုမရှည် ကို သေသပ် သပ်ရပ်စွာညှပ်ထား သည်။ ဒေါက်တွေ ဘာတွေလည်း မရှိ။ ကိုဉာဏ်ထွန်းက...

www.burmeseclassic.com

www.burmeseclassic.com



"အသက်ငယ်ပေမဲ့ သိပ်တော်တဲ့လူ၊ ခုမှ ၁၉ နှစ်ပဲ ရှိသေးတာ တို့လည်း နင့်တို့လိုပေါ့၊ တို့အုပ်စုနဲ့ တို့ သူက တို့အုပ်စု ဗိုလ်၊ သူ့ကို တို့က ဆရာစံလို့ ခေါ်တယ်။ သူ့ပုံစံက ရှေး နိုင်ငံရေးသမား ဆန်တယ်၊ အရိုင်းခေတ် ကို ပြန်သွားချင်တဲ့ ဟစ်ပီ တို့၊ ဘီတဲလ် တို့၊ မန်းကီးစ် တို့ကတော့ ဆရာစံကို နှာခေါင်းရှုံ့ကြတာပေါ့၊ ဒါပေမဲ့ သူ့အတွေးအခေါ် တွေကတော့ ခေတ်မီပါတယ်၊ လေးလည်း လေးစားစရာကောင်းတယ်..."

"ဂျူဒိုနဲ့တော့ တခြားစီပဲ"

ကြိုင်ကြိုင်က ရယ်ရင်း ပြောလိုက်လေသည်။

"ဗမာစာဂုဏ်ထူးနဲ့ အောင်တာ၊ သူတို့မြို့မှာ သူတစ်ယောက် တည်း ဒီလိုရတာ၊ စာ သိပ် ဖတ်တဲ့ လူ၊ သူက ဗမာစာ အဓိက ယူပြီး ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ် တက်ချင်တာ... စာရေးဆရာ လုပ်ချင်တာတဲ့၊ ဒါပေမဲ့ ဝိဇ္ဇာ-သိပ္ပံက ဗမာစာအဓိကယူသမားတွေအတွက် ဘဝအာမခံ ချက် မရှိသေးတာနဲ့... စက်မှုကို လာတက်ရတာ... တဲ့၊ သူများ ဘာ မဟုတ်တဲ့ အရည်အချင်းမရှိဘဲ ကျူရှင်နဲ့ ဖြစ်ညှစ်ပြီး ကျောင်းတက် ရတဲ့ သူတွေရဲ့ ခေါင်းအပုတ်လည်း မခံချင်တာနဲ့ လာတက်တာတဲ့၊ တိုင်းပြည်ခေါင်းဆောင် ဗိုလ်ချုပ်ဆောင်ဆန်းဟာ ဗမာစာရော၊ အင်္ဂလိပ် စာရော တော်တာတဲ့၊ သူက အဲလိုဖြစ်ချင်တာ... တဲ့"

ကိုဉာဏ်ထွန်းက သူ့မိတ်ဆွေအကြောင်းကို မမောမပန်းနိုင် အောင် ပြောလေသည်။ ဝေခင် တို့ နှုတ်ဆက်ပြန်တော့ အောက်အထိ လိုက်လာတာ ကတ္တရာလမ်းအထိ လိုက်ပို့လေသည်။

ခရေပင်ပုလေးတွေ စီတန်းပေါက်ရောက်နေသော ခရေလမ်းသို့ ရောက်တော့...

"သူတွေးတာတွေကလည်း အမှန်ချည်းပါပဲဟာ...၊ တကယ်တော့ ပုံသေနည်းတွေနဲ့ အလွတ်ကျက်ပြီး ဖြေလို့ရတဲ့ သိပ္ပံဘာသာတွဲတွေထက် စာရင် ဝိဇ္ဇာဘာသာရပ်တွေက လူ့အသိဉာဏ်ကို ပို ဖွင့်ဖြိုးစေတာပေါ့...၊ ငါတို့ဟာ နိုင်ငံသမိုင်းဘာသာရပ်ကြောင့် ဇာတိမာန် တက်ကြွလာရတဲ့ သဘောမျိုးပေါ့၊ လူတွေရဲ့ အသိဉာဏ်တံခါးကို ခေါက်တာက ဝိဇ္ဇာ ဘာသာရပ်တွေပဲ၊ တို့ခေတ်ဆေးတက္ကသိုလ်တွေ၊ စက်မှုတက္ကသိုလ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းကားလာရတာကလည်း စာတွေ အများကြီးဖတ်တဲ့ နိုင်ငံရေးသမား တွေ ဝိဇ္ဇာဘာသာတွဲယူတဲ့ ဗိုလ်ချုပ်အောင်ဆန်း တို့လို တက္ကသိုလ် ကျောင်းသားတွေက 'ကျွန်ပညာ အလိုမရှိ' လို့ တိုက်ခဲ့တဲ့အတွက် ဖြစ်လာ ရတာတွေ ပါ။ မီးခြစ်ဆံတောင် မလုပ်နိုင်တဲ့ တက္ကသိုလ်ပညာ၊ အသက် မွေးဝမ်းကျောင်းပညာကို မပေးနိုင်တဲ့ တက္ကသိုလ်ပညာကို အလိုမရှိလို့ ကြွေးကြော်ခဲ့တဲ့ လူတွေဟာ ဘယ်သူလဲ..."

ကိုဉာဏ်ထွန်းက စိတ်အားထက်သန်စွာ ပြောနေလေသည်။ ဝေခင်နှင့် ကြိုင်ကြိုင်တို့က လေးစားစွာ နားထောင်နေကြလေသည်။

"ခုတော့... အဖျားကား အရင်း၊ အရင်းကား အဖျားဆိုသလို ဖြစ်ရတယ်လို့ ကိုရန်နိုင်က ညည်းတတ်တယ်။ သူက ဝိဇ္ဇာဘာသာ ရပ်တွေကို စိတ်လုံးလုံး မကုန်ဘူး။ သူ့မိဘကိုသာ လုပ်မကျွေးရဘူးဆိုရင် ဝိဇ္ဇာသိပ္ပံမှာ ဗမာစာ အဓိက ယူပြီး ဆက်တက်ချင်တယ်လို့ ပြောနေ တာ...၊ မသိတတ်သူတွေ အဖို့တော့ ရန်နိုင်ပြောတာ ရီစရာပေါ့...၊ စက်မှု ကြောင်လေး တစ်ယောက်ပေါ့။ ဒါပေမဲ့ လူတစ်ယောက်ကို လိမ္မာစေ တာက ဝိဇ္ဇာပညာ ထွန်းကား တိုးတက်စေတာက သိပ္ပံပညာ၊ သိပ္ပံပညာ မိုးထိအောင်တတ်၊ လူဟာ မလိမ္မာရင် အလကားပဲ...၊ လူ့လောကကြီးကို အဆိပ်ငွေ့လွှမ်းစေမှာပဲ...၊ အနုမြူဗုံးလက်နက် သင့်စေမှာပဲ..."

ကိုဉာဏ်ထွန်း ပြောစကားတွေက လေးစားစရာ ကောင်းသဖြင့် နားထောင်နေကြသော်လည်း ဝေခင် နှင့် ကြိုင်ကြိုင်တို့က ဘယ်သို့ ပြန်ဆွေးနွေးရမည် မသိသောကြောင့် နှုတ်ဆိတ်ငြိမ်သက်နေကြရလေ သည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## [၁၁]

စီးကရက်တစ်လိပ်သည် လွင့်စင်လျက် ဝေခင့်ကျောကို ထိမှန်နေသည်။

စားသောက်ဆိုင်များ တည်ခင်းထားရာ ဆိုင်တစ်ခုရှေ့တွင် ဖြစ်သည်။ ကြိုင်ကြိုင်က သူ့မွေးနေ့အတွက် ဝေခင် နှင့် မအောင်တို့ကို တစ်ခုခုကျွေးချင်သည်ဆိုကာ ခေါ်လာခြင်းက အစ, ဖြစ်လေသည်။

မုန့်ဆိုင်များကား ခနိမိုး ထရံကာပေမင့် သပ်ရပ်စွာ တန်းစီဆောက်လုပ်ထားသည်။ စန္ဒာ၊ နွေအေး၊ အောင်သိပ္ပံ၊ ဒေါ်တင်အေး၊ မြန်မာမူစလင် စားသောက်ဆိုင်၊ ဦးလေးချစ်... စသည်များ။

စန္ဒာ တွင် လက်ဖက်ရည်၊ ကော်ဖီ၊ နွားနို့ အအေးစုံနှင့် ထမင်းပါရသည်။ နွေအေးတွင်ကား လက်ဖက် ချင်းသုပ်၊ အာလူး၊ ခရမ်းချဉ်သီးသုပ်၊ နို့အေး၊ မုန့်ဟင်းခါး စားသောက်နိုင်သည်။ အောင်သိပ္ပံဆိုင်တွင် ထမင်းနှင့် ခေါက်ဆွဲ၊ အအေးရှိပြီး၊ ဒေါ်တင်အေးက နာနတ်ရည်မှာ နာမည်ကြီးသည်။ ဒေါ်တင်အေးဆိုင်တွင် လက်တောက်ခုံ ရှိသဖြင့် ကျောင်းသား စည်ကားလှသည်။ ဒီဆိုင်မှာ ထိုင်ကြကာ ဘောလုံးပွဲ ကြည့်သူကြည့်၊ လာသမျှ မိန်းကလေးတွေကို မျက်လုံးစားပွဲ ထိုင်သူထိုင်ကြသည်။

နေ့ကျောင်းသား လမ်းသူရဲလေးအချို့သည် ဗမာ မူစလင် စားသောက်ဆိုင်တွင် ထိုင်လေ့ရှိသည်ဟု ဆိုကြသည်။ နောင်တွင် ဝေခင်တို့ ပဉ္စမနှစ် ရောက်သောအခါ၌ အသံသွင်းစက်နှင့် ခေတ်ပေါ်တေးသီချင်းကို အမြဲ ဖွင့်ထားလေ့ရှိသောကြောင့် အချို့သော ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသားလေးများ လာနားထောင်ရင်း စားသောက်ကြသည်။ ဆိုင်တွေထဲတွင် ဦးလေးချစ် အသုပ်ဆိုင်က နာမည်ကြီးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်တို့ ပထမနှစ်တုန်းက ဆိုင်များသည် ဒီလို စုံစုံစေ့စေ့ ရှိပါရဲ့လား... ဟု ဝေခင် မမှတ်မိတော့။

ကြိုင်ကြိုင် က ဘာ စားမလဲ... ဘာ စားမလဲ...၊ မေးရင်း မေးရင်းနှင့် ဆိုင်တွေ ရှေ့က လမ်းကို ဖြတ်လျှောက်လာကြဆဲ... ဆိုင်တစ်ဆိုင် ရှေ့တွင် စီးကရက် နှင့် အပေါက်ခံရခြင်း ဖြစ်သည်။

ကြိုင်ကြိုင်ဆိုလျှင် စီးကရက်နှင့် အပေါက်ခံ ထိတာ နှစ်ခါရှိပြီ ဆိုသည်။

ဆိုင်ရှေ့က ဖြတ်သွားပြီဆိုလျှင်လည်း အမျိုးစုံသော အသံတွေ ကြားရလေ့ရှိသည်။

"အချစ်ရေ... လက်ဖက်ရည် သောက်ပါဦး..."

မကြားတကြားလည်း ခေါ်လေ့ရှိသည်။ တမင်ကြားရအောင်လည်း နောက်ပြောင်လေ့ရှိသည်။ နှုတ်နှင့် နောက်တာ ပြောင်တာတွေ တော့ သည်းခံနိုင်စွမ်း ရှိသည်။ မကြားချင်ယောင် ပြုလို့ ရသည်။ ကိုယ်ထိ လက်ရောက် စီးကရက် နှင့် ပစ်ပေါက်လိုက်သည့်အတွက်တော့ ဝေခင်ရော ကြိုင်ကြိုင်ရော ဒေါသ ထွက်မိလေသည်။

"ငါ နှစ်ခါတောင် ရှိပြီ အပေါက်ခံရတာ..."

ကြိုင်ကြိုင် က မကျေမနပ်သလိုနှင့် ပြောဆိုနေသည်။ ဆိုင်၏ အစွန်ဆုံး စားပွဲတွင် ချဉ်ဖတ် နှင့် ဟစ်ပီ တို့ ထိုင်နေသည်။ သူတို့ ကြည့်ရတာ ဣန္ဒြေတော့ မပျက်၊ စီးကရက်များကို ဖွာရှိုက်နေကြသည်။ ချဉ်ဖတ်နှင့် ဟစ်ပီတို့၏ ဆံပင်မှာ သိသာထင်ရှားစွာ ရှည်လျက်၊ ဂျာကင် အကျီနှင့် ဘောင်းဘီအကျပ်များကို ဝတ်ဆင်ထားကြသည်။

အနောက်တိုင်း ကြာကူရီရုပ်ရှင်ကားများမှ ဇာတ်လိုက်ရှုးလေး များပမာ စီးကရက်ခိုးများကို မှုတ်ထုတ်လိုက်သည်။ စင်စစ် သူတို့ ရုပ်ရည်လေးများမှာ ခပ်သန့်သန့်၊ အသားဖြူဝင်းလျက် မြို့သွေး ပြီး ရောင်နှင့် သားနားသော လူငယ်လေးများ ဖြစ်သည်။ ချဉ်ဖတ်က အရပ်မြင့်မားလျက် ထွားကြိုင်းသည်။ ဟစ်ပီက ပိန်လျက် သွယ်လျလျ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်က ရုတ်ခြည်းရပ်လျက် သူတို့ကို သေချာစွာ စူးစိုက်ကြည့်...သည်။ ထုံးစံအတိုင်း ဝေခင်က ဖြုန်းကနဲ ဒေါသထွက်လာမိလာ...။ အကိုညာဏ်ထွန်း ဆုံးမခဲ့သော... "အတန်းထဲ ယောက်ျားလေး...နဲ့ ဖက်ရန် ဖြစ်မနေပါနဲ့။ ကိုယ်က မိန်းကလေးဆိုတော့ သူတို့...တ်သရွှေ့ ပြောင်သရွှေ့ ခံရမှာပဲ..." ဟူသည့် စကားများကို မေ့သွား...သည်။

ဘာဘာညာညာ ပြောလည်း မပြောချင်သဖြင့် ဝေခင် က ခဲလုံး...တစ်လုံးကို ကောက်ကာ ထိုစားပွဲဆီသို့ ပေါက်လိုက်လေသည်။ ...ချင်တော့ နတ်ကောင်းများက အပြစ်ရှိသူကို ဒဏ်ခတ်လေသလား...။ ခဲလုံးငယ်သည် ချဉ်ဖတ် ၏ ရင်ဘတ်ကို မှန်လေသည်။

ချဉ်ဖတ်သည် ဖြုန်းဆို မတ်တတ် ရပ်ကာ...၊ သောက်လက်စ ...ရက်ရှည်ကြီးကို လက်နှင့် တအား လွှဲလျက် ဆောင့်ပစ်ချပြီး သူ့...နပ်နှင့် ချေပစ်လိုက်လေသည်။ ထို့နောက် ဝေခင့်ဆီသို့ ခပ်မြန်မြန် ...ာက်လာပြီး၊ ခါးထောက်ရပ်လျက်...

"ဟေ့... ဒါ ဘာလုပ်တာလဲ..."

"လက်စားချေတာ..."

"ဘာ လက်စားချေတာလဲ..."

ဝေခင် က ခေါင်းကို နောက်ပစ်တာ မော့ကြည့်လျက် မျက်နှာ...င်းတင်းနှင့်

"ဘာလို့ တို့ကို စီးကရက် နဲ့ ပေါက်သလဲ၊ မင်းကို အပေါက်ခံရ...ာ့ စိတ်ဆိုးတယ် မဟုတ်လား...၊ တို့ကိုလည်း မပေါက်နဲ့ပေါ့...၊ ...ယ်ချင်းစာစိတ် ရှိရတယ်..."

ဝေခင်က 'မင်း' နှင့် တို့နှင့်ပင် တမင် ပြောပြန်သည်။ ချဉ်ဖတ် ...သည် ဝေခင် နှင့် သက်တူရွယ်တူခန့် ရှိပုံရသည်။ ဝေခင် ထက်ကြီးသော ...ဒီ တုန်းကလည်း ဒီလိုပင် ပြောခဲ့သည်။ မပြောချင်ဘဲနှင့် နှင့်ချီးစွာ ...ပြာရလေသည်။ ချဉ်ဖတ် က မျက်နှာများ နီလျက်...

"စီးကရက်တိုလို့ လွှင့်ပစ်တာပဲ...၊ တမင်ပစ်တာမှ မဟုတ်ဘဲ..."

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... တမင်ပစ်တာ မဟုတ်ဘူး...၊ လိမ်မပြောပါနဲ့၊ ယောက်ျား ဆိုတာ... သတ္တိရှိရတယ်..."

"ဒီစကား... ငပုတော သွားပြော..."

"ဘာ..."

"ခေတ်မမီဘူး၊ တောမှာ သွားပြော..."

"တောကို မပုတ်ခတ်ပါနဲ့၊ တောက စိတ်ထား ဒါလောက် မနိမ့်ဘူး၊ ခေတ်မမီပေမဲ့ ယဉ်ကျေးတယ်...၊ မင်းတို့လို မရိုင်းဘူး..."

"ရိုင်းတော့ ဘာလုပ်ချင်သလဲ၊ ပညာပြမလို့လား"

ဝေခင့်အဖို့ ဒုတိယရန်ပွဲ ဖြစ်လေသည်။ ဂျူဒိုနှင့် ဖြစ်တုန်းကထက် ပြင်းထန်သော်လည်း ဝေခင်က သည်တစ်ခါ သွေးအေးအေး ရင်ဆိုင်လေသည်။

"ရိုင်းရင်တော့ ပြရမှာပဲ" ဝေခင်က ပြောလိုက်လေသည်။

"ပြဘရ... နီးဂရ..."

"ဘာပြောတယ်"

"ပြချင်ပြ၊ မပြချင်နေ၊ သောက်ဂရုမစိုက်ဘူး"

ချဉ်ဖတ် က ခပ်ရိုင်းရိုင်းပင် ပြောလိုက်လေသည်။ သို့အချိန်တွင် ဖြစ်ဆဲ၊ ပွဲကြီးပွဲကောင်းပမာ ကြည့်နေကြသော ကျောင်းသူကျောင်းသားများကို ဖြတ်ကျော်ကာ ဉာဏ်ထွန်း နှင့် ရန်နိုင် တို့ ပေါက်လာပြီး...

"ဟေး... ပုရစ်ပါလား...၊ ဘာဖြစ်တာလဲ"

ဉာဏ်ထွန်း က တအံ့တဩလေသံနှင့် မေးဆဲ၊ ရန်နိုင် က ချဉ်ဖတ်၏ ကျောကို လှမ်းပုတ်ကာ...

"ကျော်ကျော်... ရန်ဖြစ်နေတာလား..."

တစ်ပြိုင်နက်တည်း မေးလိုက်လေသည်။ ချဉ်ဖတ် ကို ရန်နိုင်က ကျော်ကျော် ဟု ခေါ်သည်။ ကျော်ကျော် မှာ အိမ်သားတွေ အခေါ်ဖြစ်ပြီး နာမည်ရင်းမှာ ကျော်မျိုးသက် ဖြစ်လေသည်။

"ကျွန်တော့်ကို ခဲနဲ့ထုလို့"

ကျော်ကျော် က မကျေမနပ်နှင့် တိုင်ကြားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်... စကားကို ဒီလို ဖြတ် မပြောပါနဲ့...၊ ကျွန်တော့်ကို ...ရုတ်နဲ့ စ ပေါက်တာ အစ်ကို"

ဝေခင် က ဝင်ပြောလိုက်လေသည်။

ဉာဏ်ထွန်းက

"နင့်ကို... အစ်ကိုမှာထားတာ မေ့သွားပြီလား၊ ရန်မဖြစ်နဲ့လို့... ...တို့ကလည်း ကလေးမဟုတ်၊ သူငယ်မဟုတ် သွား... သွား... ကြ"

ဉာဏ်ထွန်း က လူကြီးပီသစွာပင် သူ့နှမကို ပခုံးကိုင်ကာ အပါးမှ ...တ်သွားစေသည်။ ဝေခင်က ဘာဘာ-ညာညာ ဆက် မပြောတော့ဘဲ၊ ...တို့စကားကို နားခံကာ ကြိုင်ကြိုင့်ကို လက်တွဲလျက် ထွက်ခွာသွားလေ ...ည်။ ရန်နိုင် က ကျော်ကျော်၏ ကျောကို နှစ်သိမ့်သလို အသာပုတ်ပြီး...

"ဟိုနေ့ကလည်း ငါ ရန်ပိုင် ကို ပြောခဲ့ရပြီ၊ ဘာဖြစ်လို့ အားနွဲ့တဲ့ ...ကလေးတွေအပေါ် အနိုင်ယူချင်ရတာလဲ ကျော်ကျော်ရာ၊ ...ကလေးတွေကို မခံနိုင်အောင် 'စ'၊ မိန်းကလေးတွေက ပြန်ပြော ...လုပ်တော့ မခံချင်ကြဘူး၊ မင်းတို့ ကိုယ့်သိက္ခာကိုယ် သိပ်ဖျက်တဲ့ ...ောင်တွေ၊ ဒါ ဝေခင် ရဲ့ အစ်ကို၊ သူက သဘောထားကြီးလို့ပေါ့၊ ...ဟုတ်ရင် မင်းတို့ဉစ္စာ ရိုက်ပေါက်ပဲ..."

ကျော်ကျော်က ဘောင်းဘီအိတ်ထဲကို လက်တစ်ဖက်က နှိုက်ပြီး ...န်လက်တစ်ဖက် နှင့် သူ့မျက်နှာမှန်အနက် ကို ပင့်တင်ကာ... ...ေါင်းကို ခါဆတ်ပြီး...

"ဒီတော့လည်း ရင်ဆိုင်လိုက်ရုံပေါ့..."

မိုက်စကား ပြောလိုက်သေးသည်။ ဉာဏ်ထွန်းကမူ သည်းခံလျက် ...နေသည်။ ကျော်ကျော်၏ အမူအရာကတော့ မထေမဲ့မြင် ရှိလှသည်။ ...နိုင်က အေးဆေးတည်ငြိမ်သော လေသံနှင့်...

"စိတ်ထားမြင့်မြတ်တဲ့ ယောကျ်ားတွေဟာ မိန်းကလေးတွေနဲ့ ရန် ...ဖြစ်ဘူး" ဟု ပြောပြီးနောက် စိတ်ရှည်လက်ရှည် နှင့် ကျော်ကျော်မျက်နှာ ...ကို စူးစိုက်ကြည့်ပြီး...

"ဟိုမှာ ကြည့်စမ်း၊ ကျောင်းသားတွေ အေးအေး ချမ်းချမ်း စား ...သောက်နေကြတယ်။ အချို့က စကားဝိုင်းဖွဲ့ ပြောနေကြတယ်။ လက်

www.burmeseclassic.com

www.burmeseclassic.com



တောက်ခုံ ကစားတဲ့ သူက ကစားနေကြတယ်။ မင်းတို့လိုပဲလား မင်းတို့လိုကောင်တွေက တို့စက်မှုတက္ကသိုလ်မှာ တစ်ရာတစ်ယော ကောင် ရှိမယ် မထင်ဘူး၊ လူနည်းစုပဲ။ အဲဒီ လူနည်းစုက ကြောက်စ တော့ ကောင်းတယ်။ တို့လူမျိုးရဲ့ ယဉ်ကျေးမှုကို ဖျက်ဆီးတာ ဒီလူနည် ပဲ"

သာသာ နဲ့ နာနာ ပြောလိုက်လေသည်။ ရန်နိုင်က ကျော်ကျော် အစ်ကိုဝမ်းကွဲလည်း ဖြစ်၊ အတန်းလည်း ကြီးသောကြောင့် ရန်ပိုင် လုပ်သလို မထေမဲ့မြင်မပြုရဲ။ ပြန် မပြောရဲ။ အံတော့ ကြိတ်ထားသည် ရန်ပိုင် လို ရွတ်တွတ်တွတ် မနေသဖြင့် ရန်ပိုင့်ထက် ပို လေးစားရသည် ရန်နိုင်ကလည်း စေတနာကောင်းနှင့် ပြောသည်သာ ဖြစ်သည်။

"တို့တက္ကသိုလ်ရဲ့ ဂုဏ်ကျက်သရေကိုတော့ ညှိုးနွမ်းအောင် လု ဖို့ မကောင်းဘူး။ ပျော်တာ ပါးတာ ဇရုတ်ကျတာက အတိုင်းအတာ တယ်ကွ။ တရားလွန်လုပ်ဖို့တော့ မကောင်းဘူး...။ မင်းတို့ မိဘတွေ မင်းတို့ကို မြှောက်စားပေမဲ့ ပတ်ဝန်းကျင်က မင်းတို့ကို ကောင်းကော ချည်း ရှုတ်ချနေကြတယ် ဆိုတာကို မင်းတို့ကောင်တွေ နားလည် ကောင်းတယ်..."

ကျော်ကျော်သည် ရန်နိုင့်စကားဆုံးသည်နှင့် ရန်နိုင်တို့ အပ ချာခနဲ လှည့်ထွက်သွားလေသည်။ ကျော်ကျော့် အပေါင်းအသင်းမျ ဖြစ်ကြသော ဟစ်ပီ နှင့် ဗိုလ်စုတ် တို့က ကျော်ကျော်တို့အား အရိပ်အ လှမ်းကြည့်နေရာမှ ပြန်လာသော ကျော်ကျော့်အား...

"မကြည်ဘူးလားဟေ့၊ ဇလီတက်ခဲ့ရပြီလား"

ဟစ်ပီ က မေးလိုက်လေသည်။ 'ဇလီ' ဆိုသည့် စကားမှာ 'မကြည် ကာရန်ကို ယူထားခြင်းဖြစ်သည်။ အဓိပ္ပာယ်ရှိသည် မဟုတ်။ ခေတ်သ ပျက်စီးနေသော ဝေါဟာရများသာတည်း။ ကျော်ကျော် က သူ့မိတ်ဆွေ များကို ပခုံးတွန့်ပြကာ ခေါင်းကို ခါယမ်းပြီး...

"အရေးထဲ ပညာပေးနေသေးတယ်၊ မအေပေးတွေ...၊ တောက်" ဟု တောက်ခေါက်နေသည်။ ဟစ်ပီ က...

www.burmeseclassic.com

www.burmeseclassic.com



"ဂျူဒိုကမျှား မင်းကို ပညာပေးရသေးတယ်၊ အံ့ဩကုန်နိုင်ဖွယ်ပဲ" ု ခဲ့ချင်စဖွယ် ပြောနေသည်။

"ဟော့... အဲဒါ ဂျူဒို မဟုတ်ဘူး၊ ဂျူဒို့အမြွှာ အစ်ကိုရန်နိုင်၊ သူ့ကို ဆရာစံလို့ ခေါ်တယ်...၊ ဟိုဘက်က 'တေ' က ကောင်မလေးရဲ့ အစ်ကိုကွ။ သင်းအပင်း ရန်ပုံငွေအတွက် စာအိတ် နဲ့ စာရေး စက္ကူ ပို့စကဒ်တွေ ရောင်းလည်း သူတို့ပဲ၊ သန့်ရှင်းရေးလည်း သူတို့၊ ပြေးခုန်ပစ်ပွဲ၊ နှီးဆော် တွေ ကပ်တာလည်း သူတို့ပဲ၊ ဒီငနဲတွေ ငါ 'ဖြည်' ချင်နေတာကြာပြီ၊ ပေမဲ့ သူတို့က လေချိုသွေးလိုက်လို့..."

ကျော်ကျော်က အရှက်ပြေ အော်ကြီး ဟစ်ကျယ်ပြောဆိုလိုက်လေသည်။ တက္ကသိုလ်ရောက်စအရွယ်တွေမို့ အတ္တစိတ်နှင့် မာန်တွေ တက်ကြွနေကြသည်။ ဟစ်ပီနှင့် ဗိုလ်စုတ်တို့က ဟားဟားတိုက် ရယ်မောနေကြသည်။ ရန်နိုင်နှင့် ဉာဏ်ထွန်းတို့ကား ထိုနေရာမှ ထွက်ခွာသွားကြဖြင့် မကြားနိုင်တော့ပေ။ ကျော်ကျော်က စားပွဲကို လက်သီးနှင့် စ်ချက်ထုပြီး...

"ငတိမ လူပါး ဝ, တယ်။ နောက်တစ်ခါ အပြတ် ချွတ်ပစ်လိုက် ယ်..."

ဟစ်ပီက တသောသော ရယ်မောလျက် ကျော်ကျော်၏ ကျောပြင် ို ဖြန်းခနဲ ရိုက်ပြီး...

"ဟား... ဟား ငတိမ ကို မင်းက ချွတ်မှာလား၊ မင်းကို ဟိုက ချွတ်လို့ မင်း ကျွတ်ခဲ့ရတာလား..."

သည်တော့ ဗိုလ်စုတ် က ပါဝင်လျက်...

"ဟေး... ဒီက ဆရာတွေကလည်း ကျောင်းသားတွေအတွက် ပူပူ င်ပင် နဲ့ အာရိုက်ပြီး ငါတို့ကောင်တွေကို ချွတ်လိုက်ရတာ... သိပ်ချွတ်တဲ့ ဆရာတွေ၊ တို့ကလည်း မကျွတ်နိုင်ဘူး"

ပြောလိုက်ရာ ဟစ်ပီက...

"တို့တွေကိုတော့ ဘုရားတောင် ချွတ်နိုင်ပုံမပေါ်ဘူး" ဟု ပြောရင်း ယ်နေသေးသည်။ ကျော်ကျော်က မကျေနိုင်၊ မချမ်းနိုင်နှင့်...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မက လူပါး ဝလို့သာ ဝ တာ... အောက်တန်းကပါ
သူ့ကြည့်ရတာ..."

ပြောပြီး ခပ်လှမ်းလှမ်းမှ မြက်ခင်းပြင်
ပေးစိုက်ကြည့်နေမိသည်။ 'အောက်တန်းကမို့ ဒါလောက်... မား
လိုမျိုး အထက်တန်းက ဆိုရင် ဘယ်လိုနေမလဲ မသိဘူး...'
ဆက်ပြောလိုက်လေသည်။

မြက်ခင်းလွင်ပြင်၏ လှပသော အစိမ်းကို သူမမြင်။ သူ့စိတ်
မြက်ခင်းပြင်ကို ခြေတင် နင်းလျက် ရှိလေသည်။ ကျော်ကျော်သည်
စိတ်ကူး ထဲ၌ မြက်ခင်းပေါ် ပလွှားစွာ လျှောက်ရင်း မြက်ပင်တွေသည်
ဝေခင် ဖြစ်လာလေသည်။ ဝေခင့် ကို နင်းချေပစ်ချင်သည်။

စင်စစ် ကျော်ကျော်သည် ရုပ်ရည်လေး ချောမော သန့်ပြန့်လျ
အပေါင်းအသင်းလည်း ဆန့်ကာ စိတ်ထားရိုင်းမည့် ရုပ်ရည်မျိုး မဟု
ထို့ပြင် ကျော်ကျော်သည် ခေတ်ပညာတတ် သူငယ်လေး တစ်ယော
မဟုတ်ပါလား။ ဂုဏ်ထူး ၃ ခုကို (ဘယ်နည်းနှင့်ပဲ ရရ) ရနိုင်စွမ်းသေ
လူတော်လေး တစ်ယောက် မဟုတ်ပါလား။ အဘယ့်ကြောင့် ကျော်ကေ
ရိုင်းနေရသနည်း။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၁၂]

ဝန်းကျင်တစ်ခိုဌ် ရှုလိုက်တိုင်း စိမ်းလန်းစိုပြည်နေသည်သာ ဖြစ်သည်။ စိန်ပွင့်ပမာ တောက်ပသော မိုးရေစက်ကို တွဲလွဲခိုသော သစ်ပင်တိုင်း အခက်တို့သည်လည်း ပြကတေ့ မြ အစိမ်းပြေပြေ လိမ်းလျက်ရှိသည်။

မုတ်သုံလေသည် မြေသင်းရနံ့ ကို သယ်ဆောင်လာခဲ့သည်။ ပ်ပန်းတို့သည် မိုးပုလဲပွင့်များအကြား ဝင့်ဝါပြိုးပြက်ဆဲ ဖြစ်သည်။ ရပ်နယ်ခွင်တွင် မှုန်ရီမှိုင်းကာ အုံ့ပျပျနှင့်...

ရင်ကုန်မိုးကအဆက်မပြတ်စွေ ထန်နေသည်။ ဝေခင်က ကောင်းကင်ကို မျက်နှာမွဲကြီးနှင့် တူလိုက်တာ ဟု စိတ်ပျက်လက်ပျက် င်ရှာလေသည်။

လုံချည်တွေက ပါးရှားရသည့်အထဲ အကုန် စိုနေသည်။ စိုသော လုံချည်ကိုပင် ထပ်ဝတ် ဝတ်ရင်းကပင် ကိုယ်ငွေ့နှင့် သွေ့ခြောက်လျက် တော့ ပြန် စိုပြန်သည်။

သည်ကြားထဲ အတန်းတစ်ခုနှင့် တစ်ခုအပြေး ဘေးမှာ မိုးပက် ဖြင့် စိုနေသော စကြိန် (ကော်ရစ်ဒါ) တို့သည် ချောနေကာ ကျောင်းသားကျောင်းသူတွေ တဗိုင်းဗိုင်း လဲကြလေသည်။ ဘယ်နှစ်ပင် နင်းသွားလည်း မရ။ အရှက် ကွဲချင်လျှင် တစ်ချက်တည်း 'ဒိ' ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မသိခင်တုန်းကတော့ တစ်ယောက် 'လဲ' လျှင် တ ယောက် ရယ်မိကြသည်။ နောက်တော့ မရယ်ဝံ့။ မရယ်ရဲ၊ ရယ်လည် မရယ်ရက်။ ကိုယ်ကိုယ်တိုင်က လဲသောကြောင့် ဖြစ်သည်။ မရယ်ကြ ပေမဲ့လဲတော့လည်း နည်းနည်းရှက်မိသည်။

တစ်နေ့သ၌ ဝေခင်က "ကြိုင်ကြိုင်ရေ... လဲ, မယ်နော်..." သ ပေးရင်း အရှိန် နှင့် ကိုင်ရိုက်လိုက်သလို လဲ, လေသည်။ စာအုပ်တွေရော ကွန်ပါဘူးတွေ့ရော အကုန် ကစဥ့်ကလျား လွင့်စင်ကုန်ကာ လ ထောက်လျက် လဲကျနေရာ တော်တော်နှင့် မထနိုင်။ တင်ပါးရိုး နာ မျက်ရည်များပင် လည်လာလေသည်။

အတန်းတွေ ဆင်းလာသည်မို့ လူကလည်း စည်သည်။ ကော်ရစ် တွင် လူစုံသူစုံ။ ချဉ်ဖတ်တို့ရော၊ ဂျူဒိုတို့ရော ရှိကြသည်။ ချဉ်ဖတ်တို့ မှ ထင့်... 'ဂွတ်... ဗဲရီးဂွတ်' (ကောင်းတယ်၊ သိပ်ကောင်းတယ်) အငြိုးနှင့် မညှာမတာ မှတ်ချက်ချသံကို အတိုင်းသား ကြားရလေသည်

ဝေခင် မှာ ရှက်ရသည့်အထဲ ဒေါသလည်း ထွက်မိလေသည် ကြိုင်ကြိုင်က ကမန်းကတန်း ထူ၍ထ, ရင်း ဒေါသကို ချုပ်လိုက် သည်။ ဂျူဒိုကတော့ မျက်နှာလိုအားရ စာအုပ်များ ကပျာကယ ကော တော့ ပေးပါသည်။ စာအုပ်များကို စီထပ်ကာ ဝေခင်နှင့် အနီးကပ်ရပ် စာအုပ်များကို ပေးရင် ဝေခင့်မျက်နှာကို ပြုံးတုံးတုံး နှင့် ကြည့်လျ တီးတိုးလေသံနှင့်...

"အက သိပ်ကောင်းတာပဲ၊ နောက်တစ်ခါ က ပြပါဦး..."

"သွား..."

ဝေခင် က အော်လိုက်လေသည်။ ဂျူဒို က ဟန်မပျက် ဆက်၍

"တကယ်ပြောတာပါ၊ ဒီလို ယိုးဒယားခြေထိုးမျိုး တစ်ခါမှ မမြင်ဘူး ဘူး၊ သိပ် ကြည့်ကောင်းတာပဲ..."

"သွားဆိုရင်... သွားနော်..."

"အောင်မောင်းခြေထိုး ဆိုတာ လူကြီးတွေပြောတာ ကြားရုံသာ ကြားဖူးတယ်... ခုမှ..."

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်က စာအုပ်များ အထပ်လိုက် မ ကာ စိတ်ဆိုး မာန်ဆိုးနှင့် ဗြွေ ပခုံးကို လွှဲရိုက်ပစ်ခဲ့ပြီး ကပျာကယာ ထွက်ခွာလာခဲ့လေသည်။ ပြင်ကြိုင် က တသောသော ရယ်မောနေရင်း ဝေခင်က ရှက်လည်း ရှက်၊ စိတ်လည်းဆိုးကာ မျက်ရည်များ လည်နေသည်။

ထိုနေ့အဖို့ ဝေခင့် နေ့စဉ်မှတ်တမ်း ဒိုင်ယာရီ၌ "တို့ ကံဆိုးတဲ့ နေ့ ဒီနေ့တော့ စိတ်ချည်း ညစ်နေရတယ်..." ဟု ရေးမှတ်မိသေးသည်။

နံနက် ကျောင်း မတက်ခင်ကပင်... အမေ ဆင်ပေးလိုက်သော ဆံကြိုးသဏ္ဍာန် (၂) ပေ နီးပါးခန့် ရှည်သည့် ရွှေဆွဲကြိုးကို အမေ့အလိုကျ ဆွဲရသော်လည်း နှစ်လိုမက်မောခြင်းမရှိသည်က တစ်ကြောင်း၊ ရိုင်းသည် ဆင်သည်က တစ်ကြောင်း၊ အင်္ကျီထဲ ထည့်ဆွဲထားသည်ကို စမ်းမိရင်း စိတ်မကောင်းဖြစ်ရသေးသည်။

"ကြားဖူးကြရဲ့လား... ဘယ်သူ ကြားဖူးသလဲကွယ်... တက္ကသိုလ် ကျောင်းသူတစ်ဦးဟာ ဆင်းရဲတော့ ငွေက လို၊ သူ့အမေဆီလည်း အပူ မတပ်ချင်တော့ ဆွဲကြိုးကို တစ်လက်မချင်း ဖြတ်ရောင်းလို့ ဆွဲကြိုးလေး ဟာ တိုတို သွားရတဲ့အကြောင်းလေ..."

စိတ်ထဲတွေးရင်း စိတ်မကောင်း ဖြစ်ရသေးသည်။ တကယ်တော့ လည်း ရွှေ ဆိုလို့ မူးလို့ရှုစရာ ဒါပဲ ရှိသည်။ နားတွင် ဥသဖယား နားကပ် သေးသေးလေး တစ်ရန်တော့ ရှိလေရဲ့...။ ဆွဲကြိုးကလည်း အစ်ကိုက စစ်တပ်ထဲ ဝင်ပြီး တပ်သားလေးအဖြစ် စုဆောင်းထားသော ငွေကို အမေပို့ရင် အမေက မသုံးစွဲရက်၊ ကျောင်းပိတ်ရက်တွင် ဝေခင် ရက်ကန်းရက်လို့ အထည်ရောင်းရငွေလည်း အမေက မသုံးရက်ဘဲ ဝေခင့်အတွက် ဒီ ဆွဲကြိုး ဝယ်ဆင်ခြင်းဖြစ်သည်။

ငွေလိုတိုင်း ဆွဲကြိုးဖြတ်ရောင်းသော အတတ်ပညာကို ဈေးထဲမှ ဝေခင့်အသိ ကုန်စိမ်းသည်မလေး မလှငွေထံမှ တတ်မြောက်ခဲ့လေသည်။ မလှငွေဆိုတာလည်း တခြားသူ မဟုတ်၊ ဝေခင့် အဝတ်လျှော်ဝင်းများ ရောင်းချရင်း သိရသော မတင်ရွှေ၏ ညီမဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မလှငွေ၏ ယောက်ျား က ၈၂ ကျပ်စား ဖြစ်သည်။ ကလေး ငါးယောက်ရှိသည့်အနက်၊ (၃) ယောက်က ကျောင်းထားသည့် အရွယ် ဆိုတော့... (၈၂ ကျပ်) နှင့် ဘာ သွားစားရမည်နည်း။ ရှိစုမဲ့စု အရင်းအနှီး လေးနှင့် ကုန်စိမ်းဆိုင်ငယ်လေး ဖွင့်ထားသည်။ စားသောက် သောက် လောက်ရုံပင်။ တစ်ခါတစ်ရံ ကလေးတွေ နေမကောင်းလျှင် ဖြစ်စေ၊ လူကြီးတွေ နေမကောင်းလျှင်ဖြစ်စေ၊ ငွေကို ပတ်ချာလည် ရှာနေလေ သည်။

သည်အခါမျိုး၌ မလှငွေက အမေညည်းသလိုပင် ညည်းတတ်လေ သည်။

"အင်း... ပိုက်ဆံ... ပိုက်ဆံ... အရှာခက်၊ အသုံးခက်၊ ဝင်လိုက် ထွက်လိုက်နဲ့ ဒါပေမဲ့ ဝင်တာကနည်း၊ ထွက်လာကများ... ပိုက်ဆံဆိုတာ လက်ထဲ ကြာကြာကိုင်လိုက်ရတယ်... ဘယ်တော့မှ မရှိဘူး..."

"ကြာကြာကိုင်ဖို့ မလိုပါဘူးလေ... လိုချင်တဲ့ ပစ္စည်းလေး ဝယ်ဖို့ လက်ထဲရှိနေရင် ပြီးတာပဲ၊ ကျွန်တော်လည်း ပိုက်ဆံကို ပိုက်ဆံအနေနဲ့ မမက်ပါဘူး၊ သုံးဖို့ စွဲဖို့ လိုချင်နေတာ တစ်ခုပါပဲ။ စာအုပ်ဝယ်ဖို့ ငွေ ၁၀ိ လိုရင်၊ ၁၀ိ ရှိရင်... တော်ပါပြီ၊ မုန့်ဟင်းခါး စားချင်တဲ့အခါ ပြားလေးဆယ် ရှိရင် တော်ပြီပေါ့..."

ဝေခင်ကပင် ပြောရင်း ရယ်မိသေးသည်။ သည်တော့ မလှငွေ က...

"ညီမရယ်... ညည်းတို့လို ကောလိပ် ကျောင်းသူတောင် ဒါလောက် 'ငွေ' လိုနေတယ်ဆိုရင်... အစ်မတို့ ဘာ သွားလုပ်ရမလဲ..."

"လိုတာပေါ့ အစ်မရယ်... လူတိုင်းလူတိုင်းဟာ သူဌေးသားသမီး မဟုတ်ဘူး၊ လခ တစ်ထောင်ကျော်စား သားသမီး မဟုတ်ဖူး၊ ပိုက်ဆံကို ဘေးပန်းက ရကြတာ မဟုတ်ဘူး၊ လခတစ်ထောင်ကျော်ရတဲ့ အရာရှိ တောင် အပိုဝင်တာနဲ့ မဝင်တာ နဲ့ ကွာသေးတာ။ ကျွန်တော့်သူငယ်ချင်း ကြိုင်ကြိုင် သိတယ် မဟုတ်လား...။ ဒီလိုက်လိုက်လာတာလေ...သူတို့က မောင်နှမများတော့ ပိုက်ဆံ ပိုတယ်လို့ မရှိဘူး။ သူတောင် ဒိုင်ကျတဲ့အခါ ကျတာပဲ၊ ဒီတော့ ကျွန်တော်တို့ဆို ပိုဆိုးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က လယ်သမား သားသမီး၊ ကျွန်တော်တောင် တစ်ယောက်တည်း သမားမို့ ဝိုင်းဝန်း အားခဲ ထောက်ပံ့ကြလို့ ကောလိပ် ရောက်လာရတာ... ကျွန်တော်ရဲ့အတူအောင်တဲ့ ကျွန်တော်တို့ရွာက သူဌေးကြီး ဦးခရဲ့သမီး ကောလိပ်မတက်နိုင်ဘူး... ငိုယိုပြီး အလုပ် ထင်လုပ်နေရစ်ခဲ့ရတယ်...၊ ကျွန်တော့် သူငယ်ချင်းပဲ..."

ဝေခင် က ရှင်းပြရင်း သူငယ်ချင်းအေးခင်ကို သတိရမိသေးသည်။ တက္ကသိုလ် ဒီဂရီရပြီးမှ အလုပ်ရတာ မရတာ အပထား လူတိုင်း လူတိုင်း တက္ကသိုလ် သို့ တက်ချင်ကြသည်သာ။ အေးခင်က စာမေးပွဲ အောင်လျက် နှင့် တက်ခွင့် မရတော့ တစ်ပတ်လုံးလုံး ငိုနေခဲ့သည်။ ဝေခင် က သွား ရောက် နှစ်သိမ့်ရင်း ဘယ်လို ချော့မော့စကားဆိုရမည်မသိ ဖြစ်ခဲ့ရသေး သည်။ ရန်ကုန်ကိုအလာ ဘူတာရုံ ဆင်းပို့ကြတော့ အမေငိုလို့ စိတ် ကောင်းရသည့်ကြားထဲ 'အေးခင်' ငိုတာကြည့်ပြီး ရင်ထဲ ပို၍ ထိခိုက် ခဲ့ရသေးသည်။

ပိုဆိုးတာက ဝေခင်နှင့် တစ်ခုံတည်း တွဲထိုင်လျက် စာလည်း တော်လျက်နှင့် (ခ) အဆင့်က အောင်ကာ ကျန်ရစ်သော အုံးမြပင် ဖြစ်သည်။ အုံးမြကတော့ မငို၊ တွေတွေကြီးငိုင်နေကာ စကားလည်း မပြော၊ လုပ်လည်း မလုပ်၊ တစ်နေရာတည်း ငြိမ်သက်နေသဖြင့် အိမ်သား တွေက သူ့ကို စိတ်ပူပင်စွာ စောင့်ကြည့်နေရသေးသည်။ ညကျတော့ သူထိုင်နေရာမှ ကျယ်လောင်သော တောက်တစ်ချက် ခေါက်ပြီး 'ကျတာနဲ့ ဘာ ထူးသေးလဲ...' ဟု အော်ဟစ်လျက် ထခုန်သောကြောင့် အုံးမြ အမေက ချော့မော့ စကားပြောရင်း မျက်ရည်ကျခဲ့ရလေသည်။ ဝေခင် ကာ...

"စာမေးပွဲကျတာနဲ့ ကျောင်းသားဟာ ဖျင်းတယ် လို့ မယူဆနိုင်ပါ ဘူးသူငယ်ချင်းရာ...၊ ၂ နာရီ ၃-နာရီ မေးခွန်းတွေဟာ လူတစ်ယောက်ရဲ့ အရည်အချင်းကို အဆုံးအဖြတ် မပေးနိုင်ပါဘူး၊ စာမေးပွဲအတွက် ဘယ် နည်းနဲ့မှ မတူနိုင်ပါဘူး၊ မင်း... ကြိုးစားတာလည်း တို့တွေ သိသားပဲ၊ စိတ်မကောင်းမဖြစ်ပါနဲ့..."

www.burmeseclassic.com

www.burmeseclassic.com



လူကြီးစကား ပြောမိလေသည်။ သည်တော့မှ အုံးမြ က ဝေခင်၏ လက်မောင်းအိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း၊ သည်းထန်စွာ ရှိုက်ကြီး တငင်နှင့် ငိုဖြစ်လေသည်။

"ဒီနှစ် 'ခ' နဲ့ အောင်ရင် နောက်နှစ် 'က' နဲ့ အောင်မှာပေါ့ကွာ... အချိန်ဆိုတာ စောင့်လိုက်ရင် ခဏလေးပါ၊ စိတ်အား တင်းလိုက်ရုံပါပဲ။ အစ်ကို ဉာဏ်ထွန်း ဆိုရင် အတန်းထဲ ပထမ ရလျက်သားနဲ့ သုံးခါ လောက်ဖြေပြီးမှ အောင်တော့လည်း သူမတူ၊ ထူးထူးချွန်ချွန်အောင်ခဲ့ တာပဲ မဟုတ်လား"

ဝေခင်က ဖြေသိမ့်စကား ပြောခဲ့ရသေးသည်။ လူ့ဘဝဆိုတာ ဒီလိုပါပဲ...၊ နှစ်သိမ့်စရာတွေ ရှိနေသေးတာပဲ၊ လ ရောင်ပျောက်လျှင် ကြယ်ရောင် ရှိသေးသည်။ ဝေခင်က ဤသို့ပင် တွေးခဲ့သည်။ သူ တက္ကသိုလ်သို့ ရောက်လာခဲ့ရသော ဘဝက သူ့မိတ်ဆွေမလေးများနှင့် နှိုင်းစာလျှင် နည်းနည်းနောနော ရလဒ် မဟုတ်။

အုံးမြ... အောင်ခဲ့လည်း အုံးမြကို ကောလိပ်ပို့နိုင်ဖွယ် မမြင် ဟု အုံးမြမိဘများက သူ့ကွယ်ရာတွင် ပြောဆိုကြသံ ကြားရလေသည်။ အုံးမြတို့ အိမ်ထောင်စုတွင် မောင်တွေ အလည် သူက အကြီးဆုံး၊ ဖအေ ကလည်း အကိုတို့တပ်က တပ်ကြပ် ဆိုတော့ ရတဲ့ လခက မူရင်းလစာ အနေနှင့် ၅၅ ကျပ်၊ ရှားပါးစရိတ်ရိက္ခာအထိုက်အလျောက်တော့ ရပါ သည်။ သို့သော် ကောလိပ်သို့ ငွေ ၁၀ဝိ မျိုး၊ ၁၅ဝိ မျိုး... လစဉ်မှန်မှန် ပို့နိုင်ပုံ မပေါ်ဟု အုံးမြ အဖေ က ကွယ်ရာမှာ ညည်းရှာလေသည်။

သူတို့တွေထဲတွင် ဝေခင်က ကံ, အကောင်းဆုံး ဖြစ်ခဲ့ရသည်။ "နင်ကတော့ ကံ ကောင်းပါတယ် ဟယ်..." ဟု အေးခင် နှင့် အုံးမြ တို့က စထဲ ထည့်ရေးကြသေးသည်။ ဝေခင့်အဖို့ သူ့ဘဝကို သူကျေလည် ကျေနပ်ခဲ့ရသည်။

သို့ပေမဲ့ 'ခု ဒီမှာတော့ တို့ ကံ အဆိုးဆုံး' ပြောရမည်လား မသိ ပေ။ ငွေက သုံးရင်း-သုံးရင်း ကျပ်သည်ထက်၊ ကျပ်လာပြန်တော့ အသက် ရှူ မွန်းသလိုပင် ခံစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် ကျွန်တော် တခြားလူတွေလို တက်ထရွန်၊ ခရစ် ည်မှ မဝယ်ဘူး၊ မိတ်ကပ် နှုတ်ခမ်းဆိုးဆေး အဝေးကြီး၊ ပေါင်ဒါ င် ဝယ်မလူးနိုင်ဘူး၊ နိုင်ငံခြားဖြစ် ပေါင်ဒါဆိုရင် မှောင်ခိုဈေးနဲ့ ဒိ နဲ့၊ လိမ်းနိုင်ဖို့ အဝေးကြီး၊ မြို့ထဲလည်း မထွက်ဘူး၊ ရုပ်ရှင်လည်း ည့်ဘူး၊ ခုထိတစ်ခါမှ ဆိုင်တွေမှာ ညစာ မစားဖူးသေးဘူး၊ ကျွန်တော် ာတွေက ကျောင်းသုံးပစ္စည်းတွေပဲ အစ်မရာ..."

သို့ဆိုရင်းနှင့်ပင် မလှငွေနှင့် ပေါင်းမိပြီး ပိုက်ဆံရှာဖွေရန် လမ်းစ, လာရင်း ဝေခင်၏ ဆွဲကြိုးသည် တစ်လက်မပြီး တစ်လက်မ တိုလာ င်းပင်တည်း။

ဥစ္စာကြေးငွေ ပြည့်စုံကုံလုံသူများ အဖို့တော့ ဝေခင် ၏ ရွှေဆွဲကြိုး တစ်လက်မချင်း ဖြတ်နေရောင်းရသော အဖြစ်ကို ရယ်ချင် ရယ်မိကြ ထိမ့်မည်။ ဝေခင်ကတော့ ဖိတ်မကောင်း၊ နည်းနည်းမှ မကောင်း ည်းမက်လို့တော့ မဟုတ်။ အမေ အမြတ်တနိုးဆင်ထားသော ကြိုး ခို့ နှမြောရလေသည်။ အမေ သိလျှင်တော့ စိတ်မကောင်းဖြစ်မှာပဲ တွေးမိတော့ ရင်ထဲကို အသိနှင့် လေးလံသွားခဲ့ရလေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## [၁၃]

ထိုနေ့ကပင် ကမာရွတ်ဈေးထဲ ခိုင်ကေသီမော်တို့နှင့် ဆုံစည်းမိကြလေသည်။ မလှငွေ ဟင်းသီးဟင်းရွက်ဆိုင် နှင့် ကပ်လျက် အဝတ်အထည်ဆိုင်ကောင်းများကို ဝယ်သော မတင်ရွှေဆိုင်ရှေ့သို့ ခိုင်ကေသီမော် ရောက်လာခဲ့လေသည်။ မတင်ရွှေရော၊ မလှငွေ ညီအမနှစ်ယောက်စလုံး အသားညိုညိုနှင့် ဝဝဖြိုးဖြိုးသည်း၊ ပုပုဝဝလေးတွေပေမဲ့ ချစ်စဖွယ် မျက်နှာပေါက်နှင့်ဖြစ်သော မျက်နှာထားများ ရှိလေသည်။ သဘောသကာယလည်း ကောင်းမွန်လေသည်။

ကျောင်းသူများသည် ခေတ်မဆန်သော အဝတ်များ (ဝါ) မဝတ်ချင်တော့သော အဝတ်များကို ပြန်ရောင်းရင်း မတင်ရွှေနှင့် ဖောက်သည်များ ဖြစ်နေကြလေသည်။ မလှငွေ၏ ဟင်းသီးဟင်းရွက်ဆိုင်ကတော့ ခင်တို့လို အိမ်ငှားနေထိုင်ကြသော ကျောင်းသူများနှင့် အဆက်အသွယ် ဖြစ်လေသည်။

ခိုင်ကေသီမော် ကား ကျောင်းသားတို့ ဘဲလ်အဲ့ (သို့မဟုတ်) ဘေးစီးဒီး အမည်မှည့်ခေါ်ခံရသူ ဖြစ်သည်။ အသားဝါဝင်းကာ အရပ်မြင့်မြင့်သလောက် ကိုယ်လုံးကလည်း တောင့်တင်း ဖွင့်ဖြိုးလှလေသည်။ အဝတ်အစားဝတ်ပုံ၊ အလွန်ခေတ်ဆန်လျက် လှသမျှ ဆန်း၊ ဆန်းသမျှ လှနေသူဖြစ်လေသည်။

သူတို့အိမ်မှ သားနား 'တောက်ပသော ခေတ်ပေါ် အိုပယ်လ်ကားလေး(ဒ်) ကော့ကားအနက်ကြီးကို သစ်သီးဆိုင်များတွင် လျှောကနဲ ဆိုးရပ်လိုက်ကတည်းက ခိုင်ကေသီမော် လာပြီဆိုတာကို သိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေခင် က မလှငွေကို စောင့်ရင်း မပြေးသာ မရှောင်သာနှင့် ဖြ
လေသည်။ တကယ်တော့လည်း ဝေခင်က သူ့ဆွဲကြိုးလေး ဖြတ် ပြ
ရောင်းရသော ကိစ္စကို ဘယ်သူ့ကိုမှ အသိမပေးချင်သဖြင့် ကြိုင်ကြိုင်
ခေါ် မလာခဲ့ပေ။ ညနေကျောင်းအဆင်းသည် ဈေးသို့သာ ပြေးလာခဲ့
သည်။

"ဟော... ဝေခင်ပါလား..."

ခိုင်ကေသီမော် က သူ့အသံလေး စာစာစာစာနှင့် အူယား
ဖားယားဟန်ပန်နှင့်ပင် နှုတ်ဆက်လေသည်။

"ဒီ ဈေးကို လာသလား..."

ဝေခင် က မေးလိုက်လေသည်။

"ကိုယ် ဒီ ဈေး လာတာပဲ၊ ကိုယ်တို့က အင်းလျားလမ်းမှာ နေတ
လေ၊ ဒီ ဈေးနဲ့ နီးတာပေါ့၊ ဈေးဝယ်တာတော့ မာမီပါ၊ ကိုယ် မဟုတ်
ဘူး...၊ ကိုယ်က အင်္ကျီတွေ ရောင်းချင်လို့ မတင်ရွှေဆီ လာတာ..."

"အင်္ကျီတွေ ရောင်းမလို့..."

ဝေခင် အံ့ဩနေသည်။ ထို့နောက် ခိုင်ကေသီမော် လက်ထဲ
တက်ထရွန်နှင့် ခရစ် အပျော့စား အင်္ကျီတွေ ရောင်စုံ အထပ်လိုက်
တွေ့ရလေသည်။ အင်္ကျီ အဟောင်းသာ ဆိုသည် ဝေခင်တို့ အင်္ကျီတွေ
ထက်ပင် သစ်နေသေးသည်။

"မဝတ်ချင်တော့လို့ကွယ်...၊ ပုံတွေက မကြိုက်တော့ဘူး...။ Old
Model (ခေတ်မမီတဲ့ပုံစံ)တွေ၊ ဒါကြောင့် ရောင်းတာ၊ ကဲ... မတင်ရွှေ
တစ်ထည် လေးကျပ်တော့ ပေးနော်...၊ ဒါတွေ အင်္ကျီစ ရော၊ ချုပ်ခရော
တစ်ထည် နှစ်ဆယ်အစိတ်ကျတာ... ခိုင်ကေ မဝတ်ချင်တော့လို့
သက်သက် အနာခံ ပြန်ရောင်းတာ..."

မတင်ရွှေကပင် နှမြောတသစွာ အင်္ကျီများကို ဖြန့်ကြည့်ရင်း

"အေးကွယ်... နှမြောစရာကြီး၊ သူ့လမ်းနဲ့ သူ ဝတ်ရတာပေါ့
ပြန် ရောင်း မနေပါနဲ့။ ဒီကလေးမ သိပ်ဖြုန်းတာပဲ..."

အပြစ်တင်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်... အင်း မဝတ်ချင်ပါဘူး...၊ အိမ်က မချောလေးတွေက ည်း လိုချင်လွန်းလို့ မျက်စိကျနေတာ...၊ အိမ်က Servant (အိမ်စေ) သေး၊ သူတို့လည်း အလကား မပေးနိုင်ပါဘူး။ တစ်ယောက်ကတော့ ကျပ်နဲ့ လှိုင်းသေး အပွင့်ရိုက် လက်တိုတစ်ထည် ပေးဝယ်လိုက် ယ်လေ..."

"ကြည့်ပါဦးကွယ်... နည်းတာမဟုတ်ဘူး၊ ချုပ်ထားပြီး မဝတ်ချင် တော့လို့ ပြန်ရောင်းသတဲ့ ဝေခင်ရယ်...၊ ပိုက်ဆံဖောတဲ့လူများတော့ လိုက်တာနော်...ဒါမှောင်ခိုတွေချည်းပဲ...၊ မှောင်ခိုအားပေးမလေး...၊ သမင် ဘယ်ကထွက်၊ မင်းကြီးတာက 'ထွက်' ဆိုတာ သတင်းစာ တောင်းထဲ ဖတ်လိုက်ရပါတယ်၊ ဒါမျိုးလေးတွေပေါ့...၊ ကြည့်စမ်း...၊ ဆိုးတဲ့ ကလေးမလေး..." ဟု မတင်ရွှေက ရယ်မောပြောနေသေး ည်။

ခိုင်ကေသီမော် က မျက်နှာလေး ရှုံ့ကာ သူ့ခေါင်းကို အသာကုတ် တ်...

"အမယ်လေး... အရေးထဲ သူက တရား ဟောနေရသေးတယ်။ ပ်စမ်းပါ... မြန်မြန်...၊ 'တော်နေ မာမီ ဈေးဝယ်ပြီးရင် သွားရမယ်..."

မတင်ရွှေက အင်္ကျီများကို တယုတယ ကိုင်ကြည့်ရင်း...

"ကြည့်စမ်းပါဦး ဝေခင်ရယ်...၊ အထည်ကောင်းတွေ... ဝေခင်၊ တွေပြလို့ အားကျမှာ မဟုတ်ပါဘူးလေ...၊ ဝေခင့်ကျတော့လည်း သိပ် တာပဲ၊ ဗမာဖြစ်ပဲ သူ ဝတ်နေတာ၊ ဘုရားစူးရစေ့-ကောလိပ် ကျောင်းသူ ..."

"ကျွန်တော်မှ ဒါတွေ မဝတ်နိုင်ဘဲ အစ်မရဲ့..."

ဝေခင် က ရိုးသားစွာ ဖွင့်ပြောရင်း ရယ်မောနေသည်။ ခိုင်ကေ သီမော် က ဝေခင့်အား စူးစူးစိုက်စိုက် ကြည့်လိုက်လေသည်။ ဆံကျစ်တစ် ချောင်းတည်း ကျစ်လျက် ခရမ်းရောင် ချည်အကွက်စိပ် အင်္ကျီလက်တို ကို မရန်းစေ့ရောင် ချည်ပြောင်လုံချည် ဝတ်ထားသော ဝေခင်အား...

"ဝေ... ဝေခင်လား...၊ သူသာ ခိုင်ကေ့ ညီမဆိုရင် သူ့အင်္ကျီတွေ...၊ ချည်တွေ ချွတ်ပစ်...၊ အကုန်ချွတ်ပစ်..."

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဟယ်...၊ ကြောက်စရာကြီးပါလား..."

ဟန်နှင့်ပန်နှင့် ပြောနေသော ခိုင်ကေသီမော်အား လှမ်းကြည့်ရင်း မတင်ရွှေက ရယ်မောနေသည်။ ဝေခင် ကပါ လိုက်ရယ်မိလေသည်။

"တကယ်ပြောတာပါ...၊ ခိုင်ကေ သူ့ကို လှလှလေး အဝတ်အစား ပြင်ပေးချင်တာ..."

"အဲလို... ပြောစမ်းပါကွယ်..."

"ဝေ... ဝေခင် ကြည့်စမ်း...၊ ဘယ်လောက် ချစ်စရာ ကောင်းထား လဲ၊ မျက်နှာလေး လှတာက စေ့စေ့ကြည့်ခံတယ်...၊ Clear cut features (ပြတ်သားတဲ့ မျက်ခုံး၊ မျက်လုံးနှင့် နှာတံ) ရှိတယ်... ပြီးတော့ ကိုယ်လုံးကလည်း ရင်နေရာ ရင်၊ ခါးနေရာ ခါး၊ တင်နေရာ တင် Guitar Shape (ဂီတပုံသဏ္ဌာန်) ဂီတာရှိတ်လေး ဘယ်လောက် ကြည့်ကောင်း ထားလဲ..."

"အမလေး... ခိုင်ကေရယ်...၊ ညည်း ရွတ်ရက်တွေကို ကျွန် နားမလည်ပါဘူး..."

လက်ဟန်ခြေဟန် နှင့် ပုံသဏ္ဌာန်လုပ်ပြနေသော ခိုင်ကေသီမော် အား မတင်ရွှေ က ကြည့်ကာပြောရင်း ရယ်မောနေလေသည်။

"အေးအေး နေစမ်းပါစေ ခိုင်ကေရယ်..."

ဝေခင် က ခေါင်းကို ခါယမ်းကာ ပြောမိသေးသည်။ ခိုင်ကေ သီမော်က...

"အံမယ်... အေးအေးနေလို့ မရဘူး ဆရာ၊ ကညာများတာ ချည်မျှင် ဆိုတဲ့အတိုင်း၊ ကိုယ်တို့ ချည်မျှင်က မိန်းကလေးမတွေ တစ်ချ ချည်းပဲ၊ အလှလေးတွေလည်း ထွက်သားပဲ... ဒါပေမဲ့..."

"ဒီ အလှတွေထဲမှာ ခိုင်ကေ က အလှပဂေးဆို... မဟုတ်လား"

ဝေခင် က ပြောတော့ ခိုင်ကေသီမော်က ရယ်လျက်...

"အမယ်...၊ ဝေ ဝေခင် က အလားကြီးပဲ ဘယ်ဆိုးလို့တုံး၊ ဒါပေမဲ့ ယူ တို့ မိန်းကလေး နည်းတဲ့ မြို့ပြမှာတော့ယူလည်း နာမည်ထွက်တာပဲ... ပေါ်ပြူလာ တော်တော်ဖြစ်သား၊ ယူ က စေ့စေ့ကြည့်ခံတယ်၊ ကြည့်ပျော်

www.burmeseclassic.com



…ကြည့်ရင်း လှတယ် ဆိုပြီးတော့ ကုလား စကား နဲ့ ယူ့ကို 'ဒေးခိုး' …ခေါ်တယ်… တဲ့"

"ဒေးခိုး…"

"ဒေးခိုး… ဆိုတာကွယ်… ကြည့်ပါ…၊ 'ကြည့်'ပေါ့ကွယ်…၊ ကုလား …ချင်းတွေမှာ ခဏခဏ ဒီစကား ပါတယ်၊ ယူ မသိဘူးလား…"

"ဟင့်အင်း… ကုလားသီချင်းမှ မသိဘဲ…"

"နောက်ပြီး ကိုယ်… ဝေဝေခင့် ကို သေသေချာချာ ကြည့်နေ …တယ်…၊ ဘယ်သူနဲ့ တူပါလိမ့်မလဲလို့ မျက်လုံး လှန်ကြည့်တာရော၊ အူလှိုက် …သည်းလှိုက် ရယ်ပုံရော… အော်ဒရေး ဟက်(ပ်) ဘန်း နဲ့ သိပ်တူ …တာပဲ…"

"ဘယ်သူ…"

"အော်ဒရေး ဟက်(ပ်) ဘန်းလေ…၊ သူ့ကို မသိဘူးလား၊ ဟောလီ …ဒ် က မင်းသမီးလေ၊ ရိုမန်ဟောလီဒေး ကားတစ်ကားတည်း နဲ့ …အော်စကာဆု ရသွားတာ…"

"ဟင့် အင်း… မသိဘူး…"

"ဟယ်တော့… မသိဘူး…"

"ကျွန်တော်မှ ရုပ်ရှင် မကြည့်ရဘဲ…"

သည်တစ်ခါ ဝေခင် က ပြောရင်း အနည်းငယ် ဝမ်းနည်းမိလေ …သည်။ အသိ၊ အမြင်၊ အကြား၊ ဗဟုသုတ ပွားစီးရာ မျက်စိကြီး နားကြီး …လောကတွင် လူချင်း မတူ၊ လူချင်းမမျှသော၊ အခွင့်အရေး, အတိ ကင်းမဲ့ …သော ဘဝနဲ့၊ သဝစုတ်၊ ဘဝပဲ့၊ ဘဝ အညတြ ပေတကား။

သည်တော့ ဝေခင် က အတွေးနှင့် နှုတ်ဆိတ်နေမိသည်။ ခိုင်ကေ …သီမော်ကတော့ လွတ်လပ်ပျော်ပါးသော ကလေးငယ်တစ်ယောက်လိုပင် …မြူးတူးရွှင်လန်းလျက် ပြောချင်ရာများကို ပြောနေသည်။ မတင်ရွှေနှင့် …တား အချီအချ ပြောကြဆဲပင်။

"ခိုင်ကေ့လက်စွပ်လေးက တယ်လှပါလား…"

"မာမီ့ နီလာလက်စွပ်ကြီးပါ ပုံရိုးကြီး၊ လက် ရှင်းနေတာနဲ့ မနေ

www.burmeseclassic.com

www.burmeseclassic.com



တတ်လို့ မာမီ့ဆီက ယူ ဝတ်ရတာ... လက်ဝတ်လက်စားထဲမှာ လက်စွပ် အကြိုက်ဆုံးပဲ၊ လက်စွပ်ဆိုလို့ ပြောရဦးမယ်... မတင်ရွှေ လှတယ်ဆို ခိုင်ကေ့လက်စွပ်လေ... စိန်တစ်လုံး ပြုတ်ထွက်ကျလို့..."

"ဟောတော့... ဘယ်မှာ ကျတာလဲ..."

"ကျောင်းမှာလား ရုပ်ရှင်ရုံမှာလား မသိပါဘူး...၊ မနေ့က သမ္မာ ရုံလည်း သွားတယ်၊ အဲဒီပြုတ်ထွက်တဲ့ စိန်က ဘယ်နှရတီပွားဆိုလား ငွေ တစ်ထောင်နီးပါး တန်သတဲ့၊ မာမီ က ဆူလိုက်တာလေ... နေစရာ တောင် မရှိဘူး..."

"ဆူမှာပေါ့ကွယ်... ဒါလောက် အဖိုးတန်တာကြီးကို..."

"အလကား ကပ်စေးနှဲပြီးဆူတာ၊ မာမီမှာ ပေါပါတယ်... စိန် နားကပ်တွေ အပါးဝိုင်းရော၊ ခဲသားရော နှစ်ရန် သုံးရန်၊ တစ်ရန်လေး လေးငါးသောင်း တန်တာပဲ၊ လက်ကောက်တောင် တစ်လောကဝယ်တာ ခြောက်သောင်း တဲ့...၊ ပတ္တမြားတွေရော၊ နီလာတွေရော အများကြီးပဲ... ကမ္ဘာအေးကျောင်းသွားရင် သူ့မှာဖြင့်သော့ ဘယ် အပ်ရမလဲ မသိဘူး အမြင်ကတ်စရာ..."

"ဟဲ့... ကိုယ့်အမေကိုယ် အမြင်ကတ်တယ် မပြောရဘူး ကလေး ရဲ့..."

"ဟုတ်တယ် မတင်ရွှေရဲ့... ၊ မာမီက သိပ်ဆိုးတာပဲ။ ဒက်ဒီ့ကို လည်း သိပ်နိုင်တာပဲ၊ ဒက်ဒီများ သူ့ရုံးမှာ အကြီးဆုံး ရုံးသားတွေကို ဟိန်းလိုက် ဟောက်လိုက်နဲ့၊ ရုံးသားတွေများ ဒက်ဒီ့မြင်ရင် ဘာလုပ်ရမှန်း မသိဘူး၊ အိမ်ရောက်ရင်တော့ ပြားနေတာပဲ...၊ မာမီ ဘာလုပ်လုပ် တစ်ခွန်းမပြောဘူး၊ မာမီက စကားကလည်း များလိုက်တာ ဗလစ် ဗလစ် နဲ့၊ ဒက်ဒီမို့လို့ မာမီ့ကို ယူတာ...၊ ခိုင်ကေသာ ယောကျ်ားဖြစ်ရင် မာမီ လိုဟာမျိုး မယူဘူး..."

သည်တော့ မတင်ရွှေ နှင့် မလှငွေ တို့က ဟက်ဟက်ပက်ပက် ရယ်မောမိလေသည်။ ဝေခင် ကပါ ခိုင်ကေ၏ လှပသော မျက်နှာလေးကို ငေးမောကြည့်ရင်း ရယ်မောမိလေသည်။

ဝေခင်သည် ရယ်ရင်း လမ်းခုလတ်တွင် တစ်ဝက်ပြက်သွားသလို

www.burmeseclassic.com

www.burmeseclassic.com



ခြည်း အရယ် ရပ်ပြီး ခိုင်ကေ၏မျက်နှာလေးကို ငေးပြီးရင်း ငေးနေ ပြန်သည်။

"သိပ်ကံကောင်းတဲ့ မိန်းကလေး၊ ကြည့်စမ်း သူ့ဘဝ က လို တရ တာပဲ...၊ ရွှေဘုံပေါ်မှာ စံစားတယ်ဆိုတာ စာတွေထဲမှာသာ ဖတ်ဖူး ယ်ထင်တာ၊ ခုတော့ လက်တွေ့ပဲ...၊ သူ့မှာ အိမ်နဲ့ ကားနဲ့၊ အိမ်ကလည်း ကြီးကြီးပဲ၊ သိန်းနဲ့ချီတန်တယ်ဆိုပဲ၊ ပြီးတော့... သူ ဘာလိုချင်သလဲ လိုချင်တာ ချက်ချင်းပဲ ရမှာပေါ့လေ...၊ သူတို့က ဂုဏ်ရှိတာပဲ...၊ ငါ့ အမေက အလုပ် လုပ်မှ ပိုက်ဆံဆိုတာ မြင်ရုံမြင်ရတာ၊ လယ်ဧက ၃၀ ဘကြီး နဲ့ အမေ နဲ့ လယ်ထဲ ဆင်းလုပ်ရတယ်...၊ အလုပ်သမားတွေ မဲ့ အမေတို့ကိုယ်တိုင်လည်း ဆင်း အလုပ်လုပ်ရတာပဲ...၊ ဒါပေမဲ့ အမေ အများဆုံး ကိုင်ဖူးတဲ့ပိုက်ဆံဟာ အစိုးရ စိုက်ပျိုးရေးဘဏ်က ချေးတဲ့ ငွေ ၅၀၀ ဆိုတဲ့ ပိုက်ဆံပဲ၊ ဒါ အများဆုံး၊ တွက်ကြည့်လိုက်တော့ ခိုင်ကေ ကျပျောက်တဲ့ စိန်ပွင့်ကလေး တစ်ပွင့်တန်ဖိုးတောင် မရှိပါဘူး...၊ အမေ... အမေတို့များ ကံဆိုးလိုက်တာ..."

သည်တော့ အမေ့ကို သနားစိတ်နှင့် ရင်ထဲ လှိုင်းတံပိုးများ ထ နေသည်။ ဒီလှိုင်းလုံးသည် ရင်မှသည် လည်ချောင်းဝသို့ တိုင်အောင် ရိုက်ခတ်လိုက်သည်။

"ခိုင်ကေရဲ့ မာမီက သိပ်ကံကောင်းတာပေါ့၊ အလုပ် မလုပ်ရပေ သည့်လည်း၊ စည်းစိမ် နဲ့ နေနိုင်တယ်နော်...၊ မိန်းမတစ်ယောက်ဟာ ယောက်ျားလို စီးပွားလည်း မရှာရဘူး၊ အိမ်အလုပ်လည်း မလုပ်ရဘူး ဆိုရင် သူ့လောက် ကံကောင်းတာ ဘယ်သူရှိဦးမလဲ...၊ ကျွန်တော့် အမေ ကျတော့ ယောက်ျားလိုလည်း အလုပ် လုပ်ရတယ်၊ မိန်းမလိုလည်း အိမ် တွင်းမှု ကိစ္စလုပ်ရတယ်၊ တစ်ချက်မှ မနားရဘူး...၊ အမေ့ကို ကျွန်တော် သနားလိုက်တာ... ပို သနားတယ်..."

ပြောရင်း ရယ်မိသေးသည်။ ရယ်ရင်းရယ်ရင်း မျက်ရည်တွေ ထည်လာသည်ကိုတော့ ဖုံးကွယ်နိုင်ခြင်းငှာ မတတ်နိုင်ပေ။ မျက်ရည်ဥ တို့သည် မျက်ခန်းထောင့်စွန်းတွင် ဥ လာသည်ကို ခိုင်ကေ တအံ့တသြ ငေးမောမိလေသည်။ ဘယ်လို မိန်းကလေးပါလိမ့်၊ ရယ်စရာမဟုတ်သည်

www.burmeseclassic.com

www.burmeseclassic.com



ကို ရယ်လျက်၊ ရယ်ရင်းလည်း ငိုဟန်ပြင်နေပါလားဟု ခိုင်ကေ တိတ်တိတ် တွေးနေသည်။

ဝေခင်ကတော့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်လျက် မျက်ရည် လည်သည်ကို လူသိမည်စိုးသောကြောင့် အားယူ ရယ်မောခြင်းသာ ဖြ လေသည်။

ဒါတွေကို ဘာဘာညာညာ မရိပ်စားမိသော မတင်ရွှေက...

"အို... ပြောမှ ပြောပလေတယ်... ဝေခင် ဆိုတဲ့ ကလေးမလေး ရယ်...၊ ဝေခင့် အမေလည်း စည်းစိမ်နဲ့နေနိုင်အောင် ဝေခင့် အဖေ အရာရှိအကြီးကြီးဖြစ်အောင် လုပ်ခိုင်းပေါ့၊ ခိုင်ကေ့အမေက အရာရှိ အကြီးစားရဲ့ ကတော်ပဲဟာ... ဝေခင်လည်း ပညာတွေတတ်ရင် အရာရှိ အကြီးစား လုပ်ရင် လုပ်၊ မလုပ်ရင် အကြီးစားကို ယူ၊ အသေးစားကိုတော့ မမှန်းနဲ့နော်...၊ အသေးစား မှန်းလို့တော့ အလကားပဲ...၊ တို့တော အကြီးစားမှန်းလိုက်တာ ကံချော်လို့ နွံဆီခွက်ကောက်တဲ့လူနဲ့ လာညားတာ တော့ မတတ်နိုင်ဘူး..."

သူ့ဘာသာသူ 'ဟာသ' ဉာဏ်ထုတ်ရင်း တသောသော ရယ်ပြန် သည်။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၁၄]

လောကတွင် ပျော်ပျော်ပါးပါး နေတတ်သူများအဖို့ အသေးအဖွဲ့များကိုပင် ရယ်စရာ မောစရာ လုပ်နေကြလေသည်။ ပျော်လည်း ပျော်ရောကောင်းရဲ့၊ အားကျစရာလည်း ကောင်းရဲ့ဟု ဝေခင် က တွေးမိလေသည်။

ဒုတိယနှစ် ရောက်လို့ အခြေခံ မြေတိုင်းပညာ (Elementary Surveying) ကို ကွင်းဆင်းသင်ကြားရသောအခါ၌ 'ဂျူဒို' တို့ အုပ်စုကို အပျော်တပါးနှင့် တွေ့ရပြန်သည်။

စင်စစ် မြေတိုင်းပညာသည် မြေ၏ အနေအထား ပုံသဏ္ဌာန်များနှင့် ဧရိယာ အကျယ်အဝန်းများကို တိကျစွာ တိုင်းတာပြီးနောက် လွယ်ကူသည့် စကေးဖြင့် ပုံများ ဆွဲယူသည့်အတတ် ဖြစ်သည်။

အဆောက်အဦးများ၊ မီးရထားလမ်းများ၊ တူးမြောင်းများ စသည်များကို မဖောက်လုပ်မီ ဆိုင်ရာ ဒေသ မြေနေရာများကို ရှေးဦးစွာ တိုင်းတာ ပုံဆွဲရ၍ ဆောက်လုပ်မည့် အဆောက်အဦး ၏ ပုံစံကို အတိအကျ ရေးဆွဲပြီးမှ ဆောက်လုပ်ကြရသည်။

ဥပမာ... လမ်းမကြီးတစ်ခုကို ဖောက်လုပ်ရန် ကြံစည်သည် ဆိုကြပါစို့။ မည်သည့်နေရာတွင် မြေ ကို မည်ရွေ့ မည်မျှ၊ မည်ကဲ့သို့ တူးပစ်ရမည်။ ဖို့ပစ်ရမည်၊ ညှိပေးရမည်... စသည်ဖြင့် တိကျစွာ ညွှန်ကြားချက်များ ပေးထားသော မြေပုံ မရှိခဲ့လျှင် အလုပ်သမားတို့သည် လမ်းကို ညီသည့်နည်းနှင့်မျှ သေချာကျနစွာ ဖောက်လုပ်နိုင်ကြမည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကွင်းကတော့... တကယ့်တော့... တောင်၊ ရေ၊ မြေကွင်း မဟုတ်သေး။

ကျောင်းသားများ၏ အဆောင်ရှေ့ဘက်ရှိသော မြက်ခင်းပြင်တွင် တိုင်းကြသည်။

မြူတွေဆိုင်းလျက် ငွေနှင်း နှစိုသော မြက်ခင်းပင်ရှည်တို့သည် တစ်မိုးတွင်းလုံး ရှင်သန်လာခဲ့သည်ဖြစ်သောကြောင့် စိမ်းစိမ်းလန်းလန်း နှင့် နှင်းပုလဲပွင့်သို့ တွဲခိုစီးလေပြီ...။ ကျောင်းဆောင်ရှေ့ တန်းစီလျက် ပေါက်နေသော ထင်းရှူးပင်ပျိုတို့သည်လည်း နှင်းရည်ကို သောက်သုံးခွင့် ရသည်ဖြစ်၍ မြသားပြင်တွင် စိန်စီသည့်နှယ်...။ ပြိုးပြက်တောက်ပနေသည်။

ငုဝါဝါ တို့ ဆိတ်သုဉ်းပြီဖြစ်သော်လည်း ကွင်းပြင် မြောက်ဘက်မှ ငုပင်တို့သည် တစ်မျိုးသော အစိမ်း၊ အနုစိမ်း နှင့် လောကတန်ဆာ ဆင်ပြန်သည်။

မြေတိုင်းသင်တန်း ပထမအစ၌ နေရာ အကွာအဝေးကို မိမိ ခြေလှမ်းနှင့် လှမ်းစေ၍ ခြေလှမ်း အရေအတွက် နှင့် တိုင်းရန် ဆရာက ညွှန်ကြားလေသည်။

ကျောင်းသားတစ်ယောက်စီ တစ်ယောက်စီ ခြေလှမ်း၍ 'တစ်' 'နှစ်'၊ 'သုံး'၊ 'လေး' စသည်ဖြင့် ရေတွက်ဆဲ ကျောင်းသူများ အလှည့် ရောက်တော့ ကျောင်းဆောင်ပေါ်မှ နှစ်ကြီးသမားများက 'တစ်၊ နှစ်၊ သုံး၊ လေး' ဟု လိုက်၍ နောက်ပြောင်သဖြင့် ခဏခဏ ပြန်တိုင်းရလေ သည်။

ဝေခင်တို့ ရေတွက်ရင်း ခဏခဏ မှားသဖြင့် ပြန် တွက်ရသည်က အကြိမ်ကြိမ်၊ မယ် ရွှေးပွဲဟု အော်သူက အော်၊ ဒီယာတာလာ၊ မဲလုံး ညှပ်စိ၊ ကလေးမသာ၊ ရှောက်သီးဆေးပြား... စသည့် အမည်မျိုးစုံ အော် ခေါ်လိုခေါ် နှင့် ဖိုင်တွဲ ကိုင်လျက် ရပ်နေသော ဆရာ ကိုပင် ဂရုမထား နိုင်ကြ။

ဝေခင် လျှောက်ရသော အလှည့်တွင် ဂျူဒို နှင့် ပဋိပက္ခဖြစ်ရပြန် သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျူဒို က သူတို့အဖွဲ့ထဲက တစ်ယောက်ယောက် ရိုက်သတ်ထား...သော မြွေတစ်ကောင်ကို လည်ပင်းတွင် ကြိုးနှင့်ချည်ပြီး ဝေခင် ရှေ့မြေ...တော်နားမှ ဖျတ်ခနဲ ဆွဲလိုက်လေရာ မြွေသေက လျောတိုက်ပြီး ဝေခင့်...ဆောက်ရင်းတွင် ကန့်လန့်ဖြတ် စင်းစင်းကြီး ရောက်လာလေသည်။

ဒီနေရာတွေကလည်း မြက်ရိုင်းများ ပေါက်သဖြင့် မြွေလည်း...ကြာခဏ တွေ့ရတတ်သည်။ ဝေခင်က မြွေပေါသော အရပ်တွင် နေခဲ့...သော်လည်း အမေများ အလိုလိုက်ထားသဖြင့် မြွေနှင့် သိပ်အတွေ့...ကြုံ မရှိတတ်။ မြွေဆိုလျှင် ကြောက်လည်း ကြောက်တတ်သည်က...တစ်ကြောင်း၊ ရွတ်တရက် ဖြစ်သည်က တစ်ကြောင်း တတ်သည်က တစ်...ကြောင်း၊ ရွတ်တရက် ဖြစ်သည်က တစ်ကြောင်း။ အလန့်ကြီး လန့်လျက်...စိတ်တနဲ အသက်ရှူရပ်သလို ဖြစ်ပြီး...

"အမယ်လေး..." ဟု အော်လိုက်မိလေသည်။

ဂျူဒိုတို့က သဘောကျသလို ရယ်မောနေသည်ကို တွေ့ရမှ နောက်...ပြောင်မှန်းသိသဖြင့် ဝေခင်က စိတ်ဆိုး-မာန်ဆိုးနှင့်...

"သေပါစေ...၊ စာမေးပွဲကျပါစေ...၊ မော်တော်ကားတိုက် သေပါ...စေ..." ဟု ကျိန်ဆဲနေသည်။

ဂျူဒို က ဝေခင်နှင့် မလှမ်းမကမ်းတွင် ရပ်နေရာမှ...

"အောင်မလေး... ကျိန်လိုက်တာ ကြက်သီးထစရာ။ စတာနဲ့...ကောင် မကာမိဘူး"

ကြိုင်ကြိုင်နှင့် မေအောင်က ရယ်မောနေသည်။

"ကျိန်ရမှာပဲ"

ဝေခင်က ပြန်ပြောသည်။ ထို့နောက် ဂျူဒို ရပ်သွားသော မြွေကို...တစ်လုံးပြူးကာ လှမ်းကြည့်လိုက်လေသည်။ မြွေသည် မီးခိုးရောင်ဖြစ်ပြီး...ကွက်ပြားဝိုင်းခန့် လုံးပတ်ရှိကာ နှစ်ပေခန့်သာ ရှည်သော အသေးစား...မြွေသာ ဖြစ်သော်လည်း မြွေဆိုတော့ မိန်းကလေးများက ကြောက်ကြ...သည်သာ။

"ဝေခင်... ကျိန်တဲ့အထဲမှာ စာမေးပွဲကျပါစေ ဆိုတာတော့ ခု...ရုပ်သိမ်းစမ်းပါ... ခု ရုပ်သိမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဂျူဒိုက ဝေခင့်အား နားပူ-နားဆာ ပြောနေသည်။ ဝေခင်
ဘာမှမပြော...

"မရှုတ်သိမ်းရင် မြွေမင်းသား လွှတ်လိုက်မယ်... နော်၊ ဒီ
မင်းသားလေးက "မထွေး" ကို လိုက်ရှာနေတာ... တဲ့... "

ဂျူဒိုက မြွေကို ကြိုးနှင့် ဆွဲမ ကာ၊ မ ကာ မြှောက်ပြရင်း
မောလျက် ပြောနေသည်။ ဝေခင်က ခြေလှမ်းလှမ်းရင်း ရေတွက်
သဖြင့် ဘာမှပြန် မပြောတော့ပေ။

ချီးပေ က အုတ်ခဲ ကို ဖင်ခုထိုင်ကာ ဂျူဒို အား လှမ်းကြည့်ရင်း

"မင်း ဥစ္စာ မြွေထီး မှန်း မြွေမမှန်း ခွဲခြားတတ်လို့လား..."

အတုံးလိုက် အထစ်လိုက် မဆင်မခြင် ပြောနေသဖြင့် စိပ်ပု
က ချီးပေ၏ ခေါင်းကို လှမ်းရိုက်လိုက်လေသည်။ ချီးပေ က မိန်းက
များကို အားတောင့် အားနာနှင့် ကြည့်ပြီး ဂျူဒို ကြိုးနှင့် ဆွဲမထားသေ
မြွေနား မျက်နှာကပ်ကာ...

"အစ်ကို့ညီက မထွေးလေးကို ရှာတယ်လား..."

မေးနေဆဲ ဂျူဒို က ချီးပေ ၏ မျက်နှာနားသို့ မြွေ ကို ကပ်လိုက်
နောက်ဆုတ်လိုက်သဖြင့် ဖင်ခုထိုင်နေသော အုတ်ခဲပေါ်မှ လိမ့်ကျသွ
လေသည်။

မေအောင် က ရယ်နေရာမှ အဝေး သို့ လှမ်းမျှော်ကြည့်က
သစ်ပင် တစ်ပင်အောက် ရပ်လျက် ဖိုင်တွဲကို လှန်လှောကြည့်နေသေ
ဆရာ့အား မေးငေ့ါပြရင်း...

"ကိုရန်ပိုင်... မြွေကြီးတကိုင်ကိုင် လုပ်နေမယ့်အစား ဆရာ့ခြေရ
မှာ သွားချပါလား..." ဟု ရွဲ့ပြောလေသည်။

"အမယ်... အမယ်... တော်တော် မ စပါနော်...၊ ကျွန်တော်
မျိုး ကောင်းစားတာ မြင်ချင်တယ်လား..."

ဂျူဒို က ဟန်ပန်လေသံ နှင့် ပြန် ပြောလိုက်လေသည်။ သည့်
မေအောင် က ရယ်နေသည်။

ကိုပြ က ဂျူဒိုကြိုးနှင့် ဆွဲဆုံထားသော မြွေခေါင်းဖို့ အသာကိုင်
ကာ သူ့နှုတ်ခမ်းနှင့် နမ်းဟန်ပြုလျက်... "အိုး... မိုင်ဒါလင်... အိုးမိုင်

www.burmeseclassic.com

www.burmeseclassic.com



င်" ဟု သီချင်းဆိုနေသည်။ မြွေကြောက်တတ်သော ဘဲဥနှင့် စိတ်
တို့က ဂျူဒိုနား လုံးလုံးမကပ်၊ အဝေးမှ ကြက်သီးထ, ဟန်နှင့် ပခုံး
နေသည်။ ကြိုင်ကြိုင်က...

"သူတို့မို့လို့ မရွံ့မရှာ..." ဟု ပြောရင်း ရယ်မိလေသည်။

သည်တော့ ချီးပေ က ပိုကဲကာ ထိုင်နေရာမှ ဖုတ်ဖက်ခါထ
ဂျူဒို့လက်ထဲမှ မြွေကို ယူပြီး လည်ပင်းတွင် ဆွဲလိုက်လေသည်။
နောက် ဝေခင် လျှောက်လာသော လမ်းအတိုင်း လှမ်းလာရင်း သူ၏
တိုင်းသော ကိုယ်ကြီးကို ယိမ်းနွဲ့ကာ တင်ပါးကို ဘယ်-ညာ လှုပ်ခါ
... 'မှုံရွှေရည်... ခိုင်မာလာနှင်းဆီ' ဟု သီချင်းဆိုပြီး မေးကို ဝိုက်၍
ထိုး- နောက်ငင် လုပ်ပြနေသည်။ မျက်လုံးများကို ထောင့်ကပ်လျက်
မှုယာ လုပ်ပြနေရာ အားလုံး တသောသော ရယ်မောကြလေသည်။

မကြာမီ ဆရာ ရောက်လာပြန်တော့ အားလုံး ဣန္ဒြေတွေနှင့်
ည်ကြည် ငြိမ်သက်ကြပြန်သည်။ ကျောင်းသားတွေထက် အတွေ့
ကြုံများသော ဆရာကလည်း လူပါးပင်...

"ခင်ဗျားတို့ နေပူထဲ ပင်ပန်းနေကြပြီလား..."

"မပင်ပန်းပါဘူး ဆရာ..."

ဂျူဒိုတို့အုပ်စုက မဆိုင်းမတွ ဖြေသည်။ ဂျူဒို က အသံလည်း
ယ်သည်။ စကားပြောလည်း မြန်သည်။ ရန်နိုင် စကားပြောဟန်နှင့်
သုံး မတူ ဟု ဝေခင်က သတိထားမိလေသည်။ ဆရာက ခပ်ပြုံးပြုံး
...

"နေရိပ်လိုချင်ရင် နေပူက စောင့်ရတာပေါ့ဗျာ...၊ လက်တွေ့မှာ
မ်းကျင်ရမည်...၊ အပင်ပန်းခံရမယ်...၊ ဒါမှ အင်ဂျင်နီယာကောင်း
စ် ယောက် ဖြစ်လာမှာပေါ့...၊ ခင်ဗျားတို့လည်း တောကြီးမြက်မည်း
စ်တိုက် ထွက်ရတဲ့ စစ်သားတွေကို ကိုယ့်ကိုယ်ကိုယ် သဘောထားရမယ်။
သမင်းနဲ့ ရင်မဆိုင်ရတာ တစ်ခုပဲ ပြောစရာရှိတယ်။ ဒါတောင်...
ဆိုလူဟာ... ဘယ်သူလဲ..."

ဂျူဒို့ ဘက်သို့ မေးငေါ့ကာ မေးလိုက်လေသည်။ "ဂျူဒိုအဲ...
အဲ... ရန်ပိုင်ပါ..." ဟု ဘဲဥက ဝင်ဖြေသည်။ ဆရာက ပြုံးပြုံးပြုံးလျက်...

www.burmeseclassic.com

www.burmeseclassic.com



"ကိုရန်ပိုင်ဆို... မြွေနဲ့တောင် စစ်ခင်းသေးတာပဲ..."

သည်တော့ ဂျူဒိုက ကုပ်ပုဝင်သွားလေသည်။ လှျာလည်း မသော ထွက်လာလေသည်။ သည်တော့ ဆရာက ဆက်၍... တည် သော မျက်နှာထားနှင့်...

"ဒီ ဘာသာက ဖြီးလို့ မရဘူးဗျ...၊ တောင်တို့ ချိုင့်ဝှမ်းတို့ တိုင်း နေရာမှာ ဖြီးရင်ဖြီးသလို တစ်ခါတည်း 'ကွဲ' တာ...၊ ခင်ဗျားတို့ နောက် ကျ Instrument (ကိရိယာ တန်ဆာပလာ) ကိုင်တာတွယ်တာ ကျွမ်း ဖို့ လေ့လာကြရမယ်။ အထူးသဖြင့် မြို့ပြတွေက မေမြို့ကင်း(ပ်) (Cam ဆင်းမှ၊ ဒီမှာ အချောင်ခိုသမျှ ဒုက္ခရောက်ကြမှာ...၊ ခင်ဗျား ဒီမှာ လက်တွေ့ရော၊ စာတွေ့ရော အပင်ပန်းခံရမှာဗျ...၊ ဂဏန်းဆို လည်း ခင်ဗျားတို့ အများကြီးတွက်ရမှာ..."

ဆရာက ပြောရင်း ကျောင်းသား ကျောင်းသူတွေ၏ မျက်နှာ ကို တစ်ယောက်စီ လိုက်ကြည့်လေသည်။

"ခင်ဗျားတို့ ၁၀ တန်း တုန်းက Logarithm လော့ဂရစ်သ (ဂဏန်းသင်္ချာ အတိုကောက်တွက်နည်းမျိုး) ဘယ်နှလုံးလဲ...၊ သုံး လား...၊ လေးလုံးလား ရှိတယ်...၊ ဒီမှာက ၇ လုံး ထားတွက်ရတာ တစ်ခါတလေ ညလုံးပေါက် ထိုင် တွက်လို့ အဖြေက ထွက်ချင်မှ ထွ တာ...။ သင်္ချာတွက်လို့ ခေါင်းမူးတယ်၊ မော်တယ်ဆိုရင်တော့ ဆ မလိုက်တာပဲ ကောင်းတယ်...၊ နို့မဟုတ်ရင် ဒီနေရာက စိတ္တဇဆေးရုံ နီးတာနဲ့ အတော်ပဲ ဖြစ်သွားမယ်..."

ဆရာက ရယ်စရာကို ရှုတည်တည်နှင့် ပြောနေသဖြင့် ဘယ်သူ မရယ်ဘဲ နေကြရာမှ ချီးပေ က သဘောပေါက်ကာ အသံထွက်ရယ်လေ လေသည်။ သည်တော့ အားလုံးက ချီးပေ ကို ကြည့်ကာ ရယ်မောပြ သည်။

"ခင်ဗျားတို့ကို နှစ်ကြီးသမားတွေက နည်းကောင်း လမ်းကောင် လေးတွေ ရှေ့ဆောင် လမ်းပြလိမ့်မယ်...၊ ဘာတဲ့ဗျာ... တိုင်းနည်း တွ နည်းတွေက... **'လိုတိုးပိုလျှော့ L.T.P.S'** တဲ့ ဟုတ်လား...။ ကွန်ပျူတာ မမှန်းတတ်ရင်၊ ဒီ စကားသုံးတယ်...၊ လို တိုးပိုလျှော့...၊ အဲဒါ ခင်ဗျာ

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ကျ လ-တ-ပ-လ လုပ် မရဘူး...၊ မှတ်ထားဗျ...၊ ခင်ဗျား ဒီမှာ အပင်ပန်း မခံဘူးဆိုရင် လက်တွေ့ မကျွမ်းကျင်နိုင်ဘူး၊ နောက် မြို့ကြတော့လည်း... မပိုင်ရင် ခင်ဗျားတို့ အလုပ်ခွင်ဝင်ကြရော ပါတော့...၊ ဒီတော့ ဟိုစမ်း ဒီစမ်းနဲ့ လက်အောက်ငယ်သားတွေက တို့ကို အထင်သေးမှာ သေချာတယ်...၊ ဒီစကား ခင်ဗျားတို့ မြို့ပြသမား တွေကို အထူး ပြောနေတယ်..."

ဆရာက ပြောနေတော့ ကိုပြံ တို့၊ ချီးပေ တို့၊ ဂျူဒို တို့သည် တစ် ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြလေသည်။ သည့်နောက် ဂျူဒို က နှုတ်သွက် အာသွက်နှင့်...

"ဟုတ်ကဲ့... ဆရာ၊ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားပါ့မယ်၊ အပင်ပန်းခံပါ့မယ်...၊ သူများတွေ ဖရီးရိုက်ကြပေမဲ့ ကျွန်တော်တို့ မနာလို ပါဘူး..." ဟု ပြောဆဲ...

ချီးပေ က ဆရာ မကြားအောင် လေသံနှင့် မာမာအေး သီချင်း လို ... 'နာလိုဘူးတဲ့... နာလိုဘူးတဲ့... ရှင်... ' ဟု သီဆိုနေသည်။ ကိုပြံက အသာကျိတ်၍ ရယ်မောနေသည်။ ဆရာက ပြုံးလျက်...

"ခင်ဗျားတို့အတွက် ပြောတာပဲ...၊ ခင်ဗျားတို့ ထူးချွန်တဲ့ အတတ် ပညာရှင် ဖြစ်လာဖို့ဟာ ဒီ ပင်ပန်းဆင်းရဲမှုတွေကပဲ အဆုံးအဖြတ်ပေး မှာပဲဗျ၊ အနာခံမှ အသာစံရမှာ..."

ပြောပြီး ဆရာက ထွက်ခွာသွားပြန်လေသည်။ ဆရာထွက်သွား ပြန်တော့လည်း ဂျူဒိုတို့ကား တသောသော ရယ်မောကြပြန်သည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## [၁၅]

သင်တန်းပြီးဆုံးချိန်ကျတော့ ရှေ့မှ လျှောက်သွားသော ဝေခင်၊ မေအောင် နှင့် ကြိုင်ကြိုင် တို့နောက် ဂျူဒို တို့အုပ်စုက အပြေးအလွှား လိုက် လာကြလေသည်။ ဂျူဒို က နောက်မှနေ၍-

"ဝေခင်..."

"ဝေခင်..."

ဝေခင် က လှည့် မကြည့်သဖြင့် ထပ်ဆင့် ခေါ်လိုက်ရလေသည်။ ဒါလည်း လှည့်မကြည့်။ ဂျူဒိုက ဝေခင့်နောက်သို့ လိုက်ရင်း မီလာကာ... ဝေခင့် ရှေ့မှ ကြိုရပ်လိုက်ပြီး...

"ခေါ်နေတာ မကြားဘူးလား..."

"ကြားသားပဲ..."

"ဘာဖြစ်လို့ လှည့်မကြည့်တာလဲ..."

"နောက်တယ်ထင်လို့..."

"အကောင်းခေါ်တာပါဟာ..."

"ဒါတော့ ဘယ်သိမလဲ..."

"စ တာ နောက်တာတွေကို သိပ် စိတ်ဆိုးတာပဲလား..."

"ဆိုးတယ်..."

"တောင်းပန်ရင်ရော ကျေနပ်မလား..."

ဝေခင်က မဖြေ၊ မေအောင် က ဂျူဒို ၏ မျက်နှာချိုချိုကို ကြည့်ကာ ရယ်ချင်လာလေသည်။ ကြိုင်ကြိုင်ကတော့ အကဲခတ်သလို ဂျူဒိုအား မေးမောကြည့်နေသည်။ ဂျူဒိုနောက်မှ ချီးပေတို့ စိပ်ပုတီးတို့က ဖြည်းဖြည်းချင်း လျှောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါမယ် ဆိုတာတောင် မကျေနပ်ဖူးလား...၊ ရန်သူ တောင် ဝန်ချရင် ကျေနပ်ရသေးတာပဲ၊ တို့တွေက ရန်သူမှ မဟုတ်ဘဲ..."

ဝေခင် က ဘာဘာညာညာ ထွေထွေရာရာ မပြောတတ်သဖြင့် စကား မဆိုဘဲ ရှေ့မှ လျှောက်မြဲတိုင်း လျှောက်လာလေသည်။

"ဝေခင်က ငါတို့ကို ကျော်ကျော်တို့နဲ့ မှားနေပြီထင်တယ်၊ တို့အုပ်စု က ကျော်ကျော်တို့ အုပ်စုနဲ့ မတူပါဘူး၊ ငါတို့က ပျော်တတ် နောက်တတ် ပေမဲ့ ကျော်ကျော်တို့လို မိန်းကလေးတွေအပေါ် မရိုင်းပျပါဘူး၊ မဖော် ကားတတ်ပါဘူး၊ အနိုင်မယူတတ်ပါဘူး၊ နင်-ချော်လဲတုန်းက ကျော်ကျော် ဝမ်းသာအားရနဲ့ ပြောလိုက်တဲ့ စကားအတွက်လည်း စိတ် မကောင်း ပါဘူး၊ အမှန်ကတော့ ကျော်ကျော် ဟာ ငါ့ညီတစ်ဝမ်းကွဲပါ..."

"သိပါတယ်..."

ဝေခင် က စကားတစ်ခွန်းသာ ဆိုလိုက်လေသည်။ ဂျူဒိုက...

"ဒါပေမဲ့ သူ့အမေ နဲ့ ငါတို့အမေ... ယူတဲ့ယောကျ်ားတွေက မတူကြ ဘူး၊ ငါတို့အမေယောကျ်ား တို့အဖေဟာ ရိုးရိုးအေးအေး၊ ဘယ်လိုပြော ရမလဲ... စရိုက်မှန်တယ်ပေါ့၊ ဂျပန်ခေတ်က တော်လှန်ရေးသမားဟောင်း စစ်ပြီး လွတ်လပ်ရေးရတော့ ကုန်သည်လုပ်တယ်၊ ဒူးရင်းခြံတွေ မော်လ မြိုင်မှာ ဝယ်ပြီး စီးပွားရေးလုပ်ငန်း ဇောက်ချလုပ်တယ်။ အမှန်အတိုင်း ပြောရရင် အစက ဈေးဆိုင်လေးတယ်ရာကနေ တစ်စတစ်စ ဝိရိယ လုံ့လနဲ့ ဉာဏ်အားနဲ့ ကြီးပွားလာခဲ့ရတာပဲ၊ ဖေဖေဟာ... ရိုးတယ် ဖြောင့်တယ် သားသမီး အဆုံးအမ အားကြီးတော်တယ်..."

"ဒါကြောင့် ဒီကောင် ဒါလောက်တော်တာပေါ့..." ဟု ချီးပေက ဂျူဒို့ပခုံးကို ဖက်ရင်း ဝင်ပြောလိုက်လေသည်။ ဂျူဒိုက ချီးပေ၏လက်ကို ပုတ်ချရင်း-

"ဟေ့... စိန်ကောင်း ကျောင်းကောင်း ရောင်းတဲ့နေရာမှာ ဆေးရိုး သည်က ကန့်လန့်မဝင်ပါနဲ့..."

"မသိပါဘူးကွာ... ငါက လူများ ရောင်းနေသလားလို့..."

ချီးပေက နောက်ပြောင်သဖြင့် ဂျူဒို က ချီးပေ အား ခွန်းထုတ် လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားကွာ... ၊ ငါ အရေးကြီးတဲ့ စကားပြောနေတာ၊ ဝေခင်က ဒါနဲ့ ကျော်ကျော် တို့နဲ့ ရောသွားမှာစိုးလို့ကွ၊ ဒါနဲ့ဆက်ပြောရဦးမယ်၊ ကျော်ကျော်တို့အမေ... တို့ရဲ့ အဒေါ်ပေါ့၊ အမေညီမကိုး...၊ အဲ...ဒေါ်ဒေါ် ဟောက်ျား... ကျော်ကျော့်အဖေ အရာရှိကြီးပေါ့၊ အကြီးစားနော်... အသေးစား မဟုတ်ဘူး..."

သည်တော့ ဝေခင်က မျက်ခုံးလေးတွန့်ကာ...

"နေပါဦး... ဦးစကား... သိပ်ကြားဖူးတာပဲ" ဟု ပြောရင်း စဉ်းစား ကာ ရယ်မိလေသည်။

ဂျူဒိုက သူ့စကားကို ဆက်၍...

"အရင်က ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့၊ ခုတော့ ဆင်ကြီး ဂဠုန်ကြီးပေါ့၊ ဆိုင်ဂုဏ်ရှိ၊ သိပ် အထက်တန်းကျပေါ့၊ မေမေ့ညီမ... ဒေါ်ဒေါ် ဆိုတာ သည်း မင်းကတော်ကြီးပေါ့။ လူတကာက 'မမ' 'မမ' နဲ့ ဆိုတော့ တော်ရုံ တန်ရုံ လူ မထင်တော့ဘူး၊ ကျော်ကျော်ဆိုတာလည်း မွေးကတည်းက လူတကာက ဖူးဖူးမှုတ်ခဲ့တာ၊ ခေါင်းပေါ်တင်ခဲ့တာ၊ ဒီတော့ လူတကာ ခေါင်းပေါ်မှာပဲ သူက နေချင်တာ၊ လူတကာကို အနိုင်ကျင့်ချင်တာ..."

"အို... လူလူချင်း အနိုင်ကျင့်ချင်တိုင်း ကျင့်လို့ရမလား..."

ဝေခင် က ဖျတ်ခနဲ ဝင်ပြောလိုက်လေသည်။

"နင့်သတ္တိကိုတော့ တို့က ချီးကျူးပါတယ်၊ တို့လည်း နင့်လိုပဲ ဟုတ် မခံ အစားထဲကပဲ၊ ဒီတော့ သူက တို့တွေကို သိပ် ခံပြင်းတာ၊ သူက ဂျူဒို ကို ဦးချိုးပစ်မယ်ဆိုပြီး ကွယ်ရာ ခဏခဏ ပြောတာတဲ့၊ နင့်ကိုလည်း ကွယ်ရာ သိပ်ပြောတာပဲ၊ ငါကတော့ သူ့ကို ရှေ့တင်လည်း ဆဖန်တာပဲ၊ သူက ရန်ကုန်မြို့ပေါ်မှာနေ၊ ကားတစ်စီးနဲ့ ကျူရှင်တွေ သွား၊ နေ့ကျူရှင်တွေ တက်၊ ကွက်ရှင်တွေလည်း အနှံ့ခံပြီး လိုက်၊ အိမ်ကို ဆောင် ကားနဲ့ ဆရာ ခေါ်သင့်တာ...၊ 'ဒီ' သုံးခုနဲ့အောင်တော့ ငါတို့လို နယ်ကကောင်တွေ 'ဒီ' သုံးခုရတာကို သူက ခံပြင်းနေတာ၊ ငါတို့ ဘယ် လောက် တော်သလဲပေါ့..."

"ဒါတောင် ဆေးကျောင်း မရောက်ဖူးနော်..."

ကိုပြံ က ဝင်ပြောလေသည်။ ဂျူဒို က ငေးနေခဲ့ ချီးပေက...

www.burmeseclassic.com

www.burmeseclassic.com



"ရမှ မရဘဲ၊ ရရင် သိပ်လိုက်ပေါ့၊ တို့လိုကောင်တွေက ဒီလိုင်း စိုက်လိုက်မတ်တတ် လိုက်ဖို့ ရည်ရွယ်ခဲ့တာ၊ သူက ဒီလိုမဟုတ် အမှုဝင်တွေ စာရင်းတွေတော့ ခိုင်ကေ တို့အိမ် သွား ငိုတာတဲ့၊ ဒီကော ကြီးတောင် မသိဘူး..."

ဂျူဒို့ အား မေးငေါ့ပြနေသည်။ စိပ်ပုတီးက ကြားဖြတ်ဝင်လျက်—

"မင်းကရော... ဘယ်လိုလုပ် သိသလဲ..."

"ဟဲ... ဟဲ... ဒီလိုပေါ့..."

"ဒီကောင် အချင်းချင်း လျှိုနေရသေးတယ်..."

ဘဲဥက ခြီးပေ၏ခေါင်းကို မမီမကမ်းနှင့်လှမ်းပုတ်လိုက်လေသည် အရပ် ၅ ပေသာရှိသော ပုပုဝဝ ဘဲဥ နှင့် အရပ် ၆ ပေခန့် ရှိသော ပိန်ပိန်ရှည်ရှည် ခြီးပေကို ကြည့်ကာ ကြိုင်ကြိုင်တို့က ရယ်မောမိသေ သည်။

"ဟော့... ခိုင်ကေ နဲ့ ဒီကောင် ဘယ်လို အဆက်အသွယ်ရှိသလဲ—"

ကိုပြံက ဝင်မေးလိုက်လေသည်။ ဒီတော့... ဂျူဒိုက...

"ဩော်... မင်းကလည်း ဂုဏ်တူ အလုပ်တူလေ၊ သူတို့စကား ပြောရရင် Rank (ရာထူးအဆင့်) တူချင်း၊ အဲဒါ စကားပြောတာ— ခိုင်ကေ့ အဖေနဲ့ ကျော်ကျော်တို့ အဖေတို့က ဌာနချင်း မတူပေတဲ့ လ ၁၆၀ဝီ စားချင်း အတူတူပဲ၊ ဘီယာအတူတူ သောက်၊ ဂေါ့(ဖ်) အတူ ရိုက်၊ ဖဲ အတူတူ ရိုက်၊ ကားနဲ့တစ်ယောက်အိမ် တစ်ယောက်ကူး၊ ဖုံးချင်း ဆက်၊ မိန်းမချင်းဆက်၊ သားသမီးချင်း ဆက်၊ ခွေးချင်း ဆက်..."

"ဘာ... ဘာ..."

ခြီးပေက မျက်လုံးကြီးများပြူးကာ အလန့်တကြားနှင့် မေးလိုက် လေသည်။ ဂျူဒိုက မိန်းကလေးတွေရှေ့မို့ စကား မဆက်တော့ပေ။

ဟုတ်ကယ်တော့လည်း လူတွေသည် အဆောင်အယောင်တွေ မြင့်မားလေလေ အနေအစားကို ချဲ့ထွင်လေလေ ဖြစ်လာကြလေသည်။ တစ်ဦးနှင့်တစ်ဦး မိတ်ဆွေရင်းပမာ ပေါင်းလည်းပေါင်း ဖြိုင်လည်း ဖြို လျက် ရှိလေသည်။ တစ်အိမ်နှင့် တစ်အိမ် ကူးလူးဆက်ဆံကာ ဂျူဒိုပြော သလို ကားနှင့်ကူး၊ ဖုံးချင်းဆက်၊ သားသမီးချင်းဆက်၊ ခွေးချင်းဆက် ဆိုသည်မှာ အမှန်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



နောင်အခါတွင် ဝေခင် သိခွင့်ရလာလေသည်။ ခြံဥယျာဉ်ထဲမှ များပင် မနေရ။ ဟိုအိမ်က ဂမုန်း နှင့် ဒီအိမ်က ဂမုန်း၊ ဟိုအိမ်မှ သစ်ခွ နှင့် ဒီအိမ် က သစ်ခွ ပန်းချင်းလည်း ဆက်သေးသည်။ စေတနာ ပေးကြတာထက်... ဒါ ဘယ်ကလာတာ၊ ဘယ်သူ့အိမ်က ရတာ ည်များ...။

ခွေးချင်းဆက် ဆိုသည်မှာလည်း စကားပမာပြောသည် မဟုတ်၊ တော့နှင့် ကျော်ကျော် တို့အိမ်မှာ-အယ်(လ်)စေးရှင်းခွေးကြီးများ မွေး ကြသည်။ ဗမာခွေးမျိုး မဟုတ်သဖြင့် နေ့စဉ် နွားနို့၊ ပေါင်မုန့်၊ ပတ်သုတ်၊ ကြက်ဥ အသားငါး... အစရှိသော အဖိုးကြီး အာဟာရ ကိုမှ စားတတ်ကြသည်။

ခွေးတစ်ကောင်၏ တစ်နေ့စရိတ်မှာ... ပျှမ်းမျှ သုံးကျပ်ခန့် ရှိလေ ည်ဟု အဆိုရှိသည်။ ဖာဂလူကွန် ခေါ် အဖိုးတန် အားဆေးများကိုပင် ကျွေးကြရသေးသည်။ ကျော်ကျော်တို့အိမ်မှာ ထိုခွေးမျိုး အထီးအမ ကောင် မွေးထားရာ အထီး က သေသွားသဖြင့် ခိုင်ကေသီမော် ၏ အိမ်မှ ခွေးအထီးနှင့် ကျော်ကျော်တို့အိမ်မှ ခွေးအမတို့ မျိုးချင်း တ်ကြလေသည်။ ဒါကိုပင် ဂျူဒိုက ရည်စူးပြောလိုဟန် ရှိသည်။

ဂျူဒိုတို့ မော်လမြိုင်အိမ်၌ပင် ကျော်ကျော်တို့အဖေက ပေးသဖြင့် လုံခြုံရေးအတွက် အယ်(လ်)ဇေးရှင်းခွေးတစ်ကောင် မွေးသေးသည်။ ခွေးမျိုးတစ်ကောင် ၃၀၀ိ တန်သည်ဟု ကျော်ကျော် တို့အဖေက ကြာခဏ ဂုဏ်ယူပြောလေ့ရှိသည်။ အရွယ်ရောက် ခွေးအကြီးဆိုလျှင် ၀၀ိ-၇၀၀ိ... ဆိုပဲ။

ဂျူဒိုတို့ကတော့ မောင်နှမ ၁၀ ယောက်တောင်ရှိသည့် အိမ်ထောင် ဆိုတော့ ကရိကထ မများနိုင်။ အိမ်သားတွေ စားသော ငါးသလောက် င်းလည်း ကျွေး၊ ငပိရည် နှင့် နယ်ကျွေးလို ကျွေး... စားတာပင် ကြာတော့ ခွေးကြီးက လူတွေနှင့် ယဉ်ပါးလာပြီး လူတွေစားသလို မုန့်စိမ်း ပေါင်း၊ ငှက်ပျောကြော် စသော သရေစာများကိုပါ စားသည်အပြင် ဂျူဒိုတို့ ကြံစုပ်သလို ကြံတွေ စုပ်, စသည်ဖြင့် ပြောစမှတ်ပြုး ဖြစ်ကြ သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတွေနှင့် တစ်သားတည်းနေသည်။ ပြည်သူတွေစားသည့် စား သည်ဟူ၍ ဂျူဒိုက သူ့အိမ်က ခွေးကြီးကို 'ပြည်သူ့ခွေး' ဟု အမည် တပ်သည်။ ကျော်ကျော်တို့အိမ်မှ ခွေးကတော့ အယ်လ်ဇေးရှင်းခွေး ကော်လာဖြူ အရာရှိကြီးတို့ရဲ့ ခွေးမို့ သီးသန့်ခွေး... ခွေးပတ်ကား...။

ကော်လာဖြူအရာရှိကြီး ဆိုတာကတော့ အနောက်တိုင်းနိုင်ငံ တွင်... ကော်လာဖြူ တပ်သော အခွင့်ထူးခံ အရာရှိများကို ဆိုလိုသည်ဟု ဂျူဒို တို့ အဖေက ပြောဖူးသည်။ အဖေက သူ့မယားညီအစ်ကို ကို ဒီလို ပင် ကင်ပွန်းတပ်သည်...။

ထို့နောက် ဂျူဒို့ က ဆက်ပြောသည်မှာ...

"သူတို့က အဆင့်အတန်းတူချင်းမှ ပေါင်းကာ...၊ ဥပမာဆိုပါတော့ လခ ၁၆၀၀ိ စားတွေ အစည်းအဝေး လုပ်တယ်ဆိုရင် ဌာနတစ်ခုခုက လခ ၁၃၀၀ိ စား လွှတ်လိုက်တယ် ဆိုပါတော့... အဲဒါ သိသိသာသာပဲ ကန့်ကွက်...၊ ပညာပြတယ်...၊ လက်ဖက်ရည်ဝိုင်းဖွဲ့ သောက်နေလို့ နည်း နည်းသောက် ရာထူး အဆင့်နိမ့်တယ်ဆိုရင် ဒီဝိုင်း သွင်းချင်တာ မဟုတ် ဘူးတဲ့။ ဖေဖေကိုယ်တိုင် မြင်ခဲ့တာ...၊ ဒါကြောင့် တို့ဖေဖေက လခ စား မလုပ်ချင်တာတဲ့...၊ တစ်ဆင့်တစ်ဆင့် အောက်ကျို့ရတာကို ရွံလို့ တဲ့...၊ ဗြူရိုကရက်ဆိုတာ... ဒါပဲနေမှာ..."

ဂျူဒို က ပြောရင်း တစ်ချက် ရယ်မောလျက် ဝေခင်၏ မျက်နှာကို စိုက်ကြည့်ကာ...

"ဒါတွေ ပြောရတာကတော့ ငါနဲ့ ကျော်ကျော်တို့ဟာ စိတ်ထား ချင်း ဘယ်နည်းနဲ့မှ မတူနိုင်ဘူးဆိုတာ ဝေခင် သိစေချင်လို့ပါပဲ...၊ ဒီလို အသိုင်းအဝိုင်းက ပေါက်ဖွားလာတဲ့ ကျော်ကျော်ဟာ ဘယ်လောက် ထောင်လွှားသလဲ...၊ ဘယ့်လောက်မောက်မာသလဲ...၊ ဝေခင်တို့ အသိပဲ...၊ တို့က ဒီလိုအုပ်စုမျိုး မဟုတ်ဘူးဆိုတာ ခွဲခြားသိစေချင်လို့ ပါပဲ..."

ဂျူဒိုက ပြောရင်း ဆိုရင်း သူ့မိတ်ဆွေများနှင့် ဝေခင်တို့အား မိတ်ဆက်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက... ဖေသန်း ခေါ် ချီးပေ...၊ ဒူးယားဆောင် မှာ အိမ်သာ
...ရင်း ရလာတဲ့နာမည်က ချီးပေ...၊ တို့လိုပဲ မော်လမြိုင်သား...၊
... ရေနံချောင်းက ခင်မောင်ရင်၊ အာရ်-အိုင်-တီ ရောက်မှ စာအုပ်
...ရင်း ပုဆိုးပြဲလို့...၊ ကိုပြဲတဲ့။ ဟောဒါက... အပါ၊ ဘဲဥလို့ ခေါ်ကြ
...တော့... ဒီပုံသာ ကြည့်လိုက်ပါတော့ဗျာ... ဆိုတာလိုပဲ... အပါ က
...မောက်သား၊ ဗိုလ်ချုပ်အောင်ဆန်းတို့ ဇာတိ...၊ သူက... စိပ်ပုတီး
... နာမည်ရင်းက... သာမောင်..."

ဂျူဒိုက တစ်ယောက်စီ မိတ်ဆက်ပေးနေဆဲ ချီးပေက...

"ချဉ်ဖတ်တို့အုပ်စုမှာလည်း သာမောင် တစ်ယောက်ရှိသေးတယ်၊
... က မြာငမ်းလွန်းလို့ သူ့ကို 'နှာ, သာမောင်' လို့ ခေါ်တယ်၊ ဒါ့ကြောင့်
...တို့ဘက်က သာမောင် က ပုတီးသာမောင် ပေါ့..."

"အံမယ်..."

ကြိုင်ကြိုင်က ပြောရင်း နှုတ်ခမ်းမဲ့ကာ ရယ်နေသည်။

ဂျူဒိုက ဆက်၍...

"တကယ့် ပုတီးစိပ်တဲ့ သာမောင် ပါ...၊ ည... ည အိပ်ရာဝင်
...တိုင်း ဂုဏ်တော် ပုတီးစိပ်တာ... တို့မျက်မြင်ပဲ...၊ ကိုပုတီး က ဟသ်္သာတ
...၊ တို့ထဲမှာ သူက သူတော် အကောင်းဆုံးပဲ...၊ ပုရွက်ဆိတ်တစ်
...ာင်တောင် မသတ်ဘူး..."

ကိုပြဲက ကြားဖြတ်ဝင်၍...

"ဂဏန်းအရှင်ပဲ ရေနွေးထဲ ထည့်ပြုတ်စားတယ်..."

"သူကတော့ ရဲထွတ်တဲ့...၊ တောင်ငူသားလေ... နာမည်နဲ့ မြို့နဲ့
...တ်တယ်...၊ ရှင်ရဲထွတ်လည်း ခေါ်တယ်...၊ တပင်ရွှေထီးနဲ့ မိုက်ကန်း
...ချင်းလည်း တူတယ်...၊ ပုလင်းမော့တာချင်းလည်း... တူတယ်...၊
...ကြောင့် ကိုယ်တို့က သူ့ကို အဝေရာ လို့ ခေါ်တယ်...၊ အဝေရာ့
...တာ သူ့ပဲမှတ်..."

ဂျူဒိုက မိတ်ဆက်ပေးနေဆဲ... ချီးပေက...

www.burmeseclassic.com

www.burmeseclassic.com



"သောက်လိုက်ရင် ချို...၊ မျိုလိုက်ရင်... ခါး" ကို အသံနေ အသံ
ထားနှင့် ဆိုလိုက်လေသည်။

မေအောင်က ရယ်လျက်...

"ရှင်တို့တွေ... အဝေရာ... အဝေရာတော့ ခေါ်သံကြားရ
ဘယ်သူမှန်း မသိဘူး...၊ ခုမှပဲ..."

"အဲ... သူပဲ...၊ သူပဲ... " ဟု ကိုပြ က အဝေရာ ကို လက်ညှိုးထိုး
နေသည်။

လူတွေက တစ်ပုံစံစီ...၊ ချီးပေ ခေါ် ဖေသန်း က ပိန်ပိန်ရှည်ရှည်
ကိုပြခေါ် ခင်မောင်ရင်က အသားမည်းမည်း၊ ခပ်တုတ်တုတ်။ ဘဲဥ ခေါ်
အပါ က ဖြူဖြူဝဝ၊ စိပ်ပုတီးခေါ် သာမောင်က ဖြူဖြူပိန်ပိန်၊ သေးသေး
အဝေရာ ခေါ် ရဲထွတ် ကတော့ အရပ်မြင့်မြင့် နှင့် အသားလတ်သည်
ရုပ်ရည် ချောမော လှပသည်။ ဂျူဒို နှင့် ညီအစ်ကိုပမာ ရေးရေး တူသည်

"ကိုရန်ပိုင့် နာမည်က ဘာလို့ ဂျူဒိုဖြစ်လာရတာလဲ..."

ကြိုင်ကြိုင် က စပ်စပ်စုစုမေးသည်။

ဂျူဒို က မဖြေ၊ ပြုံး၍သာနေသည်။ သည်တော့ မေအောင်က

"ဂျူဒိုတတ်လို့လား..."

ချီးပေ က တစ်ချက်ရယ်လျက်...

"ဘယ်လိုထင်လို့လဲ..."

"ဘယ်ထင်တတ်မလဲ..." ဟု မေအောင် က ဖြေသည်။

"မော်လမြိုင်မှာ... တို့ ဟိုက်စကူးကျောင်းသားဘဝက ဒီကောင်
ဂျူဒိုသင်တန်းတက်ခါစ သွေးကြွပြီး အတန်းထဲက ဂျူဒိုမောင်... ငွေ
ဆိုတဲ့ ကောင်နဲ့ သွားချဲတာ..."

"ရှုံးရော... မဟုတ်လား..."

ဝေခင်က ဖျတ်ခနဲဝင်ပြောကာ ရယ်လိုက်လေသည်။ ဂျူဒို
ဝေခင့်မျက်နှာလေးကို စိုက်ငေးကြည့်ပြီး မျက်နှာနှင့် နားရွက်နီမြန်းလျက်
ရယ်နေသည်။ ချီးပေက...

www.burmeseclassic.com

www.burmeseclassic.com



"ဝေခင်က ဘယ်ဆိုးလို့လဲ...၊ အမှန်ပဲရှုံးတာပေါ့... ဟိုက န်းဆင်းပဲဟာ...၊ ဘယ်လက်တောင် အထိနာသွားလို့ ဆေးရုံသွား တော ကိုင်ရတာ တစ်ပတ်ပဲ..."

ကြိုင်ကြိုင် တို့က ရယ်မောကြသည်။ ခီးပေက ဂျူဒို၏ကျောကို ကာ...

"ခုတော့ ဂျူဒို ချန်ပီယံဖြစ်ပါပီ...၊ ရန်ကုန်မှာ သင်တန်းတက်လိုက် ပြိုင်ပွဲတွေ ဘာတွေမှာ ရွှေတံဆိပ်တောင် ဆုရခဲ့တယ်..."

ဂျူဒိုက ခီးပေ၏ ကျောကို အပြန်ပြန်အလှန်လှန် သပ်ကာ...

"သူငယ်ချင်းက ဒါတွေ အားကိုးရတာ...၊ ဒီစေတနာ အကျိုးတွေ ါလိမ့်မယ်... ပေးပါလိမ့်မယ်..."

ဝေခင် တို့က ရွှင်လန်းပေါ့ပါးစွာပင် ရယ်မောကြလေသည်။

သူတို့တစ်တွေ ရပ်စကားပြောနေရာမှ ခွဲခွာလာခဲ့ကြလည်း န်က မပြတ်...၊ ရယ်နေကြဆဲသာ။ ခီးပေ က သူ၏ ရှည်လျားသော ကြီးနှင့် ဘဲဥလို ဂျပုလေး နှင့် တမင် တွဲလျှောက်ပြီး ဘဲဥခေါင်း လက်တင် လျှောက်သွားသည်ကို ကြည့်ရင်း ရယ်စရာဖြစ်နေသည်။

ဝေခင်က ကလေးငယ်လို ဟက်ဟက်ပက်ပက် ရယ်မောနေမိ သည်။

❀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [၁၆]

ဝေခင်၏အစ်ကို တင့်ဇော် ကမူ ဝေခင် မကြာခဏ ရယ်မော တတ်သော အလေ့ကို မကြိုက်...။

တစ်ခါတစ်ရံမှ အိမ်ပြန်လာလေ့ရှိသော်လည်း ဝေခင် ဟား... ကျက် ရယ်မောသံကြားလျှင်... "ဒီကောင်မလေးဟာ... ဘာလို့ ဒါလောက် ယ်နေရတာလဲ..." ဟု မာန်လေ့ရှိလေသည်။ တင့်ဇော် က နှမလေးကို စ်တတ်သလောက် သဝန်လည်း တိုလေ့ရှိသည်။ အတန်းထဲ ယောကျ်ား းေး အသိများ အိမ်သို့ အကြောင်း တစ်စုံတစ်ခုကြောင့် လာလျှင်လည်း ကြိုက်တတ်။ မျက်နှာမှာ ညိုနေတတ်သည်။ သူကိုယ်တိုင်ကလည်း န်းကလေးတွေနှင့် အရောတဝင် နေလေ့မရှိ။

ဝေခင်ကမူ တောခိုသွားသော အစ်ကိုမြင့်ဇော်ထက် စာလျှင် အစ်ကိုတင့်ဇော်ကို ပို၍ ခင်တွယ်လျက်ရှိလေသည်။

အစ်ကိုတင့်ဇော် ရန်ကုန်လာသည့်အခိုက် ဝေခင်ရှိရာ စက်မှု ဘတ္တသိုလ် စာသင်ခန်းတွေတွင် လာရှာသည်။ သို့ကြောင့်... ကြိုင်ကြိုင်က အမောတကောနှင့်...

"ဝေခင်ရေ... နင့်ကို လူတစ်ယောက်လိုက်ရှာနေတယ်...၊ နင့် Library (စာကြည့်တိုက်)မှာ စာကြည့်တုန်းကပေါ့... တို့က နင်ဂျီ ဘော(လ်) က မမစိမ်းဆီ သွားတယ်ထင်လို့ အဲ့ဒီတောင် ညွှန်လိုက်မိ သေးတယ်...၊ နင်လိုက်သွားရင် မီတယ်..."

"ဘယ်သူများပါလိမ့်..."

"စစ်ဝတ်စစ်စားနဲ့ဟယ်... စစ်သားတစ်ယောက်ပါ...၊ နင်နဲ့ ဘာ တော်လဲ... တို့ မေးတော့ မပြောဘူး...၊ ဝေခင် ဘယ်မှာ ရှိလဲဆိုတာသာ

www.burmeseclassic.com

www.burmeseclassic.com



ပြောပါတဲ့...။ သူ့မှာ အချိန် သိပ် မရလို့၊ သူ ဘယ်က ဆိုလား လာတာ... မေအောင်ရေ... မှတ်မိလား...”

မေအောင် က စဉ်းစားပြီးနောက်...

“မိုင်းပျင်းကတဲ့...”

ဝေခင်က အစ်ကိုတင့်ဇော်မှန်း သိလိုက်ပြီး၊ သို့ကြောင့် စာသင်ခန်း စကြ်န် တစ်လျှောက်ကို ဖြတ်ကျော်ခဲ့လျက် ဂျီဟောလ် အဆောင်... ဦးတည်ရာ လမ်းဘက်သို့ အပြေးအလွှား လာခဲ့လေသည်။

တန်ဆောင်းနှင့်တူသော အမိုးအောက်မှ လှေခါးအဆင်းများ... ပြေးဆင်းခဲ့လေသည်။ ဘောလုံးကွင်းထိပ်မှ အုန်းပင်ပျိုများသည် တစ်... ရိပ်ပြေးနေသလို ထင်နေရပြီး ရင်ထဲ၌ မောဟိုက် တုန်ရီနေသည်။

တင့်ဇော် နှင့် မတွေ့ရသည်မှာ နှစ်နှင့်ချီခဲ့လေပြီ။ အစ်ကိုတ... ယောက်ကလည်း တောခိုသွားသဖြင့် ရှင်ကွဲ ကွဲခဲ့ရလေသည်။ အစ်... တင့်ဇော် ကြတော့လည်း ရှေ့တန်းစစ်မြေသို့သာရောက်ရှိနေသဖြ... မိသားစုမှ ဆုံတောင့်ဆုံခဲ့ဖြစ်ရသည်။ သည်တစ်ခါ မတွေ့ဖြစ်လျှင် တော... တော်နှင့် တွေ့ကြရမည် မထင်...။

ဂျီဟောလ် ခေါ် ဥတ္တရဆောင်ရှေ့မှ ပိတောက်ပင် နှစ်ပင်အကြား... တွင် တင့်ဇော်၏နောက်ကျောကို မြင်တွေ့လိုက်ရသဖြင့် ဝမ်းသာသွား... လေသည်။

“ကိုလေး...”

“ကိုလေး...”

တင့်ဇော်၏ မျက်နှာမှာ တစ်မုဟုတ်ချင်း ရွှင်လန်းကာ ဝင်းပသွား... လေသည်။ တင့်ဇော်၏ အသားတွေမှာ ညိုရင့်ကာ ပိန်မည်းကြီး ဖြစ်နေ... သည်။ တင့်ဇော်က ဝေခင်လိုပင် မျက်နှာပေါက် လှပ ပြေပြစ်သည်... ဝေခင်နှင့် ဆင်သည်။

“တွေ့မှ တွေ့ပါမလားလို့ စိတ်ပူလိုက်ရတာ...၊ ငါ မိုင်းပျင်က... လာတာ...၊ ခရီး အဆင့်ဆင့်ပဲ...”

တင့်ဇော်၏ မျက်နှာမှာ ပင်ပန်းသော ဒဏ်နှင့်နွမ်းလျှညိုးငေး...

www.burmeseclassic.com

www.burmeseclassic.com



သည်။ သံခမောက် ဆောင်းထားသော မျက်နှာတွင် ချွေးပေါက်များ သည်း သီးနေသည်။ အဝတ်အစားတွေမှာလည်း ချွေးစိုလျက် ချဉ်နံ့ပင် ထွက်နေသည်။

"ကျွန်တော်လည်း ကိုလေး နဲ့ မတွေ့ရမှာကို စိတ်ပူတယ်..."

"ညည်း... သူငယ်ချင်းတွေက ဒီ အဆောင်ကို ညွှန်လိုက်လို့"

"ဟုတ်တယ်...၊ ကျွန်တော် မနက်က ပြောထားမိလို့၊ ဒါပေမယ့် ကိုလေး လာတဲ့အချိန် ကျွန်တော်က စာကြည့်တိုက်မှာ စာကြည့်နေ တာ..."

"လာရင်းက တာဝန်နဲ့ပဲ...၊ မလာခင်က သိလို့ စာထည့်မလို့ မိုင်းပျင်မှာက စာတိုက်ကလည်း မရှိတော့ ခွကျလိုက်တာ...၊ မိုင်းပျင်း ဆိုတာကော... သိရဲ့လား... ကောလိပ်ကျောင်းသူကြီး..."

"ဟင့်... အင်း..."

"အရှေ့ပိုင်း ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်မှာ ဗမာပြည်မှာ တော မြို့လေး တစ်မြို့လောက်တောင် မစည်ကားတဲ့ မြို့လေးပါဟာ။ စာအုပ် ဆိုင် မရှိ၊ ဘာ မရှိနဲ့၊ စစ်သားဆိုတာကလည်း စာအုပ်နဲ့ အချိန်ကုန် တာ...၊ ငါက ကင်းစောင့်ရင်းတောင် စာဖတ်တဲ့ ကောင်ဆိုတော့ စာအုပ်ဆိုင် မရှိတာ... စိတ်တော့ အဆင်းရဲသား..."

"ကိုလေး အစက ကျိုင်းတုံမှာဆို..."

"ဟာ... စစ်သားဘဝဆိုတာ ဘယ်မှာ အတည်တကျ ရှိမလဲ၊ ငါ အရင်က ထည့်လိုက်တဲ့ စာထဲက အမှတ် (၂) စစ်ဗျူဟာ၊ ကျိုင်းတုံ ထိပ်စာ မဟုတ်တော့ဘူး...၊ ခု ငါ ခ-လ-ရ (၄၃) လက်နက်ကြီး တပ်ခွဲ၊ မိုင်းပျင်း ရောက်နေပြီ...၊ ဒီရောက်နေတဲ့ အကြောင်း အမေ့ဆီတောင် စာတစ်စောင် ထည့်လိုက်သေးတယ်..."

"ကျွန်တော့်ဆီတော့ မထည့်ဘူး..."

"အခု လူရောက်လာပြီပဲဟ..."

"ကိုလေး တစ်ခုခု စားပါလား၊ ကျွန်တော် ကျွေးမယ်လေ...၊ စား သောက်ဆိုင် သွားကြရအောင်..."

"တော်ပြီ... အချိန်မရဘူး၊ ငါ... သွားစရာရှိတယ်၊ ဒီက ပြန်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရင် စကားပြောသွားကြတာပေါ့၊ ငါ နင့်ကို ခဏာပဲ လာတွေ့တာ ဒုတိယနှစ် မြို့ပြသင်တန်းတွေ လျှောက်ကြည့်ပြီး-မိန်းကလေး တစ် ယောက်ယောက် မေးရင် ရမှာပဲလို့ မေးလာတာ... ကြောင်လိုက်တာ ဟာ..."

တင့်ဇော်နှင့် ဝေခင်တို့သည် ကတ္တရာလမ်းမအတိုင်း လျှောက်လာ ကြလေသည်။

"ခုတစ်ခေါက် ကိုလေး သိပ်ပိန်တာပဲ..."

"ဟုတ်လား၊ ပိန်သွားသလား၊ ပင်ပန်းလို့ ထင်ပါရဲ့၊ ပင်ပန်းတယ် ညည်းရမှာတော့ ငါရှက်တယ်၊ ငါတို့ဟာ စိတ်ဓာတ်နဲ့ ဇွဲနဲ့ အလုပ် လုပ် နေကြတဲ့လူတွေဆိုတော့ ပင်ပန်းတယ် ညည်းရတာ ယောကျ်ားမပီသ ပဲ၊ စစ်သားမဟုတ်သလိုပဲ။ ရှေ့တန်းစစ်မြေအရပ်ဆိုတာ ပန်းမွေ့ရာ ရွှေကော်ဇော မဟုတ်ဘူး၊ ညည်းက အေးအေးချမ်းချမ်း နေရတဲ့ဆိုတော့ ဘာမှ မသိဘူး..."

"အံမယ်... သိပါတယ်...၊ ကျွန်တော်တောင် ညက အိပ်မက် မက်သေးတယ်၊ အစ်ကိုတို့တပ်က ရှမ်းကုန်းမြေမြင့်မှာ စစ်ဆင်နေတယ် တဲ့၊ အလောင်းတွေ အလောင်းတွေ ထပ်နေတာပဲ၊ ခြေပြတ် ခေါင်းပြတ် မြင် မကောင်းဘူး။ ညည်းသံတွေလည်း ကြားနေရတယ်။ အစ်ကိုကလည်း အလောင်းတွေကြားထဲ စင်းစင်းကြီး၊ ဘယ်သူကလည်း မသိဘူး ယောကျ်ားတစ်ယောက်အသံနဲ့ မင်း အစ်ကိုလေး မသေပါဘူး၊ မသေပါ ဘူးလို့ ပြောသတဲ့..."

တင့်ဇော်က ရယ်မောလျက်...

"ညည်း အိပ်မက်ကလည်း ရုပ်ရှင်ပြတာ ကျနေတာပဲ၊ တခမ်း တနားနဲ့..."

"အဟုတ် ကိုလေးရဲ့၊ ကျွန်တော်လည်း ကိုလေးကို ကြည့်လိုက် တော့ ကိုလေး ကိုယ်မှာ သွေးတွေနဲ့၊ ကိုလေးက ရုပ်ထိသွားတာပါ... စိတ်မပူနဲ့လို့ ကျွန်တော့်ကို လှမ်းပြောသတဲ့၊ ကျွန်တော်ကတော့ အိပ်မက် ထဲ ငိုနေတာပဲ..."

"အေးလေ...၊ ညည်း တစ်နေ့ကျ ငါသေရင် ဒီလို ငိုချင် ငိုနေရမှာ ပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



"အို... မပြောနဲ့လေ... ကိုလေး ..."

ဝေခင်က ပြောရင်း မျက်ရည်ဝဲလာလေသည်။ တင့်ဇော်က ...ပြင်းချလျက်...

"မပြောလို့ ဖြစ်မလား ညီမရဲ့၊ ညည်းတို့တွေလို ဒီလို စာကောင်း ...ောင်း သင်နိုင်အောင်၊ လူတွေ အေးအေးချမ်းချမ်း နေနိုင်အောင်၊ ...တို့အသက်ကို သေမင်းလက်ထဲ အပ်နှံထားကြတယ်။ တို့တိုင်းပြည် ... တစ်လက်မအတွက် တို့သွေးတွေ အများကြီး စတေးရတယ်၊ တို့ ...သားတွေ မြေစာ ကျွေးရတယ်၊ တို့ အရိုးတွေကို မြေကြီးထဲ မြှုပ်နှံ ...ခဲ့ရတယ်၊ ဒါတွေ ဆန်းသလားဟာ...၊ ငါ့အဖို့တော့ မဆန်းပါဘူး..."

ထို့နောက် တင့်ဇော်က သူတို့စစ်ဆင်ရေး အကြောင်းများကို မနား ...မ်း နှမငယ်အား ပြောနေလေသည်။ ဝေခင်က စိတ်ထဲ ချက်ချင်းလေး ...တာ မျက်နှာညိုညိုနှင့် နားထောင်နေမိသည်။

"အရင်တစ်ပတ်က ငါ့အချစ်ဆုံးသူငယ်ချင်းရဲဘော်ဌေးလွင် ကျလို့ ...စ်ပတ်လုံးလုံး စိတ် ကြေကွဲပြီး မစားနိုင်... မသောက်နိုင် ဖြစ်ခဲ့ရတယ်၊ ...အဖြစ်မျိုး ငါ တပ်ထဲဝင်စက ဖြစ်သေးတယ်၊ ဗိုလ်မှူးဇော်မင်း ကျဆုံး ...န်းကပေါ့။ ၁၉၆၃ ခု၊ မေလတုန်းကပဲ...။ငါ မှတ်မိသေးတယ်။ ဒီတုန်း ... တပ်ရင်း ၅ က တပ်ရင်းမှူးပေါ့၊ စစ်သက် (၂၀) အတွင်းမှာ တော်လှန် ...ေး နောက်ပြည်တွင်းစစ်၊ နောက်... ရန်ကြီးအောင်၊ ဘုရင့်နောင်၊ ရိုးမ ...စ်ဆင်ရေး၊ ရွှေတောင်ကြီး စစ်ဆင်ရေးတွေမှာ နာမည်ရခဲ့တဲ့သူဟာ ...တိမ်နစ်ခဲ့ရတာပဲ။ အသက် (၄၀) တောင် မပြည့်သေးဘူး..."

"အသက် (၄၀)အရွယ်ဆိုတာ အများကြီး နေနိုင်သေးတာပေါ့ ...ော်... ကိုလေး..."

"နေနိုင်တာပေါ့၊ ငယ်သားတွေကို သနားတာ၊ ကိုယ်ချင်းစာတာ၊ အလိုက်သိတာ၊ ဂုဏ်မမောက်တာ၊ အဲလို ချစ်စရာ အကျင့်ထူးလေးတွေ ...နဲ့ ပြည့်ဝလေတော့ ငါတို့ တပ်ရင်း တစ်ရင်းလုံးရှိတဲ့ အရာရှိတွေ၊ အကြပ် ...တွေ၊ ရဲဘော်တွေ အားလုံး ဆောက်တည်ရာမရ ဖြစ်ခဲ့ကြရတယ်...၊ သူနဲ့ ...နီးကပ်ကပ် နေခဲ့ရတာ မကြာလိုက်ပေမဲ့ သူ့လုပ်ရှားမှုလေးတွေအားလုံး

www.burmeseclassic.com

www.burmeseclassic.com


မျက်စိထဲက မထွက်နိုင်အောင်ပဲ စွဲနေမိသည်။ ခု ရဲဘော်ဌေးလွင်ကျတော့ ပိုဆိုးတယ်၊ ငါနဲ့ အနီးကပ်ဆုံး သူငယ်ချင်း၊ ငါ အချစ်ဆုံးအရင်းနှီးဆုံးဆိုတော့ ငါလည်း ဘယ် စိတ်ကောင်းနိုင်ပါ့မလဲ...”

တင့်ဇော်၏အသံက တုန်နေသည်။

ဝေခင် က လမ်းလျှောက်လာရင်း စကားကို ဟိုလွှဲဒီလွှဲနှင့် ပြောနေသည်။

“ခု ကျွန်တော်တို့ ဖြတ်လာတဲ့ဘေးက ကွင်းကြီးဟာ ကျောင်းဘော်လုံးကွင်းပေါ့။ မိုးတွင်းဆိုရင် ရေတွေ ဖွေးနေတာပဲ၊ ကျွန်တော်တို့စက်မှုက ဘောလုံးဘက်မှာ သိပ်တော်တယ်။ ၁၉၆၅ ခု၊ ၆၆ ခု ရန်ကုန်တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှာ စက်မှုတက္ကသိုလ်အသင်းကဗိုလ်စွဲပြီး ပထမဒိုင်းဆုရထားတာ။ မနှစ်ကပဲ ကျွန်တော်တို့တောင် သွားအားပေးကြသေးတယ်၊ လက်ရွေးစင် ဘောလုံးသမားတွေထဲမှာ အစ်ကိုဉာဏ်ထွန်းလည်း ပါတယ်...”

“ဉာဏ်ထွန်း က ငယ်ငယ်ထဲက တော်တာ၊ တို့တွေ ဟိုက်စကူးကျောင်းသားဘဝထဲက ကစားခဲ့ကြတာပဲဟာ...”

“ဒီမှာက အစ်ကိုဉာဏ်ထွန်းရယ်၊ သူ့ သူငယ်ချင်း ကိုရန်နိုင်ရယ်ကိုငြိမ်းအေးဆိုတာရယ်... ပွဲကြီးပွဲကောင်းပဲ၊ ကိုလေးကိုတောင် သတိရနေသေးတယ်”

“ငါတောင် ဘောလုံးနဲ့ အဆက် ဝေးနေတာ တော်တော်ကြာပါပြီဟာ...၊ တို့အတွက် အဆိုးဆုံးကတော့ စစ်ဆင်ရေးတာဝန်ကို နယ်ခြားဒေသမှာက လမ်းခရီးက သိပ်ဆိုးလွန်းတော့ ပြည်မနဲ့ အဆက်အသွယ်သိပ်ပြတ်တယ်၊ ပြီးတော့ တစ်ခါတစ်ခါ စစ်ဆင်ရေးထွက်ပြီဆိုရင်တစ်နှစ်ပ၊ ရှေ့တန်းမှာ တစ်နှစ်ကျော်ကျော်နေပြီးမှ တပ်ရင်းကို တစ်ခေါက် ပြန်လာရတယ်၊ တပ်ရင်းမှာလည်း မွမ်းမံသင်တန်းက ရှိသေးတာ။ ဒီတော့ ဘယ်သူတွေ ဘာပြောပြော... စစ်သားဘဝဆိုတာ အကြမ်းတမ်းဆုံး၊ အခက်ထရော်ဆုံး၊ အပင်ပန်းဆုံးပဲ...”

လမ်းတွင် လျှောက်လာကြဆဲ ကျောင်းသားတစ်စု ဘားသောဆိုင်တွေ ရှိရာဘက်မှ ထွက်လာကြလေသည်။ ကျောင်းသားတစ်သိုက်

www.burmeseclassic.com

www.burmeseclassic.com



သည် ဝေခင်နှင့်တင့်ဇော်တို့အား တစေ့တစောင်း ကြည့်နေရာမှ သီချင်း ...ဝဒ်ကို ဟဲလိုက်လေသည်။

အစက ဖြူဖြူ...၊ ညိုသွားပြီ...၊ အခုတော့ ညိုသွားပြီ...၊ အစ်ကို ...ပြီ ခင်ရယ်... ခေါ်လာမိလို့...

တင့်ဇော်က...

"ညည်း လိုက်မပို့နဲ့တော့လေ၊ ငါ သွားတော့မယ်..."

"ကိုလေး ဘာနဲ့ပြန်မှာလဲ၊ ကျွန်တော်လည်း စကား တပြောပြော ...မေ့ပြီး ဒီလမ်းက လာခဲ့မိတာ ကိုလေး ဘတ်(စ်)ကားစီးရင်တော့ ...ဘက်က သွားရမှာ..."

"ငါ့ကို ကား လာကြိုမှာပါ၊ ဂိတ်ဝကြီးမှာ ငါ ထွက်စောင့်ရမှာ၊ ...ားတောင် ရောက်နှင့်နေမလား မသိဘူး၊ စာတော့ ငါပဲ ရေးရမှာပဲ၊ ...ည်းထည့်လို့ မလွယ်ဘူး၊ ငါ့နေရာတွေကလည်း အတည်တကျ ရှိမှာ ...တ်ဘူး..."

ဝေခင်က တင့်ဇော်နှင့်အတူ လျှောက်လိုက်လာဆဲပင်...၊ ထို ...ခိုက် ဖယ်မလီယာ ကားပြာတစ်စီးသည် ရှေ့မှ ခပ်ဖြည်းဖြည်း ...မောင်းနှင်လာလေသည်။ မောင်းနှင်ရင်း ကားထဲမှ တပ်ဆင်ထားသော ...ဒီယိုမှ နေ့လည်ချိန် အင်္ဂလိပ် ကာလပေါ် တေးသွားတွေကို အကျယ် ...ကြီး ဖမ်းထားလေသည်။

ဝေခင်နှင့် ကပ်လျက် မောင်းပြီး 'ဝေး-ဟေး-ဟေး' ဟု နောက် ...ပြောင်သွားကြလေသည်။

"သိပ်ဆိုးပါလား... တောက်..."

တင့်ဇော် က ဒေါသထွက်နေသည်။

"ဆိုးတာက သူတို့အုပ်စုပါပဲ၊ ကျွန်တော်တို့နဲ့ တစ်တန်းတည်း ...ဦးဖတ် တို့အုပ်စု ..."

"ဘာရယ်..."

"ချဦးဖတ်ဆိုတာ ကျောင်းသားတွေက သူ့နောက်ကွယ်ပေးထားတဲ့ ...ယ်၊ စရိုက်မမှန်၊ မူမမှန်တဲ့အုပ်စုတွေပါ။ ကျွန်တော်နဲ့ တစ်ခါ ရန်ဖြစ် ...ပြီးပြီ..."

www.burmeseclassic.com

www.burmeseclassic.com



"သတိနဲ့နေပေါ့ဟာ...၊ မိန်းကလေးဆိုတာ သူများ အစော်ကား လွယ်အောင် ကျပ်ကျပ်သာ ရှောင်ပေါ့၊ ထိန်းတယ်ဆိုတာ ကိုယ့်ကိုယ်ကို ထိန်းမှ ဖြစ်တာ..."

တင့်ဇော်က သူ့ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ဆယ်တန်အနွမ်း တစ်ရွက် ငါးကျပ်တန်နှစ်ရွက်အနက် ငါးကျပ်တန် တစ်ရွက်သာ ဖယ် ထားပြီး ဝေခင့်လက်ထဲသို့ ငွေစက္ကူအနွမ်းလေးများကို ထည့်လိုက်လေ သည်။

ဝေခင်က ငြင်းနေသည်။

"မယူပါဘူး... ကိုလေးရဲ့၊ ကိုလေး သုံးဖို့ ယူသွားပါ..."

"ငါပေးရင် ယူစမ်းပါ၊ ညည်း ငွေ အမြဲလိုနေတယ်ဆိုတာ ငါ သိ တယ်..." ဟု တင့်ဇော် က ခပ်ဆောင့်ဆောင့် ပြောပြီး ဝေခင့် လက်ထဲသို့ ပိုက်ဆံကို အတင်း ထည့်လိုက်လေသည်။

ဝေခင်က ငွေစက္ကူများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် မျက်ရည်များ ရစ်ဝိုင်းလာသော မျက်နှာ နှင့် တင့်ဇော်၏မျက်နှာကို ငေးစိုက်ကြည့်နေမိသည်။ အစ်ကိုဖြစ်သူ၏ မျက်နှာထားမှာ တင်းလျက် မေးကြောများမှာ အံတင်းထားသည်နှင့် အမျှ ထောင်နေသည်။

'သွားမယ်' ဟု မပြောတော့ဘဲ ရုတ်တရက် ချာခနဲ လှည့်ထွက် သွားလေသည်။ ဝေခင်သည် အစ်ကို့နောက်ကျောကိုငေးကြည့်ရင်း မျက်ရည်များ ကျလာလေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၁၇]

ဝေခင်မှာ သူ့ လာလမ်းအတိုင်း လှည့်ပြန်ခဲ့လေသည်။

လက်ထဲ ဆယ်တန် နှင့် ငါးကျပ်တန်အနွမ်းလေးကို ဆုပ်ကိုင်လျက် [illegible]ရည်များကလည်း အတောမသတ် လှိမ့်ဆင်းလာလေသည်။

ယမ်းခိုးတွေဝေကာ သွေးနံ့ညှီသော အရပ်ဒေသတွင် နှင်းတို့ဖြင့် [illegible]နေသော မြေပြင်ပေါ်၌ အသားတွေ အကြောတွေ အရိုးတွေပါမက [illegible]ထိအောင် အေးလွန်းလှသော အအေးဒဏ် ကို ခံစားကာ သွေးခဲ [illegible]တ်ဖြစ်ရပြီး၊ ကိုယ်တွေကိုက်ခဲသည့် ဝေဒနာနှင့် အိပ်ခဲ့ရသော [illegible]သား လေးတစ်ယောက်၏ ချွေးနှဲ့စာ။

မူရင်းလစာငွေ ၃၅ ကျပ်၊ ရှားပါးစရိတ် ရိက္ခာနှင့်ဘာနှင့် ပေါင်း [illegible] ၁၀၀ ပင် မပြည့်တက်သော ငွေထဲမှ အမေ့ဆီလည်း ပို့သည်၊ နှမ [illegible]လည်း ကျောင်းစရိတ် ရံဖန်ရံခါ ထောက်သေးသည်။ နှမကိုတွေ့တော့ [illegible]ည်း မုန့်ဖိုးပေးဖို့ သတိရသေးသည်။

ပြီးတော့ ငွေစက္ကူအဟောင်းတွေ ချမ်းသာသမျှ ၂၀ ထဲက သူ့ [illegible]တွက် ၅ ကျပ်သာ ချန်ထားပြီး ၁၅ ကျပ် နှမလက်ထဲ ထားခဲ့သည်။

ရန်ကုန်လိုမြို့မျိုးမှာတော့ ငွေ ၂၀ ဆိုတာ ဘာမှ တန်ဖိုးရှိလှသည် [illegible]တ်။ ကြိုင်ကြိုင်တို့ ပြောသံကြားရသော ခိုင်ကေသီမော်တို့၊ ချဉ်ဖတ်တို့ [illegible]များ ဟိုတယ် တစ်ခါတက်၍ မှာသော ဟင်းလျာတစ်ပွဲဖိုးမျှသာ၊ [illegible]တောင် ဆိုသည့် ပွဲမျိုးဆိုလျှင် တစ်ပွဲတစ်ပွဲ အစိပ် သုံးဆယ် ဆိုပဲ...၊ [illegible]ယောက် စုစားလို့ တစ်ခါတစ်ခါ ရှင်းလျှင် တစ်ရာကျော် ရှင်းရသည် [illegible]သည်။

ကြိုင်ကြိုင် တို့ အဖော်တစ်စု တစ်ခါတစ်ခါ မြို့ထဲထွက်၍ ရုပ်ရှင် [illegible]ပြီး ညစာ, စား ပြန်လျှင် အားလုံးပေါင်း ငွေနှစ်ဆယ် ကုန်ခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com



အစိတ် ကုန်ခဲ့ပြီ ညည်းကြသည်။

ပိုက်ဆံကတော့ ပိုက်ဆံချင်း အတူတူပင်...။ သို့သော်လည်း ကိုလေးပေးခဲ့သော ပိုက်ဆံသည် သူ့အသားထဲက၊ သွေးထဲက, ထုတ်ပေးလိုက်လေသလား... ဟု ဝေခင် က တင်စားရင်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရလေသည်။

ဝေခင်သည်တစ်ကိုယ်တည်း လျှောက်လာဆဲ...၊ ကျောင်းသားငယ်တစ်ဦးက ခပ်သုတ်သုတ် သူ့ရှေ့က ဖြတ်ကျော်သွားလေသည်။

"ခေါင်းတုံး... ခေါင်းတုံး... ဟော့ခေါင်းတုံး..."

နောက်က လျှောက်လာကြသော ကျောင်းသားတစ်စုက ခေါ် ထိုကျောင်းသားလေးကို လှမ်းမြင်မိသည်။ ကျောင်းသား၏ ခေါင်းတွင် လက်ကိုင်ပဝါ နှင့် ဖုံးအုပ်ထားလေသည်။ ကျောင်းသားက နောက်က တကြော်ကြော် ခေါ်သည်ကို လှည့် မကြည့်။

"အဲဒါ... ကြည့်ကြဗျို့...၊ ကိုခေါင်းတုံး ဆိုတာ ငွေ ၂ဝ ထဲ ကတုံး...၊ အလောင်းအစားနဲ့ ရိပ်ထားတဲ့... ကတုံး..."

နောက်မှ တစ်စုံတစ်ယောက်သော သူက အော်ဟစ် ပြောဆိုလေသည်။

"ဟော့... အစာကတော့ မရှက်ဘူးဆို၊ ခုတော့... ဘာလို့ ဖုံးထား ရတာလဲ..."

"မနေ့က ဆရာ ဆူတယ်တဲ့... ကွ၊ ဒါ ပထမဆုံးအကြိမ် နောက်ဆုံး အကြိမ် သတိပေးခြင်းပဲတဲ့...၊ အဆောင်က ထုတ်ပစ်မတဲ့..."

"ကိုယ့်ခေါင်းကိုယ် ခေါင်းတုံးရိပ်တာပဲ...၊ ဘာဖြစ်လဲကွာ... နော် ဟော-ခေါင်းတုံး..."

နောက်မှ အပြန်အလှန် ပြောဆိုနေသံများ ကြားရသဖြင့် ဝေခင် က မျက်ရည်စများနှင့် ပြုံးနေမိပြန်သည်။ အရွှီးအမိုက် အရွယ်များ ထင်သလို နောက်ပြောင်၊ ထင်သလို နေကြသည်။ ယခုလည်း အလောင်း အစားနှင့် ခေါင်းတုံးရိပ်ကြသတဲ့...။

လူ့ဘဝတွင် ငိုစရာ ရှာမတွေ့သူများ အဖို့တော့ 'ဟား...' ကွဲ သာ ရှာနေကြဟန်ထင့်။ ဝေခင် ကတော့ ငိုရင်းပြုံး... ပြုံးရင်း ငိုင်ရပြီ

www.burmeseclassic.com

www.burmeseclassic.com



...ပြီ...။

"ဝေခင်..."

"ဝေခင်ရေ..."

ဂျူဒို့အသံ ဖြစ်သည်။ ဂျူဒိုက နောက်မှ အမောတကော ပြေးလိုက်...လေသည်။ ဝေခင်၏ ခြေလှမ်းများက တန့်ရပ်သွားကြလေသည်။

"နင်... ဘယ်သွားမလို့လဲ..."

"ကြိုင်ကြိုင်တို့ဆီ သွားပြီး စာဖတ်မလို့..."

"ကြိုင်ကြိုင်တို့က ဘယ်မှာလဲ..."

"လိုင်ဗရီ... (စာကြည့်တိုက်) မှာ..."

"နင်က ဘယ့်နှယ်... ဒီဘက် သွားနေတာလဲ..."

ဝေခင်က သည်တော့မှ သူ့ဘာသာသူ သတိပြုမိသည်။ သူ့...ခြေလှမ်းများက ကတ္တရာလမ်းမပေါ် အဆုံးအစ မရှိသလို လျှောက်နေ...သည်။ ပုံဆွဲရုံတွေဘေးမှ 'ချစ်သူ' လမ်း အစကိုပင် 'နင်း' နေမိပေပြီ။ ဝေခင်က မဖြေ၊ မဖြေဘဲ ငိုင်နေရာမှ ရယ်မိရန် ကြိုးစားနေသည်။

"ဟင်... နင်... နင်..."

ဂျူဒိုက ဝေခင့် မျက်နှာကို စေ့စေ့ကြည့်ရင်း၊ အံ့သြနေသည်။ ...ဝေခင် ၏ မျက်ရည်စများကိုလည်း နားမလည်သလို ငေးနေသည်။

"နင် ဘာဖြစ်လို့ ငိုနေတာလဲ..."

ဂျူဒို က ကြင်နာစွာ မေးလိုက်လေသည်။ ဝေခင်က...

"ဝမ်းနည်းလို့..."

"ဟ... နင်ပြောမှလား...၊ လူတိုင်း လူတိုင်း ဝမ်းနည်းရင် ငိုတာ...ည်းပဲ...၊ ဒါ ငါသိတာပေါ့..."

ဂျူဒိုက ရယ်ရင်း ပြောလိုက်လေသည်။

ထို့နောက်...

"ဝမ်းနည်းတဲ့ အကြောင်းလည်း ပြောဦးမှပေါ့..."

"တို့ အစ်ကိုလာသွားလို့..."

"အစ်ကို အရင်းလား..."

"အရင်း၊ တို့နဲ့ အထက်အောက်ပဲ..."

www.burmeseclassic.com

www.burmeseclassic.com



"ကိုညဏ်ထွန်းကတော့ ဝမ်းကွဲနော်..."

"ဟုတ်တယ်..."

"အစ်ကိုလာတာ ဝမ်းတောင် သာရမယ် မဟုတ်လား..."

"ဝမ်းလည်း သာတယ်၊ ဝမ်းလည်း နည်းတယ်...၊ သူက ရှေ့တန်း စစ်မြေပြင်က လာရတာ...၊ ခဏပဲ တို့နဲ့တွေ့နိုင်တယ်...၊ ကွဲနေတာလည်း ကြာပြီ..."

"ဩော်... ဩော်... စောစောက ငါလုပ်သားပိုင် လက်ဖက်ရည် ဆိုင်က ထွက်လာတော့...၊ ကျော်ကျော်တို့ အုပ်စုနဲ့ ကျောင်းသားတွေနဲ့ အငြင်းပွားနေကြတာ...၊ ဒါ့ကြောင့်ကိုး... နင် စိတ်မဆိုးနဲ့နော်...၊ ငါ ပြောမယ်..."

"ပြောမှာ ပြောစမ်းပါ..."

"နင့်အဆက်က စစ်သားတဲ့...၊ နင်နဲ့စစ်သားနဲ့ ဂျီဟောလ်ရှေ့မှာ ချိန်းပြီး Lovers' lane (ချစ်သူလမ်း) ကို လျှောက်ကြတယ်... တဲ့..."

"တို့လျှောက်လာတာ ဒီတောင်ဘက် လမ်းပါ၊ လူတွေကလည်း စကား 'ကား' လိုက်တာ ကြောက်စရာကြီးပါလား..."

"ငါလည်း မယုံပါဘူး...၊ နင့်ကြည့်ရတာ ရည်းစားတွေ ဘာတွေ ထားမယ့်ပုံမျိုးမှ မဟုတ်တာ..."

"ဘယ်လိုပုံမျိုးမို့လဲ..."

ဒီတော့ ဝေခင် က ရယ်ရင်း မေးမိလေသည်။ သည်တစ်ခါတော့ ဂျူဒို က စကားကောင်းသာ ပြောဆိုနေလေသည်။

"နင်က ရိုးရိုးလေးပဲ...၊ နင့်မှာ ရည်းစား မရှိပါဘူး...၊ ငါသိ တယ်..."

**"သေချာလို့လား..."**

**"သိပ်သေချာတာပေါ့..."**

သည့်နောက် နှစ်ယောက်သား ရယ်မိပြန်သည်။ သည့်နောက် ဂျူဒိုက အရပ်ရပ်လျှက် ရုတ်ခြည်း တည်ကြည်သွားသော မျက်နှာ ထားနှင့်...

www.burmeseclassic.com

www.burmeseclassic.com



"ငါဖြင့် နင် ငိုတာတွေ့ရတော့ လန့်တောင် သွားမိသေးတယ်...၊ ဘာများဖြစ်ပါလိမ့်မလဲလို့..."

"ဘာမှ မဖြစ်ပါဘူး..."

ဝေခင် က ခေါင်းကိုသာ ခါယမ်းနေမိသည်။ လက်ထဲမှ ငွေ တစ်ဆယ့်ငါးကျပ်ကိုမူ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေသည်။ ထို့နောက် မျက်ရည်များ ဝဲလာပြန်ရာ ဂျူဒိုက ဝေခင်၏မျက်လုံးများကို စိုက်ကြည့်ပြီး...

"ဟော... စိတ်မကြည်ဘူး...၊ ငိုချင်ပြန်ပလား...၊ ငိုစရာရှိရင် ငိုလိုက်ပေါ့ဟာ...၊ ရှက်စရာမဟုတ်ပါဘူး...၊ ဒါပေမဲ့ ငိုစရာကိုတော့ ရေရှည်တွေးမနေနဲ့ပေါ့ဟာ...၊ တစ်ခုခုနဲ့ အစားထိုး ဖျောက်ပစ်လိုက်ပေါ့...၊ ပျော်စရာကို ဖန်တီးယူရတာပေါ့...၊ ဒီလိုပဲလေ...၊ လောကဆိုတာ အကောင်းအဆိုး ဒွန်တွဲနေတာပဲ၊ အဆိုးတွေ့လည်း ကိုယ့်ဘဝကိုယ် ပျော်အောင် ဖန်တီးပစ်လိုက်ပေါ့၊ မတွေ့ဘူးလား... လမ်းပေါ်က သူတောင်းစားတွေ၊ အနာကြီးရောဂါသည်တွေတောင် ရယ်လိုက်-မောလိုက် နေနိုင်သေးတာ... ကိုယ်အင်္ဂါချို့တဲ့တာ၊ မျက်စိမမြင်တာတွေတောင် လူ့အဖြစ်ပျော်ရွှင်နိုင်သေးတာ...၊ နင်တို့ ငါတို့က လက်နှစ်ဖက် အကောင်း၊ ခြေနှစ်ဖက်အကောင်း၊ ပညာတွေလည်း တတ်၊ အသိဉာဏ် အမြော်အမြင်လည်းရှိ ဘာပူစရာလိုလဲ..."

ဂျူဒိုက ဖျောင်းဖျလေသည်။ ဝေခင်က ဘာမှ မပြောပေမယ့် ငိုချင်စိတ်တွေတော့ ပျောက်သွားလေသည်။ ဝေခင်က ရှေ့က ဂျူဒိုက နောက်မှ ကတ္တရာလမ်းကို ရှေ့ဆင့် နောက်ဆင့် လျှောက်လာကြလေသည်။

သို့လျှောက်လာခိုက် ဝေခင် နှင့် ဂျူဒို တို့ မျက်နှာချင်းဆိုင် တူရူမှ ယဉ်မလီယာ ကားပြာ မောင်းလာပြန်ကာ ကားရှေ့တံခါးပေါက်မှ ဝေခင်တို့ဘက်သို့ ခေါင်း ထုတ်ကာ...

"စောစောက တစ်ယောက်...၊ ခု တစ်ယောက်..." ဟု အော်ဟစ်ပြောဆိုသွားပြန်လေသည်။ ဝေခင်နှင့် ဂျူဒို တို့ မျက်နှာများမှာ တစ်မုဟုတ်ချင်း နီမြန်းသွားကြသည်။ ဂျူဒိုက ကားနောက်သို့ လှမ်းကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



တောက် 'တစ်ချက်' ခေါက်လိုက်လေသည်။ ဝေခင်က ဂျူဒိုအား နှုတ်ဆ
၍ ထွက်ခွာရန် ပြင်သည်။

"တို့ သွားမယ်..."

"အကူအညီလိုလည်း ပြောပေါ့ဟာ...၊ စိတ်အားမငယ်ပါနဲ့...၊ စိတ်
အားငယ်တာ လူကို ညှိုးနွမ်းစေတယ်...၊ နင်ကလည်း သတ္တိရှိရဲ့သား
အားတင်းမှပေါ့..."

ဂျူဒို နှင့် လမ်းခွဲလာတော့ ဝေခင့် အား မျက်စိတစ်ဆု
ငေးမောကျန်ရစ်လေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## [၁၈]

တတိယနှစ် ရောက်လာပြီဆိုလျှင်တော့ ငွေ က အလုံးလိုက်၊ အခဲလိုက် ကုန်လာပြန်သည်။ ဆလိုက်ရူး (Slide rule) ခေါ် လော့ဂရေတံ မှာ အစိုးရဈေး နှင့် ၈၅ ကျပ်၊ ဝယ် မရလျှင် အပြင်ဈေး နှင့် ၁၀၀ ကျပ် ပေးဝယ်ကြရသည်။

တစ်ဖန် ကိရိယာ တန်ဆာပလာဘူး (Instrument box) က မှာ ကျပ်၊ ဒါတောင် အစိုးရဈေး၊ အပြင်မှာ ၉၀-၁၀၀၊ Hand Book ခေါ် လက်စွဲ စာအုပ်က ၆၀ မှ ၈၀ ကျပ်အထိ ဈေး ရှိသည်။

ခပ်စောစောက အသက်ရှူ မွန်းမတတ် စိတ်ကျဉ်းကြပ်ခဲ့ရသော ဆခင်သည် ယခုတော့ အသက်ရှူ ရပ်မတတ် ဖြစ်ရလေသည်။ အမေ ကတော့ ဘာမှ မသိရှာ။ တစ်လ ငွေ တစ်ရာကို မှန်မှန် ပို့မြဲသာ။ အမေ့အဖို့ ၁၀၀ ဆိုသော ငွေမှာလည်း နည်းနည်းနောနော မဟုတ်။ သည်တစ်ခေါက် စက်တင်ဘာ ကျောင်းပိတ်လို့ အိမ်ပြန်တော့ အမေ့မှာ ပင်ပန်းသော ဒဏ်နှင့်အသားတွေ ဝါသော အသည်းရောင် ရောဂါ ဖြစ်လာသဖြင့် အမေ့ကို တစ်လတိတိ ဆေးကုရသေးသည်။

သည်တော့ အမေ့ကို အသုံးလိုသော ငွေကို မတောင်းရက်...။ တောင်းလို့လည်း ဖြစ်နိုင်မည် မထင်။ အမေ့အသားတွေကို ဓားနှင့် လှီးတောင်းရသလို စိတ်ထဲ ခံစားမိရင်း ငွေရှာရန် နည်းလမ်းသာ ကြံဆ နေမိသည်။ စတိုင်ပင်မှာလည်း ဝေခင်ထက် ပိုဆင်းရဲသည်ဆိုသော မောင်နှမတွေ တစ်ပုံကြီး များပြားကာ လုံးဝမတတ်နိုင်သူများကို ပေးနေ သဖြင့် ဝေခင်က စတိုင်ပင်နှင့် လွဲ လွဲသွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသည်ကတော့ လက်တွေ့ ခံစားရမှပင် သိရတော့သည်။ အစား ဆင်းရဲ၊ အဝတ် ဆင်းရဲ၊ အနေ ဆင်းရဲ၊ ကျောင်းစရိတ် မတတ်နိုင်သဖြင့် ကျောင်းဆက်နေနိုင်ပါ့မလားဟု အမြဲ ပူပင်ရလေသည်။ အမေ ပေးသောငွေမှာ အဆောင်ခနှင့် ကျောင်းလခချည်းဆိုလျှင် ပူစရာ သိပ် မရှိ၊ ၂၈ ကျပ်ပင် ပိုသေးသည်။ အဝတ်စားလည်း မဝယ်တတ်၊ အပြင် အစာလည်း ဝယ်မစား၊ ရုပ်ရှင်လည်း မကြည့်တတ်သော ဝေခင်အဖို့ ငွေ ၂၈ ကျပ်ကို လောက်ငှအောင် သုံးနိုင်ပါသည်။ တစ်ခါတစ်ခါ သွားတိုက် ဆေး၊ ဆပ်ပြာ၊ သောက်ဆေး... စသည်များတို့သည် ၂၈ ကျပ်ထဲကပင် ဖဲသုံးနိုင်သေးသည်။

ကြိုင်ကြိုင်ကမူ လူတန်းစေ့ မနေနိုင်သော ဝေခင့်အား ကြည့်ကာ သနားနေမိသည်။ ကြိုင်ကြိုင်သည် ဇွတ်အတင်း မုန့်ဝယ်ကျွေး၊ ရုပ်ရှင် တွေ ပြလည်း လက်မခံ၊ အခိုင်အမာပင် ငြင်းသည်။ "ရေရှည် မလွယ်ပါ ဘူး ရွှေကြိုင်ရယ်..." ဟု ခေါင်းကိုသာ ခါယမ်းမိလေသည်။

တစ်ခါတစ်ရံ ဝေခင်က...

"နိုင်ငံခြားလိုများ ည ည ဟိုတယ်တွေမှာ ပန်းကန်ဆေးရတဲ့ အလုပ် လုပ်ပြီး ပိုက်ဆံ ရှာရရင် သိပ်ကောင်းမှာပဲ..." ဟု တောင့်တမိ သေးသည်။

ကြိုင်ကြိုင်က...

"တို့ဆီမှာတော့ မိန်းကလေးတွေ ည ည ကောင်းရောင်း ကောင်း ဝယ် လုပ်ဖို့ မလွယ်ဘူး" ဟု ပြောဆဲ...

"ညဥ့်ငှက်တော့ မလုပ်ချင်ပါဘူးဟယ်..."

ဝေခင် က ပြောရင်း ရယ်မိသေးသည်။

ကြိုင်ကြိုင်က...

"ယိုးဒယားတိုင်းပြည်တို့ ဂျပန်တို့မှာတော့ ည ည အဲဒီ အလုပ် လုပ်၊ နေ့လယ် တက္ကသိုလ်ကျောင်း တက်တယ်ဆိုပဲ... ကြောက်စရာကြီး ဟယ်... ရောဂါတွေ ဘာတွေ မရဘူးလား..."

"တို့ဆီမှာလည်း ရှိတယ်တဲ့... ဟုတ်ရဲ့လားတော့ မသိဘူး၊ မတင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြီး ပြောနေတာ တက္ကသိုလ်တစ်ခုကတဲ့၊ ကောင်မလေးက ခပ်တောင့်တောင့်ခပ်ဖြောင့်ဖြောင့်တဲ့...၊ ကျောင်းစရိတ်ကို ဒီနည်းနဲ့ ရှာခဲ့တာ ခုဒီဂရီတောင် ရသွားပြီတဲ့ဟယ်... ငါတော့ နားရှိလို့သာ ကြားရတာ မယုံပါဘူး၊ အဲဒီ မတင်ရွှေကြီးဆိုတာလည်း မဟုတ်တရုတ်တွေကို ယုတ္တိယုတ္တာ နဲ့ ပြောတတ်တာ... သူပြောတာမှ အကျ..."ဟု ခင်က ပြောရင်း ငိုင်နေမိသည်။

"တို့ယဉ်ကျေးမှုက ဒါလောက်လည်း မပျက်စီးသေးဘူး ထင်ပါ... ဗမာမိန်းမဆိုတာ ကာယိက္ကန္ဒြေ အင်မတန် ထိန်းသိမ်းတတ်တာ၊ အမေများ သိပ်ရိုးတာ၊ ငါတို့အဖေက သူ့ရှုံးက ခုခေတ် မိန်းမတွေ ရောက်မီးလင်းတဲ့ အကြောင်းတို့ ဘာတို့ အိမ်ကို သယ်လာရင် သိပ်စိတ်ဆိုးတာပဲ၊ အမေဆိုတာ အနေအထိုင် သိပ်ကျစ်လျစ်တာ၊ ဘုရားစူးမင်းကတော် တဲ့...၊သူ့ကို ပြောကြတာ... ဖဲ မရိုက်တတ်ဖူး၊ ယောက်ျားတွေနဲ့ ရောပရိ မနေတတ်ဖူး၊ ဒါပေမဲ့ အမေတို့ခေတ်က အမေတို့ခေတ်ပဲ...၊ ခုခေတ်ကတော့ ခုခေတ်ပေါ့..."

ကြိုင်ကြိုင် က ပြောဆိုနေသည်။ ဝေခင်က သက်ပြင်းချလျက်...

"အဲဒီလိုသာ ပျက်စီးမယ် ဆိုရင်တော့ တို့ ကျောင်းထွက်လိုက်တော့မယ်...၊ မိန်းမအဖို့ ဘာ အရေးကြီးဆုံးလဲ...၊ အကြောင်းကိစ္စတစ်ခုခုအတွက် လူကို ရင်းရတယ်ဆိုတာ အဆိုးဆုံးပဲ...၊ ရွံစရာ သိပ်ကောင်းတာပဲ...၊ တို့တော့ ရွံ့တယ်...၊ အေးလေ... ဝတ်မှတ်ခေါင်းပါးလို့ ဒီလိုအဖြစ်မျိုး ရောက်သွားရတဲ့ မိန်းကလေးတွေအကြောင်း ဝတ္ထုတွေထဲမှာ ခဏခဏ ဖတ်ဖူးတယ်...၊ ဒါပေမဲ့ ကြောက်စရာကြီးဟယ်...၊ ဒါကြောင့်မို့လည်း မြတ်စွာဘုရားဟာ ဒီ... ကိလေသာ တဏှာကို ထွေးပြီးတဲ့ တံထွေးလိုပဲ ရွံ့ရှာတာ..."

ဖြူစင်သော မိန်းကလေးများကတော့ ဖြူစင်သော စကားများကိုပြောမြဲပင်တည်း။ သူတို့သည် လောကအကြောင်းနားမလည်ရှာသေး။ သူတို့သိသည်မှာ ကျောင်းစာ...၊ ကျောင်းစာ နှင့် သူတို့မှာ အမြဲလုံးချာလိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယနှစ် သို့ ရောက်ပြီဆိုလျှင် အင်ဂျင်နီယာလိုင်းထဲ သေသေချာချာ ဝင်ရောက်လာလေသည်။ စာတွေကလည်း သိသိသာသာ ခက်လာသလောက် များပြားလာလေသည်။ ပထမနှစ်တုန်းကတော့ ပင်ပန်းသည်ဆိုစေ၊ မက်ထရစ်တုန်းက သင်လက်စ ရူပဗေဒတို့၊ ဓာတုဗေဒတို့ဆက် သင်ပြီး၊ ပုံဆွဲ သင်ရသည်။ အခြေခံ မြေတိုင်းပညာမှာ ကိရိယာပစ္စည်းတွေ ကိုင်နည်း တွယ်နည်းတွေ သင်ကြားခဲ့ရသည်။

တတိယနှစ်ရောက်တော့ ကိုယ့်ဘာသာ လိုင်းခွဲနှင့်ကိုယ် ဖြစ်လာသည်။ စက်မှု၊ အထည်၊ ချည်မျှင်၊ ဓာတု၊ ဗိသုကာ၊ သတ္တု၊ လျှပ်စစ်၊ မြို့ပြ..., စသည့်ဘာသာလိုင်းများ အသီးသီး ခွဲခြားသင်ရလေသည်။

ဘာသာရပ်တိုင်းသည် တိုင်းပြည်အတွက် များစွာ အကျိုးဖြစ်စေမည့် ဘာသာရပ်များသာ ဖြစ်ပေသည်။

ဥပမာ... စက်မှုမှ စိုက်ပျိုးရေး အင်ဂျင်နီယာဘာသာ၌ လယ်ယာလုပ်ငန်းရပ်များ ပျက်စီးဆုံးရှုံးမှု လျော့ပါးရေး၊ ရေ အနည်းအများ၊ လေဒဏ်၊ မီးပိုးမွှား စသည်တို့၏ ဖျက်စီးမှုတို့ကို ကာကွယ်ခြင်း၊ ထုတ်လုပ်မှု စရိတ်သက်သာရေးအဖြစ် လယ်ယာသုံး ကိရိယာများ လုပ်အားနှင့် အဆောက်အအုံတို့ကို ကောင်းမွန်စွာ အသုံးချပြီး လယ်ယာစရိတ်သက်သာစေခြင်း၊ လယ်ယာထွက် ပစ္စည်း ထိန်းသိမ်းရေး၌ သယ်ဆောင်သိုလှောင်မှု ပြုပြင်မှုတို့ကို စနစ်တကျလုပ်ဆောင်ခြင်းဖြင့် အပျက်အစီး အလေအလွင့် လျော့ပါးစေနိုင်သည်။

စက်ကိရိယာများ တီထွင်ရာတွင် ထွန်၊ ထယ်၊ အစေ့ချစက်၊ စိုက်ပျိုးစက်၊ မျိုးချစက်၊ ရိတ်သိမ်းစက်၊ ကြိတ်စက်..., စသည်တို့နှင့် သယ်ပို့ရန် ကားများ ပါဝင်လေသည်။

ခြံစည်းရိုး၊ ဂိုဒေါင်၊ လူနေအိမ် အပါအဝင်တို့ကို စရိတ်သက်သာရုံသာမက၊ သက်သာချောင်ချိစွာ နေထိုင်မှု၊ အနေအထား လှပသပ်ရပ်မှု၊ ခိုင်ခန့်မှု စသည်တို့ကိုပါ ထည့်သွင်းစဉ်းစားလျက် ဗမာပြည်တွင် လူဦးရေ ၈၀ ရာခိုင်နှုန်း ပါဝင်သော လယ်ယာလုပ်သားများအတွက် နိဗ္ဗာန်တည်ဆောက်ရေးပင် ဖြစ်လေသည်။ ဤကား စနစ် ပညာ၏ ရလဒ်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



လက်မှုလယ်ယာ မှ စက်မှုလယ်ယာ သို့ ကူးပြောင်းလာပြီ ဆိုလျှင်တော့ အများ မျှော်လင့်တောင့်တသလို လယ်သမားတိုင်း အိမ်က လေးတိုက်အိမ်ငယ်၊ ကိုယ်ပိုင် ထရပ်ကားငယ် နှင့် တယ်လီဖုန်း တပ်ဆင်ကာ၊ သတင်းစာ ဖတ်ကြားနိုင်ပြီး၊ ရေဒီယိုသံ မစဲသော အိမ်၌ စားဝတ်နေရေး အတွက်လည်း မပူပန်ရ။

ယခုအမေ့ကို ပင်ပန်းဆင်းရဲဖို့ အကြောင်းမရှိ၊ ဝေခင်လို့ ကျောင်း စရိတ်အတွက် ပူပန်ခြင်းမရှိ၊ ခေတ်မီတိုးတက်သော အနောက်နိုင်ငံ များမှ လယ်သမားကြီးများပမာ ရွှေဘုံစံဖြစ်ဖို့ ကြိုးစားကြရမည့် အာသာရပ်များသာတည်း...။

ဓာတုဆိုလည်း ဆေးဝါးပစ္စည်း၊ သကြား၊ အရက်ချက်စက်ရုံ တည် ဆောက်မည်ဆိုလျှင် သုံးရမည့် အခြေခံပစ္စည်း၊ ပစ္စည်းဖြစ်မြောက်လာစေဖို့ အပူချိန်၊ ဖိနှိပ်အား စသည်ဖြင့် လေ့လာမှု ပြုလုပ်ပြီး တွက်ချက်မှုများ ပြုလုပ်ရလေသည်။

သို့နှင့် တိုင်းပြည်တွင် လိုအပ်သော ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင် မည် ဖြစ်သည်။ နိုင်ငံခြားကို အားကိုးရန် မလိုတော့။ နေ့စဉ်အိမ်သုံး အစားအသောက် အစ ငှက်ပျောသီး မှ ရှလကာရည်ထုတ်ယူသော အသေးအဖွဲ့မျိုးပင် ထုတ်လုပ်နိုင်သည်။ ချည်စက်မှာ အသုံးမပြုတော့ သော ဝါဂွမ်းများကို အသုံးဝင်အောင် ဓာတုဗေဒပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်နိုင်သေးသည်။

မြန်မာနိုင်ငံတွင် တည်ဆောက်ပြီး တည်ဆောက်ဆဲဖြစ်သော ဓာတုစက်မှုလုပ်ငန်းများမှာ သကြားစက်၊ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ ရေနံချက်စက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ စက္ကူစက်၊ ဓာတ်မြေဩဇာစက်၊ ဘီယာ စက်ရုံ... စသည်တို့ဖြစ်သည်။ မကြာမီ တည်ဆောက်တော့မည် ဖြစ်သော ချည်မျှင်တု စက်ရုံ၊ ကားတာယာ စက်ရုံများမှာလည်း ဓာတု စက်မှုလုပ်ငန်းများပင်တည်း။ ထို့ပြင် ပလတ်စတစ်လုပ်ငန်း၊ အလှကုန် လုပ်ငန်း၊ ကော်လုပ်ငန်းများလည်း ရှိသေးသည်။

သဘာဝ 'ကုန်ကြမ်း' ကို 'လူသုံးကုန်ချော' အဖြစ်သို့ ပြုပြင် ဖန်တီးပေးမည့် အနာဂတ် သားကောင်း၊ သမီးကောင်းများ ဖြစ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သဘာဝ ကုန်ကြမ်းများ ပေါများသော မြန်မာနိုင်ငံတွင် များစွာ လိုအပ် လှပေသည်။

သည်တော့ ဝေခင်က အင်ဂျင်နီယာလိုင်းခွဲများအကြောင်း တွေး ရင်း စိတ်အား တင်းရပြန်ချေသည်။

ကြိုင်ကြိုင် က စာတစ်အုပ်နှင့် လှဲအိပ်နေသော ကုတင်ဆီသို့ ဝေခင် ထ လာကာ ကြိုင်ကြိုင့်ဘေးတွင် လှဲအိပ်ရင်း စိတ်ညစ်စိတ်များကို ဖျောက်ပြီး မျက်နှာထားရွှင်လျက်...

"ဒါပေ့ါဟယ်..." ဟု ကြိုင်ကြိုင်က အားပေးဆဲ ဝေခင်က သူ့စကား ကို ဆက်၍...

"စစ်သူကြီး နပိုလီယန်များ သူ့ကို စစ်ပွဲတစ်ပွဲမှာ ရှုံးမယ်လို့ ဗေဒင် ဆရာ က ဟောသတဲ့...၊ ဒီတော့ သူက မခံချင်ဘူး၊ ပွဲတိုင်း အောင်ခဲ့တဲ့ လူ မဟုတ်လား... ဒေါသလည်း ထွက်တယ်၊ သူ့ကို ဒီလို စစ်ပွဲရှုံးမယ် ဟောရပါမလားလို့ 'ငါလိုလူ ဇမ္ဗူမှာ ရှိသေးလား' လို့ ကြုံးဝါးပြီး ကုလား ထိုင်ပေါ် ဆောင့်ထိုင်ချတာ ကုလားထိုင်တောင် ကျိုးသွားသတဲ့၊ နောက် အဲဒီစစ်ပွဲကို အားမာန်နဲ့ တိုက်တာနိုင်တာပဲ၊ တို့လည်း 'အနိုင်' ပဲ စဉ်းစား ရမှာပဲ၊ နပိုလီယံလို ကုလားထိုင်ကျိုးအောင် ကြုံးဝါးရဦးမလား... ဒီတော့ နင်က တို့ကို တံတားလေး မပို့လိုက်ပါနဲ့ဟယ်..."

ပြောရင်း တသောသော ရယ်မောမိသေးသည်။ ထို့နောက် ခေါင်းအုံးပေါ် မျက်နှာမှောက်ကာ ရယ်သံနှင့် ရောစွက်လျက် ရှိုက်သံ ထွက်ပေါ်လာလေသည်။ မျက်ရည်ကြောင်းများ နှင့် စိမ့်စိုနေသော ခေါင်းအုံ့နေရာတစ်ဝိုက်ကို ကြိုင်ကြိုင်က မြင်လျှင် မျက်စိမျက်နှာ မကောင်းဘဲ ဝေခင့်အား လှမ်းဖက်လိုက်လေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## [၁၉]

ပန်းပဲဆိုတာ တယ်ပူ၊
တကယ်ဆူတာက လေယာဉ်သံ၊
ဝေဟင်ယံက ကြီးစိုး၊
ဟီးနိုးကလည်း ဝရှူး-ဝရှူးသွား၊
မထူးခြားတာက အဆောင်ဟင်း၊
မှောင်ပြီး မလင်းတာက အိမ်သာမီး၊
မိလ္လာချီးကလည်း အနံ့ဆိုး၊
အစပျိုးနေတာက ရေကူးကန်၊
လေရှူးထန်ရင်ဖြင့် စာမေးပွဲနီး။

ကျောင်းသားတို့ ဆိုစမှတ်ပြုသကဲ့သို့ပင် ဝေခင်တို့ စာသင်ချိန် လျှင် လေယာဉ်ပျံကွင်းမှ တက်လာသော လေယာဉ်ပျံတို့သည် ကျောင်းခေါင်မိုးပေါ်မှ အနိမ့်လေး ပျံလာသဖြင့် စက်သံမှာ ဆူညံသွား သည်။ ဝေခင်တို့သည် ရောက်ခါစကဆိုလျှင် နားတွေ အူမြဲပင်။

စာတွေ ဂရုတစိုက် နားထောင်နေစဉ်ဆိုလျှင် အနှောင့်အယှက် အမြဲပင်တည်း။

ဂျူဒိုတို့ ချဉ်ဖတ်တို့အုပ်စုကတော့ ဗရုတ်ကျမြဲ၊ ဆိုးတေမြဲနှင့် ဆရာ ခင်ဆိုလျှင် သူတို့အသံတွေမှာ ဆူညံနေကြသည်။ ရောကက် အပစ် ခတ်တော့ ရိုးသွားပေပြီ။

လေယာဉ်ပျံတစ်စင်းသည် ကျောင်းခေါင်မိုးနှင့် အနီးကပ်လာ အနိမ့်လေး ပျံဝဲသွားလျှင် တပျော်တပါး လှမ်းမော့ကာ ကြည့်တတ် သည်။ နောက်နားဆီမှ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... တို့ကျောင်းပေါ် အထင်ကြီးနဲ့ ဒီလာဝဲမနေနဲ့၊ ဒီမှာ သ
'ခန်း' တယ်... ပုံလာတာ တစ်ယောက်မှ မရှိဘူး၊ လှတာလေးတွေ မြင်ချ
ရင် အီကို (Eco) သွား (Main) သွား..."

ရှေ့မှ ကျောင်းသူတွေကို မခံချင်အောင် စ နေသည်။ 'အီ
မှာ စီးပွားရေးတက္ကသိုလ်ကို ဆိုလိုသည်။ 'မိန်း' သည် ဝိဇ္ဇာသိပ္ပံတက္ကသို
ဖြစ်သည်။ ထိုတက္ကသိုလ်နှစ်ခုမှာ ရှေးက ရန်ကုန်တက္ကသိုလ်နေရာတွ
ရှိပြီး စက်မှုတက္ကသိုလ်မှ အမှတ် (၈) ဟီးနိုးဘတ်(စ်)နှင့် အတန်င
သွားမှ ရောက်နိုင်သည်။

'အီကို က မိန်းမလှကျွန်း၊ 'မိန်း' က မိန်းမချော ကျွန်း... တို့
က...'

"တို့ဆီက ဘာဖြစ်သလဲ..."

တစ်ယောက်က ဝင်ထောက်လိုက်သည်မှာ...

"တို့ဆီက ဘီလူးကျွန်း..."

ကျောင်းသားတွေက ဝေါခနဲ ရယ်ကြသည်။

မေအောင်နှင့် ကြိုင်ကြိုင်တို့ မိန်းကလေးအုပ်စုက နောက်သို့လှ
ကာ မျက်စောင်းခဲကြသည်။ ဝေခင်က ရယ်ရယ်မောမော တီးတိုးလေ
နှင့်...

"သက်သက် မခံချင်အောင် စ နေတာပါဟဲ့... တို့ဆီမှာလည်
အလှလေးတွေ ရှိပါတယ်၊ တစ်ခုတော့ ရှိပါရဲ့... ဟိုမိန်းမလှလေးတွေ
ကြော့နေအောင် ပြင်တတ်တယ်...၊ တို့ကတော့ မပြင်ကြဘူး၊ ပြင်ဖို့လည်
အချိန်မရဘူးလေ..."

ဖြန်ဖြေသလို ပြောသေးသည်။ မေအောင်က မျက်နှာမဲ့
နှုတ်ခမ်းတွန့်လျက်...

"အလကား... သူတို့ပုံလည်းကြည့်ပါဦး၊ ပုံလာလို့လား... ချိ
နားရွက်ပဲ့တွေ တို့ဆီမှာ မစွံတော့ တခြားမှာ ခြေလှမ်းကြတာ... ဆံ
ရှူး(လ်)တကိုင်ကိုင် နဲ့ အာရ်-အိုင်-တီ ကျောင်းတံဆိပ် စွပ်ကျယ်ပေါ်
ရှပ်အင်္ကျီအပေါ်ဝတ်ပြီး သွား ငမ်းကြတာ... ရှက်လည်း မရှက်ဘူး..
ဟု အော်ကြီးဟစ်ကျယ်နှင့် တမင်ကြားအောင် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနာလိုဘူးလား..."

တစ်စုံတစ်ယောက်က လှမ်းအော်ပြန်သည်။ မေအောင်က နောက်လှည့်မကြည့်ဘဲ သူ့အသံလည်း နောက်က ကြားရအောင် မျက်နှာကို ဆတိုက်ထားလျက် ပြန်ပြောသည်မှာ...

"ကြွကြွ-ကြွကြွ...၊ ဘယ်သူ့မှ မနာလိုမရှိဘူး၊ ဇိုးသမား၊ ဖဲသမား တွေကိုလည်း ငါတို့က မကြိုက်သေးဘူး...၊ တစ်ချိန်လုံး ဖရီးရိုက်၊ အရက် ဆိုင် အားတိုင်း သွားနေတဲ့ဟာတွေ...၊ တစ်သက်လုံး ဒူးနဲ့မျက်ရည်သုတ်နေ ရမယ့်အလုပ် တို့ မလုပ်...၊ ဟို... မိန်းမလှလေးတွေက သူတို့အကြောင်း သိလို့၊ ဒါလည်း ၉၉ ရာခိုင်နှုန်းက ဆန်ပြုတ်...၊ တို့ကတော့ သူတို့ အတွင်းသိ အစင်းသိ..."

အော်၍ ချေပပြန်သည်။ ကျောင်းသူတစ်သိုက်က ရယ်မောကြ သည်။ အမှန်ကတော့ အတန်းထဲရောက်ပြီဆိုလျှင် မိန်းကလေးများ ဘား မလှုပ်ရဲ။ မီးများမီးနိုင်၊ ရေများရေနိုင်ဆိုသလို ယောကျ်ားလေးအုပ် များသောကြောင့် ရှက်သဖြင့် အသာငြိမ်သက် နေတတ်သည်သာ သည်။ ယောကျ်ားလေးများကား... 'အစ' သန်သည်။ တစ်ခါတစ်ရံ ရည် ကျအောင်ပင် စကြ နောက်ကြသည်။

ကြိုင်ကြိုင်တို့ နှစ်တုန်းကတော့ ကြိုင်ကြိုင်တို့က စွာသည်။ အောင်ကလည်း သွက်သည်။ ပြောရဲ ဆိုရဲရှိသည်။ မောင်တွေ ကြားထဲ ပြင်းသော မေအောင်က ရှိုးတိုးရှန့်တန့် အမူအရာမရှိ။ ဝေခင် လည်း မဟုတ်မခံ။ ယခုလည်း ကျောင်းသားတွေ စ သမျှ၊ နောက်သမျှ ခြားမိန်းကလေးတွေ ငုတ်တုတ်ခံနေကြရသမျှ မေအောင် က ပြန်၍ ဘော်ဟာစ်ပြောဆိုခြင်းဖြစ်သည်။

ကျောင်းသားတစ်ဦးက မေအောင့်စကားကို လက်ခေါက်မှုတ် ဘာပေးလေသည်။ တစ်ယောက်သော ကျောင်းသားက သူ့လက်ကို အော်လံသဖွယ်ပြုလုပ်ကာ 'စကားရည်လုပွဲစပါပြီ ဗျို့' ဟု အော်လိုက် သည်။ ဆူဆူညံညံ စကားပြောနေသော ကျောင်းသားတွေ အသံက တ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျူဒိုတို့ထဲမှ ဘယ်သူ့ အသံလည်း မသိ၊ ကွဲတဲတဲ အက်တက်တ
အသံပြာလဲ့လဲ့နှင့်...

"ကောင်းပါတယ်...၊ ကောင်းပါတယ်...၊ အီကိုမလေးကို တွဲလာ
အခါမှာသာ မျက်ရည်မဝဲနှင့်အမိ...၊ ခု ကျူပ်လက်တွဲခေါ်တာ အ
အသိ...၊ ရွှေလက်နှင့်ခေါ်လို့မလာ...၊ ဆင်ခြေထောက်နဲ့ကန်မှ ခြေသ
မဖက်နဲ့ အမိ..."

အတန်းထဲတအုံးအုံးနှင့်ပွဲကျသွားပြန်သည်။မေအောင်၊ ကြိုင်ကြ
နှင့် ဝေခင်တို့က မနေနိုင်သဖြင့် ရယ်မိကြသည်။

တစ်ယောက်လည်း ထ အော်ပြန်သည်။

"စဉ်းစားကြ၊ စဉ်းစားကြနော်...၊ အတန်းကြီးမက်ရင် ပန်း
ခက် လိမ့်မယ်...၊ တကဲ့ ရဲဘော်ဆိုတာ... ကျွန်တော်တို့လို အတန်း
အတန်းတူကို မကြည်ဖြူရင် နောက်တစ်နေ့ ကျောက်ပြင်ပေါ် သနပ်
သွေးရင်း ရရာယူမယ်လို့ အော်နေရမယ်...၊ ဒီတော့မှ မငိုလေနဲ့..."

ထိုအခိုက် တစ်စုံတစ်ယောက်သော သူက တည်ကြည်သော ဆ
တို့၏ လေသံဖမ်းလျက်...

"Quiet... Quiet..."

"ငြိမ်ကြ...၊ ငြိမ်ကြ..." ဟု အော်လိုက်လေသည်။

မရှေးမနှောင်းပင် ဆရာအတန်းထဲ ဝင်လာသည်။ ဆရာ ရော
လာတော့လည်း မီးကို ရေနှင့် ငြိမ်းသတ်လိုက်သည့်နှယ် အသံဗလံ
တိတ်ကုန်ကြသည်။

ဆရာက စာသင်ပြီး၍ အတန်းလွတ်ပြန်တော့ ဆူဆူညံညံ ဖြစ်
ပြန်သည်။ နေ့လယ် မုန့်မစားမီ အတန်း မရှိတော့သဖြင့် အသီး
အတန်းက ထွက်လာကြပြန်သည်။

" လာဟေ့... လာဟေ့..." ဟု အချင်းချင်း စုရုန်းကာ မုန့်
ပြေးသူပြေး၊ ရုပ်ရှင်သို့ ၁၂ နာရီခွဲပွဲအမီ လစ်သူလစ်၊ စီးပွားရေ
တက္ကသိုလ်မှ စက်မှုနှင့်ပတ်သက်သော စီးပွားရေး ဘာသာရပ်
သင်ကြားရန် အတန်းတက်ရောက်လာကြသော အတန်းသို့ ပြေး

www.burmeseclassic.com

www.burmeseclassic.com



...ဘလေး မျက်နှာစိမ်းများကို သွားငေးသူက ငေးကြလေသည်။ ...အတန်းများသို့ ချဉ်ဖတ်တို့လည်း ပြေးလေပြီ။

ဂျူဒိုတို့အုပ်စုကတော့ စကြံန်တစ်ဝိုက်တွင် ညှပ်ရပ်လျက် ...ကျောင်းသူအသစ် ဖရက်ရှာလေးများ အတန်းအလွှတ်ကို စောင့်ကြည့် ...နီး အမျိုးစုံ ပြောကြ ဆိုကြပြန်သည်။ အလွန် 'ဝ' သော မိန်းကလေး ...တစ်ယောက်သည် သူ့အဖော်များနှင့် တွဲလျက် ရယ်ကာမောကာ လမ်း ...လျှောက်လာဆဲ... ခီးပေက စတင်၍ အသံခွဲ့စက် မလိုသော သူ့အသံ ...လဲ့လဲ့ကြီးနှင့်...

"လာပြီဟေ့... လာပြီ...၊ လေမုန်တိုင်းလာပြီ..."

ကျောင်းသူလေးတွေကတော့ သူတို့ကို ရည်စူးပြောသည် မသိ ...သေး၊ အရယ်အမောမပျက် လျှောက်လာကြဆဲသာ...။ မိန်းကလေးတို့ ...နောက်မှ 'ဝခင်' တို့ကသာ မသိမသာရယ်မောမိကြလေသည်။

"အနောက်တောင် ပင်လယ်ကမ်းခြေက တိုက်ခတ်လာကဲ့ ဆိုင် ...လုံး လေကြီးဟာ တစ်နာရီ မိုင်သုံးဆယ်နှုန်း နဲ့ လာနေပါပြီ ခင်ဗျား...၊ ...ရှောင်ကြပါ...၊ ရှောင်ကြပါ...၊ ဝေးရာရှောင်ကြပါနဲ့တဲ့...၊ လေလုံးကြီး ...လာတ်ဘူး..."

ခီးပေက ဆက်အော်အပြီး ဘဲဥက 'ဘူ' ဟု ပါးစပ်မှ အသံရှည်ဆွဲ ...ကာ အော်မြည်လျက် စိပ်ပုတီးနှာခေါင်းနားသို့ ညာလက်နှင့် တောက်ခါ ...နေသည်။ စိပ်ပုတီးက နှာခေါင်း ရှုံ့ကာ သူ့လက်နှင့် မျက်နှာတစ်ဝိုက်ကို ...ယမ်းပုတ်လိုက်လေသည်။

သည်တော့မှသူတို့ကိုနောက် ပြောင်မှန်းသိလာသော ကျောင်းသူ ...လေးများကား မျက်နှာများနီမြန်းကာ နှုတ်ခမ်းစူကြလေသည်။ ဝဖိုင့် ...သော မိန်းကလေးမှာ ငိုတော့မလို မျက်နှာနှင့် ညိုမည်းနေရှာလေသည်။ ...အားလုံးပင် ခေါင်ငုံ့ကာ ခပ်သုတ်သုတ်သုတ် လျှောက်သွားကြလေသည်။

"ချော်လဲမယ်... သတိထားကြ" ဟု အဝေးရာ က စေတနာကောင်း ...ခန် နှင့် လှမ်း သတိပေးလိုက်သေးသည်။

ထိုမိန်းကလေးများနောက်မှ ကပ်လိုက်လာသော ဝခင်တို့က ...ဒို တို့အား လှမ်းကြည့်ကာ ရယ်မောကြသည်။ ကြိုင်ကြိုင်က...

www.burmeseclassic.com

www.burmeseclassic.com



"တတိယနှစ်ပဲ ရောက်နေပြီ၊ ဗရုတ်ကျတုန်းပဲလား…" ဟု လှ
အော်ပြောလိုက်လေသည်။

"ဟာ… တတိယနှစ်ရောက်မှ ဗရုတ်ကျလို့-ကောင်းတာ…"

ချီးပေက ဖြေလိုက်လေသည်။ မေအောင်က…

"အင်း… ပျော်ကြ၊ ပြက်ကြ၊ ကလက်ကြနော်…၊ နောက်မှ ငိုကြ
ကြီးကို မကြုံရပါစေနဲ့၊ စာမေးပွဲဖြေတော့ ဘာသာတိုင်းမှာ ဂရိတ်
(Grade 2) မဝင်လို့ ကျွမ်းထိုးနေရဦးမယ်… သတိထားကြ…" ဟု ကြ
မောင်းလိုက်လေသည်။

ယခုအခါ စာမေးပွဲအမှတ်များကို ဂရိတ် နှင့် အဆင့်ခွဲထား
သည်။ ဂရိတ် (၁) မှာ အမှတ် ၂၀ ရာခိုင်နှုန်းမှစပြီး ဂရိတ် (၂) က
၄၀၊ ဂရိတ် (၃) က ၆၀၊ ဂရိတ် (၄) က ၈၀၊ ဂရိတ် (၅) က ၁၀၀
ဖြစ်ကြသည်။ အောင်မှတ်ကို ဂရိတ် ၂.၅ ထားသဖြင့် အနည်းဆုံး ၅
ရမှ အောင်မှတ်သည်။ ဂရိတ် (၄) မှ ကျော်လာသည်နှင့် ဂရိတ် (၅
ဟု အသိအမှတ်ပြုသည်။ ဂုဏ်ထူးအမှတ်လည်း ဖြစ်သည်။ ဂျူဒို
ပြိုးခနဲ့နဲ့ နှင့်…

"တို့ ဂရိတ်ဖိုက် (၈) ရခဲ့သားပဲဟ…"

"အံမယ်… ဘယ်မှာတုံး…"

ကြိုင်ကြိုင်က မေးလိုက်လေသည်။

"ဟိုဒင်းမှာလေ…"

"ဘာဒင်းမှာလဲ…"

"ကျောင်းအောက် အတွဲတွေ လိုက်ချောင်းရင်း ရလာတဲ့ ဘာသ
မှာလေ…၊ ချစ်ဦးကာ ဘာသာ…"

"ဟင်… ဒါပဲ သူတို့မှာ…"

မေအောင်က ရယ်ရင်းပြောဆဲ…၊ ကြိုင်ကြိုင်က လေးနက်သေ
အမူအရာနှင့်…

"တတိယနှစ်နဲ့ ပဉ္စမနှစ်သားတွေ အကျများတယ်နော်
အကောင်း သတိပေးနေတာ…"

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ချီးပေက...

"ကျေးဇူးတင်ပါတယ်ရှင်...၊ ကျေးဇူးတင်ပါတယ်ရှင်" ကို သီချင်းအတိုင်း သီဆိုနေပြန်သည်။

ဝေခင်က ဟက်ဟက်ပက်ပက် ရယ်မိပြန်သည်။ ဂျူဒို က ဝေခင့်မျက်နှာလေးကို ငေးကြည့်ရင်း...

"မနေ့ကလည်း ငါတို့ ဗရုတ်ကျကောင်းလို့ပေါ့၊ ဝေခင့်လိုကောင်မလေးမျိုးက 'စာမေးပွဲ ကျပါစေ' နဲ့ ကျိန်လိုက်တာ ကြက်သီးထောင် 'ထ' တယ်..."

"ဘာ သွားလုပ်လို့လဲ..."

ဝေခင် က မေးလိုက်လေသည်။ သည်တော့ ဂျူဒို က ဘဲဥကိုမျက်ညှိုးထိုးပြကာ...

"ဘဲဥပေါ့၊ မနေ့က အဆောင်က ထမင်းကြော် မစားခဲ့တော့ဘာ တယ်တဲ့...၊ L.C.R. (ကျောင်းသူအပန်းဖြေခန်း) ထဲ ဘယ်သူမှမရှိတုန်း၊ တိတ်တိတ်ဝင်ပြီး အဝင်ဝ နားက Tiffin box (မုန့်ဘူး) ကိုခင်သူပြီး ထမင်းတွေ ခိုးစားတော့ သူ့ဟင်းတွေက ကောင်းတော့ ငါတို့လည်း တစ်ဇွန်းတစ်ယောက်မ, ဝင် မြည်းကြည့်မိတာပေါ့...၊ ကောင်မလေးက အတန်းဆင်းလာလို့ ထမင်းဘူးဖွင့်ပြီး ဆာဆာနဲ့ စားမယ်လုပ်တော့ ထမင်းတွေ မရှိတော့ဘူး၊ ဒီတော့ ကျိန်လိုက်တာ အမျိုးစုံပဲ...၊ကြောက်စရာ ကောင်းလိုက်တာ..."

"နည်းတောင် နည်းသေး..."

ဝေခင် က မညှာမတာ ပြောလိုက်သည်။ ဘဲဥက...

"ဆာလွန်းလို့ ခိုးစားတာ အပြစ်လား၊ ကောင်မလေးမှာ ထမင်းတစ်ဘူးစာ ဆုံးရှုံးလို့ သူ့ဒေါသဘော်ဒ မှောက်တာပဲ...၊ ငါတို့မှာသာအဆောင်ဟင်းထဲ ဝက်ဆီတုံး မှာ အမွေးထူထူတွေပါလာရင် သူတောင်းစားစိတ်ပျောက်တာပဲ။ ပြီးတော့ ကောင်မလေးက အပျံစား၊ လူ့အပျံစား၊ ဆော်တော်ကား အပျံစား၊ ဟင်းကလည်း အပျံစား၊ ကြက် အသည်းမြစ်

www.burmeseclassic.com

www.burmeseclassic.com



မဆလာဟင်း၊ ငါးဖယ်ကြော်သုပ်၊ ဒီလိုဟင်းမျိုးတွေ သူတို့နေတိုင်းစားရတယ်ပဲ။ ငါတို့ တစ်ခါတလေတောင် အနံ့ခံခွင့် မရဘူး...၊ ဒီတော့ သနားစရာ သတ္တဝါ ငါတို့မှာ ဒီလိုလုပ်တာ တရားပါတယ်..."

"အိုး... ခိုးတာဟာ ခိုးတာပဲ...၊ ခိုးတယ်ဆိုတော့ အပြစ်ကြီးတာပေါ့...၊ သူများ ပစ္စည်း ဒီလိုလုပ်ရင်၊ ကိုယ့်ပစ္စည်းလည်း အခိုးခံရတတ်တယ်...၊ ဘုရားပညတ်တဲ့ အဒိန္နဒါနကံ ဆိုတာ ဒါပဲ။ လာဘ်တိတ်တတ်တယ်...၊ ပစ္စည်းပျက်စီးဆုံးရှုံးတတ်တယ်... တဲ့၊ အဲလိုဖြစ်မှာ မကြောက်ဖူးလား..."

ဝေခင်က လူကြီးသူမလိုပြောနေဆဲ... ဘဲဥက လန့်သွားသလိုမျက်လုံးပြူးပြလိုက်သည်။ ဂျူဒိုက ဘဲဥ၏ လည်ကုတ်ကို, ကိုင်လျက်—

"ဒါကြောင့် ဒီကောင်... ခုတစ်လော ဖဲချည်းရှုံးနေတာ...၊ ဆလိုက်ရှုး(လ်)လည်း မရှိတော့ဘူး၊ ရောင်းပစ်လိုက်ရပြီ... နာရီလည်း မရှိဘူး အပေါင်ဆိုင်မှာ...၊ ဒီကြားထဲ သူခိုးကလည်း အခိုးခံရသေးတယ်..."

"ဟောတော့... ဘာပါသွားသေးလဲ..."

ကြိုင်ကြိုင်က အလန့်တကြား မေးလိုက်လေသည်။

"အဝတ်အစားသေတ္တာတွေပေါ့...၊ ကုန်ရော၊ တို့အဝတ်အစားတွေငှားထားရတယ်...၊ တစ်ကိုယ်လုံးအတုကြီးပဲ..."

စက်မှုတက္ကသိုလ်ကျောင်းသားများ အဆောင်တွေမှာ သူခိုးထူပြောလှလေသည်။ အဆောင်အခန်းတွေကို တစ်ပြိုင်နက်တည်း ခိုးသွားကြသည်မှာ ဘာမှ မကျန်အောင်ပင်တည်း။ တစ်ခါကတော့ မိသွားသော သူခိုးတစ်ဦးကို ကျောင်းသားတွေက ခေါင်းတုံးတုံး၊ လက်ပြန်ကြိုးတုပ်ကာ ကျောနှင့်ရင်ဘတ်တို့တွင် စာကပ်၍ လှည့်ပြသေးသည်။

ကြိုင်ကြိုင်က ရယ်မောလျက်...

"ကောင်းတယ်...၊ ကောင်းတယ်...၊ သာသနာ ၂၅၀၀ ဝိမုတ္တိခေတ်မှာ အကျိုးပေးဆိုတာ အင်မတန်မြန်တယ်...၊ အဲဒါမှတ်ထား၊ ကိုယ်တို့ ဝေခင် တို့ မေအောင်တို့ကတော့ ဘာသာရေး ကိုင်းရှိုင်းလို့ မကောင်းမှုဒုစရိုက် ဟူသရွေ့ အကုန်ရှောင်တယ်...၊ ကြောက်လည်း ကြောက်တယ်..."

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်တို့က နှုတ်ဆက် ထွက်ခွာသွားကြလေသည်။ ဝေခင်တို့ သွားတော့ ဝေခင်တို့၏ နောက်ကျောကို ငေးမောကြည့်ရှုရင်း ခိုးပေ ဇာတ်မင်းသား၏ လေယူလေသိမ်းအတိုင်း... "အလိမ္မာလေးတွေ...၊ အလိမ္မာလေးတွေ...၊ ဟောဒီ အစ်ကိုလင် ချစ်လိုက်ရပါတဲ့... အလိမ္မာလေး တွေ... " ဟု သီဆိုလျက် ကျန်ရစ်လေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၂၀]

**မိုင်းဖျင်း**

"ညီမလေး ဝေခင်"

ငါ ညည်းဆီက ပြန်သွားတော့ လဟာပြင်ဈေး စာအုပ်ဆိုင်မှာ ဉာဏ်ထွန်းတို့နဲ့တောင် ဆုံမိကြသေးတယ်... ၊ ညည်းစာကြိုးစားပြီး လိမ္မာတဲ့အကြောင်း ဉာဏ်ထွန်းက ပြောပါတယ်၊ ဒါထက် ဉာဏ်ထွန်းက ရန်နိုင်ဆိုတဲ့ ကျောင်းသားတစ်ယောက်နဲ့တောင် မိတ်ဆက်ပေးသေးတယ်... ၊" သူ့အမြွာညီ ရန်ပိုင် ဆိုလား...၊ ညည်းနဲ့ တစ်တန်းတည်းဆို... ။

သူကတော့ ငါ ဟိုနေ့က မြင်ခဲ့ရတဲ့ ဗရုတ်ကျကျတွေ မဟုတ်ပါဘူး။ ရည်ရည်မွန်မွန်နဲ့ မိကောင်းဖခင်သားသမီး ပီသကြပါတယ်။ ငါ့ကိုတောင် ခေါက်ဆွဲစား အတင်းခေါ်ပြီး သူတို့မနှစ်က နွေရာသီမှာ နမ္မတူဘော်တွင်းသွားပြီး လက်တွေ့သင်တန်းဆင်းတဲ့ အကြောင်းတွေကိုတောင် ပြောပြနေကြသေးတယ်... ။

သူတို့ မိုင်းက အိမ်တစ်အိမ်မှာ တည်းခိုနေတုန်း သူပုန်က အဲဒီ ကျောင်းသားတွေကို ကာဗာယူပြီး တက်လာတာတဲ့။ အစိုးရတပ်ကလည်း ကျောင်းသားတွေနဲ့ဆိုတော့ အပစ်ခတ် ခွကျတာပေါ့။ သူပုန်တွေက သူနာပြုမတစ်ယောက်ကို လာဖမ်းခေါ်တာတဲ့၊ သူပုန်တွေက ကျောင်းသားတွေကို ဘာမှတော့ မလုပ်ပါဘူး၊ အဲ - ကျောင်းသား စာရင်းတော့ ရှိလေရဲ့တဲ့၊ လူပို တစ်ယောက်ခေါ်လာ မိလို့ စစ်ဆေး မေးမြန်းလိုက်တာ မနည်း ရှင်းရတယ်ဆိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



တို့ အစိုးရတပ်ကလည်း ကျောင်းသားတွေ ညှာပြီးမပစ်ရ မခတ်ရဘူးပေါ့။

ဒီနယ်တစ်ဝိုက်ကလည်း မြန်မြန်အေးချမ်းဖို့ ကောင်းပါပြီ... နမ္မတူဘော်တွင်းဟာ ဗမာပြည်မှာ အကြီးမားဆုံး နဲ့ သတ္တုထုတ်လုပ်မှု စွမ်းအား အများဆုံး သတ္တုတွင်းကြီးတစ်ခုပဲ၊ ဒီဘော်တွင်း သတ္တုတွင်းဟာ ကမ္ဘာမှာ ကျော်ကြားပြီး ကမ္ဘာမှာရှိတဲ့ သတ္တုတွင်းတွေထဲမှာ ခဲနဲ့သွပ်သတ္တု အကြွယ်ဝဆုံး သတ္တုတွင်းတစ်ခု ဖြစ်တယ်ဆိုတာကို ငါ ဆောင်းပါးတစ်စောင်မှာ ဖတ်ရဖူးတယ်။

ငါ သူတို့နဲ့ ဆွေးနွေးကြရင်း ဒါတွေငါက ထည့်ပြောတော့ သူတို့က အံ့အားသင့်ကြသေးတယ်။ သူတို့ ခေတ်ပညာတတ် အနေနဲ့ကတော့ တက္ကသိုလ်ထွက် မဟုတ်ရင်၊ လူတွေ နလပိန်းတုံးများ ထင်လေမလား မသိဘူး၊ ငါဟာ စာသမားတစ်ယောက်၊ စာသမားပေသမားရဲ့ ဦးနှောက်ဟာ အသိဉာဏ်ကြွယ်တယ်၊ ဖွံ့ဖြိုးတယ်ဆိုတာ ငါနဲ့ ကြာကြာ ပေါင်းရင် သူတို့ သိလာမှာပေါ့လေ။

လူတစ်ရာမှာ ကိုးဆယ်ရာခိုင်နှုန်းဟာ စာကျက်နိုင်တဲ့ အခွင့်အရေးရှိရင် စာကျက်ရင်း ဆေးသိပ္ပံဘွဲ့၊ အင်ဂျင်နီယာဘွဲ့၊ ပညာရေး စီးပွားရေးဘွဲ့၊ ယုတ်စွအဆုံး ဝိဇ္ဇာဘွဲ့ရနိုင်တယ်။ လူပေါင်းထောင်သောင်းမှာ လူတော်တစ်ယောက် မထွက်ဘူး။ စာရေးဆရာ၊ ပန်းချီဆရာ၊ ဂီတဆရာ မဖြစ်ဘူး။ ငါက သော့စာရေးဆရာဖြစ်အောင် ကြိုးစားချင်တယ်။ ပါရမီခံ ဘယ်လောက်ပါတယ်ဆိုတာ ကြိုးစားကြည့်ရင် သိလာမှာပဲ။

ဒါတွေ ငါတို့ ဆွေးနွေးကြတော့ ရန်နိုင် ကလည်း အင်ဂျင်နီယာလိုင်း လိုက်လို့သာ လိုက်ခဲ့ရတယ်၊ စာရေးဆရာဖြစ်ချင်နေတဲ့ လူတဲ့၊ ပြီးတော့ ဂီတဆရာတဲ့။ စက်မှုတက္ကသိုလ် ဂီတအငြိမ့် ပဒေသာပွဲတွေမှာ သူကိုယ်တိုင် သီချင်းစပ်ပြီး စောင်းတို့ဂီတတို့ တီးမှုတ်သတဲ့။ ညည်းလည်း သိမှာပေါ့လေ...၊ သူကတော့ အနုပညာရဲ့ တန်ဖိုးကို ထိပ်တန်းက တင်ထား(ပုံ) ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ အနုပညာသည်တစ်ဦးရဲ့ စိတ်ဓာတ်ပဲ။ အနုပညာသည် စစ်စစ်တစ်ယောက်အဖို့ကတော့ သူ့ပညာက လွဲလို့ ကျန်တာ ဘာမှ အရေးပါတာ မဟုတ်ဘူး။ ငွေတို့ ဂုဏ်တို့ ပကာသနတို့ ဒီဂရီတို့ဆိုတာတွေဟာ ဖုတ်လေတဲ့ ငါးပိပဲ ရှိတယ်လို့ မထင်ဘူး။

ဒါကတော့ အမြင်မှန်ပါ၊ အနုပညာသည်တစ်ဦး ကွယ်လွန်သော်လည်း အနုပညာအစွမ်းအစတွေဟာ ဘယ်တော့မှ သေဆုံးတယ်၊ ပျောက်ကွယ်တယ် မရှိဘူး။ နှစ်ပေါင်းများစွာ တည်တံ့နေတာပဲ။ ရှိတ်စပီးယားတို့ အနန္တသူရိယအမတ်ကြီးတို့ ကဗျာတွေဟာ ဒါ့ကြောင့် မပျောက်မပျက် တည်ရှိနေတာပေါ့။

ဒါ့ကြောင့် ငါလည်း အနုပညာသည် တစ်ယောက်ဖြစ်ချင်တယ်၊ ဖြစ်အောင်လည်း ကြိုးစားမယ်။ စစ်သားတစ်ယောက်အဖို့ ဇွဲဆိုတာ ထည့်ပြောဖို့တောင် မလိုပါဘူး။ စာဆိုစစ်သူ ရဲလူဇော်ဆိုတဲ့ ကလောင်နာမည် အောင်မြင်လာတဲ့ နေ့တစ်နေ့သာ ငါ့ညီမ စောင့်ကြည့်ပေတော့။ ကြွားတယ်လို့တော့ မထင်ပါနဲ့၊ ခုနေခါတော့ ကြွားတယ်ပဲ ထားပါတော့။

ကိုင်း... ဟိုရောက်၊ ဒီရောက်နဲ့ ငါ့ စာလည်း ရှည်သွားပြီ၊ တခြားရေးစရာ သိပ် မရှိပါဘူး။ အဓိက ညည်း လိမ္မာဖို့ပဲ။ ညည်း စာတော်ဖို့၊ ကိုယ်ကျင့်တရားကောင်းဖို့ အရေးကြီးတယ်...၊ ဒါပါပဲ... ။

တင့်ဇော်

ခ-လ-ရ (၄၃) ခွဲ (၇)

ဖားမင်းစခန်း၊ မိုင်းပျဉ်းမြို့၊

ကျိုင်းတုံခရိုင်

အရှေ့ပိုင်း ရှမ်းပြည်နယ်၊

***

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စက်မှုတက္ကသိုလ်သည် လက်တွေ့ကျကျ သင်ခန်းစာများနှင့် တစ်ရံမလပ် ကြမ်းတမ်း ခက်ထရော်ရသော ဘဝဖြစ်ပေမေ လည်း အနုပညာထွန်းကားရာ နယ်မြေလည်း ဖြစ်ချေသေးသည်။ ခေ လည်း မဂ္ဂဇင်းတို့၌ စာရေးဆရာ၊ ကဗျာဆရာ၊ ဆရာမလေးတို့၏ အမ အစကို တွေ့မြင်ရသလို စက်မှုသတင်းစဉ် စာစောင်များမှ ကာတွန်း ဆရာများ၏ ပြောင်မြောက်သော ကာတွန်းများကို ရယ်မော ပျော်ရွှင် လေသည်။

အနုပညာသည် အလှတစ်ရပ်ကို ဖန်ဆင်းလျက် ရှိလေသည်။

"ကုန်ကြမ်းကနေ ကုန်ချောလုပ်တဲ့အခါ ကုန်ချောဖြစ်ရင် ပြီးရော ဆိုရင် ဘယ်မှာ ရောင်းပန်းလှမလဲ။ ဈေးကွက်မှာ ကိုယ့် ကုန်ကို ဝယ် မျက်စိတွေ့စေရမယ်...၊ အဲလိုဖြစ်အောင်ဟာ အနုပညာမျက်စိ တယ်...၊ ဘယ်လိုဆွဲဆောင်နိုင်အောင် လုပ်မလဲ ဆိုတာပေါ့...၊ တိုး ဆောက်ဦးတော့... ပုံစံလှလှ အချိုးကျကျဖြစ်အောင်ဟာ အနုပညာ မပါဘဲ ဖြစ်ပါ့မလား..."

ဆရာတွေက ဤသို့မကြာခဏပြောတတ်ဆိုတတ်လှသည်။ ဆရာ တွေ ကိုယ်တိုင်က...

"ကျွန်တော်တို့ အနုပညာဆိုတာက မရှိတာကို ရှိတယ် ထင် အောင် လုပ်ရတယ်...၊ အလှကို ဖန်တီးရတယ်..." ဟု အနုပညာ စိတ်ပါဝင်စားရန် အားပေးအားမြှောက်ပြုတတ်ကြလေသည်။

သို့ကြောင့် ကျောင်းချိန် တစ်နှစ် ကုန်ခါနီးတွင် ပြုလုပ်လေ့ရှိသော နှစ်ပတ်လည် ညစာ စားပွဲများ၊ အနုပညာအဖွဲ့၏ ဂီတနှင့် အကပဒေသာ ကပွဲကြီးတို့တွင် အပြင် အငြိမ့်၊ ဇာတ်၊ အဆိုတော် မင်္ဂလား၊ ကျောင်းသူ ကျောင်းသားအားလုံး ပါဝင်ဆင်နွှဲကြလေသည်။ ကိုယ်ပိုင် မင်းသား မင်းသမီး၊ ကိုယ်ပိုင် လူပျက်နှင့်။

ကျောင်းသူ ကျောင်းသားတွေ အားလုံးကပွဲခန်းမတွင် စည်စည် ကားကား၊ အချိန်အခါအားဖြင့် မိုးနှောင်းကာလ ညတစ်ည။

ည (၇) နာရီတွင် ကပွဲ စမည်ဖြစ်သည်။ တောက်ပသော ဝတ်စုံ များနှင့် သင်းပျံ့သော ရနံ့များက မွှေးထုံနေသည်။ ခါတိုင်း အကျည်

www.burmeseclassic.com



သူပင် ကြည့်ပျော်လာလျက်၊ ရွက်ကြမ်းရေချိုတို့ လှလာကြကာ... သူများ မိုးနတ်သူဇာနှယ် ကြော့မော့နေကြသည်။

ဝေခင်ပင် ကြော့ကြော့မော့မော့ ဝတ်စားလာမိသေးသည်။ တောင် နှစ်ပေါင်းများစွာက သိမ်းထားခဲ့သော အမေ၏ ရွှေတောင် ချည် စိမ်းနုဖျော့ဖျော့ ကွမ်းရိုးစင်းကိုသာ ဝတ်ရသည်။ ချမ်းသာသမျှ ချည်ကောင်းဆို၍ ဒါပဲဖြစ်သည်။ အကျႌကတော့ ကျောင်းဖွင့်စက မေ ဝယ်၍ ချုပ်ပေးလိုက်သော အစိမ်းရင့်ရင့် တက်ထရွန် လက်ရှည် ကျႌဖြစ်သည်။

အကျႌမှာ လက်ချုပ် မချုပ်နိုင်သဖြင့် စက်ချုပ် ချုပ်ထားရာ လှလှ ဘော် နှင့် ခိုင်ကေသီမော်တို့က ရှေ့တွင် 'သိပ်လှပါလား' ပြောပြီး ယ်ရာကဲ့ရဲ့သည်ဆိုပဲ။ ကြိုင်ကြိုင်တို့ ပြန်ပြောမှပဲ သိရသည်။ မတတ် ပါ၊ ဝေခင် မတတ်စွမ်းနိုင်ပါ။

ဝေခင့် ဆံထုံးကိုတော့ ကြိုင်ကြိုင် က သူ့ကလစ်တွေ ဆံညှပ်တွေ စ်ပုံကြီးနှင့် ကျကျထုံးပေးလေသည်။ ဆံထုံးကို ရစ်ခွေလျက် စံပယ်ဖူး ကုံးသီပန်ထားလေသည်။ ထို့နောက် ကျောက်စိမ်းရင့်ရင့် ပင့်ကူ ကွက် ရင်ထိုးလှလှလေးကို ဝေခင့်ရင်ဘတ် ညာဘက်တွင် ကြိုင်ကြိုင် ချိတ်ပေးထားသည်။

ကြိုင်ကြိုင်က စိတ်သဘောထား ကောင်းရှာသည်။ ဝေခင့်ကို ညာ တ် သူလည်း အလွန်အကျွံ ဘာမှ မဝတ်ဆင်။ တက်ထရွန် အဖြူ တ်ရှည်၊ အစိမ်းနုရောင်တက်ထရွန်ပြောင်လုံချည်၊ လက်ဝတ်လက်စား လက်စကိုပင် ချွတ်ထားခဲ့သည်။

"ဟေး... တယ်လှပါလား...၊ လှမှလှ... အားကြီးလှ..." ဟု ဂျူဒို ပြေးရင်းလွှားရင်း ဝေခင့်အား နောက်ပြောင်သွားသေးသည်။

"ဒီနေ့တော့ လန်ဘားလည်းလှ၊ မယ်ကုဝဏ်လည်းလှ၊ ဝွက်ထော် ည်းလှ၊ လေမုန်တိုင်းလည်းလှ၊ မဲလုံးလည်းလှ၊ နှံပြည်စုတ်လည်းလှ၊ တောင်ပြည်များ ရောက်သွားသလား အောက်မေ့ရတယ်...၊ တော့... နေတာပဲ..."

ချီးပေက အော်ဟစ်ပြောဆိုသွားလေသည်။ ကိုပြုံ...

www.burmeseclassic.com

www.burmeseclassic.com



"ခု ဘီလူးကျွန်း မဟုတ်တော့ပါဘူး" ဟု ဆိုရုံရှိသေး...။ ဘဲဥ
ပါးစပ်ဆော့ကာ 'ကြွက်ကျွန်း' ဟု ပြောမိသဖြင့် ကပွဲခန်းမအတွင်း
ကျောင်းသူလေးများက သူတို့၏ တစ်တောင်လောက်ရှည်သော ပိုက်ဆံ
အိတ်များနှင့် ဘဲဥခေါင်းကို ဝိုင်းရိုက်ကြရာ ဘဲဥလည်း အတော် ထွား
ပေါက်ရှာကာ ပြေးသွားရလေသည်။

ကပွဲ စတင်လေပြီ...။

ရှေးဦးစွာ ပါမောက္ခချုပ်နှင့် အခမ်းအနားမှူးဖြစ်သူ ရန်နိုင် တို့က
မိန့်ခွန်းစကား၊ နှုတ်ခွန်းဆက်စကားများကို အသီးသီးပြောကြားလေ
သည်။

ပဏာမအဖြစ် ကျောင်းသူနှစ်ဦးသည် မြန်မာပီပီ ဝတ်စား
ဆင်ယင်ကာ စောင်းနှင့် တစ်ဦးက တီး၊ တစ်ဦးက ဆိုလျက် မင်္ဂလာ
ဘာဘွဲ့ ဖြင့် ဧည့်ခံဖျော်ဖြေကြရာ၊ သာယာနာပျော်ဖွယ်သော တေးဂီတ
သံကို သိမ့်ခနဲ - ငြိမ့်ခနဲ ခံစားကြရလေသည်။

ထို့နောက် တစ်ပင်တိုင်အက၊ မြိုင်ထ၊ နှစ်ပါးသွား၊ ဒိုးပတ်ဝိုင်း
ကဗျာလွတ်အက၊ ဟာသပြဇာတ်၊ ဆီမီးခွက်ယိမ်း၊ ရာမနှင့် ဒသဂီရိ
စစ်ထိုးခန်း၊ အော်ပရာ၊ ကုံကော်မြိုင်တန်း သီချင်း၊ အကျည်းတန် ချစ်သူ
သီချင်း သီဆိုခန်း, စသည်များဖြင့် အသီးသီးဧည့်ခံကြလေသည်။

ထူးခြားသော ပြခန်းတစ်ကွက်ကား ပရိသတ်ကို တဟားဟား
ပွဲကျ စေသော စက်မှုခင် အငြိမ့်အဖွဲ့၏ ဖျော်ဖြေခန်းပင် ဖြစ်လေ
သည်။ ကျောင်းသူ 'ခင်ခင်' က အငြိမ့်မင်းသမီးလုပ်၍ ချီးပေနှင့် ဘဲဥ
တို့က လူပြက်လုပ်လေသည်။

ချီးပေ က အရည်ရှည်ရှည်၊ ကလန်ကလား နှင့် ဘဲဥ က ပုတုတု
နှစ်ယောက် ယှဉ်ပြိုင်ရပ်လျှင်ပင် ရယ်စရာ ကောင်းရသည့်အထဲ ပြက်လုံး
များကို တိုက်ထားတာရော၊ ကျပန်းပြက်တာရော စုံနေအောင် ပြက်သွား
သည်။

ပတ်ဝန်းကျင်တွင် မြင်သမျှ - ကြားသမျှ တွေ့သမျှတွေကို
အလွတ် မပေးဘဲ ပြက်သွားလေသည်။ တော်တော်နှင့် ပြီးသော ထား
လက်စ ရေကူးကန်ကြီးလည်းပါ၊ အဆောင်၌ ဘဲဥကို ဗျူ နှင့် ကြော်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာရော၊ ဘတ်(စ်) ကား တိုး မရအောင် လူကျပ်တာရော၊ ဂျီဟောလ်သူတွေကို အမျိုးစုံ ကလိတာရော၊ ကျောင်းအိမ်သာ တံခါးတွေ ချက်မရှိသဖြင့် ချောင်းဟန့် အသံပေးရလွန်းသဖြင့် အသံဝင်ကာ ဆရာဝန်ထံသို့ရောက်ရတာရော... စသည်အားဖြင့် အမျိုးမျိုး ပြက်သွားသည်။

ထို့ပြင် ဘဲဥ နှင့် ခင်ခင်က သားအမိလုပ်လျက် ချီးပေက ခင်ခင်ကို လာတောင်းရမ်းသူ လုပ်ကာတဖုံ၊ ဘဲဥက ဆရာဝန်၊ ချီးပေက လူနာအဖြစ်ဖြင့်လည်းကောင်း၊ ချီးပေက ဗေဒင်ဆရာ၊ ဘဲဥက ဗေဒင်မေးသူအဖြစ်ဖြင့်လည်းကောင်း၊ ရုပ်ပြောင်းရုပ်လွှဲ၊ အသံပြောင်း အသံလွှဲပြက်ပုံးထုတ်သွားကြသဖြင့် ပွဲကြည့်သူများကား တအုန်းအုန်းနှင့် ပွဲကျကြပြန်တော့သည်။

နောက်ဆုံးအခန်းမှာ... "သရုပ်ပျက်တေးရှင် ချွတ်ခန်း..." ဟူသော ခေါင်းစဉ်နှင့် ရန်နိုင်ရန်ပိုင် နှင့် ချီးပေ တို့က ဧည့်ခံကြလေသည်။ ပရိသတ်တို့ တအုန်းအုန်းနှင့် ပွဲလည်းကျကာ ဩဘာသံ မစဲအောင် သီဆိုဖျော်ဖြေသွားကြလေသည်။

အဝေရာ က ပွဲစင်နောက်မှ ဗိုလ်ဗကိုတို့၊ စန္ဒရား ဦးအောင်ခင်တို့လေသံအတိုင်း ထိုအခန်း၏ အစီအစဉ်များကို တစ်ခုပြီးတစ်ခု ကြေငြာသွားလေသည်။

ပထမဦးဆုံး ရန်ပိုင်က ဂီတာကိုင်လျက် ချီးပေက ခေါင်းလောင်းသဏ္ဌာန်အဝကျယ်သော ရှပ်အင်္ကျီနှင့် ဘောင်းဘီများဝတ်လျက် ခေါင်းမှဆံပင်ကို တမင် အရှည်ချန်ကာ နားထင်စပ်တွင် ဒေါက်တိုင်ရှည်နှင့်သျှာမွေးပမာ ပြောင်လက်သော မျက်နှာထား ကြောင်စီစီနှင့်ရန်ပိုင့် ဘေးယှဉ်ရပ်လိုက်လေသည်။

စောစောက လူပြက်လုပ်ထားသော အရှိန် နှင့် ချီးပေ ကို မြင်ရသည်နှင့် တအုန်းအုန်း ပွဲကျကြပြန်သည်။ ချဉ်ဖတ်တို့၊ ဟစ်ပီတို့ အိမ်ကြီးအိမ်ကောင်းတို့ ကျင်းပမြဲဖြစ်သော ပါတီတွေမှာ တိတ်ရီကော်ဒါ အသံစနစ် နှင့် ကျယ်လောင်စွာ ဖွင့်လေ့ရှိသော၊ (သို့မဟုတ်) အီလက်ထရစ်ဂီတာ နှင့် တီးဆိုလေ့ရှိသော၊ (သို့မဟုတ်) သွားလေရာ၌ ရပ်တွင် ထရန်

www.burmeseclassic.com

www.burmeseclassic.com



စစ္စတာ ရေဒီယိုနှင့် ဖမ်းလေ့ရှိသော ကာလပေါ် အင်္ဂလိပ် တေးသီချင်း တစ်ပုဒ်ကို မြန်မာတေး စာသား သွင်းကာ ဆိုပြလေသည်။

ချီးပေ က သူ၏ ရှည်လျားသော အရပ်ကြီးကို တစ်ကိုယ်လုံး လိမ်ကောက်ကွေးလျက် လက်ဝါးကို ဖြန့်ကားဆန့်ထုတ်၍လည်းကောင်း၊ ပါးစပ်ဖြဲ၍လည်းကောင်း၊ ပခုံးတွန့်၍လည်းကောင်း၊ မျက်စ, ချီ၍လည်းကောင်း၊ တေးသွား ဆတ်တောက်ဆတ်တောက်ကို ဆိုလိုက်လေ ပွဲကြည့်ပရိတ်သတ်တို့က တသောသော ရယ်မောကြလေသည်။ ထော တစ်ထောင့်မှ ကျောင်းသားတစ်စုက... "နားကလောစ်" ဟု အော်ဟ ရင်း ရယ်ကြပြန်သည်။ ချီးပေ ဆိုအပြီး အထဲဝင်သွားသောအခ ဇာတ်စင်နောက်မှ အဝေရာက...

"ရွှေပွဲလာ... ပရိသတ်များခင်ဗျား...၊ ဒီတေးသားတွေဟာ အ ပညာ အသင်းဥက္ကဋ္ဌ ကိုရန်နိုင်ကိုယ်တိုင် ရေးစပ်ထားတာ ဖြစ်ပါတယ်... ဒီ သီချင်းတွေကို နိုင်ငံခြားသားရှေ့မှာ ဖွင့် မပြရဲဘူး၊ မသီဆိုရဲဘူး ကိုရန်နိုင်က ပြောပါတယ်...၊ နိုင်ငံခြားသားတွေက ဒါကို နားထောင် ဟ... မင်းတို့ သီချင်းက ငါတို့ သီချင်းပါပဲလား... လို့ ပြောလိုက်မ ဆိုရင် ခိုးထုပ် ခိုးထည်နဲ့ မိသွားသလို..."

အဝေရာ စကားမဆုံးခင် ဩဘာ, လက်ခုပ်သံများကြရလေ သည်။ အဝေရာ က ဆက်၍...

"ကျွန်တော်တို့ ဘိုးဘွားမိဘများ လက်ထက်က အဆိုတော် မင်းသားကြီးခင်မောင်ရင်ရဲ့ "ကျုပ်တို့ လူမျိုး တန်ခိုးရှိသည်" ဆို နဂါးနီ သီချင်းကို "ကျုပ်တို့ လူမျိုး သူခိုးရှိသည်" လို့ ဆိုရမဲ့ကိန်းဆိုက် ရောက်မှာ စိုးမိပါသတဲ့ ခင်ဗျား...၊ ငေါ်ရင်ဂျီ ကုလားတောင် ကိုယ်ပိုင် တေးသွားရှိ နေပါလျက် ဗမာမှာ ကိုယ်ပိုင်တေးဂီတသံ မရှိဘူးလား နိုင်ငံခြားသားတွေက ထင်လိုက်မှာကို ဥက္ကဋ္ဌကြီးက သိပ်ရှက်မိပါတယ် တဲ့ ခင်ဗျား..."

လက်ခုပ်ဩဘာသံများ ဆူဆူညံညံတီးခတ်ကြလေသည်။

ထို့နောက် အင်္ဂလိပ်တေးကဲ့သို့ပင် မြူးကြွ၍ အင်္ဂလိပ် တေးသံ နားယဉ်ကြသူ ဂုဏ်ကြီးရှင်များ ဖြစ်ပါအံ့၊ မြန်မာတေးသံကို အင်္ဂလိ

www.burmeseclassic.com

www.burmeseclassic.com



သားထည့်သွားဆိုပါက အဟုတ်တကယ် မြူးကြွကာ နားသောတ ဆင်ရာ ကောင်းပါလိမ့်မည်ဟု အဝေရာက ရှင်းပြပြီး ရန်နိုင်နှင့် ရန်ပိုင်တက်လာကာ ရန်နိုင်က ဂီတာတီးလျက် ရန်ပိုင်က သီချင်းဆိုလေသည်။

အမြွှာညီအစ်ကိုဖြစ်သဖြင့် ရုပ်ချင်း ဆင်တူ၊ အဝတ်အစားက ဆင်တူ၊ နှစ်ယောက်စလုံး သက္ကလပ်အစိမ်းရင့် တိုက်ပုံအကျီဆင်တူ၊ ခင်းလေး ပိုးအကွက် အစိမ်းဖျော့ဖျော့ ကိုယ်စီ ဝတ်လျက် တစ်ယောက်က တီး၊ တစ်ယောက်က ဆိုတော့ ပရိသတ်က တအံ့တသြ ငေးမောရသသည်။

အင်္ဂလိပ်တေး စာသားသွင်းထားသော မြန်မာသီချင်းတို့မှာ အိုးစည်သံ (အရုပ်သုံး) သီချင်းနှင့် ရှေးရိုးရာ သီချင်းတို့ ဖြစ်လေသည်။

"အကျီ... အကျီ... ပါးရယ်နှင့်... မျက်ထားမျက်ထားချို...
ပြုံးသလို လို... ကျွန်မလက်ကို ဆွဲ...၊ ပဒုမ္မာ... ဆင်းသီဂီ..."
"ချစ်ပါတဲ့... ကြိုက်ပါ... လူပျိုတွေ ဖော်တသင်းနဲ့ ချစ်တေး
ဖွဲ့လာ..."
"မချစ်သာလို့ နေပါသေးတယ်... မကြိုက်သာလို့ နေပါ
သေးတယ်... နှမလေးပျိုမအားတယ်... ရည်းစားနှင့်လေး..."

စသော အိုးစည်သံ (အရုပ်သုံး) နှင့် ဒိုးပတ်များကို အင်္ဂလိပ်တေးသွား သွင်းလိုက်သော် အဟုတ်တကယ် အင်္ဂလိပ်တေးဂီတ လက်ရာတစ်မျိုး ဖြစ်လာလျက် ထိုစာသားများကို တစ်ဖန် မြန်မာစာသားအထက်ပါအတိုင်း ထည့်သွင်းဆိုပြတော့ ပရိသတ်က တအံ့တသြလည်းဖြစ်လျက် ချီးကျူးစိတ်တစ်ဝက်နှင့် လက်ခုပ် လက်ဝါးတီးကာ သြဘာပေးကြပြန်လေသည်။

နောက်ဆုံး...

မြန်မာ့ တေးဂီတ ၏ အဆီအနှစ်၊ အသိမ်အမွေ့၊ အနူးအညံ့၊ အလေးအနက်၊ အလင်္ကာ၊ ဂုဏ်၊ ရသကို ထုတ်ဖော်ရာ၌ ရန်ပိုင်က ဆောင်း တီးလျက် ရန်နိုင်က တစ်လှည့်၊ 'သိင်္ဂါရွှေရောင်' ပတ်ပျိုးကို သီဆိုလေသည်။

သည်တော့လည်း မြန်မာသီချင်းကြီးကို အိပ်ငိုက်သည်ဟု အစွဲ

www.burmeseclassic.com

www.burmeseclassic.com



အလမ်းကြီးသော၊ ပျင်းစရာကြီးဟု ထင်ရှာသော လူငယ်ပရိသတ်အချို့နှင့် ခေတ်ပညာတတ်ပိုင်းက 'သိင်္ဂီရွေးရောင်' ပတ်ပျိုးကို နှစ်ခြိုက်လာကြလေသည်။ သီချင်းကြီးအပြီး ရန်နိုင်ရေးစပ်သော မြန်မာတေးသီချင်းတစ်ပုဒ်ကိုလည်း ဆိုပြသေးရာ အားလုံးက သဘောတူလက်ခံကြသည်။

အနုပညာအသင်း ဥက္ကဌ ရန်နိုင် ၏တီထွင်ချက်၊ အနုပညာဖန်ဆင်းချက်ကို အားရပါးရ ထောက်ခံကြလေသည်။ ထိုစဉ် (လွန်ခဲ့သောသုံးလေးနှစ်ခန့်) က သရုပ်ပျက် တေးဂီတတို့ မြန်မာ မဆန်သောတေးသောင်းပြောင်းတို့ ယခုလောက်ခေတ် မစားသေး၊ မဖောင်းပွသေး။

ယနေ့အချိန်အခါ၌မူကား ထိုသရုပ်ပျက် တေးဂီများကို မထေ့မနပ်ဖြစ်ကြသော လူငယ်တိုင်းက တော်တော်များလာလေသည်။ မျက်စိကြီး- နားကြီး ရပ်ကွက်မှ အိမ်ကြီးတို့တွင် ရီကော်ဒါနှင့် စွဲမက်စွာ ဖွင့်ကြသော်လည်း ရှုတ်ချသူက ရှုချကြလေသည်။ အချို့သော သီချင်းများတေးသား - တေးသွားကောင်းမွန်သော်လည်း များသောအားဖြင့်ကတော့ ပုံ မမှန် မူမမှန် နိုင်ငံခြားတေးသွားကို အချစ်မှိုင်း မိစေသောစကားလုံးများ အစားသွင်းလျက် လူငယ် လူရွယ်တွေကို တွေဝေမိန်းမောစေသည်။

လူမျိုးတစ်မျိုး (ဝါ) နယ်ခဲ့ကျွန် အဖြစ်မှ လွတ်မြောက်ပြီးသောမြန်မာနိုင်ငံသည် အငှား ဦးနှောက် သုံးလျက် ကိုယ်စိုးကိုယ်ပိုင် ဘာမှမရှိ တိုင်းတစ်ပါး၏ အနုပညာ 'ကျွန်' ဖြစ်လာရသည်မှာ ဝမ်းနည်းဖွယ်ရာပင်တည်း။

ဒါတွေကို ရန်နိုင် က စဉ်းစားမိသည်။ တွေးခေါ်မိသည်။ မြော်မြင်မိသည်။

နောင်တစ်နေ့တွင်ကား လူငယ်လူရွယ်အချို့တို့သည် ရန်နိုင်တွေးသလိုပင် တွေးလာမိကြသည်။ သို့ကြောင့် တစ်ခုသော ရုပ်ရှင်အောင်လံမဂ္ဂဇင်း ၌ ကဗျာစာဆို အောင်နေဦး ဆိုသူက...

မားပေးစမ်း, မား...

ကောင်းမေ့ စာရင်းဝင်...

အင်္ဂလိပ်သီချင်း၊ တစ်ပုဒ်ဖွင့်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ဟင်... အလိုက်ကလည်း မြန်မာသီချင်းပဲ...
သန့်ပေ့ဆိုကြ...
ဂျပန်သီချင်းများ၊ တအား နားထောင်လိုက်၊
ဟင်... အလိုက်ကလည်း မြန်မာသီချင်းပါလား၊
သစ်ပေ့ ပြောကြ...
အမေရိကန်သီချင်း၊ အဖန်ဖန်မြည်းကြည့်လိုက်၊
ဟင်... အလိုက်ကလည်း မြန်မာသီချင်းလို၊
တကယ်တော့သာ...
ကမ္ဘာ့ရသာစုံ
ဘုံပစ္စည်းတွေဟာ၊ တို့ဗမာပြည်မှာကိုး၊
တီးကြ-ဆိုကြ...
ထုတ်လုပ်ကြနဲ့...
မြန်မာ့သားကောင်း ပညာရှိတွေ...
ဒါပေမဲ့ကွယ်...
လာလည်တဲ့ နိုင်ငံခြား၊ မိတ်ဆွေတစ်ယောက်၊
ဒါ ငါတို့ နိုင်ငံက ဥစ္စာပဲလို့ ပြောလိုက်ရင်...
ကျုပ်တော့ ကျုပ်ရဲ့မျက်နှာကို ဓားနဲ့လှီးပစ်မိမှာပဲ...

❀

www.burmeseclassic.com

www.burmeseclassic.com

## [၂၁]

သို့ ရှုတ်ချသူက ရှုတ်ချဆဲ...၊ အိမ်ကြီးအိမ်ကောင်း ရိုကော်ဒါတို့ တွင် ထိုတေးသံတို့သည် ပျံ့လွင့်နေမြဲပင်တည်း။

ကုက္ကိုင်းလမ်းချိုးတစ်ခုမှ ခေတ်ဆန်ဆန် နှစ်ထပ်တိုက် အိမ်ခြံ ကျယ်ကြီးထဲသို့ ခြေလှမ်းဝင်လိုက်မိသည်နှင့် တေးသံတို့သည် ခြံဝသို့ ပျံ့လွင့်လာမြဲပင်။ ထိုအိမ်ထဲမှ အယ်လ်ဗေးရှင်း ခွေးများဟိန်းသံသည် တေးသံနှင့်အတူ ရောနှော ထွက်ပေါ်လာလေသည်။

ဝေခင် သုံးခေါက်မျှ ရောက်ခဲ့ဖူးသော ထိုအိမ်မှ ထိုအသံများသည် ထူးခြားတော့သလို နားယဉ်သွားပေပြီ။ ဝေခင် က မတင်ရွှေနှင့်အတူ ခြံလွယ်ပေါက်မှ ဝင်ရလျက် အိမ်နောက်ဖေးဘက်မှ ရောက်လာခြင်း ဖြစ်သည်။

ထိုအိမ်ရှင်မှာ အရာရှိကြီး ဦးကျော်ဇံနှင့် သူ့ဇနီး ဒေါ်ခင်စန်းမြင့် တို့ နေအိမ်ဖြစ်သည်။ ဒေါ်ခင်စန်းမြင့်က စိန်ထည်၊ ကျောက်မျက်ရတနာ များကို တိတ်တိတ်ပုန်း ပွဲစားလုပ်နေသည့်အပြင် သေးသေးဖွဲ့ဖွဲ့ ရွှေတို ရွှေစများကိုပင် အတိုး နှင့် အပေါင်ခံသည်။ သို့ကြောင့် မတင်ရွှေလို လည်ငွေကို ဈေးသည်လေးများထံမှာ တစ်ရာ သုံးကျပ် တိုး ရွှေပေါင်ငွေ ပေါင်ခံခြင်း ဖြစ်လေသည်။

အမှန်ကတော့ ပစ္စည်းပေါင် တစ်ရာ ၂ ကျပ်တိုး ပေးရရှိ ထုံးစံရှိ သော်လည်း ဒေါ်ခင်စန်းမြင့်ထံမှ ငွေအလွယ်တကူရသောကြောင့်လည်း ကောင်း၊ ပစ္စည်းစိတ်ချရသောကြောင့် လည်းကောင်း ၃ ကျပ်တိုးကိုပင် လိုချင်ချင် လာပေါင်ကြလေသည်။ ဝေခင်ကလည်း သူ့ဆွဲကြိုးကို

www.burmeseclassic.com



ငွေ ၅၀ဝိ နှင့် ပေါင်ထားရသည်။ အတိုးက တစ်လ တစ်လ ၁၅ ကျပ် ဆပ်သွားရသည်။ လဆန်းရက်တွင် ဆပ်သွားရလေသည်။ ဒေါ်ခင်စန်းမြင့် ကလည်း၊ သူ၏ ဒရိုင်ဘာ မိန်းမနှင့် မတင်ရွှေတို့လို နီးစပ်ရာစျေးသည် လေးမျိုးများထံမှ တစ်ယောက် ၁၅ ကျပ်နှင့် ၂၀ဝိ မျိုး အတိုးရော လစဉ် ဝင်ငွေ မှန်မှန် ၁၅ဝိ- လောက်စီသည်။

ဝေခင် ရောက်တိုင်း အိမ်နောက်ဖေးအဆောင်တွင်ပင် ထိုင် ပြီးပြတ်ရသည်။ မတင်ရွှေ သို့မဟုတ် မလှငွေနှင့် လာမြဲသာ...။

အိမ်နောက်ဖေး အဆောင်မှ လှမ်းမျှော်ကြည့်လျှင် ထမင်းစား ခန်း၊ စားပွဲဝိုင်းတွင် ဒေါ်ခင်စန်းမြင့်တို့ မိတ်ဆွေသင်္ဂဟများ၏ ဖဲဝိုင်းကို တွေ့မြင်ရလေသည်။ စနေနေ့ဝက်တို့တွင် ဦးကျော်ဇံ ပါ ဝိုင်းထဲ တွေ့ရ လျက် ကြားနေ့ဆိုလျှင် ဒေါ်ခင်စန်းမြင့်ကိုသာ တွေ့မြင်ရလေသည်။

မတင်ရွှေကမူ သည်အိမ်တွင် အမြဲလိုပင် ဝင်ထွက် သွားလာကာ လုပ်စရာရှိတာ လုပ်ပေးခဲ့လျက် စားစရာများလည်း စားသောက်ခွင့် ရတတ်ပေသည်။ မတင်ရွှေက သူ့မျက်နှာကို မဲ့လျက် တီးတိုးလေသံနှင့်...

"အဲဒီမိန်းမကြီး ဖဲရှုံးရင်တော့ သူ့ခြင်ထောင် အကြီး လျှော်ပေးတဲ့ ပိုက်ဆံငါးမူး မရဘူး..."

"ဘယ်လောက်ရမှ လျှော်ပေးမယ်လို့ ပြောရောပေါ့...၊ အစ်မရဲ့ ခြင်ထောင်လျှော်ရတာ သိပ်ပင်ပန်းတာ..."

ဝေခင် က ပြောလိုက်လေသည်။

"အဲလို... မှတ်ထား...၊ မှတ်ထားဆိုပြီး ခြင်ထောင်လျှော်ပေးတာတို့ သုံးခါရှိပြီ...။ အဲလေ... ကိုယ်လိုချင်တဲ့ အခါလည်း ပစ္စည်းပေါင်နဲ့ ဆွဲသုံး ရတာပဲ ကျေးဇူးတင်ရသေးတယ်...၊ ဒါပေမဲ့ အစ်မနီလာ ဆွဲကြိုးတော့ တစ်နှစ်ရှိပြီ... ပေါင်ထားရတာ...၊ ကြာရင် အတိုးက အရင်းလောက် ခိုက်သွားမှာပဲ..."

"အင်း... အစစ်ပဲ အစ်မရေ...၊ ကျွန်တော်တောင် ဒီလ အတိုးပါ ထည့်ပေါင်းရင် အတိုးပေးရတာချည်းပဲ ငွေ ၉၀ဝိ ရှိသွားပြီး အစ်မရေ... စဉ်းစားကြည့်ရင် သိပ်နှမြောစရာ ကောင်းတာပဲ..."

ဝေခင်က သက်ပြင်းကိုသာ ခပ်လေးလေး ချမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို... မတတ်နိုင်ဘူး မတတ်နိုင်ပါဘူး၊ ရှိ တန်ဆာ၊ မရှိ ဝမ်းစာ တဲ့ ဝေခင်ရေ...၊ အစ်မတို့တော့ ဝဋ်ကြွေး မကုန်သရွေ့ ဆင်းရဲနေဦး မှာပဲ စကားရှိသားပဲ... ဥစ္စာကံပေး၊ မရသေးနှောင့်နှေးဗျာပါ မရှိရာ ဘူး..."

"အစ်မက ဘယ်ဆိုးလို့တုံး..."

ဝေခင်က စိတ်လက် ပေါ့ပါးစွာပင် ရယ်မိသေးသည်။ သူ့ဘဝကို ကြည်း ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ ထင်မှတ်ရှာသေးသည်။ မတင်ရွှေကမူ ဖဲဝိုင်းရှိရာသို့ မေးငေါ့ပြလျက်...

"ပိုက်ဆံများ ဖောတဲ့လူများ သိပ်ဖောတာ၊ ဟိုမှာ မမြင်ဘူးလား၊ စားရမ်းကို ကျနေတာပဲ၊ အဲဒါ ဝိုင်းကြီးပဲ၊ တစ်ချပ်မှောက်ဆိုတာ ဒါပေါ့..."

"တစ်ချပ်မှောက်..."

ဝေခင်က မျက်ခုံးကို ရှုံ့ကာ မေးလိုက်လေသည်။ မတင်ရွှေက...

"အစ်မလည်း နားမလည်ပါဘူး၊ အဲဒါ... ပိုကာ ကစားနည်း တစ်မျိုးတဲ့၊ အမေရိကန်ပိုကာ ဆိုလား၊ ဟောလီးဝုဒ် ပိုကာ ဆိုလား... မမစန်း ပြောပြတာ...၊ ပိုက်ဆံက ကြေးကြီး၊ တစ်ချီတည်း ရာလိုက် ထောင်လိုက် ရှုံးတာတဲ့၊ အိမ်တစ်အိမ်များ ငွေ ၁၀၀၀ဝ အနည်းဆုံးပါမှ ဝိုင်းထဲ အဝင်ခံတယ်တဲ့၊ မင်းကြီးရော-မမစန်းရော ဖဲရှုံးရင် လင်မယားနှစ်ယောက် ရန်ဖြစ်လိုက်တာ တကျိကျိပဲ...၊ တစ်ခါ... အစ်မရှိတုန်း ရှေ့တွင် ရန်ဖြစ်ကြတာ... မမစန်းက သူသောက်နေတဲ့ လိမ္မော်ရည်ဖန်ခွက် နဲ့ မင်းကြီးကို ပေါက်ပစ်လိုက်တာ မင်းကြီး အရှောင် ကောင်းလို့ပေါ့...၊ နို့မဟုတ်ရင်... ခေါင်း အကွဲပဲတော့..."

"ဟင်..."

ဝေခင်သည် ထူးဆန်းသော လူဂုဏ်ထံတို့၏ အပြုအမူများကို မြင်သဖွယ် နားထောင်မိလေသည်။

"ဒိုင်ခံလို့ရသမျှ ဖဲရှုံးပစ်တော့ မမစန်းက နှမြောသတဲ့။ အိမ်ပေါ်ထပ်မှာပဲ ငှက်ပျောပွဲ၊ အုန်းပွဲတွေနဲ့ ဘိုးတော်ပွဲရှိတယ်... အမှန်တော့ ဘိုးတော်က လောင်းကစား အား မပေးဘူးတဲ့...၊ လောင်းကစားနိုင်အောင်တော့ လုပ် မပေးနိုင်ဘူး၊ အဲ... မင်းကြီး ရာထူး တက်အောင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော် မ တယ်တဲ့…၊ ပြီးတော့ ဗေဒင်အရဆိုလား… ဝါဆိုဖယောင်း တိုင်တွေမှာ အင်းတွေချ၊ အဲဒီအင်းမှာ မင်းကြီးရဲ့ ပြိုင်ဘက်တွေ၊ ရာထူး ပြိုင်ဘက်တွေပေါ့…၊ နာမည်တွေရေးပြီး ယတြာခြေသတဲ့…"

"ဟင်… အဲဒါ ဘယ်ကောင်းမလဲ၊ တခြားလူတွေနာမယ်ကို မီးရှို့ သလို ဖြစ်မှာပေါ့…၊ လောင်မြိုက်အောင်လုပ်တယ်ဆိုကတည်းက ပူလောင်အောင် လုပ်တာနဲ့ အတူတူပဲ၊ ငရဲကြီးမှာပေါ့…"

"ကြီးတာပေါ့၊ မလိုလို့ အိမ်တစ်အိမ်ကို ပုဏ္ဏက တိုက်တာတွေ ဘာတွေ ရှိသေးတယ်…၊ အဲဒါ လုပ်ရတာ သိပ်ကြောက်စရာ ကောင်းတာ ပဲ…၊ အမလေး… ကျောချမ်းစရာ… နောက်မှ ညီမကို ပြောပြရဦးမယ် ဒါတွေက လောကီနည်းလမ်းတွေပါ…၊ မကောင်းပါဘူး၊ လိပ်ပြာ မသန့် ပါဘူး…၊ ခုလို ဆုတ်ကပ်ကြီးမှာ အကောင်းဆုံးက ရတနာ သုံးပါးသာ ဆည်းကပ်ဖို့ပဲ၊ စိန္တာမဏိ ဂါထာ ဆိုတာရှိသားပဲ၊ အစ်မတော့ ဒါပဲ ထပ်တလဲလဲ ရွတ်နေတာပဲ…"

ထို့နောက် မတင်ရွှေက… "ကြံတိုင်းဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည် ဗုဒ္ဓ ဘုရားတည်း ဟူသော ရတနာ တည်း" ဟု ပါဠိအနက်ရှိသော ဂါထာ အစကို ရွတ်ပြနေသေးသည်။ ဝေခင်က…

"ဟုတ်တယ်-ဟုတ်တယ်…၊ ဒီ ဂါထာကို အမေလည်း ခဏခဏ ရွတ်တတ်တယ်…"

"လောကီအတွက် ကောင်းစားဖို့ဆိုတာတော့ ကိုယ့်ဘာသာကိုယ် ကြိုးစားမှ ဖြစ်မှာ ဝေခင်ရဲ့"

"ဟုတ်တာပေါ့၊ ကျွန်တော် စားမေးပွဲအောင်မယ်လို့ ဗေဒင်အရ ဆေးဖယောင်းတိုင် ထွန်းပြီး၊ စာ မကျက်ဘဲ နေကြည့်ပါလား… အောင် မလား…၊ အဲလေ… ဘုရား တရား ကြည်ညိုမယ်၊ ကောင်းတာ လုပ်မယ် ဆိုရင်တော့ ကိုယ်ကြိုးစားတဲ့အပေါ် ထပ်ဆင့်ပြီး သူတော်ကောင်း၊ စော ကောင်း စောင်မ, ချင်-စောင်မမှာပေါ့… ကောင်းတာလုပ်ရင် ကောင်း တာ ဖြစ်မယ်၊ မကောင်းတာ လုပ်ရင် မကောင်းကျိုးပေးမယ်၊ အဲဒါကို တော့ ကျွန်တော် ယုံတယ်…"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစိတ်မျိုးထားတာ တော်တာပေါ့၊ မမစန်းတို့ အိမ်ထောင်စု တော့ လူတွေက အထက်တန်းကျသလောက် စိတ်နေသဘောထားတွေ တော့ သိပ်သေးသိမ်တာပဲ။ အခုလည်း သူ့ယတြာအတွက် ထန်းရွက်တို့ တော်ခက်တို့ ရှာပေးလိုက်ရတာ...၊ လက်ဖွဲ့တွေ အဆောင်တွေလည်း အစ်မပဲ လုပ်ပေးရတာ...၊ မမစန်းကလည်း သက်သတ်လွတ် စားပြီး တီးစိပ်၊ ဥပုသ်တော့ စောင့်ပါရဲ့...၊ မနက်လင်းတာနဲ့ ထွက်လိုက်တာ ပါးစပ်က အယုတ္တ-အနတ္တတွေ...၊ အိမ်က ကောင်မလေးတွေခများ နေစရာကို မရှိဘူး...၊ သူ ဆူလွန်းလို့"

ထိုသို့ ဝေခင် တို့ စကားတင်းဆိုကြဆဲ၊ ဝိုင်းမှ အသာထလာသော ဒေါ်ခင်စန်းမြင့်သည် ဝေခင်တို့ဆီ လျှောက်လာကာ ပြုံးလျက်...

"ရောက်နေတာ... ကြာကြပြီလား..."

"ခု လေးတင်ပဲ မမစန်း..."

မတင်ရွှေက ဆေးပေါ့လိပ်တိုကို သူ့ပါးစပ်မှ ဖြုတ်ပစ်ပြီး ဖြေ သည်။ ဝေခင်က သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော အတိုးတွေ တစ်ဆယ့် ငါးကျပ်ကို ဒေါ်ခင်စန်းမြင့် လက်ထဲသို့ ထည့်လိုက်လေသည်။ ဒေါ်ခင်စန်းမြင့် က ဝေခင်၏ မျက်နှာကို စေ့စေ့ကြည့်ရင်း စီးကရက် ကိုင်ထားသော လက်နှင့်ငွေကို လှမ်းယူကာ...

"ဟဲ့ ဝေခင် က စက်မှုတက္ကသိုလ်က ဆို၊ ခုမှပဲ အန်တီ သိရတော့ တယ်...၊ တင်ရွှေက ပြောတော့ ကောလိပ်ကျောင်းသူဆိုတော့ ဝိဇ္ဇာ- သိပ္ပံ က အောက်မေ့လို့..."

"အန်တီကို ဘယ်သူပြောလဲ..."

"ကျော်ကျော်ပေါ့...၊ ကျော်ကျော်လေ... မသိဘူးလား..."

"ဟင်..."

ဝေခင်၏ အပြုံးများသည် တစ်မုတ်ဟုတ်ချင်း ရပ်ဆိုင်းသွားလေ သည်။ အသားဖြူဖြူ အရပ်မြင့်မြင့်၊ ကိုယ်လုံးခပ်ဖိုင့်ဖိုင့်၊ မျက်ပေါက်ကျဉ်း ကျဉ်း၊ နှုတ်ခမ်းပါးပါးနှင့် ဒေါ်ခင်စန်းမြင့်၏ မျက်နှာကို ငေးမောကြည့် နေမိသည်။ ထိပ်မှ ဆံပင်များကို ဖြတ်လျက် ခေတ်ပေါ် အမောက်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားကာ ပါးနီနှုတ်ခမ်းနီများနှင့် ခေတ်ဆန်ဆန်၊ လှိုင်းကြီးခရစ် အနေ ရောင် လက်ပြတ်၊ အင်ဒိုနီးရှားပါတိတ်လုံချည် အပြာရောင်နှင့် အသား ငါးဆယ်အရွယ် နှင့် လှပနုပျိုမြဲဖြစ်သော ဒေါ်ခင်စန်းမြင့် က ခြေ ခေါင်းဆုံးအကဲခတ်သလို ကြည့်နေပြီး...

"ကျော်ကျော် နဲ့ ဝေခင် က အတန်း တူတူပဲဆို...၊ ယူတဲ့ ဘာသာ ချင်းသာ မတူတာတဲ့...၊ သိပ်စွာတာပဲလို့ ပြောတော့ အန်တီကဖြင့် မ တောင် မယုံချင်ဘူး...၊ ဝေခင် ကို အန်တီမြင်ရတာကတော့ အေးအေး လေးပဲ..."

"သူက စ ပြီး စီးကရက်နဲ့ပေါက်လို့ပါ..."

"အိုကွယ်... ချစ်လို့ စ တာနေမှာပေါ့...၊ ဝေခင် က ချစ်စရာလေး ဟာ..."

"အဲ့လို အစ မခံချင်ဘူး..."

မတင်ရွှေက ရယ်မောလျက်...

"မမစန်းကလည်း ဝေခင်က သူ့ကို ထိရင် မခံဘူး...၊ သူ ကောင်း ရင်လည်း သိပ် သဘောကောင်းတာ...၊ စိတ်ဆိုးမိရင်လည်း မရဘူးလို့ ခိုင်ကေ ကတောင် ပြောသေးတယ်..."

"ခိုင်ကေဆိုလို့... ခိုင်ကေလည်း ဟို လက ဝေခင် ကို ရိပ်ခ နောက်က ထွက်သွားတာတွေ့လို့ အန်တီကို မေးသေးတယ်...၊ အန် ကလည်း မသဲ့မကွဲ ဖြေလိုက်တယ်...၊ ခု ကျော်ကျော်ကတော့ ဝိုင်းထဲ တွေ့လိုက်လို့ ပြောပြနေတာ...၊ ဒီ ကျော်ကျော်တို့က အန်တီတို့ ဆွေမျိုး ပဲ...၊ သူ့ အဖေက အတွင်းဝန်လေ၊ သူ့ အဖေနဲ့ အန်တီခင်ပွန်း... မင်း အန်ကယ်နဲ့ အမျိုးတော်တာပေါ့။ ဒါပေမဲ့ ဒီကောင်လေးတွေက ဆွေမျိုး တော်လို့ လာတာ မဟုတ်ပါဘူး၊ ဝိုင်းကောင်းလို့လာတာပါ...၊ ဝိုင်းတကာ လှည့်နေတဲ့ဟာတွေ..."

"မိဘ ပိုက်ဆံတွေ ဖြုန်းနေတာပေါ့..."

မတင်ရွှေက ရယ်ရင်းပြောမိသေးသည်။ ဒေါ်ခင်စန်းမြင့်က ခေါင်းကို ခါယမ်းကာ မျက်နှာမဲ့လျက်...

"ကျော်ကျော်က တေ တယ်...၊ အန်တီ့သားနဲ့ ကျောင်းကောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



...တာ...၊ ဒင့်အမှတ် (၁) မှာ အတန်းတူတူ၊ ကျူရှင်လည်း အတူတူ အဲ့ဒါဖြေကြတော့ အမှတ်မှာ အန်တီသား 'မင်းခေါင်ကျော်ဇံ' က M.C. (ဆေးသိပ္ပံ) ဝင်ခွင့်ရသွားတယ်လေ...၊ ကျော်ကျော်လည်း 'ဆေး' ... မရလို့ ငိုလိုက်တာ...၊ သူ့အမေကလည်း မခေါ်နိုင် မပြောနိုင်နဲ့ ...နည်းနေရှာ သေးတာ၊ အန်တီက သဘောထားကြီးကြီးနဲ့ မနည်း ...ခဲ့ရတယ်"

ဆေးလိပ်ပြာတောင့်ကို အသာခြွေချရင်း၊ နှုတ်ခမ်းကို တွန့်ပြီး ...ပြောဆိုနေသည်။ ထိုအခိုက် အသားညိုညို၊ အရပ်ပျပ်ပျပ်၊ ခပ်ပိန်ပိန် ...နှင့် အသက် ၅၀ ကျော်ခန့် ဦးကျော်ဇံ က မီးဖိုထဲဝင်လာကာ...

"မာမီရေ... ဒီ မှာ, ဘာလုပ်နေတာလဲ...၊ အိမ်ရှေ့ သွားဦး၊ ...ကျော်ကျော် က ပြန်မှာတဲ့...၊ မာမီ က ကျော်ကျော့်နေရာ ဝင်ဦးလေ...၊ ...နေ့ 'ကို့' မှာ လပ် (ခ) မရှိဘူးကွ..."

ဦးကျော်ဇံက သူ့ ...နီးကို 'မာမီ' ဟု ခေါ်ကာ ချိုသာစွာ ပြောလိုက် ...သည်။ ဒေါ်ခင်စန်းမြင့်က သူ့အနား လာရပ်သော လင်တော်မောင် ...ပခုံးကို အသာအယာ လက်ဖျားများ ကော့လျက် ပုတ်ခတ်ရင်း...

"ဒက်ဒီရေ...၊ ဝေခင်က အာရ်-အိုင်-တီ ကတဲ့..."

"ဟေ... ဟုတ်လား...၊ စောစောက ကျော်ကျော် ပြောနေတာ၊ ...ထင်တယ်...၊ တော်တာပေါ့ကွ...၊ ကျူရှင် မယူဘဲ နယ်က အောင်ပြီး ...အာရ်- အိုင်-တီ, ရောက်တယ်ဆိုတော့... တော်တာပဲ...၊ အများကြီး ...တော်တာပဲ၊ အမှတ်ပေါင်း ဘယ်လောက်ရလို့တုံး"

"၄၄၇ မှတ်..."

"ဟ... M.C တောင် သွားနိုင်တာပဲ...၊ ဘာလို့ မသွားတုန်း..."

"ဝါသနာ မပါလို့ပါ အန်ကယ်..."

"ဟာ... တယ်ခွကျတာကွိုး...၊ ဝါသနာ မပါလည်း တက်ပေါ့ကွ...၊ ...ာက်တော့ 'ပါ' လာမှာပေါ့၊ အေး... အေး၊ ကြိုးစား ကြိုးစား၊ ဆင်းရဲတဲ့ ...များ ထူးချွန်တယ်ဆိုတာ... ဒါပဲ၊ ကိုယ့်အား ကိုယ်ကိုးဆိုတာ... ဒါပေါ့...၊ ...င်ရွှေ ပြောတော့ အပ်ချုပ်သည်တွေဆီက အကျႌကြယ်သီးတွေ ...တွေ ယူတပ်ပြီး ကျောင်းစရိတ်ရှာတယ်ဆို... ဟုတ်လား..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အိမ်က ငွေ မပို့နိုင်လို့လား..."

"ပို့ပါတယ်...၊ တစ်လ ၁၀၀ဝ က အဆောင်စရိတ်၊ ကျောင်းလခ တိုလီမိုလီနဲ့ ကုန်ပါတယ်...၊ အရင်ပြီးခဲ့တဲ့ လ က အမေ နေ မကောင်း ၈ဝ ပဲ ပို့နိုင်တယ်...၊ စစ်တပ်က အစ်ကိုကလည်း မုန့်ဖိုးလောက်ပဲ ပို့နိုင် ပါတယ်...၊ စာအုပ်ဖိုးတို့၊ ဘာတို့ လိုတာနဲ့..."

"တစ်လ ၁၀၀ဝ ကလည်း ခုခေတ်မှာ ဘာရှိမလဲကွ...၊ ကျော်ဆွေ အမေဘက်က အမျိုးတွေ... ရန်နိုင်တို့၊ ရန်ပိုင်တို့ သိတယ် မဟုတ်လား မင်းနဲ့ ခင်တယ် မဟုတ်လား..."

"ဟုတ်ကဲ့..."

"သူတို့တောင် ၁၅ဝ လောက် ပို့ရသတဲ့၊ အကြီးကောင်ကတော့ ၁၀၀ဝ နဲ့ လောက်အောင် သုံးတယ်၊ အငယ် က မရဘူးဆိုပဲ၊ မင်း ဆင်းရဲ တော့ စတိုင်ပင်တွေ ဘာတွေ မလျှောက်ဖူးလား..."

"လျှောက်ပါတယ်... မရဘူး..."

"ဟ... ဘာဖြစ်လို့လဲ... ဆင်းရဲတာ ရ, ရမှာပေါ့..."

"ကျွန်တော်တို့ မြို့နယ်က လူကြီးတွေရဲ့ ထောက်ခံစာ ယူရတာ သူတို့က ကျွန်တော့်ထက် မောင်နှမများတဲ့ လူ, အလုပ်ပြစရာ မရှိတဲ့ လူ ပေးမယ်တဲ့။ အမေက အလုပ်ရှိတယ်တဲ့။ ကျွန်တော် ဆင်းရဲတာတော့ ဆင်းရဲတာပဲ၊ တချို့မြို့က ဆိုရင် အဖေက ပင်စင်စား၊ အမေကလည်း ဝင်ငွေရှိသားနဲ့ ရတာပဲ...၊ ကျွန်တော်ကတော့ ကံဆိုးတာ နဲ့ စတိုင်ပင် လွဲနေရတာပဲ..."

"စတိုင်ပင်က ဘယ်လောက်လဲ..."

ဒေါ်ခင်စန်းမြင့် က ဝင်မေးသည်။

"၇၅ ကျပ်ပါ... အန်တီ..."

"အင်း... မနည်းပါလား...၊ ရရင်တော့ ကောင်းသားပဲ၊ ခုတစ်လ ၁၀၀ဝ က ခြစ်ခြုတ်သုံးလို့ မရဘူးလား..."... ဒေါ်ခင်စန်းမြင့်က မေးလိုက် ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"၁၀၀ ကလည်း လတိုင်း မရပါဘူး...၊ စာအုပ်ဖိုးတို့၊ လိုတဲ့ ောင်းသုံး ကိရိယာပစ္စည်းတွေကလည်း ဒီ ငွေထဲကပဲ ဝယ်ရတာ။ ဒါနဲ့ လုံးလည်လိုက်သွားတာပေါ့... အန်တီရယ်..."

ဦးကျော်ဇံ က ကြင်နာသနားသလို သက်ပြင်း မသိမသာ ရှိုက်မိ သည်။ ဒေါ်ခင်စန်းမြင့်က...

"စောစောက စစ်တပ်က အစ်ကိုကရော၊ လုံလောက်အောင် ာက်နိုင်ဘူးလား...၊ သူက အိမ်ထောင်နဲ့လား..."

"အိမ်ထောင် မရှိပါဘူး..."

"အစ်ကိုက ဘာလဲ...၊ ကက်ပတိန်လား..."

ဒေါ်ခင်စန်းမြင့် အမေးကို ဝေခင် က ရုတ်တရက် မဖြေနိုင်၊ တို ဂုဏ်သိမ်ငယ်မည်စိုးသဖြင့် နှုတ်ဆွံ့နေသည်။ ဒေါ်ခင်စန်းမြင့် လူတန်းစားအဖွဲ့ လူထုအသက်အိုးအိမ် စည်းစိမ် ကာကွယ်သော သည်တစ်ယောက်၏ တန်ဖိုး၊ လူတစ်ယောက်၏ စိတ်စေတနာကို သည်သည် မဟုတ်။ သူတို့သိသည်ကား...၊ ရာထူး အဆင့်နှင့် ဂုဏ်...။

"သင်တန်းဆင်း... ဗိုလ်လား..."

ဒေါ်ခင်စန်းမြင့်က ဆက်မေးလေသည်။

ဝေခင် က တုံ့ဆိုင်းစွာ...

"ရဲ... ရဲဘော်ပါ"

"ရဲဘော်ဆိုတာ စစ်သားပေါ့...၊ အို... ကျောထောက်နောက်ခံ တဲ့ ကလေးကိုး... ၊ သနားစရာပဲ ကျွတ်... ကျွတ်... ကျွတ်..."

ဒေါ်ခင်စန်းမြင့်က စုတ်သပ်နေသည်။ ဖဲဝိုင်းဆီမှ ရယ်သံမောသံ သည် ကျယ်လောင်စွာ ပျံ့နှံ့သွားလေသည်။ ထိုရယ်သံများနှင့်အတူ ပေါ်ကာလတေးဂီတသံလည်း အသံဖမ်းစက်ဆီမှ လွင့်ပျံ့လာပြန် သည်။ အယ်လ်ဆေးရှင်းခွေးကြီး နှစ်ကောင်ဟိန်းသံကား နောက်ခံ နှင့်အတူ ကျယ်လောင်လျက် ရှိလေသည်။ ဝေခင့်နားထဲတွင်တော့ သံများကသာ ဖုံးလွှမ်းသွားလေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၂၂]

ဝေခင်က ခုတစ်လောအတွင်း ဈေးထဲ အပ်ချုပ်သည် ထံမှ မိန်းမ ...င်း အင်္ကျီများကို ကြယ်သီးတပ် တပ်ရာ တစ်ည တစ်ည စာကျက်ချိန် ...၌ လေးထည်မျှပြီးအောင် တပ်လေသည်။ တစ်ထည် တစ်မတ် ...တော့ လေးထည် တစ်ကျပ် ရသည်။ တစ်လကို ရက်ပေါင်းနှစ်ဆယ် အလုပ် လုပ်သည်ထား ၂၀ ခန့် အပို ဝင်သည်။

ကြိုင်ကြိုင်ကမူ "ဝေခင် ဝေခင်" ဟု ညည်းညူရုံမှအပ ဘာမှ ...တတ်နိုင်ပေ။

ဝေခင်က လက်မှ သွက်သွက်လေး အလုပ် လုပ်ရင်း အရယ် အမောမပျက် စကားဆိုနိုင်သေးသည်။

"အို... ဝက်ဖြစ်မှတော့ မစင်ကြောက်မနေနိုင်ပါဘူး...၊ ရွှေကြိုင် ...၊ ကိုလေးဆီက ပိုက်ဆံတွေရလည်း စု၊ ဒီကရလည်း စု၊ ဆွဲကြိုး ...ရွေးရမယ်...၊ အမေ သိသွားရင် စိတ်မကောင်းဖြစ်မှာ သူငယ်ချင်း ...—"

ထို့နောက် ဝေခင်က သူ့နှစ်သိမ့်စကားနှင့်သူ...

"ဒီလိုပဲ ကျောင်းစရိတ်ရှာကြရတာပဲ။ မနက်အစောကြီး သိမ်ကြီး ဈေးရုံကို တံမြက်စည်းလာ လှည်းတာ တက္ကသိုလ်ကျောင်းသား နှစ် ယောက်ဆိုလား... မေအောင် ပြောနေတယ်။ တစ်ယောက်က ...က်မှု တက္ကသိုလ်ကတဲ့။ ကျောင်းစည်းကမ်း ကောင်းတဲ့ ကျောင်းသားလေးတွေ ...သား မသိဘူး၊ အလုပ်ကို ရိုသေသတဲ့...။ သူတို့...ဝန်ပြီးတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ဖို့ ပြေးလာရသတဲ့...။ ဒါ အထင်သေးစရာလား ချီးမွမ်းစရာလား"

"အင်းလေ... ဆန်တော့ မဆန်းပါဘူး၊ ကိုယ်ရှာတဲ့ငွေနဲ့ ကိုယ်ကျောင်းတက်ရတယ်ဆိုတာတော့ အများကြီး ချီးမွမ်းစရာပေါ့ ဝေခင်ရယ်။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကျောင်းသူလေး တစ်ယောက်တော့ တွေ့ဖူးတာ...၊ သူ့အမေနဲ့ ညနေဈေးမှာ ကုန်စိမ်းရောင်း၊ မနက်ကျောင်းတက်တယ်...၊ ဒါပေမဲ့ နင့်ကြည့်ရတာတော့ ငါ အသက်ရှုကျပ်လိုက်တာ..."

သည်တော့ ဝေခင်က သက်ပြင်းချမိလေသည်။ သို့ပေမင့် အသက်ရှုကျပ်တာက မပျောက်။ ညဥ့်နက်တော့ တော်တော်နှင့် အိပ်မပျက်နိုင်။

**ကိုလေး...**

သတိတရနဲ့ စာရေးလိုက်ပါတယ်...၊ ကျွန်တော့်ဆီကို ပို့တဲ့ငွေတွေ ရပါတယ်၊ ဒါပေမဲ့ ၂ လတစ်ခါ ငွေ ၂၀ ၂၅ ပို့နေမယ့်အစား၊ တစ်ခါတည်း လုံးခနဲ စုပြီး ပို့ပေးပါလား၊ ငွေခေါင်းတဲ့လွန်းလို့။ ကျွန်တော်ပေါင်ထားတဲ့ ဆွဲကြိုး ရွေးချင်တယ်။ ဒီနှစ်စကဝယ်ရတဲ့ပစ္စည်း (ကျောင်းသုံး)တွေအတွက် ငွေ အရေးတကြီးလိုလို့ ပေါင်လိုက်ရတာပါ။ ကျွန်တော့်အတွက် ဘာဆို - ဘာမှမဝယ်ဖြစ်ပါဘူး။ ခေါက်ထီးတွေ ခေတ်စားနေပေတဲ့ ခေါက်ထီးဝေးလို့ ဖဲထီးကစုတ်တောင်နေပြီ၊ ခုတစ်လော အမေ့အနေနဲ့ ငွေ ၁၀ဝ ပြည့်အောင်တောင် မပို့နိုင်တော့ဘူး၊ ကိုလေးဆီ ငွေမှာရတာလည်း၊ ကျွန်တော် စိတ်မကောင်းပါဘူး။ ဒီငွေဟာ... ကိုလေး၊ အသက်နဲ့ လဲရတဲ့...

ဒီစာကို ရေးလက်စပင် ထားလိုက်လေသည်။ ဘယ်တော့မှ ပို့ဖြစ်မည့်စာ မဟုတ်ပေ။ ရပ်ဝေးနေသူများကို စိတ်မချမ်းမသာ မဖြစ်စေလိုပေ။ အကိုတို့နေရသော ဘဝ၊ စားရ, အိပ်ရသော ဘဝကား... လူတန်းစေ့ မဟုတ်ပေ။ တောအထပ်ထပ် တောင်အထပ်ထပ် ခလုတ်ကန်သင်းများကို ဖယ်ရှား၍ တရကြမ်း ချီတက် ဖြတ်ကျော်ရသော ဘဝပါတကား...။

www.burmeseclassic.com

www.burmeseclassic.com



တောင်ခိုးနှင့် မြူနှင်းတွေက ဝေဆိုင်း ပိတ်ဆို့နေသည်။ တကယ်တော့ ရှမ်းကုန်းမြေမြင့်မြောက်ပိုင်း၏ အအေးဓာတ်သည် ဆုထက်တံပိုးသွန်ကဲလျက်သာ ရှိတတ်ချေသည်။ ထင်းရှူးတော၊ ယူကလစ်တပ်စ်နှင့် တော်သစ်ချတို့သည် နှင်းပွင့်တို့နှင့် ဖွေးဖွေးလှုပ်လျက် မြေတို့မှာ နှင်းစိုဆိုင်းနေပေသည်။ စာဆိုတော်ကြီး နဝဒေး၏ စစ်ရတု အဆိုကဲ့သို့ပင်...

နှင်းသာထန်၍၊ ဟေမန်မာသ၊
ချီလေစက၊ ရွှမ်းမြနေ့ရေ၊
မှိုင်းမှိုင်းဝေမျှ၊ မြောက်လေဖြည်းဆောင်၊
မွန်းတည့်အောင်လျှင်၊ နေရောင်မကျောက်၊
နှင်းမပြောက်တည့်၊
တစ်လျှောက်ဝန်းကျင်၊ သီပေါခွင်၌၊

အစ်ကိုတင့်ဇော်လည်း နေရောင် မမြင်ရသော အရပ်ဒေသ၌ မိုးမောက် ပြင်းထန်သော ဆီးနှင်းပေါက်များအကြားတွင် နှင်းမုန်တိုင်းကို ရင်ဆိုင်ရင်း ကြမ်းတမ်း ခက်ထရော်သော ဘဝမုန်တိုင်း ကို စုတ်ချက် ရေးခြယ်နေလေပြီတကား...။

❀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## [၂၃]

ရန်ကုန် ဆောင်းအဝင်ကတော့ ရာသီအားဖြင့် ဘာမှမထူးခြား သေးပေ။

ဝေခင် တို့ စတုတ္ထနှစ်အစ၊ တန်ဆောင်တိုင်လ၊ ဝင်းပပနှင့်၊ ရွှန်းမြ ည့်ဝန်းသော လပြည့်ညတွင် စတုဒီသာများ အဆောင် အသီးသီးက ကျွေးမွေးကြလေသည်။ ဝေခင် တို့ မြသီရိဆောင် က မုန့်လုံးရေပေါ်ကျွေး သည်။

လပြည့်နေ့အဆောင်များတွင် ထမင်းမကျွေးသဖြင့် ကျောင်းသား တွေက အဆောင်တကာ စတုဒီသာကို လှည့်စားနေကြသည်။ တချို့ အဆောင်က ရှောက်သီးသုပ်၊ တချို့ကား ပေါင်မုန့် အုန်းနို့ဆမ်း...။ အပ်မစပ်၊ ရှိသမျှအစာတွေကို ဝမ်းထဲဖြည့်ထည့်ကြသည်မှာ ကျောင်းသားတွေ ထုံးစံလိုပင်...။

ယခု မြသီရိဆောင်တွင်လည်း လူအပြည့်...။ ကုလားထိုင် အလွတ် များပင် မရှိ။

ဂျူဒိုတို့ အုပ်စုလည်း ဆူဆူညံညံ ရောက်ရှိလာကြသည်။

"ဦးနှောက်ပဲကွာ...၊ ထိုင်စရာလည်း မရှိဘူး..."

ဘဲဥ က စိတ်ပျက်သည်ဟု ညည်းတွားလိုက်လေသည်။

"မတ်တတ်ရပ် စားကြတာပေါ့ကွာ...၊ ဒီက အပြောလည်း ချို အချောလည်း ပိုပါတယ်..."

ဂျူဒို က သူ့ဝသီအတိုင်း ရွှတ်ပက်ပက် ပြောသေးသည်။

"မမြောက်ပါနဲ့..."

ကြိုင်ကြိုင်က ပြန်လည်ချေပလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂျီဟောလ်မှာ သူတစ်မျိုးပြောခဲ့တာ..."

ချီးပေ က ဝင်ထိုးသည်။ ဘဲဥက မုန့်လုံးရေပေါ် ပန်း အပြည့်ချထားသော စားပွဲပေါ်ကို မျက်လုံးက ရောက်သွားကာ အငမ်းလျက်...

'ဟ... အကြီးကြီးတွေပါလား...'

'ဘာလဲကွ...'

ပယင်းရောင် တန်ခိုးနှင့် မျက်စိများ မေးစင်းနေသော အ ၏ မျက်လုံးများသည် ပြူးသွားလေသည်။

"မုန့်လုံးရေပေါ်တွေလေ..."

"ဒါတို့အတွက် စပယ်ရှယ်ပဲ" ဟု ချီးပေက ပြောဆဲ ကိုပြ ဘဲဥတို့က မုန့်လုံးရေပေါ်များကို ပါးစပ်ထဲ ကောက်ထည့်ကာ...

"မြသီရိသူတွေက လိမ္မာ..."

"အယ်... အောင်မယ်လေး..."

ဘဲဥ က အလန့်တကြား အော်လိုက်လေသည်။ မျက်လုံး မျက်ရည်များထွက်ကာ...၊ ဝူးဝါး... ဝူးဝါးနှင့် ငရုပ်သီး စပ်နေတော့သ

"စပ်လိုက်တာ... စပ်လိုက်တာ..."

"ရေ... ပေးပါဗျို့၊ ရေရေ..."

ကိုပြ က ငှက်ဆိုး ထိုးသံကြီးနှင့် အော် တောင်းလိုက်ပြီး ရှုံ ဖြစ်နေသည်။

သူ့အသံသည် ဖွင့်ထားသော တိတ် ရီကော်ဒါ ၏ တေးသံ လွှမ်းမိုးသွားလေသည်။ ကျောင်းသူတွေအားလုံး တသောသော ရယ် ကြလေသည်။ ကြိုင်ကြိုင်က မနေနိုင်သဖြင့် ရေခပ်ပေးရလေသည်။ ရော၊ ဘဲဥမှာ လျှာများပင် ထွက်နေသည်။ ဂျူဒိုက ဟက်ဟက်ပက် ရယ်မောကာ...

"ကုတ်ကျားတို့ အောင်နက်တို့ အမဲတုံး မိတဲ့အတိုင်းပဲ..." မှတ်ချက်ချနေသည်။

ဂျူဒိုနှင့် ချီးပေ တို့က မုန့်လုံးရေပေါ် ကို လက်နှင့်ကောက်ကြ မှ စားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူစုံ သူစုံပင် ကြိတ်ကြိတ်တိုး စည်ကားလှသည်။ နေ့ကျောင်းသား ဖြစ်ကြသော ချဉ်ဖတ်တို့၊ ဟာစ်ပီတို့ ဗိုလ်စုတ် တို့ အုပ်စုလည်း လာကြသည်။ သူတို့နှင့် ရောပါလာသူ 'ခင်မောင်ချစ်' ဆိုသူကို ဂျူဒို က လှမ်းအော်ခေါ်ကြလေသည်။ ခေါ်ပုံကြည့်လော့...

"ဟေး... ချစ် ချစ်"

ဂျူဒို က အော်တော့ 'မြသီရိ' ဆောင်က 'ချစ်ချစ်' ဆိုသည့် ကျောင်းသူလေးက 'ရှင်' ဟု အယောင်ယောင် အမှားမှား ထူးရှာသဖြင့် အားလုံးက ဝိုင်းရယ်ကြလေသည်။ ခင်မောင်ချစ် က ကန္တကလျလေး သည်။ သူက နေ့ကျောင်းသား ဖြစ်သဖြင့် အုပ်စုနှစ်စုစလုံးကို ပေါင်းနေသူ ဖြစ်သည်။ ပျော့ပျောင်း နူးညံ့သော အမူအရာ ရှိသဖြင့် 'ချစ်-ချစ်' ဟု အဖျား ဆွတ် ခေါ်ကြသည်။

ခင်မောင်ချစ်က ဂျူဒို တို့အနီးသို့ ရောက်လာလေသည်။ ဘဲဥက မုန့်လုံးရေပေါ် ပန်းကန်ကို မ ကာ 'စားပါဦး' ဟု ကျွေးလိုက်လေရာ ခင်မောင်ချစ် က မေးကိုဆတ်လျက်...

"မင်းတို့ထက် လည်လို့ ရန်ကုန်သား လုပ်နေတာပါနော်... မုန့်လုံးရေပေါ် ပုံမှန်ထက်ကြီးရင် ဧရုတ်သီး ထည့်ထားတယ်၊ မသေမချင်း ပြုထား၊ ဘာမဆို ပုံမှန်ပဲ ကောင်းပါတယ်၊ ပုံမှန်ထက် ပိုသွားရင် အန္တရာယ်ပဲ"

ဂျူဒိုက ခင်မောင်ချစ် ပခုံးကို ပုတ်ကာ ရယ်မောနေသည်။ ချိုးပေ

"တို့ မစိုမခြောက်ကြီးက ဘယ်ဆိုးလို့တုံး"

မစိုမခြောက်ကား ခင်မောင်ချစ်၏အမည်သစ် ဖြစ်လေသည်။ ဒုတိယနှစ်က ချည်မျှင်၊ ဓာတု၊ ဗိသုကာ စသော မိန်းကလေးအလိုက် များသော ဘာသာလိုင်းခွဲကို ယူသော အမျိုးသားများကို အခြောက်တွေ ဟု ခေါ်သဖြင့် ဆရာတစ်ဦးက ကြားသွားကာ... "ဒါဖြင့် မင်းက မစိုမခြောက်ပေါ့" ဟု ပြောရာမှ ဒီနာမည်တွင်ခြင်း ဖြစ်လေသည်။

သူတို့ကတော့ ပျော်ပျော်ပါးပါးပင် တစ်ယောက်တစ်ပေါက် တစ်ခွန်းတစ် ဆူညံမြ။ ချိုးပေ က ခင်မောင်ချစ်၏ပခုံးကို လှမ်းပုတ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... ချစ်ချစ်၊ မင်းတို့ ချဉ်ဖတ် နဲ့ ဟာစ်ပီ တို့က ဖားကုတ်နဲ့ဘာတွေနဲ့ပါလား..."

"ဘာ... ဘာ... ကုတ်"

ခင်မောင်ချစ် က မျက်လုံးများ ပြူးသွားလေသည်။

"ဟိုမှာလေ... ပင်နီအင်္ကျီတွေ ဘာတွေနဲ့..."

"မင်း တော်တော်စော်ကားတဲ့ကောင်၊ ပင်နီကို ဘယ့်နှယ်ဖားကုတ်လဲ၊ တိုင်းပြည်မျိုးချစ်တို့အဆင်တန်ဆာကိုကွာ... အဓော်ဆိုးတဲ့အကောင်"

"မဟုတ်ဘူးကွာ၊ မဝတ်သင့်တဲ့လူက ဝတ်ထားလို့ပါ...၊ ချဉ်ဖတ်နဲ့ပင်နီ နဲ့ ဘာဆိုင်လို့လဲ..."

"ဟ...၊ သူ့ဘာသာသူဝတ်တာ ဘာဖြစ်သလဲ..."

"ငါ့မျက်စိထဲ ခရော့(စ်) (Cross) ဖြစ်တယ်၊ ဒီကောင့် အစ်ရန်နိုင် တို့၊ ဝေခင့် အစ်ကို ဉာဏ်ထွန်းတို့ ဝတ်၊ ကြည့်ကောင်းတယ်၊ ဉာဏ်ထွန်းတို့အတွက် ပင်နီဟာ တိုင်းရင်းဖြစ် အမျိုးသားစိတ် ပေါ်ထွန်းစေတယ်၊ ပီပြင်စေတယ်။ ချဉ်ဖတ်တို့ အသိုင်းအဝိုင်းက ဝတ်ရင် မပီပြင်မပေါ်လွင်တဲ့အပြင်ဖားတဲ့ အသွင်သဏ္ဍာန်ပဲ၊ စိတ်ထဲက မပါဘဲသကာလောင်းတဲ့ ဖားကုတ်..."

ချီးပေက ပယ်ပယ်နယ်နယ်ပြောရင်း သူ့စကားကို သူ သဘောကျကာ ရယ်မောနေသည်။ ဂျူဒိုက ချီးပေ၏ ဇက်ပိုးကို လက်ဝါးနှင့် အုပ်ကိုင်လိုက်လေသည်။

ဝေခင်က သူတို့နှင့်မလှမ်းမကမ်းတွင် မုန့်လုံးရေပေးများကိုပန်းကန်ထဲ ထည့်နေရာမှ ရယ်မောနေရင်း သူ့ဆီသို့ လျှောက်လာသောရန်နိုင် ကို တွေ့ကာ 'ဟော... ပြောရင်းဆိုရင်းပဲ' ဟု လက်ကို လက်ထိပ်ဝါနှင့် သုတ်ပြီး ဆီးကြိုလေသည်။

ရန်နိုင်က ပင်နီတိုက်ပုံ နှင့် ယောလုံချည်မှိုင်းမှိုင်းကို ဝတ်ဆင်လျက် အသက်အရွယ်ကြီးရင့်သော ဆရာတွေလိုပင် မျက်နှာထားတည်တည်နှင့် ဝေခင့်ဆီသို့ ဖြည်းညင်းစွာ လျှောက်လာသော...

"ကိုဉာဏ်ထွန်းက ဝေခင့်ဆီကို လွှတ်လိုက်လို့..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဆီကို..."

"အရင်တစ်ခေါက်က သူ မြသီရိဆောင် သွားတာ အပြင်သွားနေ ...တွေ့ရဘူးတဲ့။ စတိုင်ပင်လျှောက်ဖို့ကိစ္စလည်း တိုင်ပင်ချင်တယ်...၊ ...တော့ ငွေ ၂ဝ လည်း ပေးချင်လို့တဲ့။ ငွေ ၂ဝ ကတော့ ကိုယ်နဲ့ ပေး ...တယ်။ သူ အခု ဖျားနေလို့ မလာနိုင်ဘူး..."

ရန်နိုင် က စီကာပတ်ကုံး ပြောလျက် သူ့ရှပ်အင်္ကျီအိတ်ထဲမှ ...အိတ်နှင့် ပိတ်ထားသော ငွေကို ပေးလိုက်လေသည်။ ဝေခင်က ...ဆိုင်းတွေဝေသော အမူအရာနှင့်...

"အကိုက ဘာဖြစ်လို့ပေးရတာလဲ...၊ သူလည်း ငွေခဏခဏလိုလို့ ...ရန်နိုင်ဆီက ချေးရသေးတယ်ဆို..."

သူ့အိမ်က ငွေပို့လို့တဲ့။ ကိုယ့်ဆီက လှည့်တာတော့ ကိစ္စ မရှိပါဘူး။ ...ယ် အပြင် မဂ္ဂဇင်းတွေမှာ စာရေးတာ ပိုက်ဆံ အပို ဝင်သေးတယ်ကွ။ ...ဘက်ထွန်းကို အား မနာဖို့ ပြောရတယ်။ သူလည်း ခဏခဏဖျားလို့ ...ဆေးဖိုးက ကုန်သေးတာ..."

"အစ်ကိုက ဘာလို့ ခဏခဏ ဖျားရတာလဲ..."

"ဒီနွေတုန်းက မော်ချီမိုင်း ကို ကိုယ်တို့ Underground Survey (မြေအောက် မြေတိုင်း) ဆင်းရတော့ မိုင်းတွေဖောက်၊ အလုပ်သမားတွေနဲ့ လက်တွေ့အလုပ်ဆင်းတော့ သိပ်ပင်ပန်းတယ်၊ ကိုယ်လည်း ...ပြန်ရောက်စက ဖျားလိုက်တာ... တစ်ခါတည်း..."

ဝေခင်က ရန်နိုင်၏မျက်နှာကို အမှတ်မထင် ငေးကြည့်မိပြီးမှ သတိရကာ- အနီးရှိ ကုလားထိုင်လွတ်တစ်လုံးကို သယ်မလာပြီး 'ထိုင်ပါ ...' ဟု နှုတ်ကလည်း ပြောဆဲ၊ ရန်နိုင်က ဝေခင်သယ်လာသော ကုလားထိုင်ကို ကမန်းကတန်း ယူသယ်လေသည်။

ဝေခင်က ရန်နိုင်အနီးတွင်ရှိသော ကုလားထိုင်တစ်လုံးပေါ် အသာဝင်ထိုင်လျက်...

"အစ်ကိုက... ဘကြီး စိတ်ပူမှာစိုးလို့လားမသိဘူး.. မပြောဘူး ကျွန်တော် သိရတာတော့ မော်ချီမိုင်း ဆိုတာ အဝေးကြီးဆို..."

www.burmeseclassic.com

www.burmeseclassic.com



"ဝေးဆို မော်ချီမိုင်းဟာ ကယားပြည်နယ်၊ ဘော်လခဲနယ်ရဲ့ တောင်ဘက်စွန်းမှာ...၊ ရန်ကုန်ကနေ လှိုင်ကော်ကို လေယာဉ်ပျံနဲ့ သွားရတယ်။ လှိုင်ကော်က မော်ချီမြို့ကို ကားနဲ့သွားရတာ ၉၃ မိုင်တောင်ပဲ။ မိုးတွင်းဆိုရင် လမ်း သိပ်ကြမ်းတယ်တဲ့၊ လမ်းကလည်း ကျဉ်းကျဉ်းလေး သူပုန်တွေကလည်း ရှိသေးတယ်။ အဲဒီကို ကိုယ်တို့ကျောင်းသား (၁၈) ယောက်ပေါ့လေ... ဆရာ မပါဘူး။ ကိုယ့်သဘောနဲ့ကိုယ် အလုပ်သမား တွေနဲ့ ဆက်ဆံလုပ်ကိုင်ရတာပဲ..."

ရန်နိုင်က အေးဆေးစွာ ရှင်းပြနေသည်။ ဂျူဒို စကားပြောမြန် သလောက် ရန်နိုင် က လေးသည်။ တစ်လုံးစီက ရှင်းလင်းပြတ်သားစွာ ပြောတတ်သည်။ ဝေခင်က...

"မော်ချီမိုင်းက ဘာထွက်သလဲ..."

"ခဲမဖြူနဲ့ အဖြိုက်နက်ထွက်တယ်၊ ကုန်ကြမ်းကတော့ ရှိနေတာပဲ ဒါပေမဲ့ သူပုန်ရန်ကြောင့်ရော၊ အဖြိုက်ရိုင်းဈေးတွေ ကျတာကြောင့်ရော အရှုံး ထွက်နေတယ်။ ၁၉၆၀ ပြည့်နှစ်လောက်ကဆို (၂၇) သိန်းတောင် ရှုံးခဲ့တာ၊ ခုတော့ လုပ်သား ၁၀၀ နဲ့ ဆက် လုပ်နေတာပဲ၊ ရေရှည်တော့ ဟန်ကျပါလိမ့်မယ်။ မြေအောက် မိုင်းဖောက်တယ်ဆိုတော့လည်း သိပ် ပင်ပန်းတာပေါ့...၊ အန္တရာယ်လည်း များတယ်၊ ကိုယ်တို့ဆိုတာ သတိထား နေရတာပဲ..."

"သေနိုင်တာပေါ့နော်..."

"ဒါပေါ့၊ အသက်အန္တရာယ် စိုးရိမ်နေရတာပဲ...၊ ညဘက်မိုင်းထဲ ဆင်းရင် အလုပ်သမားတွေ မအိပ်ရဘူး။ ကိုယ်တို့ကျောင်းသားတွေ ကတော့ အိပ်မိကြတာပဲ၊ သေလည်း သေလဲသေဆိုပြီး မတတ်နိုင်ဘူး ပြီးတော့ ဦးထုပ်ကိုယ်စီ ဆောင်းထားရတယ်၊ ဦးထုပ်မဆောင်းမိတဲ့ ကျောင်းသားတစ်ယောက် ကိုယ်တို့ အဖွဲ့ထဲက ခဲပြုတ်ကျပြီး တစ်ခါ တည်း ထိပ်ကွဲရော၊ ဆေးရုံ တက်ချုပ်ရတယ်...။ အဲဒါမနှစ်က 4th year (စတုတ္ထနှစ်) တုန်းက နမ္မတူဘော်တွင်းသွားတုန်းကပေါ့..."

"အောင်မယ်လေး... မသက်သာပါလား"

"ပင်ပန်းတယ်...၊ အလုပ်သမားတစ်ဖွဲ့ကို ကျောင်းသား နှစ်

www.burmeseclassic.com

www.burmeseclassic.com


ဆောက်တွဲပြီး မိုင်းဖောက်၊ မိုင်းတူး၊ အလုပ်ကြမ်းမှန်သမျှ အကုန် လုပ်ရတာပဲ၊ မြေအောက် သတ္တုရိုင်းတွေကို ထုတ်လုပ်တာ၊ သတ္တုကြောတွေ စစ်လျှောက် Drilling Machine (လွန်စက်) နဲ့ လွန်ပေါက်တွေ ဖောက်ရတာပဲ၊ ဒီလိုတူးဖောက်ရင်း နေရာလွတ် များများရနိုင်ရင်... ဒိုင်းနမိုင်း ခေါက်ကွဲအားကောင်းနိုင်တယ်။ နောက်တော့ အဲ့ဒီ ဒိုင်းနမိုင်း ခေါ်တဲ့ ယမ်းဘီလူး တွေကို လွန်ပေါက်ထဲ သိပ်ပြီး ဖောက်ခွဲရတာပဲ။ မီးဘေးအန္တရာယ်တို့၊ အဆိပ်ငွေ့သင့်စေတဲ့ အန္တရာယ်တို့တွင် ပြိုမြေ ကျတဲ့ အန္တရာယ်တွေ ဒါတွေကတော့ အများကြီးပေါ့လေ...။ မိုင်းက ပြန် လာပြီးမှ ကိုယ်တို့ဆံပင်တွေတောင် သိပ်ကျွတ်တယ်၊ ကိုညဏ်ထွန်း ကလည်း ထိပ်ပြောင်ဖြစ်မှာ သိပ်ကြောက်နေတယ်..."

ရန်နိုင် က ပြောရင်း ခပ်သဲ့သဲ့ ရယ်မောနေသည်။ ဝေခင်က ရွှေတိုးပေးသော မုန့်လုံးရေပေါ်ကို မစား၊ ခေါင်းကိုသာ ခါယမ်းနေ သည်။ သူ့အလုပ်ကိုသာ စိတ်ဝင်စားသူ ရန်နိုင် က တတိယနှစ် တုန်းက မိုးတုတ်ကြပ်ပြင် အသူရိန်တောင်သို့ သွားရောက်သော အကြောင်းတွေပါ ပြောပြ နေသေးသည်။ ရန်နိုင်၏ စိတ်အား ထက်သန်သော မျက်နှာမှာ ဆရောင်အောက်တွင် ဝင်းပြောင်နေသည်။ လျှပ်စစ်မီးရောင်မှာလည်း ပြာ၍ လင်းနေရာ မျက်နှာ ပါးတစ်ခြမ်းကတော့ အရိပ် နှင့် မည်းနေ သည်။ သူ၏ မျက်လုံးများကလည်း စူးရှတောက်ပြောင်နေသည်။

ဝေခင့်အား တစ်ချက် တစ်ချက် လှမ်းကြည့်သော သူ့မျက်လုံး မှတ်နက်အိမ်တွင် တန်ခိုးရှိသလို အရောင်များ တဖျပ်ဖျပ် တောက် နေသည်။ ကြည့်စမ်း...၊ သန္နိဋ္ဌာန်ခိုင်မာသူ၊ သူ့အလုပ်ဖြစ်လိုသူ ခေတ် ကာလ သာမန်ကျောင်းသားထက်သာလွန်နေသူ ထိုကျောင်းသားကောင်း ကြယ်များအလည် ထင်ရှားထူးခြားစွာ တောက်ပရွှမ်းလက်ကာ၊ သောကြာကြယ်ပမာ အသရေနှင့် တင့်တယ်နေလေသည်။

ကြိုင်ကြိုင်နှင့် ပြောသောစကားများကို ဝေခင်က အမှတ်ရနေသေး သည်။ ဝေခင်က စာ ကြိုးစား လွန်းသဖြင့် ကြိုင်ကြိုင် က "ခါချည့်မယ်" ဟု သတိပေးလျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ရွှေကြိုင်ရယ်... ၊ ကောင်းကင်မှာ ကြယ်တွေ အများကြီးပဲ ရှိ တယ်...၊ ကြယ်ထဲက ကြယ်တစ်ပွင့်ဆိုရင် မထူးပါဘူး...။ တို့က သော ကြယ်ဖြစ်ချင်တာ...၊ သိပ်ကြီးကျယ်မိသလား...၊ တို့ကို ရူးတယ်လို့ ပြော ချင်ပြောတော့...၊ ရူးတော့ နည်းနည်းရူးမိတာပဲ။ တို့က ဂုဏ်တွေ၊ ပ သနတွေ မမက်မောပါဘူး။ တော်တော့ တော်ချင်တယ်။ တို့ လူ ဖြစ်ချင်တယ်။ တို့မှာက ဂုဏ်လုပ်စရာ ပညာပဲ ရှိပါတယ်..."

ရယ်တော့မလိုလိုနှင့် မရယ်မိဘဲ ပြောခဲ့မိသေးသည်။ ယခုရန် ကား... ဝေခင်ဖြစ်ချင်နေသော သောကြာ ကြယ်ပမာ လူစားမျိုး တကား။ ရန်နိုင်ကို အကဲခတ်ရင်း စိတ်အား တက်ကြွလာမိလေသည် စိတ်ဓာတ်လည်း ရင့်ကျက်လာရလေသည်။

ဂျူဒိုကိုကြည့်လျှင်တော့ ပျော်ရသည်။ ဂျူဒိုကတော့ လူ့ဘဝဆို တိုတိုလေးရယ်၊ စိတ်ကို သိပ် မချုပ်ချယ်ချင်ပါဘူး။ ဘာမဆို ပျော် ပါးပါးပဲ၊ အလုပ်တောင် ပျော်တဲ့စိတ်မွေးပြီး လုပ်တယ်...၊ ငါက ကျောင်းတက်တာတောင် ပျော်ပွဲစား ထွက်သလိုပဲ..."ဟု ပြောတ လေသည်။

"ဒါကြောင့် ကျောင်းပြေးနေတာပေါ့" ဟု ဝေခင်က ပြောလို လျှင်...

"ကျောင်း မပြေးပါဘူး...၊ ဘယ်တုန်းက ပြေးလို့လဲ...၊ ကျောင် နေ့တိုင်းလာတာပဲ..."

"အတန်းထဲ မလာတာရော..."

"အတန်းထဲ မဝင်တာ တစ်ခုပဲ..." ဟု ပေါ့တီးပေါ့ဆ ဖြေ သည်။

ထိုနေ့ညကတော့ ဂျူဒို သည် ရန်နိုင် နှင့် ဝေခင် တို့ စကားပြော သို့ ထ လာကာ ဝေခင့် ရှေ့က ပန်းကန်ပြားထဲမှ မုန့်လုံးရေပေါ် တ ကို လက်နှင့်ဖောက်ပြီးမှ ပါးစပ်ထဲ ထည့်လိုက်ရင်း...

"ရန်နိုင်ရောက်တာ ကြာပလား..."

အစ်ကိုနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လျက် ဗလုံးဗထွေးလေသ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ ရန်နိုင်က...

"ခု လေးတင်ပဲ..."

"စောစောက မင်းနဲ့ဝေခင် စကား ပြောနေတာတော့ ငါတွေ့တယ် ကျော်ကျော်တို့လည်း အမျိုးစုံ အော်ဟစ်နေကြတာ...၊ ဆရာစံတို့ ကြီးမင်းတို့ ပြောနေတော့မှ မင်း အတင်း ပြောနေမှန်း သိရတယ်။ ဘက်၊ ငါ ဒီကောင်တွေကို 'ဖြည်' ချင်နေတာကြာလှပြီ။ ဟစ်ပီကဆို သံလေး အသံကြောင် နဲ့ ငါ သိပ်, အမြင်ကတ်တာပဲ..."

"အဲ့ဒါ မင်းမှားတာပေါ့... ရန်ပိုင်ရဲ့ ဒါတွေနဲ့ ဘာလို့ ဖက်ဖြစ်မလဲ၊ ထိုရှိတဲ့လူက ဘယ်တော့မှ ဒီလို အသံ မထွက်ဘူး။ ဘာမှ မရှိတဲ့ ခွက်ဟာ ပိုပြီး အသံကျယ်တယ်တဲ့...၊ အင်္ဂလိပ်စကားပုံ ရှိသားပဲ၊ ပြည့် တဲ့ အိုးဟာ ဘောင်ဘင်ခတ်တယ်...။ သကြ်န်အမြောက်ဟာ ပို ည်တယ်ဆိုတာတွေက ဒီ သဘောပေါ့ကွ... မင်းက..."

ရန်နိုင် က ပြောလိုက်သောအခါ ဂျူဒို က မျက်နှာထားအိုလျက်...

"မင်းက ဒီ ဘာလာလုပ်တာလဲ...၊ ခါတိုင်း ဒါမျိုး မင်း မသွား တတ်ပါဘူး..."

"ငါလည်း ငါ့ကိစ္စနဲ့ ငါပေါ့ကွ..."

"ဘာကိစ္စလဲ..."

"ရန်ပိုင်... သူများကိစ္စကို မင်း ဘာလို့ သိချင်ရတာလဲ..."

"ဝေခင်...၊ ဘာ ကိစ္စလဲ..."

ဂျူဒို က ရန်နိုင့်ဆီမှ အဖြေ မရသဖြင့် ဝေခင့်ဘက် လှည့်မေး လိုက်လေသည်။ ဝေခင်က ဘာဖြေရမည်မသိ၊ ဝေးငိုင်ဆဲ...၊ ရန်နိုင်က...

"ဝေခင် မဖြေနဲ့..." ဟု လှမ်း ဟန့်တားလိုက်လေသည်။ ထို့နောက် ဂျူဒို အား စိတ်ပျက် လက်ပျက်နှင့် လှမ်းကြည့်ရင်း ခေါင်းကို ခါယမ်းလိုက် သည်။ ဝေခင်က စကားစ ရှာမတွေ့သဖြင့် ရယ်၍သာ နေသည်။

"ရန်နိုင်ကလည်း... မင်းမဖြေချင်ရင် သူဖြေလိမ့်မပေါ့..."

ဂျူဒိုက သူ့ဘေးပတ်ဝန်းကျင်ကို အကဲခတ်သလို ကြည့်ရှု၍ ပြော လိုက်သည်။ ဝေခင်တို့ ထိုင်နေသော နေရာမှာ ချောင်ကျသဖြင့် ကျောင်းသူ၊ ကျောင်းသားများ မရှိကြ။ သည်တော့ အေးအေးဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



စကားပြောနိုင် ဆိုနိုင်သည်။ ရန်နိုင် က လူကြီးသဖွယ် ခွင့်လွှတ်သော အပြုံးမျိုးနှင့်...

"မဟုတ်ပါဘူး...၊ သူဖြေတာ မဖြေတာ အကြောင်း မဟုတ်ပါဘူး ငါ ပြောနေတာက မင်းအတွက်၊ မင့်အပြုအမူအတွက်... မင်း အနေအထား ဖို့အတွက်..."

"မလိုပါဘူး" ဟု ဂျူဒို က ခေါက်သိုးသိုးမျက်နှာနှင့် ဖြေသည်။

"မင်း... သူများ ကိစ္စထဲ ဝင်လို့ ဘာ အကျိုးရှိမှာလဲ..."

တည်ကြည်စွာ ပြောကာ ထိုင်ရာမှ ထ လျက် ဂျူဒို့ ပခုံး တစ်ချက် ပုတ်ပြီး ဝေခင့်အား နှုတ်ဆက် ပြန်လေသည်။ ဝေခင် က ရန်နိုင့် နောက်ကျောကို ငေးမောကြည့်ပြီး...

"ဂျူဒို က သိပ်ဆိုးတာပဲ...။ ကိုရန်နိုင် စိတ်မကောင်း ဖြစ်သွား ပြီ..."

ပြောလိုက်လေသည်။ ဂျူဒိုက မျက်နှာသုန်မှုန်လျက်...

"သူက ၁၀ မိနစ်ထဲ ကြီးတာနဲ့ ငါ့ကို ဆရာ လာလုပ်လို့... ဘာ မလဲ" ဟု ရန်လိုနေသေးသည်။

သည်တော့ ဝေခင်က ဘာကြောင့်မသိ၊ စိတ်လက်ပေါ့ပါးစွာ ပြုံး မိပြန်သည်။

❀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [၂၄]

ညနေ့သည်တွေ အသီးသီး ထ ပြန်ကြသော်လည်း ဂျူဒို မပြန်သေး။ ပြည့်ပြည့်ဝန်းဝန်းနှင့် ရွှန်းမြမြ ထွန်းပသော တန်ဆောင်မုန်း ညည့်ည အရေးကား သာတောင့်သာယာ ရှိလေသည်။ ဂျူဒိုက ဝေခင် ဝင်းပပ, မျက်နှာလေးကို အတန်ကြာငေးစိုက်ကြည့်ပြီး...

"ငါ မေးတာ ဖြေစမ်းပါ..." ဟု ဇွတ်တရွတ် မေးနေပြန်သည်။ ခင်က ပြုံးလျက်...

"သိပ်... သိချင်နေတာပဲ... ဟုတ်လား"

"ဖြေမှာ ဖြေစမ်းပါ"

"အစ်ကိုညက်ထွန်းက နေမကောင်းတာနဲ့ ကိုရန်နိုင် ကို လွှတ် လိုက်တာပါ။ ဟိုနေ့က မြသီရိကို အစ်ကိုလာတာ တို့နဲ့ မတွေ့တာနဲ့ ခု ရန်နိုင်နဲ့ လွှတ်ပြီးချိန်းတယ်။ ပြီးတော့ တို့ ငွေအသုံးလိုရင် သုံးရအောင် ငွေ ၂၀ ပို့လွှတ်တာပါ..."

"အဲ့လို ဖြေလိုက်တော့ ပြီးရော မဟုတ်လား...၊ ရန်နိုင်က အားရေးကြီးခွင်ကျယ်လုပ်လို့...။ "သြော်... တို့ ရှက်မှာစိုးလို့ ထင်ပါရဲ့။ ဒါ လူကြီးတွေး တွေးတာ...။"

"ငါကတော့ ကလေးပေါ့"

ဝေခင်က ဂျူဒို အထ အနေ ကောက်သော စကားကြောင့် ရယ်မိ သည်။ နောက်ဆုံး ဂျူဒိုကပါ မနေနိုင်သဖြင့် ရယ်မိလေသည်။ နောက် ရယ်လျက် ရှပ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါထုတ်ကာ သူ့ မျက်နှာကို သုတ်ပြီး ဝေခင့် အား ငေးကြည့်နေမိပြန်သည်။ ဝေခင်က အိတ်ထဲမှ ငွေ ၂၀ တန်ထည့်သော စာအိတ်ကို ကိုင် ရေရင်း...

"မဆိုလိုပါဘူး"... ဟု ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း အကောင်း ပြောမလို့ပါ။ ရန်နိုင်ဟာ မိန်းမချော ကင်းကင်းရှင်းရှင်း နေတတ်တာ ငါ အသိ၊ နင်ကလည်း ရိုးရိုးအေးအေး နေတာ ငါတို့ အမြင်ပဲ၊ ဒါကို ကျော်ကျော်တို့က နင်တို့နှစ်ယောက်စကား ပြောတာကို သူကြီးမင်း နဲ့ ကောက်စိုက်သမ တို့ ဘာဖြစ်တယ်၊ ညာဖြစ် တယ်နဲ့ သွားပုပ်လေလွင့် ပြောတယ်။ မခံနိုင်တာနဲ့ ငါ လာ သတိပေး မလို့ပါ၊ ရန်နိုင်ရှေ့ ဒါပြောပြန်ရင်လည်း နင်ရော ရန်နိုင်ရော မျက်နှာ ပူရမယ် မဟုတ်လား၊ တကယ်တော့ ဒါတွေ နင့်ကို ထုတ်ပြောဖို့ မဟုတ် ပါဘူး၊ နင် ငါ့အပေါ်မှာ အထင်သေးမှာ စိုးလို့ပါ"

ဂျူဒိုက ပြောပြန်တော့ ဝေခင်၏ မျက်နှာမှာ ဒေါသ ရောင်ဖြင့် နီမြန်း သွားလေသည်။

"အိုး... တို့နဲ့ကိုရန်နိုင် ဘာမှ မဖြစ်တာပဲ၊ ဒီလိုပြောလို့ ရမလား..."

"ကိုယ် ကိုယ်တိုင် အကျင့်ပျက်ပြားနေတဲ့လူတွေဟာ သူများ မဟုတ်တာ ဖြစ်စေချင်တယ်၊ မြေခွေး အမြီးပြတ်သလိုပေါ့...၊ ပြီးတော့ ကျော်ကျော် ဟာ ငါတို့ညီအစ်ကိုနဲ့လည်း မတည့်ဘူး၊ နင့်ကိုလည်း ကြိုက် လို့ မရဘူး ဟုတ်လား..."

"အို... အရေး မစိုက်နိုင်ပါဘူး၊ ချဉ်ဖတ် ကရော သူ့အကြောင်း မသိရင် ခက်မယ်၊ ဝိုင်းတကာလှည့် ဖဲရိုက်နေတာ... ပြီးတော့ ဝိုင်းမှာ တွေ့ရတဲ့ လင်ရှိမိန်းမ တစ်ယောက်နဲ့..."

"နင် ဒါတွေ ဘယ်က သိသလဲ..."

ဂျူဒိုက မေးတော့ ဝေခင် က မပြောတတ်...။ မတင်ရွှေ မလှရွှေဆီမှ သိရသည့်အကြောင်း၊ ဒေါ်ခင်စန်းမြင့်အိမ်မှ ဖဲဝိုင်း အကြောင်းကို မပြောချင်သဖြင့်...

"ဒီလိုပေါ့ တစ်ဆင့်စကားနဲ့ ကြားရတာ... ဖဲဝိုင်းတွေမှာလည်း တို့ လူတချို့ ကျက်စားနေတာပဲ၊ တို့သိတာပေါ့...၊ တို့လည်း စိန်နီ မမတွေ ဖြစ်လာပြီပဲ၊ ဖဲဝိုင်းမှာ လင်ရှိမယားတွေ၊ မယားရှိလင်တွေ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကြတာပဲ၊ ချဉ်ဖတ်လည်း ဒီထဲမှာ ပါတာပဲ... ပြီးတော့ ခိုင်ကေနဲ့ကလည်း လပ်ဗားလိန်း က သက်သေခံလို့မယ်..."

ဒီတော့ ဂျူဒိုက ဟက်ခနဲ ရယ်မိလေသည်။ ရိုးရှင်းသူကလေး မပြောသင့် ပြောသင့် ချိန်ဆပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com



"လပ်ဗားလိန်း (ချစ်သူလမ်း) လေးမှာ ချိန်းပြီး လမ်းလျှောက်တာ ဘာက်က ရှိနေပါပြီဟာ... ပုံဆွဲရုံတွေထဲမှာ လူရှင်းချိန် ဝင်ပြီး ပုံဆွဲ သိုနဲ့ တံခါးပိတ်လိုက်ရင် ချိန်းတွေ့တဲ့ နေရာကောင်းပဲ၊ ငါတို့က ယ်သူ့မှ သွားပုပ်လေလွင့် မပြောချင်ပါဘူး..."

ဂျူဒိုက ပြောပြီးနောက် သူ့စကားကို လွန်သွားသလား ဟု စဉ်းစား နေမိသေးသည်။ ဝေခင်၏ မျက်နှာလေးကလည်း ကလေးငယ်ပမာ ဖြစ် ကင်းစင်လှပေသည်။ သူ့ဘာသာသူ သိလှပြီ ထင်ရှားသော်လည်း လောကကြီးတွင် သူမသိတာတွေကလည်း အမြောက်အမြားပင်။

လောကကြီးတွင် ဒုစရိုက်အမှုတွေနှင့် ပြည့်နှက်နေပြီး အမှောင် ဘတ်လမ်းတွေကလည်း ဒုနှင့်ဒေး။ ထို့ပြင် ရန်ကုန်လို မြို့ကြီးပြကြီးတွင် ငယ်ရောက်သူတွေ ရှုပ်ထွေးစေဖို့ လှုံ့ဆော်ချက်တွေက မြောက်မြားစွာ ရှိလေသည်။

သရုပ်ပျက် အနောက်တိုင်း နှင့် မြန်မာ ရုပ်ရှင်များ၊ သရုပ်ပျက် ပေ၊ သရုပ်ပျက် ကာတွန်း နှင့် တေးဂီတများ၊ မျက်မှောက်ခေတ် ရုပ်ပျက် လူမှုဆက်ဆံရေးများက လူငယ်လူရွယ်တို့ ပျက်စီးရာ ပျက်စီး ကြောင်းကို တွန်းပို့လျက်ရှိလေသည်။

လူငယ် လူရွယ်များသာမက လူကြီးလူကောင်း အမည်ခံသူ တချို့ ည်း မိမိတို့၏ လူပျို... အပျို သားသမီးများကို အမှောင်လမ်းသို့ ညွှန် ပြတ် ရှိလေသည်။ ဥပမာ-ချဉ်ဖတ်အဖေဆိုလျှင် မိန်းမ တော်တော် ကိုက်စားသည် ဆိုသည်။ သူ့လက်အောက်က လက်နှိပ်စက်စာရေးမလေး တွေဆိုလျှင် သူနှင့် မလွတ်ကင်းတာ များသည်။ လွတ်ကင်းသော သူများ လည်း သူများကလည်း သူ့လက်အောက်တွင် ကြာရှည် မမြဲတတ်ပေ။

ဒီလိုမိဘမျိုးက ပေါက်ဖွားသော သားသမီးတွေဆိုလျှင် 'ငှက်ပျော ငစိုက် မိလိုက် ဖပါ' ဆိုသကဲ့သို့ ဖြစ်ရသည်။ ဆိတ်ကွယ်ရာ နေရာတို့ ည် ယောက်ျား၊ မိန်းမ မွေ့လျော်ဖွယ်ရာ နေရာများ ဖြစ်လာလျှင် ကျော်ကျော်အဖို့ ပုံဆွဲရုံသည် အာရုံနောက်လိုက် မှားစရာနေရာဖြစ်လာ ည်မှာ မဆန်းလှပေ။ ချီးပေတို့ အုပ်စုက "ဆောင်ကြာမြိုင်" ဟုပင် မည်မှည့်ခေါ်ထားလေသည်။ ဂျူဒိုကပင် 'မင်းတို့ကောင်တွေ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် မပြောချင်ပါနဲ့...' ဟု ကန့်ကွက်ရသေးသည်။

"ဘာပဲဖြစ်ဖြစ်လေ... ကိုယ်ကောင်းရင် ခေါင်း မရှော့ပါဘူး..."

ဝေခင်က လိပ်ပြာ သန့်ရှင်းစွာ ပြောပြနေမြဲပင်။ ဂျူဒိုက...

"ချစ်တယ် ကြိုက်တယ်ဆိုတာကတော့ ဖြစ်တတ်တဲ့ သဘာဝ... ကဲ့ရဲ့စရာ မဟုတ်ပါဘူး... လူပျို အပျိုအရွယ်တွေပဲ၊ ဒါပေမဲ့ စည်းကမ်း... လေးတော့ ထားရမှာပေါ့...၊ သူတို့ကတော့ သူတို့ စည်းကမ်း မထားတိုင်... လူတကာကို လက်ညှိုးထိုးနေတာ..." ဟု ပြောရင်း ဒေါသ ထွက်နေသေး... သည်။

ဒေါသထွက်နေရာမှ ဝေခင့်မျက်နှာလေးကို လှမ်းကြည့်မိပြန်... တော့ ဒေါသတွေ ပြေလျော့ရသည်။ ဝေခင့်မျက်နှာလေးက ပြစ်မျိုး... မဲ့မထင် ကြည်ကြည်လင်လင်နှင့် သန့်စင်လှလေသည်။ မျက်ဆံ... အိမ်ကျယ်ကျယ်နှင့် ညိုမှောင်ရွှန်းလဲ့သော မျက်လုံးများကို ဝိုင်းရံထား... သော မြမျက်တောင် ကော့များကို ဝင့်ကာ ခတ်နေသည်။

ညဥ့်အလင်းရောင် ဝင့်ပြက်၊ မှောင်တစ်ဝက်တွင် ဝေခင်၏ နှာ... လေးသည် ဂရိကျောက်ဆစ်ရုပ်၏ နှာတံပမာ ဖြောင့်စင်းလျက် နှာတံဖျား... က အနီးငယ် ကော့နေသည်။ ဆေး မထိုးထားပဲ နီမြန်းသော နှုတ်ခမ်း... ငုံအာပွင့်လျှင်၊ သွားအရောင်စက် လရောင်ပြက်သကဲ့သို့ ရှိချေသည်...

အဆောင်သို့ပြန်လျှင် ဝေခင့်အတွေးနဲ့ တစ်ရေးမှေးစက်မည်... စိတ်ကူးယဉ်မိသည်။ ဝေခင်သည် ချစ်စဖွယ်သော မိန်းမငယ် တစ်... ယောက်၊ ဆင်းရဲသလောက် ကိုယ်ကျင့်တရားရိုးသား၊ မပျက်ပြားသော... မိန်းကလေး၊ ရည်မှန်းချက်ကြီးစွာနှင့် စက်မှု တက္ကသိုလ် လို ထိပ်တန်း... တက္ကသိုလ်သို့ ရောက်အောင်လာလျက် သူ့ကျောင်းစရိတ် တစ်ဝက်မျှကို... သူ့ဘာသာ ကြံဖန်ရှာဖွေနေရသော ကြင်နာမြတ်နိုးဖွယ်ရာသော... နှမငယ်လေး။

ဖြစ်နိုင်လျှင် ဝေခင့် ကို နှမအဖြစ် မွေးစားချင်လေသည်။ (၁၀... ယောက်သော မောင်နှမတွေထဲတွင် ဝေခင်ကား 'ရန်ပိုင်' အချစ်ဆုံးသော... နှမလေးတစ်ယောက်ပေါ့။ ဒီတော့ ဝေခင့် ကျောင်းစရိတ်ကို ရန်ပိုင်တို့... ဖေဖေနှင့် မေမေတို့က ထောက်ပံ့ပေးလိမ့်မည်။ သို့လျှင်... နုံချာသော...

www.burmeseclassic.com

www.burmeseclassic.com



သိမ်ငယ်သော ဘဝရှင် ဝေခင်ကို ဘယ်သူမှ ကဲ့ရဲ့သင်္ကြိုဟ်ပြုနိုင်မည် ထောင်။ ခိုင်ကေသီမော်လို ရည်းစားထည်လဲ ထားဦးတော့လည်း ထယ်ဝါ သော ဝေခင်ကို ဘယ်သူကမှ စော်ကားမော်ကား စောင်းချိတ် ပြောရဲ ည်နည်း။ လူတိုင်း လူတိုင်းက အလှပဂေးမလေး ဝေခင် ကို ဖူးဖူးမှုတ်ကြ ည်သာ။

ယခုတော့...

ဝေခင် သိပ်ငယ်လျက် ရှိချေသည်။ ဝေခင့် ပထမ ရည်းစားက စ်သားတဲ့၊ ဒုတိယက ဉာဏ်ထွန်း၊ တတိယက ရန်ပိုင်၊ စတုတ္ထက ရန်နိုင် တဲ့၊ ဝေခင့် အစ်ကိုအရင်းနှင့် တစ်ဝမ်းကွဲ အကိုတစ်ပါ အပြောခံရလေ သည်။ ဝေခင်က ဒါတွေ မသိ၊ ဘာမှ မသိရှာပေ။

ဝေခင်တို့အဆောင်မှ ဂျူဒိုတို့ ပြန်လာကြတော့ ရင်ထဲ၌ ဝေခင့် အတွက် ကရုဏာတေးတစ်ပုဒ်ကို ရေးဖွဲ့သီခဲ့လေသည်။ ဂျူဒိုတို့သည် သရောင်နှင့် တောက်ပြောင်နေသော ကတ္တရာလမ်းမပေါ်မှ လျှောက် ပြန်လာကြသည်။ ဂျီဟော(လ်)ခေါ် ဥတ္တရအဆောင် ရှိရာ ရှေ့တွင် စောင်း နှင့်သီချင်းကြီးများ သီဆိုနေသော အဖွဲ့တစ်ဖွဲ့ကို တွေ့ရလေ သည်။

ပဥ္စမနှစ်နှင့် နောက်ဆုံးနှစ် မိန်းကလေးများ နေထိုင်ရာ "ဂျီဆောင်" သို့ ဤသို့ပင် ပြင်ပမှ တက္ကသိုလ်ကျောင်းသားတို့သည် ဘကူးတက အုပ်သင်းဖွဲ့၍ သီချင်းဆိုလေ့ရှိကြသည်။ တချို့လည်း ဘာလပေါ်တေး သီချင်း၊ တချို့က အင်္ဂလိပ်သီချင်းသက်သက်၊ တချို့က မြန်မာရှေးသီချင်း ကြီးများ ဆိုကြ တီးကြသည်။

မြတ်လေးငုံကြိုပါတဲ့... စက်လဲငှ... ခက်ခဲသူ ငယ်ကြောင့်
ဖြေတ ရင်း... ငွေလမင်းရယ်က လင်းပွင့်သော်၊ လွမ်းလို့
ကြည့်မျှော်... ဆုံရကောင်းငယ်လေ... အောက်မေ့လို့နော်...

ဂျူဒိုတို့သည် လမ်းလျှောက်လာရင်း ပီသ ကြည်လင်သော စောင်း ကြိုးခတ်သံကို ကြားနေရလေသည်။ ဂျူဒိုပင် သူ့ရင်ထဲမှ လိုက်၍ ရန်နိုင် နှင့် ဆိုတီးလေ့ရှိသော တောင်သမန်စား မောင်ဖေငယ် ၏ ဘောလ အပိုဒ် တစ်ပိုဒ်ကို အမှတ်မထင် ဝင် ညည်းမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



စောင်းတော်ကို ပိုက်ပါလို့... လွမ်းခိုက်ကိုမျှော်... ခွန်း
ခေါ်လှဲ့ပ တစ်တီတူး... ဖြစ်ပြီဘူး ဆိုထင့် ဟိုကမြည်
ရပြန်ပြီ၊ ရွှေမျက်ရည် လှည့်မှာလေး... သွေးကဲ့သို့နီ

ငွေလမင်းက လင့်ပွင့်လျက် နေရာမလပ် ထွန်းပပ သာနေ
သည်။ ဆောင်းဦးည လေသည် အေးမြလျက် လေယူသိမ်း
ယိမ်းကာ တိမ်းကာ ပါချေသော သစ်ရိပ်မှောင်မှောင်တို့သည်
တေးဂီတကို အထောက်အကူပြုနေသည်။

အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက် ဆိုဘိသကဲ့သို့ ကျော်
တို့အဖွဲ့မှ ကားတစ်စီး ထိုး ဆိုက်သံနှင့်အတူ ဂီတာ နှင့် ဆိုတီးကြ
အင်္ဂလိပ်ဘာသာ တေးသံသည် ဂျီဆောင် ရှေ့တွင် ဝူးဝူးဝါးဝါးနှင့်
သွားလေသည်။ ထိုအသံများအကြားတွင် စောစောက စောင်းသံလ
ပျောက်သွားရလေသည်။ စောင်းအဖွဲ့လည်း တပ်ခေါက်ပြန်ကြဟန်
လုံးဝ အသံထွက်ပေါ်လာခြင်း မရှိတော့။ ဂျူဒို က စောင်းသံနှင့်
လိုက်ဆိုနေသော တေးသံသည်လည်း တစ်မုဟုတ်ချင်း ရပ်သွားရ
သည်။

များမကြာမီ ထိုကားသည် ဂျူဒိုတို့ လူအုပ်ကို အတင်းတရ
ဖြတ်ကျော်ရန် ဟွန်း တတီတီ တီးကြပြန်သည်။ ချီးပေနှင့် ဘဲဥတို့
လမ်းဘေးသို့ ကပ်ပေးသော်လည်း ဂျူဒိုနှင့် အဝေရာတို့က ကပ်မ
အဝေရာက...

"ဟော့... ဗြူရိုကရက် သားသမီးတွေရဲ့ ယဉ်ကျေးမှုဆို
ဒါလား..."

လှမ်းအော်လိုက်လေသည်။ ကားသည် ကျွီခနဲ ဘရိတ်အုပ်
နှင့်အတူ ရပ်လိုက်သည်။ ကားမောင်းသူ ကျော်ကျော် က... ကားတံခါး
ဆောင့်ပိတ်ကာ ဆင်းလာပြီး ဂျူဒို တို့ ရှေ့ရပ်လျက်...

"ဘာပြောတာလဲ..." ဟု မေးလိုက်လေသည်။

ချီးပေက သူ့နဂိုရ် ပြောင်ချော်ချော် မျက်နှာထားနှင့်...

"ဒီလိုပါ သူငယ်ချင်း၊ မင်းတို့လို အရာရှိအကြီးစားတွေရဲ့ သား

www.burmeseclassic.com

www.burmeseclassic.com



ခမ်းတွေဟာ ကား တရကြမ်း မောင်းတတ်တာ… ဂျက်လေယာဉ်ပျံလို တွေ့တာ၊ စည်းမဲ့ ကမ်းမဲ့ ဖြတ်ကျော်တတ်တာတွေဟာ အထက်တန်းစား ခဉ်ကျေးမှုလားလို့ အဝေရာက မေးတာပါ…”

“ယီးတီးယားတား မပြောနဲ့…”

“ဇီးသီးနွားစားမယ်ဆိုတာ ငါ သိပါတယ်…”

ခိုးပေ က မှင်သေသေဖြင့် ပြောလိုက်ရာ ဘဲဥတို့က ‘ဟား’ ကြပြန် သည်။ စိပ်ပုတီးနှင့် ကိုပြံ တို့လည်း ခြုံထားသော ပုဆိုးများကို ပြင်ဝတ် ကြကာ ရယ်ကြပြန်သည်။ ဂျူဒိုကမူ ကျော်ကျော့် ကို မမှိတ်မသုံ ငေးစိုက် နေသည်။ ကားထဲမှာလည်း ဗိုလ်စုတ်၊ ဟစ်ပီနှင့်တကွ ဂျာကင်၊ နိုင်လွန် စပို့ရှပ်၊ တက်ထရက် ဘောင်းဘီရှည် ဝတ်ထားကြသော သူများ ထွက် လာကြလေသည်။

ညအမှောင်တစ်ဝက်၊ လင်းတစ်ဝက်တွင် အနက်ရောင် ဒိုင်ခွက် နှင့် တလက်လက်တောက်ပနေသော ထောင်ကျော်တန် နာရီကို ဝတ်ထား ကြသော သားနားတောက်ပသည့် လူငယ် လူရွယ်များကို ဂျူဒိုက သမ်းကြည့်လိုက်လေသည်။ ကျော်ကျော်နှင့် ဟစ်ပီတို့ နှစ်ယောက်သာ ဝတ်ခဲသော ပင်နီတိုက်ပုံအကျီနှင့် မြောက်ပြင်ပိုးလုံချည်များကို ဝတ်ဆင် ထားလေသည်။

“မင်းတို့စော်ကားတာ များပြီ…”

ကျော်ကျော် က ဒေါသနှင့် အော်သည်။ သည်တော့ ခိုးပေ က ရယ်ရင်းပင်…

“သူခိုးက လူ မဟစ်ပါနဲ့ သူငယ်ချင်း…၊ မင်းတို့ ရန်ကုန်မြို့တစ်ဝိုက် ကားတရကြမ်းမောင်းပြီး…၊ လူတွေကို စော်ကားခဲ့တာလည်းမနည်းဘူး…၊ ဒီကျောင်းမှာလည်း မင်းတို့စော်ကားခဲ့သမျှ ခံခဲ့ရတာ…၊ ငါတို့အဖို့ ဒီနေ့ တန်ဆောင်မုန်း လပြည့်နေ့ ဆိုရင် သုံးနှစ်တစ်လ နဲ့ လေးရက်တိတိရှိသွား ပြီ…၊ ငါ့အင်းလေးလုံချည်တစ်ထည် ရွှံ့စက်စင်လို့ ပစ်လိုက်ရပြီ…၊ တိုကောင် အဝေရာကြီးလည်း လမ်းဘေးခုန်ဆင်းလိုက်တာ ဖိနပ်တစ်ရံ ဆုံးရတယ်…၊ ကားကြောက်တတ်တဲ့ စိတ်ပုတီးက နှလုံးအားနည်းတဲ့

www.burmeseclassic.com



ဝေဒနာဆိုက်သွားရတယ်။ ကိုပြံကြီးနောက်တကောက်ကောက်လိုက်
လို့ ကြက်ခြေထောက်ရိုး နဲ့ အရိုးအရွဲ့ ကျွေးပြီး မွေးထားရတဲ့ ကုပ်
လည်း အူထွက်ပြီး သေခဲ့ပြီ"

"အပိုတွေ မပြောနဲ့ကွ...၊ မင်းတို့ကောင်တွေ ဘာလုပ်ချင်သလဲ"

"တို့ကစပြီး ဘာမှတော့ မလုပ်ချင်ပါဘူး ကျော်ကျော်...၊ မင်း
ငါတို့ရဲ့ညီတစ်ဝမ်းကွဲလည်း တော်တယ်...၊ အသက်လည်း ငယ်တယ်
ငါ တော်တော် သည်းခံခဲ့တာ...၊ ဒါပေမဲ့ လူလူချင်း ဗိုလ်ကျလို့
မရဘူးကွ...၊ ခွေးတစ်ကောင်ကို ခြေနဲ့ကန်လို့ ရချင်ရမယ်...၊ လူလူ
လှမ်းပုတ်လို့ မခံဘူး...၊ လူဆိုတာ အတူတူပဲ...၊ ဒီတော့ မင်းက ငါတို့
ဘာလုပ်ချင်သလဲ မမေးပါနဲ့၊ မင်းတို့ကို ဘာလုပ်မလဲ...၊ မင်း လုပ်
တို့က ပြန်လုပ်ရမှာပဲ..."

ဂျူဒို က ပြောလိုက်လေသည်။ စိပ်ပုတီးက ဂျူဒို့ လက်ကို ဖမ်း
ကာ... "ဟေ့... ဂျူဒို... မလုပ်နဲ့..." ဟု သတိလှမ်းပေးလေသည်။ အ
ရာက သူ့မျက်စိကို မှေးစင်းလျက် ဂျာကင် စပို့ရှပ် ဝတ်သူ
လှမ်းကြည့်ကာ...

"နိုင်ငံတကာ လူကြမ်း အဖွဲ့ကြီးကွ...၊ ငါ သိပ်ကြောက်တာ
သိပ် ကြောက်တယ်..."

ပခုံးတွန့်ပြပြီး ခေါင်းကို တုန်ပြနေသည်။ ထိုအခါ... ကျော်ကျော်
ခပ်လှောင်လှောင်ရယ်လျက်...

"ဩော်... မင်းနဲ့ ငါနဲ့ ဆွေမျိုးတော်တယ်တဲ့လား...၊ တော်
ဆိုရင် တော်တဲ့သွေးကို ဖောက်ထုတ်ပစ်လိုက်မယ်..."

"ဖောက်ပစ်လိုက်ပေါ့ကွ...၊ ငါကလည်း မင်းလို စရိုက် မှ
ဟာမျိုး ဆွေမျိုး မတော်ချင်ပါဘူး..."

"ပြောရှာတယ်... သူကြီးမင်းရဲ့ ညီ... ကောက်စိုက်သ
ရည်းစား..."

ကျော်ကျော်၏စကားကို ဆုံးအောင်ပင် မစောင့်နိုင်တော့ဘဲ
သည် ကျော်ကျော်၏မျက်ခွက်ကို ထိုးလိုက်လေသည်။ အရာ ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တော်ကား ဂေါက်တံနှင့် ဝင်ရိုက်ရာ အဝေရာ က တိမ်းရှောင်ရင်း သတ်ရပြန်သည်။ ဝရုန်းသုန်းကားဖြစ်ကြဆဲ ခင်မောင်ချစ်နှင့် စုတ်က သူတို့လူ ကျော်ကျော် နှင့် ဟစ်ပီ တို့ကို "ဟော့ကောင်တွေ ကောင်းသားအချင်းချင်း..." ဟု ဝင်ဆွဲကာ စိပ်ပုတီးနှင့် ကိုပြု တို့က ဆွဲလူ ကိုယ်ဆွဲကြလေသည်။

ထိုအခိုက် ဆရာဦးမြတ်ဆွေ ကိုယ်တိုင် မောင်းလာသော မာဇဒါ လေး ထိုးဆိုက်ပြီး ဆရာက ဝင်ဖျန်ဖြေမှပင် ရန်ပွဲ ပြီးစီးတော့သည်။ ရာက ကောင်းကောင်းကြီး ဆိုဆုံးမလေသည်။

"ခင်ဗျားတို့ မဖြစ်သင့်တာ ဖြစ်တယ်..." ဟု ဆရာက တဖွဖွ ပြီးနောက်...

"လမ်းမလယ်ကောင် ရန်ဖြစ်တယ်ဆိုတာ ကြမ်းပိုးသူခိုးအကျင့်၊ သူ့ရဲအကျင့်၊ အရက်မူးသမားအကျင့်၊ မိကောင်းဖခင် သားသမီးရဲ့ ကျင့် မဟုတ်ဘူး၊ ခင်ဗျားတို့ ကိုယ့်ဘာသာ ကိုယ် တန်ဖိုးဖြတ်နေ ပဲ...၊ ဒီတစ်ခါတော့ ခွင့်လွှတ်မယ်၊ နောက်တစ်ခါတော့ ခင်ဗျားတို့ကို ရေးယူဖို့ တင်ပြရမှာပဲ..."

ပြောလိုက်လေသည်။ တကယ်တော့ ဆရာ ဦးမြတ်ဆွေ သည် ရေးယူစရာရှိလျှင် ပြတ်ပြတ်သားသား အရေးယူတတ်လေသည်။ သည် မှတော့ ဆရာတွေက ပြင်းပြင်းထန်ထန် အရေးယူ စရာရှိလျှင် တတ် သည်။ ဂျူဒိုတို့ကြားဖူးသည်မှာ တစ်ခါတုန်းက အဆောင်သို့ စ်ဂျစ်ဒါ ခေါ် ရေခဲသေတ္တာ ယူလာကာ အဆောင်မှာ တ်သောက်သဖြင့် ထိုကျောင်းသားကို ကျောင်းထုတ်ပစ်သည်ဆိုပဲ။ ရာက...

"ကိုင်း... ခင်ဗျားတို့ လက်ဆွဲနှုတ်ဆက်ခိုင်းလို့တော့ အပိုပဲ၊ ခင်ဗျား ရင်ထဲက လာမှာ မဟုတ်ဘူး၊ မချစ်ရင်နေကြပေါ့ဗျာ... မမုန်းနဲ့ပေါ့၊ ရင် မကြည့်ရင် မျက်နှာလွှဲနေကြ...၊ ရန်တော့ မဖြစ်ကြနဲ့..."

နောက်ဆုံးသဘာဝကျသော စကားများကိုဆိုလျက် ကျောင်းသား လူစုခွဲတာကို စောင့်ကြည့်ရင်း ကျန်ရစ်လေသည်။ သည်ကိစ္စ သည်

www.burmeseclassic.com

www.burmeseclassic.com



တွင်ပဲ နိဋ္ဌိတံလေပြီ။ နောက်တော့ ဒီအကြောင်း ဘယ်သူမှ မသိကြ
ဘယ်သူ့ဆီမှလည်း သတင်း ပျံ့လွင့်ခြင်း မရှိတော့ပေ။

သို့သော်လည်း ကံကြမ္မာက ကွင်းလေးများ တစ်ခုပြီး တစ်
ဆက် သွားသည့်ပမာ ဒိုးများ ဆက်တိုက်လိမ့်ကာ ထိသွားသည့်ပ
ချယ်လှယ် ချင်သလို ချယ်လှယ်လာတာကိုတော့ ဘယ်သူ့ကို အပြစ်တင်
မည်လဲ။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၂၅]

သို့နှင့် မေမြို့စခန်းသို့ ထွက်ခဲ့သောအချိန်သို့ တိုင်ခဲ့လေပြီ။

ဂျူဒိုတို့အုပ်စုကား ရယ်မော ပျော်ပါးတုန်းပင်။ ကျော်ကျော်တို့နှင့် ယူသော ဘာသာ လိုင်းခွဲချင်း မတူသောကြောင့် အဘိဓမ္မာတွေ ပွားစရာ မလိုတော့ပေ။ ကျော်ကျော်တို့ လိုက်ပါလာခြင်း မရှိ။ သည်တော့ ဂျူဒိုတို့ 'ဟား' ချင်တိုင်း 'ဟား' ခွင့် ရလိုက်ပြန်သည်။

ကျောင်းတွင် နေ့တိုင်း အတန်းတက်ရင်း ဆရာဦးမင်းဝန်က စာနှင့် ပတ်သက်သမျှ ပိုင်နိုင်လာအောင် ကြိုးစားလုပ်ရန်၊ ဖရီးမရိုက်ဘဲ ဘက်ညီလက်ညီ အလုပ်လုပ်ရန်၊ သီအိုဒိုလိုက်ကို ပိုင်အောင် ကိုင်တတ်ရန် မပြတ်မှာတတ်ပြီး မေမြို့တွင် ပင်ပန်းမည့်အကြောင်း၊ လူထုနှင့် ဆက်ဆံရေး စခန်းတွင် နေထိုင်ရေးကအစ စိတ် မချနိုင်၊ လိုလေသေး မရှိအောင် မှာခဲ့လေသည်။

မြို့ပြ၏ ဦးစီး ဖခင်ကြီးသဖွယ် ဒေါက်တာ ဦးအောင်ကြီး ကလည်း သားသမီးများ ခရီးသွားခါနီး စိတ် မချနိုင်၍ မိဘများက မှာစရာ ရှိသည်ကို အထပ်ထပ် မှာသကဲ့သို့ အတန်းထဲ တကူးတကခေါ်ကာ ဆုံးမ မှာကြားပြန်သည်။ စခန်းတွင် သွားလာနေထိုင်ရမည့် အစီအစဉ်ကို ပြောကြားကာ အုပ်စုအလိုက် ပစ္စည်းထုတ်ပေးလျက် အစည်းအဝေးတွင် စခန်းသို့ လိုက်ရမည့် ဆရာအားလုံးနှင့် တွေ့ဆုံပေးသည်။

"အေ" ဆောင်ရှေ့ ငုဝါဝါတွေ ပင်လုံးကျွတ် ဖူးပွင့်သောအချိန်၌ စခန်းထွက်လာရလေသည်။ ချီးပေ နှင့် ဘဲဥ တို့ပင် ကားပေါင်ရင်း ငုပန်းများခူးကာ ပန်းများကို နားရွက်နောက် ချိတ်လျက် နုတ်ပူးသလို တ နေကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးအသွား ရထားပေါ်တွင်လည်း ရထားတစ်စင်းလုံး ဆူဆူ ညံညံနှင့် လွတ်လပ် ပေါ့ပါးစွာ စကား ပြောလာကြသည်။ ဝေခင်က နားအေး ပါးအေးနှင့် လူထုဦးလှ ရေးသော "စစ်ပြီးစ ထောင်တံခါး" စာအုပ်ကို ဖတ်လာသည်။

ဂျူဒိုု က မကြာခဏ ဝေခင့် အနီးသို့ ရောက်လာကာ...

"ပြောရဦးမယ် မဝေခင်ရေ့..." ဟု ခေါ် ခေါ်ပြီး နောက်ပြောင် နေတတ်သည်။

မီးရထား ဥဩရှည်ဆွဲသံနှင့်အတူ ခုတ်မောင်းသံသည် တဂျုံးဂျုံး နှင့် မြည်ဟည်းလာလေသည်။ ဒိုက်ဦး သို့ ရောက်သည်နှင့် မှောင်ရီဝေစ ပြုံးလေပြီ။ အားလုံး ထမင်းလည်း ဆာလာကြပေပြီ။ ဝေခင် နှင့် ကြိုင်ကြိုင်တို့လည်း ကြက်သားကြော်များကို ဖဲ့ရွဲ့ စားသောက်ကြလေ သည်။ ကြက်သားကြော်က ဖြူးမှာ ပေါတတ်သော်လည်း ပဲခူးကပင် ကြိုင်ကြိုင်က ဝယ်လာခဲ့ခြင်း ဖြစ်သည်။

ဂျူဒိုု နှင့် ခီးပေ တို့ကား ဆူညံစွာ သီချင်းဆိုလာကြလေသည်။ ဆရာတွေအလစ် တစ်ဘူတာ 'ဆိုက်' တစ်ဘူတာ 'နား' တွင် ဆင်း မော့ကြသလား မသိ။ ခပ်ထွေထွေ နှင့် စကားတွေ များချင်တိုင်း များနေ ကြသည်။

"ဝေခင်... သီချင်းဆိုဟာ..."

ဂျူဒိုုက တိုက်တွန်းဆဲ ဝေခင် က ခေါင်းကိုသာ ခါယမ်းပြလိုက် သည်။ စကား မပြောချင်သဖြင့် မှောင်နေသော အပြင်ကိုသာ စိုက်ငေး လာလေသည်။ စိတ်ထဲကုန်ကျသော စရိတ်များကိုသာ စာရင်း တွက်မိနေ သည်။ ဂျူဒိုု ကမူ သူ့စိတ်ကူးနှင့်သူ...

"ဝေခင်က အရင်ဘဝတုန်းက ငါ့ရဲ့နှမလေး... ဒါကြောင့် ငါ သူ့ကို သိပ်ချစ်တယ်၊ ငါ ဝေခင့်ကို မွေးစားမယ်၊ နှမအဖြစ် မွေးစားမယ်၊ ထီထိုးမယ်လေ၊ ထီထိုးမယ်... ဝေခင့်ကို မွေးစားရန် အတိုင်းနဲ့ ထီ ပေါက်ရင် ဝေခင်နဲ့နေဖို့ အိမ်အကြီးကြီးဆောက်မယ်။ ကျော်ကျော်တို့ အိမ်ကြီးမျိုး၊ ပြီးတော့ ပြိုင်ကား ဝယ်..."

www.burmeseclassic.com

www.burmeseclassic.com


ခပ်ထွေထွေနှင့် ပြောချင်ရာ ပြောပြန်သည်။ ဝေခင် က ချက်နှာထားနှင့်...

"ပေါက်ကရာတွေ ပြောမနေနဲ့၊ တို့ စိတ်ဆိုးတယ်..."

"မဆိုးပါနဲ့ ချစ်သော ညီမလေး...၊ ညီမလေးကို အဟုတ်ချစ်ပါသည်၊ ဘုရားစူး ချစ်ပါသည်..."

"ဆရာနဲ့ တိုင်မယ်နော်..."

ဂျူဒို က မေးစင်းသော မျက်လုံးများနှင့် သူ့နှုတ်ခမ်းတွင် လက်ညှိုးတပ်ပြကာ 'ရှူး' ဟု ဆိုလိုက်သည်။ အဝေရာ က ဂျူဒို့ပခုံးကို ပုတ်ကာ ခေါင်းကို ခါယမ်းပြလေသည်။ စိပ်ပုတီးက သူ့လည်ပင်း မှ ပုတီးကို ချွတ်ကာ ရထားတံခါးပေါက် အပြင်သို့ ခေါင်းထုတ်ကာ အန်နေသည်။ တိုနေရာ တစ်စု၊ ဟိုထိုင်ခုံ တစ်စု၊ စာပေအကြောင်း ပြောသူပြော၊ ဂီတအကြောင်း ဆွေးနွေးသူ ဆွေးနွေး၊ ဘောလုံးပွဲအကြောင်း ငြင်းသူငြင်း၊ ဝေခင်တို့လည်း အိပ်စရာ နေရာ မရှိ။ အိပ်လို့လည်း မရ၊ မျက်လုံးများ ကြောင်နေသည်။

ကြိုင်ကြိုင်ကတော့ "သာစည်ရောက်ရင် နှိုးနော်..." ဟု ဝေခင်အား မှာကာ ထိုင်လျက် ငိုက်လာလေသည်။

အဝေရာ၊ ကိုပြန်နှင့် စိပ်ပုတီးတို့လည်း အိပ်မောကျပေပြီ။ ရထားကလည်း ည မောင်းသည်မို့ နှေးလိုက်သည်မှာ နေရာတိုင်း ရပ်နေတော့သည်။ သည်တော့ ချီးပေက...

"ဒီရထားမျိုးနဲ့များ မိန်းမ ခိုးလိုက်ရရင် ပျံနေမှာပဲဟေ့..."

ပြောဆဲ ဘဲဥက...

"အင်း... အိမ်က လိုက်လာတဲ့ရထားသာ ခိုးလာတဲ့ရထားကို ကျော်ချင် ကျော်သွားမယ်လားဟေ့..." ဟု ပြောလိုက်ရာ မေအောင်နှင့် ကျောင်းသူတစ်စုက ချီးပေ တို့အား မျက်စောင်း လှည့်ထိုးလေသည်။

ကြိုင်ကြိုင်ကတော့ အပူအပင် ကင်းမဲ့သော ကလေးပမာ ခေါခေါ အိပ်ပျော်နေသည်။ ရထားတစ်ခုလုံး အသံများလည်း တစ်စ, တစ်စ တိတ်သွားလေသည်။ ဂျူဒို က ရထားနံရံကို ခေါင်းမှီကာ အိပ်နေသော ချီးပေ၏ ပခုံးပေါ် မှီလျက် အိပ်မောကျလာလေသည်။ စိပ်ပုတီးက တစ်လမ်းလုံး သွားကြိတ်လာလျက် အဝေရာက 'အားလုံး ငြိမ်ကြပါ... ငြိမ်ကြပါ...' ဟု မျက်စိက မှိတ်ရင်း ပါးစပ်မှ ယောင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်လည်း နံနက် ၃ နာရီ ထိုးခါနီးမှ အိပ်ပျော်သွားတော့သည်။

မန္တလေးတွင် ခေတ္တနားပြီး မေမြို့သို့ ခရီးဆက်ကြတော့ တောင်လှေကားသို့အတက် ပြာလဲ့လဲ့ တောင်တန်းများကို မြင်စပြုလေသည်။ ရထားအရှိန်မြန်လာသည်နှင့်အမျှ ရာသီဥတုက တဖြည်းဖြည်း ပြောင်းလွဲလာသည်။ အညာ လေပူကို နှုတ်ဆက်ခဲ့လျက် တောင်ပေါ် လေအေးနှင့် မိတ်ဖွဲ့ကြရလေသည်။

လိုဏ်ခေါင်းများကို ဖြတ်ကျော်ကာ တက်မှန်းမသိ တက်လာလျက် ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၃၀၀၀ ကျော်ဖြစ်သော တောင်ပေါ်မြေသို့ ရောက်လာခဲ့သည်။ တောင်လှေကားမြို့တော်နှင့် နီးကပ်သည်ထက် နီးကပ်လာကာ အနီးစခန်းသို့ ရောက်လုနီးလျှင်ပင် မွှေးကြိုင်သော ပန်းရနံ့များက သင်းပျံ့လာလေသည်။

တောတောင် စိမ့်စမ်းများကလည်း သာယာကြည်နူးဖွယ်အတိ။ စိမ်းလဲ့ကြည်လင်နေသော ရေတံခွန်များမှ စီးလာသည့် ရေဝပ်အိုင်လေးများ၊ အခိုင်လိုက် အဆုပ်လိုက် ပွင့်ဖူးနေသော ပန်းများကို သဘာဝ၏ အလှတစ်ရပ်အဖြစ် မြင်တွေ့လာရပေသည်။

အနီးစခန်း တွင် စတော်ရော်ဘယ်ရီသီးများကို တပျော်တပါး ဝယ်စားကြသေးသည်။

အနီးစခန်းမှ ထွက်လာပြီးနောက် စိုက်ပျိုးခင်းများ၊ ပန်းခင်းများကို သေသပ်လှပ ညီညာစွာ မြင်တွေ့ရလေသည်။ သို့နှင့် မေမြို့သို့ ညနေ ၅ နာရီတွင် ရောက်ရှိသည်။

ကျောင်းသားနှင့်ကျောင်းသူများ သီးခြား အဆောင်များတွင် တည်းခိုကြရသည်။ ဝေခင် တို့ကား အမှတ် (၄) ကျောင်းတွင် တည်းကြသည်။ ဆရာမကြီးက ကျောင်းသူများကို ရေချိုးရမည့်နေရာ၊ အိမ်သာ၊ ထမင်းစားဆောင်၊ စာသင်ကျောင်းနှင့် သောက်ရေသုံးရေ သုံးရမည့်နေရာများကို လိုက်ပြလေသည်။ နံနက်စာ စားပြီးကတည်းက တစ်နေ့လုံး အဖို့ စတော်ရော်ဘယ်ရီသီးသာ စားလာရသော ဝေခင် တို့မှာ ဆာလှပြီ ပေပြီ။

ပစ္စည်းများ သယ်ရွှေ့ရနှင့် ပင်လည်း ပင်ပန်းနေပေပြီ။

❀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၂၆]

ကောင်းကင် နက်ပြာရောင်မှာ ပြကတေ့ ကတ္တီပါသားလို အရောင်မှိုင်းမှိုင်းနှင့် တစ်ပြေးတည်း တသွေးတည်း ညီလျက် ရှိသည်။ ကတ္တီပါစပေါ် စိန်ပွင့်စီခြယ်သည့်ပမာ ကြယ်ပွင့်တို့သည် ပြိုးပြက်လျက် လက်တောင်ခတ်နေကြသည်။

ဧပြီလ ၃ ရက်၊ မြန်မာလို တပေါင်းလဆုတ် (၁၂) ရက်နေ့ညမို့ လရောင် မရှိ၊ ကြယ်ရောင်သာ ဖြာ၍ လင်းနေသည်။ မိုးသားကင်းစင်သည် ဖြစ်သောကြောင့် ကြယ်စုံထွန်းပလျက် ရှိလေသည်။

ဝေခင်တို့ မေမြို့ရောက်၍ လွတ်လပ်ရေးကွင်းတွင် မြေတိုင်းပြီး ရက်လွန်မြောက်ချိန်၌ အင်ဂျင်နီယာသုံး နက္ခတ်ဗေဒအတွက် ကြယ်များကို လေ့လာရသည်။ ယင်းကို အင်္ဂလိပ်ဘာသာအရ Star Shooting (စတားရှူတင်း) ဟု ခေါ်သည်။ နေရာကား မေမြို့ ဘောလုံးကွင်းထဲ။

မနေ့က ညကတည်းက ဆရာက ကြိုတွက်ရန် နည်းလမ်းများကို သင်တန်းပို့ချလေသည်။ ဘယ်အချိန် ဘယ် ကြယ် ဝင်မည် သိအောင် စာရင်းဇယား ဆွဲထားရမည်။ ဝေခင်တို့မှာ ဤမျှသာ နားလည်ပြီး ဘယ်လို တွက်ရမှန်း မသိသေး။ ဆရာဦးမြတ်ဆွေက ဖိုင်တွဲကိုင်ကာ ကျောင်းသား စာရင်းလိုက်ကောက်ပြီးနောက် ဆရာ့ကို မေးကြတော့ ဆရာက ရှင်းပြပြန်သည်။ နားလည်သလိုလိုနှင့် မတွက်တတ်သေး။

“တုံးလိုက်တဲ့ဉာဏ်...” ဟု ဝေခင်က သူ့ခေါင်းကို သူ ထုမိပြီးနောက် ကြိုင်ကြိုင်ကို ကြည့်တော့ ကြိုင်ကြိုင်ကလည်း ရှုံ့မဲ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဂျူဒို... လုပ်ပါဦး၊ ဘယ်လိုတွက်ရမှာလဲ..." ဟု ဝေခင်က နောက်သို့ လှည့်မေးတော့ ဂျူဒိုက မတွက်ရသေးဟန်နှင့် စာအုပ်ကို ဒီအတိုင်း ချထားကာ...

"ဒီလိုပဲ ကြည့်သာတွက်ပါ၊ ရပါတယ်..." ဟု ပေါ့တီးပေါ့ဆ ပြောလိုက်လေသည်။

နောက်တစ်နေ့ည (၆) နာရီ ကွင်းထဲ ဆင်းကြသည်။ ဝေခင်တို့ ရောက်ချိန်တွင် သီအိုဒိုလိုက် ထောင့်တိုင်း ကိရိယာပင် ထောင်ထားပြီး နေပေပြီ။ သီအိုဒိုလိုက်ကို ချိုးပေ အရပ်နှင့်များ ချိန်၍ ထောင်ထားလေသလား မသိ၊ ဝေခင် ခုန်၍ ကြည့်တောင် ကြယ်မြင်ရမည် မဟုတ်။

မှောင်ရီစ ပြုလာသော အချိန်၌ ဆရာများလည်း ရောက်လာတော့သည်။ အရေးထဲ ဂျူဒိုက...

"ဟော့ ဝေခင်... နင့်သူငယ်ချင်း ကြိုင်ကြိုင် က နင်ဟာ ရွှေပင်နား လို့ ရွှေကျေးဖြစ်တာ မဟုတ်ဖူးတဲ့၊ ကိုယ့်အား ကိုယ်ကိုးနေရတဲ့ ရွှေငှက်မို့ စာတွေ ဒါလောက် ကြိုးစားနေတာတဲ့...၊ နင့်ကို သူက တော်တယ်တဲ့ ဟုတ်လား..."

"ခု-ကြိုင်ကြိုင် ဘယ်မှာလဲ..." ဟု သာ ဝေခင်က မေးမိလေသည်။

"ကြိုင်ကြိုင်က အဝေးရာ တို့အုပ်စုမှာ၊ ဟိုဘက်သွားကြပြီ"

အုပ်စုတွေခွဲလိုက်ရာ မိန်းကလေးတစ်ယောက်စီ ယောကျ်ားလေး အုပ်စုထဲ ရောက်သွားသည်။ ကျောင်းသား ၂၀၀ ခန့်တွင် ကျောင်းသူ အရေအတွက် က ၂၀ ထဲသာ။ ဝေခင် က လွယ်အိတ်တစ်လုံး လွယ်လျက် မှောင်ထဲတွင် ရပ်ကာ...

"အရေးထဲ လက်နှိပ်ဓာတ်မီး ပါမလာဘူး..."

"စိပ်ပုတီး မလာသေးလို့၊ သူ ယူလာလိမ့်မယ်... ငါလည်း၊ မပါဘူး..."

"ဖယောင်းတိုင်ဖြစ်ဖြစ်... ပြေးယူပါ ဂျူဒိုရာ..."

"ဟော့ကောင်... သွားယူကွာ..."

ဂျူဒိုက ချိုးပေကို တွန်းလွှတ်နေသည်။ ချိုးပေက ပုဏ္ဏရိလေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခင်' နေသဖြင့် ဂျူဒိုက ဘဲဥကို ချော့ရပြန်သည်။ ဘဲဥကလည်း 'ကပ်' ပြန်သည်။ ဂျူဒိုက သူ့ဘောင်းဘီအိတ်ထဲမှ တော်ဖီကို စက္ကူဖြေပြီး စားမက်သော ဘဲဥပါးစပ်ထဲ ထည့်လိုက်ကာ 'ဆားငံသီး အချို ရှိသေးတယ်' ဟု မက်လုံးပေးလျက် လာဘ်ထိုးမှ ဘဲဥလည်း ကဆုန်ပေါက်ပြေး သွားလေသည်။ ချီးပေက ရယ်မောနေရင်း...

"အမဲတုံး မြန်မြန်မိတာ ဒီလိုခွေးမျိုးပေါ့..." ဟု ပြောနေသည်။

ထိုခိုက် စိပ်ပုတီးလည်း လေလေး တချွန်ချွန်နှင့် ရောက်လာလေသည်။ စိပ်ပုတီးနောက်မှ ခင်မောင်ချစ် က ကုပ်ချောင်း ကုပ်ချောင်းနှင့် ပါလာသည်။ စိပ်ပုတီးလက်ထဲမှ လက်နှိပ်ဓာတ်မီးမှာ ဖျတ်ခနဲ ဖျတ်ခနဲ လင်းလာလေသည်။ ဂျူဒိုက ဝေခင့်မျက်နှာကို မှောင်ထဲတွင် ကြည့်လျက်...

"ကြည့်စမ်း ဟေ့ ဝေခင်...၊ လ သာတဲ့ည တင် သာယာတာ မဟုတ်ပါဘူး၊ လမိုက်တဲ့ည လည်း လှပါတယ်...၊ ကြယ်စုံ ထွက်နေတော့ ဘယ်လို လှနေမှန်း မသိဘူး၊ ကြည့်စမ်း... ဒီကြယ်တွေကလည်း လောကကျက်သရေ ကို ဆောင်သားပဲ၊ ငါတော့ ဒီကြယ်တွေကို လေ့လာခင် ကြယ်လေးတွေကို ချစ်တောင်နေပြီ..."

"ဟေ... ဟေ... ဟေ..." ဟု ချီးပေ က ဂျူဒို့စကားကို ဝင်ဟားသည်။ ထိုအခိုက် ဖယောင်းတိုင်ယူပြီး ပြန်ရောက်လာသော ဘဲဥက...

"ကဗျာစပ်မလို့လား..." ဟု လှောင်သလိုလို ပြောလိုက်လေသည်။

"ကဗျာဟာ ခံစားမှုလို့ အနက်ဖွင့်ရင်တော့ လူတိုင်း ဝမ်းထဲမှာ ကဗျာရှိတာပဲ..."

ဂျူဒိုက ဖြေသည်။ ဝေခင်ကမူ ခပ်သဲ့သဲ့ရယ်လျက်...

"ဒါပေမဲ့ ဂျူဒိုနဲ့ ကဗျာဟာ... ဘုန်းကြီးနဲ့ဘီးလိုပဲ..."

မညှာမတာ ဝင်ပြောလေသည်။ ဂျူဒိုက "အံမယ်... ဘာထင်...." ဟု လက်တန်း ကဗျာတစ်ပုဒ် ကို စပ်နေသေးသည်။

လရောင်ရွှန်းမြ၊
မထွန်းပလည်း၊
ကြယ်လှလှငယ်၊

www.burmeseclassic.com

www.burmeseclassic.com



စိန်ကြိုးသွယ်လျက်၊
ရောင်လှယ်ပြိုးပြက်၊
ဝင်းဝင်းလက်မြ။

တစ်ပိုင်းတစ်စကဗျာကို ရေရွတ်ဆဲ... ချီးပေက...

"ကြိုးစားပေး... ကြိုးစားပေး၊ သူ့အစ်ကိုရန်နိုင် က စာရေးဆ ရဲသွေး၊ ဒီကောင်က... ဘဲသွေး..."

အော်ဟစ်နေဆဲ ဂျူဒို က ချီးပေ၏ ရင်ဘတ် ကို လက်သီး လှမ်း ထိုးလိုက်လေသည်။ ဝေခင်က...

"ဂျူဒို့ကဗျာက ကာရန်တွေ ဘာတွေနဲ့ အကျအနပဲ..."

"ကာရန်နဲ့ ကဗျာက ခေတ်မမီတော့ဘူး၊ ပေပုတောသွားပြော

ချီးပေ က ပြောလိုက်ရာမှ ဘဲဥက...

ဒီည လ မဲ့တဲ့ည၊
မလှဘူးလို့များ ထင်လေသလား၊
မိုးကောင်းကင်မှာ
ကြယ်စုံထွက်တော့
စိန်ကြိုးသွယ်လို့ လှမြပါပဲကွယ်...။

ကာရန်မဲ့ကဗျာကို ရေရွတ်ဆဲ ချီးပေက ဘဲဥ၏ခေါင်း လှမ်းပုတ်ကာ... "ဟေ... ဟေ... ကာရန်မဲ့ ကဗျာကဝိကြီးပါလား" ဟု ထောမနာ ပြုလိုက်လေသည်။

ထိုအခိုက် ဝေခင်တို့အနီး ဆရာ တစ်ယောက်လည်း ရောက် ခဲ့လေသည်။ ဆရာက သီအိုဒိုလိုက် ကို လှမ်းကြည့်ပြီး "ကြယ်တွေ စောင့် ဖမ်းရမယ်" ဟု ပြောလိုက်လေသည်။

ဘောလုံးကွင်း မှောင်မည်းမည်းထဲတွင် ဖယောင်းတိုင်မီး လက်နှိပ်ဓာတ်မီးများ မှိတ်တုတ်မှိတ်တုတ် နှင့် လင်းနေသ ကျောင်းသားကျောင်းသူတို့ အသံတွေမှာလည်း ဝရုန်းသုန်းကား အော်ဟစ်ဆူညံနေသည်။ မြေ အမှတ်အသားပြုရန် Arrow မြား ရှိသော နေရာမှလည်း ကိုယ့်နည်း ကိုယ့် အချက်ပြကြသည်။ တ လက်နှိပ်ဓာတ်မီး ထိုးလျက်၊ တချို့မီးရှို့လျက်...။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဂျူဒို… ဘေးလူတွေက တို့တွေ ဘာဖြစ်နေလဲ… လို့ အောက်မေ့ကြမှာလဲ…"

ချီးပေ က တီးတိုးလေသံနှင့် ပြောလိုက်လေသည်။ ဘဲဥက…

"ဖားရိုက်နေတာနဲ့ မတူဘူးလား…" ဟု ပြောလိုက်ရာ… အားလုံး တသောသော ရယ်မောမိကြသည်။

ဂျူဒို က သီအိုဒိုလိုက် ထဲ ချောင်းကြည့်ရင်း ကြယ် ဝင် မဝင် ဟု စောင့်ကြည့်နေသည်။

"ကြယ်ကို စောင့်သာကြည့်ပေတော့…"

ဆရာ က ပြောပြီး ခဏအကြာ တစ်နေရာရာမှ ပြန်လာကာ…

"ရပြီလားဗျ…"

"မရသေးဘူးဆရာ…"

"အချိန်ရောက်နေပြီပဲဗျ၊ မရသေးဘူးလား…၊ ဖယ်… ဖယ် ကျွန်တော် ဖမ်းမယ်…"

ဆရာကိုယ်တိုင် ကြယ် ဝင်ဖမ်းရာသို့ ဝေခင် တို့က မျှော်လင့်ကြီး စွာနှင့် တစောင့်စောင့် လုပ်နေကြသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

[၂၇]

မြို့ပြအင်ဂျင်နီယာများ လေ့လာသော နက္ခတ်ဗေဒပညာကို 'ကွင်းပြင် နက္ခတ်ဗေဒပညာ' (Field Astronomy) ဟု ခေါ်သည်။

ကွင်းပြင်တွင် မြေတိုင်းနေသော အင်ဂျင်နီယာအတွက် သီအိုဒိုလိုက် ခေါ် မြေတိုင်းကိရိယာ ငယ်လေးသည်ပင် နက္ခတ်ကြည့် မှန်ပြောင်းကြီးသဖွယ် ဖြစ်လာရလေသည်။

မိုးသားကင်းစင်၍ ကြယ်စုံသော လမိုက်ရက်များတွင် အင်ဂျင်နီယာ တစ်ယောက်သည် သီအိုဒိုလိုက် တစ်လက်ဖြင့် ကြယ်များကို ကောင်းစွာ ကြည့်နိုင်လေသည်။ စင်စစ်အားဖြင့်တော့ နက္ခတ်တာရာများကို ကြည့်ပြီး စကြာဝဠာကို လေ့လာရန် မဟုတ်၊ ကောင်းကင်ရှိ နက္ခတ်တာရာများကိုကြည့်ပြီး သူ၏ မြေတိုင်းပညာတွင် လိုအပ်နေသော မူသေအမှတ်များအဖြစ် အသုံးချရန် ဖြစ်သည်။

နက္ခတ်ဗေဒအားဖြင့် အင်ဂျင်နီယာ အလိုရှိသည်မှာ နေရာတစ်ခု၏ လတ္တီကျူ၊ လောင်ဂျီကျူ၊ စံတော်ချိန်နှင့် 'အက်ဇိမတ်' (Azimuth) တို့ ဖြစ်သည်။ ထို 'အက်ဇိမတ်' ကား အင်ဂျင်နီယာတို့အတွက် အရေးအကြီးဆုံး ဖြစ်သည်။ မြေတိုင်းပညာတွင် တိုင်းတာလိုသော မျဉ်းတစ်ကြောင်း မှတ်သားလေ့ရှိသော ထောင့် ကို 'အက်ဇိမတ်' ဟု ခေါ်သည်။

နက္ခတ်ဗေဒပညာနှင့် သင်္ချာအားဖြင့် မူသေအမှတ်ဖြစ်သော ကြယ်နှင့် မူသေအမှတ်ဖြစ်သော မြောက်ဝင်ရိုးစွန်းကြား ထောင့်ကို ရှာဖွေနိုင်လေသည်။ တိုင်းတာသောမျဉ်းနှင့် ကြယ်အကြားထောင့်ကိုလည်း မြေတိုင်းကိရိယာ သီအိုဒိုလိုက်ဖြင့် ရနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တွင် ကြယ် တို့ အစုံစုံ ထွန်းပနေသည်။ စာဆိုကြီး ဦးကြင်ဥက 'တင်းတာရာ ကြယ်နဂါးနှင့်၊ ပုဏ္ဏားတဲ့တစ်သွယ်' စသည်ဖြင့် ကြယ်နက္ခတ် အစုံကို ကဗျာဖြင့် တခမ်းတနား ဖွဲ့ဆိုသွားခဲ့လေသည်။

နက္ခတ်ကျမ်းများအရ ကြယ်အမည်တွေက အမျိုးမျိုးပင်။

ဆရာက ကြယ်ကို စောင့်ကြည့်ပြီး သူ့ လက်ပတ်နာရီကို ငုံ့ကြည့်ကာ...

"အချိန်တောင်လွန်သွားပြီ... ကြယ်က ဖမ်းလို့ မရသေးဘူး ခင်ဗျားတို့ နာရီ ဘယ်နှနာရီရှိပြီလဲ..."

သူ့နာရီကို စိတ်မချသလို လှမ်းမေးလိုက်လေသည်။ ဝေခင်တို့က ဖြေကြပြန်တော့ လူခြောက်ယောက် အချိန်က ခြောက်မျိုး ဆရာက ခေါင်းကိုသာ ခါယမ်းလျက်...

"တယ်ခွကျတာကိုး... ၊ ချိန်ကိုက်နာရီက အရေးကြီးတယ်ဗျ..."

"ဟုတ်တယ်ဆရာ ဆရာဦးမင်းဝန်လည်း ပြောတယ်၊ ဆရာသာ ပါလာရင်တော့ ကျွန်တော်တို့ကို အပြစ်တင်မှာပဲ..."

ဝေခင် က ဖြေလိုက်သည်။ ဂျူဒို က ရယ်လျက်...

"ဆရာကလည်း ခု နာရီတွေက ရှားတယ်၊ တော်ရုံဈေးနဲ့ လိုက်ဝယ်တော့ အချိန် မမှန်ဘူးပေါ့၊ ကျွန်တော့် နာရီဆိုရင် တစ်နေ့ (၁၀) မိနစ် မြန်တာ၊ နောက် (၆) ရက်လောက် မတိုက်ဘဲထား၊ ညနေ (၄) နာရီဆို (၅) နာရီဖြစ်နေရော၊ တစ်နာရီလောက်ကွာ သွားရော..." ဟု ရှင်းပြနေသည်။ ချီးပေက...

"မင်း ချဉ်ဖတ်ဆီက နာရီ ငှားလာခဲ့ဖို့ ကောင်းတယ်။ သူ့နာရီက သိပ်ကောင်းတာပဲ..."

"ပြောမနေပါနဲ့ သူ့အဖေ ဝက်(စ်) ဂျာမနီကအပြန် ဘဲ့ရှ လေယာဉ်ပျံကွင်းမှာ ဝယ်ခဲ့တဲ့ အိုမီဂါနာရီပဲ၊ ရှင်ဘုရင့်ပုဆိုးပိုးချည်ပေါ့..."

သည်တော့ ချီးပေ က သူ့ဘယ်လက်မှ ဆီကို နာရီကို မျှော်ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဥစ္စာလည်း နိုင်ငံခြားက ဝယ်ခဲ့တာပဲ၊ နိုင်ငံခြားရဲ့လမ်းကြား ထောင်ခို ဈေးက..."

ပြောလိုက်ရာ... အားလုံး ရယ်မောကြသည်။ ဆရာက ပြုံးလျက်...

"ကဲ... နာရီအကြောင်း နောက်မှ ဆွေးနွေးကြ၊ ကြယ် ၅ လုံးတော့ ထွက်သွားပြီ...၊ နောက်ကြယ်တွေ ဝင်ပ့ါမလား မသိဘူး..."

ပြောဆဲတွင် အခြားအုပ်စုတွေမှ...

"ကြယ်တွေ့ပြီဟေ့... တွေ့ပြီ..." ဟု ဝမ်းသာအားရ အော်ကြသည်။

ချီးပေနှင့် ဘဲဥ တို့က စိတ်မြန်စွာ အသံကြားရာသို့ သွားကြသည်။ ဂျူဒို က သီအိုဒိုလိုက်ထဲမှ စိတ်အားထက်သန်စွာ စောင့်ဖမ်းနေဆဲ... ဝေခင်က...

"ဂျူဒို ရလား..."

"မရသေးဘူးဟ...၊ Instrument (ကိရိယာ) ဘာဖြစ်နေလဲ မသိဘူး..."

"ဒီလိုဆိုရင် ဖယ်စမ်းပါ၊ တို့ကြည့်မယ်..."

ဝေခင်က ကြည့်မည်လုပ်တော့ သုံးချောင်းထောက်ခုံနှင့် သီအိုဒိုလိုက်က မြင့်နေသဖြင့် ကြည့်လို့မရ။ ဂျူဒို နှင့် ဘဲဥ က အုတ်ခဲများ ပြေးသယ်ရကာ...

" ချီးပေ... သူ့အရပ်နဲ့တိုင်းပြီး အမြင့်ကြီးထောင်ထားတယ်၊ တောက်... ငါ တစ်တောင် နဲ့ ထောင်းလိုက်ရ..."

ဂျူဒိုက ချီးပေ၏ကျောကို တတောင် နှင့် အဟုတ် တွက်လိုက်ရာ ချီးပေမှာ 'အလယ်လယ်' ဟု အော်ကာ ကျောကော့သွားလေသည်။

ဝေခင် ကြည့်ပြန်တော့လည်း မမြင်ရသေး။ ဆရာက...

"ရပြီလား..."

"မရသေးဘူး ဆရာ..."

ဂျူဒိုက ဘေးမှ တောက်ခေါက်ပြန်ကာ...

"စိတ်ဓာတ်ကျတယ်ကွာ... ကြယ် ၁၀ လုံး တစ်လုံး မှ မမြင်ဘဲ နေမလား မသိဘူးဟ..."

"နေစမ်းပါ... ဂျူဒိုကလည်း မညည်းပါနဲ့၊ တို့ကြည့်ပါရစေဦး..."

www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ကြည့်... ကြယ် ကို နင့်အမေ့လင်လို ကြည့်နေ..."

"ဂျူဒိုနော်..."

"ငါ ဘာပြောလို့လဲ... အမေ့လင် ဆိုတာ အဖေပဲ၊ ကြယ်ကို အဖေ လို ချစ်လို့ ပြောတာ..."

"သွား..."

ဆရာက ကြားသွားသဖြင့်...

"ရန်မဖြစ်ကြနဲ့လေ..." ဟု ဟန့်ပြန်သည်။

ထိုအခိုက် ဝေခင်က ဝမ်းသာအားရ လေသံနှင့်...

"မိပြီ... မိပြီ... ကြယ်ဝင်ပြီ..."

သူ့အသံ စူးစူးလေးနှင့် အသံကုန် ခြစ်ကာ အော်လိုက်လေသည်။ ဂျူဒို က လက်ခုပ်လက်ဝါး တီးလိုက်သည်။ ချိုးပေ က အုတ်ခဲ ခုထိုင်ကာ ငိုက်မျဉ်းနေရာမှ ဝေခင့် အော်သံကြောင့် လန့်နိုးကာ "လန့်လိုက်တာ ဟာ..." ဟု ပြောလိုက်သေးသည်။ ဂျူဒိုက ချိုးပေ အား ခြေထောက်နှင့် လှမ်းကန်ကာ...

"ဟော့... ဘိန်း မှိန်းမှိန်းမနေစမ်းနဲ့၊ ထ၊ စမ်းကြယ်ဝင်ပြီကွ..."

ထိုအခိုက် စိပ်ပုတီးက 'ဝါး' ခနဲ တစ်ချက်သမ်းကာ...

"သေသေချာချာ ကြည့်ဦးနော်... ဖမ်းချင်တဲ့ကြယ် မဟုတ်ဘဲ မဟုတ်တဲ့ ကြယ်ဝင်တာ ဖြစ်နေဦးမယ်၊ လူ့ဘဝဆိုတာ ဒီလိုပဲ လိုချင်တာ မရဘဲနဲ့ မလိုတာ ဖြစ်လာတတ်တယ်..."

သူ့သဘောတရားကို ပြောလိုက်ရာ ချိုးပေ က "အံမယ်... အံမယ်" ဟု အော်ကာ စိပ်ပုတီး၏ကျောကို လွယ်အိတ်နှင့် လှမ်းရိုက်လိုက်လေ သည်။ ဆရာကလည်း ဝေခင့်အား...

"ခဏပြဗျာ..." ဟု ဆိုကာ ဝင်ကြည့်ပြီး...

"အေးဗျာ... ဝင်ပြီ ဝင်ပြီ... ဘာပဲဖြစ်ဖြစ်... ကြယ်မြင်ရ ပျော်ကြတာပဲ..."

ထို့နောက် တစ်ယောက်တစ်လှည့် ကြည့်နေတာနှင့် အချိန်ကုန် သွားလေသည်။ တခြားအုပ်စုက လူတွေရော၊ ဟိုလူလာ-ဒီလူလာ ကြည့် ကြရာ ရှုပ်ယှက်ခတ်နေတော့သည်။ ချိုးပေက စိတ်မရှည်ဖြစ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



“ကြယ်ဝင်ရင် ဟိုလူလာ ဒီလူလာ နဲ့ ကိုယ့်အုပ်စုက လူ မကြည့်ရတော့ဘူး၊ ဒါကြောင့် ဝင်ပလား မေးရင် ငါတော့ မဝင်သေးဘူးချည်းထိုင် ထိုင်ဖြေမှာပဲ...” ဟု သဝန်ကြောင်နေသေးသည်။ စိပ်ပုတီးက...

“ကြည့်ပါစေကွာ... မင်းကလည်း နှမပေးရတာ ကျနေတာပဲ၊ အကတဲ တိုတောင်းလိုက်တာ... ငါတို့လည်း သူများဆီ သွားကြည့်တာပဲ...”

“ဒါ အလုပ်စခန်းကွာ... အလုပ် လုပ်နေတာ၊ နှမ ပေးတာထက် ပိုအရေးကြီးတယ်...” ချိုးပေ က ချေပသေးသည်။

“ဩော်... အလုပ်လုပ်နေတာ၊ ငါက ချိုးပေ... ဘိန်းငိုက်နေတာလား ထင်”

စိပ်ပုတီးက ပြောသဖြင့် ချိုးပေက လိုက်ရိုက်ရာ စိပ်ပုတီးက ‘ကယ်တော်မူပါ’ ဟု အော်ကာ ပြေးလေသည်။ ဆရာက လေအေးအေးနှင့် သူ့ထုံးစံအတိုင်း ‘ရန်မဖြစ်ကြနဲ့လေ’ ဟု သတိပေးပြန်သည်။ အားလုံး ရယ်ကြပြန်သည်။

ဂျူဒို က သီအိုဒိုလိုက် မှ ကြည့်ရင်း “တော်သေးတာပေါ့ကွာ... ကြယ် (၁၀) လုံး တစ်လုံး ဝင်တာ တော်ရောပေါ့...”

ချိုးပေ က ပျင်းရိပျင်းတွဲ နှင့် ဝါးခန် သမ်းပြန်ကာ...

“ခုလို အေးချမ်းတဲ့ ညအခါမှာဆိုတော့ တော်သေးတာပေါ့ကွာ...၊ Solar Shooting (နေ့ကို ကြည့်တာ) ကျမှ တို့တွေ ပင်ပန်းမှာ...” ဟု ကြို့တင်တင် ညည်းညူနေပြန်သည်။

ကြယ်ကို ကြည့်သော တစ်ညတကား ပြီးဆုံးသွားလေပြီ။ ဘာ ဆောင့်မှာလည်း မတိုင်းလိုက်ရ။ နောက်နေ့များမှ ဆက်လုပ်လိမ့်မည်။ ဝေခင်တို့လည်း အသီးသီး အထုပ်အပိုး ကိုယ်စီနှင့်အဆောင်ရှိရာသို့ လျှောက်လာခဲ့ကြသည်။ အဆောင်သို့ လမ်းလျှောက်ဆဲ ဂျူဒို က အမော တကော ပြေးလိုက်လာကာ...

“ ဝေခင်ရေ...”

ဝေခင်က ရပ်လိုက်ပြီး ခေါင်း ကို နောက်သို့ လှည့်လိုက်မိလေသည်။ ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ..." ဟု စိတ်မရှည်သလို အသံနှင့် ထူးလိုက်မိလေသည် ဂျူဒိုက...

"နင့်ဆီက ကျတာ ဖြစ်မှာပဲ၊ တို့တွေ ဘယ်သူမှ ဆွဲကြိုး ဆွဲတာ မဟုတ်ဘူး..."

"ဘာ... ဘာရယ်..."

"ရွှေဆွဲကြိုးလေ နင့်ဥစ္စာ မဟုတ်လား..."

သည်တော့ ဝေခင် က သူ့လည်ပင်းကို ကပျာကယာ စမ်းမိပြီး အထိတ်တလန့်နှင့်...

"ဟုတ်တယ်... ဟုတ်တယ်... တို့ဥစ္စာ၊ ဘယ်က ရတာလဲဟင် ဘယ်ကလဲ..."

"ဘယ်ကရမလဲ၊ စတား ရှူတင် လုပ်တဲ့နေရာကပေါ့...၊ နင့် ဆွဲကြိုး ကလည်း အလေးကြီးပါလား... တော်တော်တန်မယ်..."

ဂျူဒိုက ဝေခင့်လက်ထဲသို့ 'ကြိုး' ကို လှမ်းပေးလိုက်ရာ ဝေခင်က ထိတ်လန့်မပြေ ဝမ်းသာအံ့ဩလည်းဖြစ်ကာ ဆွဲကြိုးကို လှမ်းယူပြီး...

"ကျေးဇူးတင်လိုက်တာ ဂျူဒိုရယ်... ကျေးဇူးတင်လိုက်တာ... ဒီဆွဲ ကြိုးလေးဟာ တို့အသက်ပဲ၊ တို့မှာ ချမ်းသာသရွေ့ ဒါလေးပဲ ရှိတယ်..."

"နင်... ဒီဆွဲကြိုး ဆွဲတာလည်း... မတွေ့ပါဘူး..."

"အကျီထဲမှာ ထည့်ဆွဲတာကိုး... ဘယ်တွေ့မလဲ၊ တို့က အလှဆွဲ တာမှ မဟုတ်ဘဲ၊ ရှိ... တန်ဆာ၊ မရှိ... ဝမ်းစာတဲ့...၊ တို့အတွက်ကတော့ ဝမ်းစာပါပဲ၊ ကျောင်းသုံးအတွက် ပိုက်ဆံတွေ လိုလာရင် ဒီဆွဲကြိုးကို..."

သည်တော့ ဝေခင်က ဆက် မပြောရဲပေ။ ဒေါ်ခင်စန်းမြင့်ထံမှ ရွေးထားသော ဆွဲကြိုးမှာ အတိုးတွေပင် အတော် တက်နေပေပြီ။ ဂျူဒိုက ဝေခင်၏ နွမ်းနယ်နေသော မျက်နှာလေးကို စိုက်ငေးရင်း သက်ပြင်းချ မိလေသည်။ နှစ်ယောက် အတူတကွ လမ်းလျှောက်လာကြရင်း အတော် ကြာအောင် နှုတ်ဆိတ်လာကြလေသည်။ ဂျူဒိုက...

"ငါ ကြားပါတယ်ဟာ... နင်လည်း ကျောင်းနေဖို့ တော်တော် အားခဲနေရတယ်ဆိုတာ၊ တစ်ခါတလေ အကူအညီ လိုရင် ငါတို့ဆီက လည်း တောင်းပေါ့ဟာ..."

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်ကမူ ဂျူဒိုပြောတာကို အရေး မစိုက်မိ။ ဆွဲကြိုးလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ...

"ဂျူဒို့ ကို ကျေးဇူးတင်ဖို့ ဖြစ်ရပြန်ပြီ..."

"နင်ကလည်း ကျေးဇူးပဲ မတင်ချင့် တင်ချင်နဲ့..."

"မဟုတ်ပါဘူး... တို့က အကောင်းပြောတာပါ၊ အထ အနေ ကောက်ပါနဲ့...၊ အရင်တစ်ခါ လွတ်လပ်ရေးကွင်းထဲ တို့ကို ခွေးကိုက်မယ် လုပ်တုန်းက တစ်ကြိမ်၊ ဂျူဒို က ရိန်ဂျင်း ပိုး(လ်) (မြေတိုင်းသုံး တုတ်တံ ရှည်) နဲ့ ရိုက်ပစ်လိုက်လို့ပေါ့၊ နို့မဟုတ်ရင် တို့ ခွေးရူးပြန်ရောဂါရမှာ...၊ ခုလည်း တစ်ကြိမ်..."

"ဒါဖြင့် ကျေးဇူးဆပ်ပေါ့..."

"ဘယ်လို ကျေးဇူးဆပ်ရမလဲ..."

"ငါက အကူအညီ တောင်းတဲ့အခါကျတော့လည်း နင် မငြင်း နဲ့ပေါ့..."

"မငြင်းပါဘူး...၊ တို့ ဒီလို ကျေးဇူးကန်းတဲ့အစား မဟုတ်ပါဘူး..."

"နေပါဦး... ငါမေးစရာ တစ်ခုတော့ ရှိတယ်..."

"မေး..."

"ငါနဲ့ ရန်နိုင် ကို နင် ဘယ်သူ့ ပိုခင်သလဲ..."

"တစ်မျိုးစီပေါ့..."

"ဘယ်လို တစ်မျိုးစီလဲ..."

"ကိုရန်နိုင်ကတော့ တို့အစ်ကိုပေါ့ဟယ်...၊ ဂျူဒိုကတော့ တို့ရဲ့..."

"တို့ရဲ့ ဘာဖြစ်သလဲ..."

"တို့ရန်သူ..."

ဝေခင် က ဖြေရင်း သူ့ဘာသာသူ သဘောကျသလို ရယ်မောနေသည်။ ဂျူဒို က ဝေခင်အား လက်ဝါးစောင်းနှင့် ရိုက်မလို ရွယ်လိုက်ရင်း-

"ကောင်းကောင်း ဖြေ..."

ဝေခင်က ရှောင်သလို သူ့ကိုယ်လေးကို ယိမ်းလိုက်ရင်း ရယ် ကျက်...

"ယောင်လို့... ယောင်လို့... ဂျူဒိုက တို့သူငယ်ချင်းပါ..."

www.burmeseclassic.com

www.burmeseclassic.com



ဂျူဒို က တစ်စုံတစ်ခုကို လေးနက်စွာ တွေးလာပြီးနောက်...

"အစ်ကိုနဲ့ သူငယ်ချင်း ဘယ်သူက ပိုရင်းနှီးတယ် ထင်သလဲ"

"မသိ..."

အစ်ကိုက သွေးသား အရင်း၊ သူငယ်ချင်းက သူစိမ်း၊ ကွာခြားချက် ရှိတာပေါ့နော်...၊ ဒီတော့ ရန်နိုင် ကို ငါ့ထက် စာရင် ပိုရင်းတာပေါ့..."

"ထင်ချင်သလို ထင်နိုင်ပါတယ်..."

ဝေခင် က နောက်တောက်တောက် ပြောမိသေးသည်။

"ဟို ဝတ္ထုထဲက မုဆိုးကြီးကတော့... ငါဟာ သင်ရဲ့မိတ်ဆွေပါ... ဆိုတဲ့ လူကို... သားကောင်ရဲ့ အသည်းနှလုံးတွေ ပေးလိုက်တာပဲ... တဲ့၊ နင်ကော ဒီလိုသဘောထားရင် ကောင်းသားပဲ..."

သည်တော့ ဝေခင်က ဘာ့ကြောင့်မှန်းမသိ၊ ရှင်လန်းပေါ့ပါးစွာ ပင် ရယ်မောမိလေသည်။ ဂျူဒိုကမူ အတွေးနှင့် ငေးလာမိလေသည်။

"ဝေခင်က ရယ်ရင်ပိုလှတယ်၊ ကြည့်... မျက်လုံးလေးတွေက လည်း သိပ်လှတာပဲ...၊ ကြယ်ပွင့်တွေနဲ့ပြိုင်ပြီး 'လက်' နေတာပဲ၊ ကြယ်ပွင့် တွေနဲ့ မတူတာ တစ်ခုပဲ၊ ကြယ်ပွင့်က မျက်ရည်မထွက်ဘူး...၊ ဝေခင့် မျက်လုံးလေးတွေက တစ်ခါတစ်ခါ မျက်ရည်ကျတယ်၊ အဲလို မျက်ရည် မကျအောင် ငါ လုပ်ပေးချင်ပါတယ်။ ဝေခင့်ကို မငိုစေချင်ပါဘူး၊ ဒီလိုပဲ အမြဲရယ်နေအောင်... တတ်နိုင်ရင် သိပ်ကောင်းမယ်..."

ဂျူဒို က သို့... တွေးဆဲ၊ တွေးနေငေးနေဆဲ၊ ငိုင်နေဆဲ၊ လူသံတွေ ရုတ်ရုတ်ရက်ရက် နှင့် ဆူညံလာပြန်သည်။ အမှောင်လမ်းတစ်လျှောက် တွင် တလက်လက် မှိန်ချေ လင်းချေနှင့် လက်နှိပ်ဓာတ်မီး အလင်းရောင် က ဖျတ်ခနဲ ဖျတ်ခနဲ လမ်းပြ နေသည်။ စိတ်ကူးယဉ်လောကမှ ရုတ် တရက် ချက်ချင်း တစ်ရေးနိုးလာသော် ဆရာတွေကျောင်းသား ကျောင်းသူတွေ ပင်ပန်းသော အရိပ်နိမိတ်နှင့် သက်ပြင်းရှုကာ သမ်းဝေ နေကြသည်။ မကြာမီပင် စိတ်ကူးယဉ်လောက နှင့်ကင်းကွာသော အိပ်မက်အလှကို မက်ခွင့်မကြုံသော ကုလားသေ ကုလားမော အိပ် နည်းမျိုးနှင့် အိပ်မောကျကြတော့မည်ဖြစ်လေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

[၂၈]

မေမြို့ရောက်မှ မထင်မှတ်တာတွေ မကြာခဏ ဖြစ်ရသည်။

ဝေခင် ၏ နေ့စဉ် မှတ်တမ်း စာအုပ်တွင် ခဲတံနီ အမှတ်အသား တွေ လုပ်သွားရလေသည်။ သည်နေ့ကား အမှတ်ထင်ထင်နေ့... ထိုနေ့ အရေးကြီးသည်... အနီနေ့... မမေ့နိုင်တဲ့နေ့... စသည် စသည်များ။

ထိုနေ့ တစ်နေ့က ဈေးကို ဖြတ် တိုင်းရာ ဈေးဆိုင်တိုင်း၊ အိမ်တိုင်း မှ လူတွေက ဝေခင်တို့ အုပ်စုတွေကို အထူးတဆန်း ကြည့်နေကြသည်။ အိမ်တစ်အိမ်ရှေ့ရောက်လျှင် နှစ်ကြီးသမားတွေ ပြောကြားထားချက်အရ ဆံပင် ဖားလျားချလျက် အသားအရေ စိုစိုပြည်ပြည်၊ရုပ်ရည်ချောမောကာ ကိုယ်လုံးတောင့်တောင့် နှင့် အသက် ၂၅ နှစ်သာသာခန့် မိန်းမပျို...၊ လမ်းဘေးတွင် ရပ်နေရာသို့ ငေးမောကြည့်ကြပြီး ချီးပေက စတင်၍...

"ဟော့... အဲ့ဒါ သိဂီ ထင်တယ်..." ဟု ဂျူဒို့ ကို လက်တို့လိုက် လေသည်။ ဂျူဒိုက လည်ပြန်အောင် ငေးကြည့်မိရာ သိဂီ က မျက်နှာ ထား ချိုချိုပြုံးလျက် ဂျူဒိုအား...

"မောင်လေးတို့ လာရပြန်ပြီလား..."

"ဟုတ်ကဲ့..." ဟု ဂျူဒို က အယောင်ယောင် အမှားမှား ဖြေသည်။

ဘဲဥ က သူ့ခေါင်းကို လက်ညှိုးထိုးပြပြီး လက်ဝါးကို ယမ်းခါပြ နေသည်။ ဦးနှောက် မကောင်းဘူးဟူသော အဓိပ္ပာယ်ပင်တည်း။ ချီးပေ က စုတ်သပ်ဆဲ စိပ်ပုတီးက...

"ဟော့... လှတယ်နော်... သနားစရာ..."

"သနားရင် ကယ်လိုက်ပေါ့..." ဘဲဥ က ပြောသည်... ချီးပေက

www.burmeseclassic.com

www.burmeseclassic.com



"သိင်္ဂီ-သိင်္ဂီ-မောင်ရဲ့သိင်္ဂီ" ဟု ညည်းနေသည်။

သိင်္ဂီ ဆိုသူလေးကတော့ ဂျူဒို့ နောက်သို့ လမ်းဘေးမှနေလိုက် လာပြီး...

"မောင်လေး... မောင်လေး နာမည် ဘယ်သူလဲဟင်..."

တတမ်းတမ်း မေးနေသည်။

ချိုးပေ က ရယ်လျက်...

"ဂျူဒိုတော့ ဆာနေတုန်း ချေးတွင်းထဲ ကျပြီ..." ဟု ချိုးချိုးနှိမ် နောက်ပြောင်လိုက်နေသည်။

ထို့နောက် သိင်္ဂီ က သီအိုဒိုလိုက် ကို တပိုက်ပိုက် ကိုင်လာသော စိပ်ပုတီးအား...

"ဟဲ့... ဟိုကောင်လေးကလည်း သူတောင်းစားလိုပဲ..." ဟု လက်ခုပ်လက်ဝါးတီးကာ ရယ်နေသည်။ အားလုံး တသောသော ရယ် မောကြရသည်။ ရယ်မောသံတွေကြားထဲတွင် ဝေခင်၏ ရယ်သံလေးသည် စူးရှရှနှင့် ဆွဲလွဲသံပမာ သံရှိန်မပြတ် ကျန်ရစ်လေသည်။

သိင်္ဂီ က ဝေခင် အား စူးစူးစိုက်စိုက်ကြည့်ကာ ခါးထောက်လျက် မျက်နှာထားတင်းတင်းနှင့် နှုတ်ခမ်းစူပြီး...

"ဟဲ့ - ကောင်မ၊ လင်ခိုးမ၊ ဖာသယ်..." ဟု ပက်ပက်စက်စက် ပြောရင်း မျက်စောင်း ထိုးလိုက်လေသည်။

ဝေခင်က ရယ်နေရာမှ ရုတ်ခြည်း အရယ် ရပ်ကာ၊ မျက်နှာညို လျက် မျက်နှာထား အပျက်ပျက် နှင့် ဖြစ်သွားလေသည်။ လူတွေရှေ့ အပြောခံရသဖြင့် ရှက်ရှက်နှင့် မျက်နှာလေးမှာ နီရဲသွားလေသည်။ ချိုး က ဝေခင့် အနီးသို့ ခပ်သွက်သွက်လျှောက်လာကာ...

"စိတ်မကောင်း မဖြစ်ပါနဲ့ဟာ... သူက စိတ်မနှံ့တော့ တောင်ရောက် တောင်ပြော ပြောတာပေါ့..." ဟု တီးတိုး နှစ်သိမ့်လိုက်လေသည်။

"တို့ နားလည်ပါတယ် ဟယ်..." ဟု ဝေခင် က ခေါင်းညိတ်ရင်း ပြောရင်း မျက်ရည်များ လည်လာလေသည်။

သိင်္ဂီကတော့ မိန်းကလေးများကို လက်ညှိုး တထိုးထိုး နှင့် ရန်တွေ့ ရင်း တံထွေးထွေးနေသည်။ သိင်္ဂီအဖော်နှင့်တူသူမိန်းမကြီးတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ချော့မော့ ခေါ်တော့မှ ပါသွားလေသည်။ ချီးပေကတော့ သီအိုဒိုလိုက်ထဲမှ သိဂ်ီ ကို ချောင်းကြည့်ရင်း 'မောင့်နှမသိဂ်ီ' ဟု တ တနေသည်။

မန္တလေး-လာရှိုးလမ်း အတိုင်းလာရာ နာရီစင်နားတွင် ခေတ္တနားထိုက်ပြီး မုန့်ဆိုင်သို့ ဝင်ကြ၍ ဂျူဒို က အားလုံး ကို နွားနို့ နှင့် နံပြားဘယ်ကျွေးတော့ ဝေခင် က မစားနိုင်တော့ပေ။ မောလွန်းလို့လည်း ဖြစ်သည်။

တစ်နေ့လုံး တိုင်းရင်း တွက်ရင်း အဖြေ မကိုက်ရသည့်ကြားထဲ အဝေရာ နှင့် ချီးပေတို့ ပျောက်ပျောက်သွားလေသည်။ ဘယ် လစ်ကြသည် မသိ၊ စောစောကပင် ချီးပေက...

"ဒီနေ့ လုပ်ရေးကိုင်ရေး အဆင်မပြေဘူး၊ သိပ် ပင်ပန်းတယ်၊ အမောပြေ ရေတောင် မသောက်ခဲ့ရဘူး..." ဟု လေသံ ပစ်နေသည်။ ဝေခင်က သဘောရိုးနှင့်...

"ရေပဲ ဘယ်အိမ် ဝင် တောင်းသောက်သောက် ရတာပေါ့..." ဟု ပြောမိသေးသည်။

"ဟ... အဲ့ဒီရေ က ဘာလုပ်ဖို့လဲ..."

အဝေရာ က စပ်ဖြဲဖြဲနှင့် ပြောနေသည်။ ဒီတော့မှ ဝေခင်က ရိပ်မိသည်။ ဝေခင်တို့ မမြို့မလာခင် ပဉ္စမနှစ်က အစ်မတို့က ပြောပြ၍ ကျောင်းသားတွေ မမြို့ရောက်လျှင် အရက် သောက်တတ်သည်။ အေးသည်က တစ်ကြောင်း၊ လုပ်ကိုင်ရတာ ပင်ပန်းသည်က တစ်ကြောင်း၊ ကျောင်းသားတွေ သောက်သည်ကို ဆရာတွေက ခွင့်လွှတ်ကာ မသိကျိုးကျွန် ပြုသည်ဟု သိရသည်။

စခန်းရောက်ပြီး ကျောင်းပိတ်ရက်တွေတွင် သောက်သော်လည်း ရမ်းကားမှုတော့ မရှိပါ။ သို့သော် အရက်သောက်တာကို ဝေခင် မကြိုက်။

"အရက်သောက်တာ ဘယ်ကောင်းမလဲ..." ဟု ပြောမိသေးသည်။ ချီးပေက ဝေခင့်အား...

"နင်... မြင်းလှည်းနဲ့ ပြန်ပါလား...၊ ဒို့နေခဲ့ဦးမယ်..." ဟု ချော့လွှတ်နေသည်။

"ဟင့် အင်း... မပြန်ဘူးဟာ... တို့ မပြန်တတ်ဘူး၊ ပြီးတော့ တစ်ယောက်တည်းလည်း မပြန်ရဲပါဘူး..."

www.burmeseclassic.com

www.burmeseclassic.com


"ဝေခင်ကလည်း လိမ္မာသားနဲ့..."

"မလိမ္မာဘူး - မလိမ္မာဘူး၊ မြှောက်မနေနဲ့...၊ ခင်ဗျားတို့ နေ[illegible] ချင်ရင် ဂျူဒို နဲ့ စိပ်ပုတီး... တို့ကို လိုက်ပို့..."

"ဂျူဒို... လိုက်ပို့လိုက်ကွာ... ငါ နေရစ်မယ်..."

စိပ်ပုတီးက ဂျူဒို အား လှမ်း ပြောလိုက်လေသည်။ ဂျူဒို့လက်[illegible] ချီးပေက အတင်းဆွဲထားလေရာ ဂျူဒိုက ဖြန်းခနဲ ဆောင့်ရုန်းလိုက်[illegible] 'ဝေခင်ကို ငါ လိုက်ပို့ပေးမယ် ဟေ့...' ဟု ပြောကာ မြင်းလှည်း ခေါ်[illegible] ဝေခင်နှင့်အတူ စီးပြီး လိုက်ပို့လေသည်။

အဆောင်သို့ လာရာလမ်းတွင် စစ်လော်ရီကြီး တစ်စင်းနှင့် [illegible] စားကြီး ဆုံမိကြရင်း ကားထဲအစ်ကိုတင့်ဇော် ပါလာသည်ကို တိုက်ဆိုင်[illegible] တွေ့လေသည်။ အစ်ကိုဖြစ်သူကမူ နှမငယ်ကို ယောကျ်ားပျိုတစ်ဦး[illegible] မြင်းလှည်းပေါ် မြင်တွေ့လိုက်ရကတည်းက မျက်နှာ မကောင်း၊ စစ်[illegible] ပေါ်မှ ဆင်းလာပြီး...

"ငါ... မေမြို့ရောက်နေတယ်... ဟိုတစ်နေ့ကပဲ..."

ပြောပြီး ဂျူဒို့ကို အကဲခတ်သလို လှမ်းကြည့်ရင်း မျက်နှာ[illegible] တင်းတင်းပင်...

"ခင်ဗျားကို ကျုပ် တွေ့ဖူးသလိုပဲ မှတ်နေတာ၊ ခင်ဗျား ကိုရန်[illegible] မဟုတ်လား..."

လေသံကလည်း မာသည်။ ဂျူဒို က အံ့ဩသလို ကြောင်နေရာ[illegible]

"ကျွန်တော် ရန်ပိုင် ပါ၊ ရန်နိုင်နဲ့ညီ..."

"ဪ... ခင်ဗျားတို့ အမြွှာညီအစ်ကိုပဲ၊ ကိုရန်နိုင် ပြောဖူးတယ်..."

"ဟုတ်ပါတယ်..."

"ဒါ... ခု ဘယ်သွားမလို့လဲ..."

"ဈေးကို မြေတိုင်းသွားပြီး အဆောင်ပြန်လာတာပါ ကိုလေး..."

"ညည်းကို မေးတာ မဟုတ်ဘူး..."

တင့်ဇော် က အော်လိုက်လေသည်။ ဂျူဒို က အေးအေး[illegible] ပင် ပြန်လာသော အကြောင်းကို ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်တို့အုပ်ထဲမှာ ဝေခင်တစ်ယောက်တည်း မိန်းကလေးပါတော့ ကျွန်တော့်မိတ်ဆွေ ဟိုလူတွေက ရုပ်ရှင်ကြည့်မလို့တဲ့...၊ ဝေခင်တစ်ယောက်တည်း ပြန်လွှတ်တယ်၊ ဝေခင်က တစ်ယောက်တည်း မပြန်ရဲဘူးဆိုလို့ ကျွန်တော် လိုက်ပို့ရတာပါ...”

ဂျူဒို က ပြေပြေလည်လည် ရှင်းပြနေသည်။ သူ့မိတ်ဆွေများ ‘အရက် သောက်ကြမည်’ ဆိုရမည့်အစား ‘ရုပ်ရှင်ကြည့်’ မည်ဟု အဆင်ပြေသလို ပြောလိုက်ရလေသည်။ တင့်ဇော်က နှုတ်ခမ်းထောင့်စွန်းကွေးရယ်ဆိုရုံပဲ ပြုံးလျက်...

“ကျုပ်က ဘယ်သူ့စကားမှတော့ အလွယ်တကူ မယုံတတ်ဘူး၊ ဒါပေသည့် ခင်ဗျားတို့ ညီအစ်ကို ကြည့်ရတာ ဟော့ရမ်းခဲ့တဲ့အသွင်မရှိဘူး၊ ဒီတော့ ကျုပ် ယုံလိုက်မယ်...၊ ကျုပ်နှမကို ခင်ဗျားနှမလိုပဲစောင့်ရှောက်ပါ၊ ဒါပဲ...”

တုံးတိစကားနှင့် ခပ်ပြတ်ပြတ်ပြောရင်း ထွက်ခွာသွားလေသည်။ ဝေခင်အား နှုတ်ဆက်မသွား၊ ကားထွက်သွား၍ ဝေခင်က လက်ပြ နှုတ်ဆက်လိုက်သည့်အခါလည်း တင့်ဇော် က လှည့် မကြည့်တော့၊ မျက်နှာထားတင်းတင်း နှင့် ကားရှေ့ဘက်သို့ လှည့်နေသည်။ ဝေခင် က ဝမ်းနည်း ပန်းနည်းနှင့်...

“ဒီနေ့ကို တို့ ကံဆိုးပါတယ်...” ဟု ပြောရင်း ဆိုရင်း မျက်ရည်များဝဲလာလေသည်။

ဂျူဒို က သူ့ရှပ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ကာ ဝေခင့်အား ကမ်းပေးလိုက်လေသည်။ ဝေခင်က ဂျူဒိုပေးသော လက်ကိုင်ပဝါကို လှမ်းယူပြီး မျက်လုံးထောင့်ကိုသာ အသာတို့ရင်း...

“ဒီနေ့ ပြဿဒါးမလွတ်ဘူး၊ မနက်က အရူးမက ဆဲတယ်...၊ ခုကိုလေး က အထင် လွဲတယ်၊ အပြစ် မလုပ်ဘဲ အပြစ်လို့ အထင်ခံရတာအဆိုးဆုံးပဲ...”

ပြောရင်း ရယ်ကာ၊ ရယ်ရင်း မျက်ရည်များ အန်ကျလာသဖြင့် ဂျူဒို ပေးထားသော လက်ကိုင်ပဝါနှင့် သုတ်ရပြန်သည်။ ဂျူဒိုက စိတ်မကောင်းဖြစ်ရုံမှအပ ဘာမှ မတတ်နိုင်ပေ။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၂၉]

"ကိုလေးနှမ ဒီလောက် မိုက်မယ်ထင်သလား...၊ အလုပ်လုပ်တဲ့ အချိန်မှာ ဒါတွေ စိတ်ကူးဖို့ အဝေးကြီး၊ အမေ့ကို လုပ်ကျွေးရဦးမှာ..." ဟု ဝေခင် က စိတ်ထဲ မကြာခဏ တွေးလေ့ရှိပြီး ကိုလေး သံသယရှင်းစေရန် ဘယ်လို လုပ်ရမည် ကြံစည်နေဆဲ မေမြို့စခန်းထွက်ချိန်က ကုန်ဆုံးလုလု ဖြစ်လာခဲ့လေသည်။

တကယ်တော့ အစ်ကိုပြောသလိုပင်၊ စစ်သားတို့ နေရာ အတည်အကျ မရှိ။ အကိုတင့်ဇော်အကြောင်း မေမြို့စစ်တပ်ကို စုံစမ်းတော့ မရှိတော့။ ရှမ်းပြည်မြောက်ပိုင်းသို့ ပြန်တက်သွားပြီဟု သိရလေသည်။ မေမြို့သို့ ဘာကိစ္စနှင့် လာသည် မသိ၊ ဘာဆို ဘာမှ မသိ။

မှတ်မှတ်ရရ ဧပြီလ ၂၈ ရက်နေ့ တစ်နေ့လုံး ကုန်ဆုံးပြီးနောက် ကိုယ့်အရပ်ဌာနေသို့ပြန်ရန် ပစ္စည်းများပင် သိမ်းတန်သလောက် သိမ်းပြီးနေပေပြီ။

၂၈ ရက်နေ့ ညနေစောင်းလာသည်နှင့် နှုတ်ဆက်ပွဲ အနေနှင့် စခန်းမီးပုံပွဲ (Camp fire) အတွက် ပြင်ကြတော့သည်။

ရေချိုးပြီး ဝတ်စားသူ ဝတ်စားကြ၊ ဆံထုံး ထုံးသူ ထုံးကြ၊ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ဆင်ကြပြီး၊ အတော် မှောင်မှ အောက်ကို ဆင်းကြသည်။ အောက်သို့ မဆင်းလို့လည်း မရ၊ ဂျူဒိုတို့ လူသိုက်က တစ်ချိန်လုံး အပေါ်အဆောင်သို့ ခဲသေးသေး နှင့် လှမ်းထုကာ ခေါ်နေသည်။ 'တို့ လာပါပြီဟ...' ဟု ကြိုင်ကြိုင် က စိတ်မရှည်သံနှင့် ပြန်အော်ဟိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ပျိုးသည်နှင့် ဘောလုံးကွင်း အလယ်တွင် ထင်းစည်းတွေ ရောက်နေပါပြီ။ မီးမွှေးပြီး မီးနည်းနည်း စွဲလာတော့မှ ဝေခင် တို့ မိန်း ကလေးအုပ် သွားကြသည်။ မီးပုံမြောက်ဘက်တွင် မိန်းကလေးတွေ စုထိုင် နေကြသည်။

မီးတောက်အရှိန်က တစ်စ,တစ်စ ပြင်းလာလေသည်။ မီးဝါ ရောင်သည် ပတ်ဝန်းကျင်တွင် ဖြာ၍လင်းကာ မျက်နှာများကို မီးအရှိန် ထိုးလျက် မီးအရောင်နှင့်ဝင်းနေသည်။

ဟိုလူ, သည်လူ စောင့်ပြီး လူစုံချိန်လောက်တွင် စခန်း မီးပုံပွဲ စ တော့သည်။ သည်ပွဲကတော့ ဆရာတပည့် အားလုံး စည်းစည်းရုံးရုံး စုံစုံလင်လင် တက်မြိုပင်။ အဝေရာက အစီအစဉ်များကို ကြေညာသည်။

ပွဲဦးထွက် အပွင့်အနေနှင့် ဂျူဒို က ဂီတာ တီးလျက် စိပ်ပုတီးက ဦးဆောင်ကာ ကျောင်းသား လေးငါးယောက် က 'မြကျွန်းညို တက္ကသိုလ်' သီချင်းကို ဝိုင်းဖွဲ့သီဆိုကြသည်။ တိုက်ထားလို့လား မသိ၊ သီချင်းနှင့် တီးလုံး အံကိုက်၊ ဆိုတဲ့လူတွေကလည်း ညီသည်။

သည့်နောက် အဝေရာ နှင့် ကိုပြံတို့ အုပ်စုတစ်စု ဖွဲ့လျက် သံချပ် သဘောမျိုး အတိုင်အဖောက် လုပ်ကြသည်။

အပြစ်ရှိတဲ့သူတွေ တုတ်နှင့် ဆုံးမ, မည်။ 'တုတ်ကောက်ခဲ့— တုတ်ကောက်ခဲ့' ဟု ညာသံပေး ဆိုကြသည်။ အဝေရာ တို့ ဝမ်းထဲ အဝါရည် ဝင်နေသဖြင့် တုတ်ကောက်ခဲ့ဆိုကာ အစုံ မေတ္တာပို့ကြသည်။

ကျောင်းသားတွေထဲက ဖရီးရိုက်သူ၊ မိန်းကလေးတွေကို အကျ အညီ လွန်သူ၊ ဂျစ်ကန်သူတွေကိုလည်း တုတ်ကောက်ခိုင်းသည်။

အချင်းချင်းတွေ ဂျစ်ကန်ကြတော့
တုတ်ကောက်ခဲ့ - တုတ်ကောက်ခဲ့၊
ကောင်မလေးကို ချစ်ဟန်ပြတော့
တုတ်ကောက်ခဲ့ - တုတ်ကောက်ခဲ့၊
ထမင်းစားဆောင် ဦးလေးကြီးရေ
တုတ်ကောက်ခဲ့ - တုတ်ကောက်ခဲ့၊
ကျောင်းသူတွေကို အသားပို၊ ကျွန်တော်တို့တွေ

www.burmeseclassic.com

www.burmeseclassic.com



အရိုးမျိုးရ၊

တုတ်ကောက်ခဲ့ - တုတ်ကောက်ခဲ့၊

အဝေရာက တိုင် ပေးကာ ကျန်လူတွေက တုတ်ကောက်ခဲ့အော်ရသည်။ ဘယ်သူ့ကိုမှ အလွတ်မပေး၊ တုတ်ကောက်ခဲ့ခိုင်းတော့သည်။ ဆရာတွေကျတော့ တစ်မျိုးခန့် သည်။

နေ့မအိပ်၊ ညမအိပ်၊ ခိုင်းတဲ့ဆရာတွေ

ပူဇော်ပါရဲ့၊ ပူဇော်ပါရဲ့

အသားလေးညိုသွားပြီ ဆရာရေ...

ပူဇော်ပါရဲ့၊ ပူဇော်ပါရဲ့

ထို့နောက် ဆိုခန်း-တီးခန်းတွေ အလှည့်နှင့် အသုံးတော်ခံသည်။ အဝေရာက ကျောင်းသွားဖော်ဆိုရင်း ကွေးနေအောင် ကပြသည်။ ကိုပြံက 'တစ်ပင်တိုင် မင်းသားကြီး' ဆိုရင်း ကိုယ်ကလည်း ယိမ်းထိုးကာ နှုတ်လျှာ လေးချင်လာပေပြီ။ စိပ်ပုတီးက ပုဆိုးကို ထဘီကဲ့သို့ပတ် ဝတ်ကာ မခို့တရို့ အမူအရာလေးနှင့် မေးကို လက်ညှိုး နှင့် ထောက်ပြီး 'သူ့ကို ကြည့်ရင်း မခုပ်တတ်တဲ့ကြောင်' ဟု အသံသေး အသံကြောင်နှင့် ဆိုနေရာ တအုန်းအုန်း ပွဲကျကြပြန်သည်။

ချီးပေ နှင့် ဘဲဥ က တစ်စခန်းထ သည်။ မြိုင်ထ၊ နှစ်ပါးသွားတဲ့ ဘဲဥက မင်းသမီးအဖြစ် က သည်။ အမူတွေ အခရာတွေ ခြေဆောင့်တာတွေ၊ နှုတ်ခမ်းစူတာတွေ... စုံလို့ပင်။ ချီးပေကလည်း သူ့အရပ်ရှည်ကြီး ဝလန်ဂလားနှင့် က သည်။ နှစ်ယောက်သား က, ကြိုး အဆုံးတွင် ချီးပေ ဒူးပေါ် ဘဲဥက သူ့ကိုယ်ကို ပစ်လှဲ တင်လိုက်ပြီး ချီးပေက ဘဲဥကို အဟုတ်တကယ် နမ်းလိုက်သဖြင့် အားလုံးလက်ခုပ်လက်ဝါးတီးကြသည်။

ဂျူဒို က ခင်မောင်ချစ် ကို ဂီတာ တီးခိုင်းကာ 'နံ့သာယပ်တောင် မောင့်လက်ဆောင်' သီချင်းကို ကျကျနန သီဆိုလေသည်။ ဂျူဒို့မျက်နှာမှာ နီရဲလျက် မျက်လုံးများ မှေးကာ နှုတ်ခမ်းများလည်း တွဲချင်နေပေပြီ။ မူးနေသော်လည်း ဟန် မပျက်လှ၊ မျက်နှာထားက သူ့ထုံးစံအတိုင်း ချိုပြုံးလျက် စည်းဝါး နှင့် အံကျ ဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ဖို့လဲ..." ဟု ထောင့်တစ်ထောင့်မှ ကျောင်းသားတစ်စုက အော်သည်။ "သူ့ဖို့လေ...၊ သူ့ဖို့..." ဟု ကျန် တစ်စုက ဖြေသည်။ ဂီတာ အတော တီးလုံး တီးဆဲတွင် ချိုးပေ က...

"ငါကတော့ အမှိုက်ငေါ် လက်ဆောင် ပေးမယ်ဟေ့" ဟု အော်နေ သည်။

"အမှိုက်ငေါ် ဘာလုပ်ဖို့လဲ..." ဟု တစ်ယောက် က မေးသည်။ ချိုးပေ က...

"သုံး မရတဲ့ ဟာတွေကို ကျုံးပြီး အမှိုက်ပုံးထဲ ပစ်ထည့်မလို့"

အားလုံး တသောသော ရယ်မောကြသည်။ နံ့သာယပ်တောင် သီချင်းအပြီး ဝူးဝါးဝူးဝါး နှင့် ဆူညံလာကြပြန်သည်။ ထောင့်တစ်ခုမှ တစ်ယောက်က...

"မီးတွေ အားနည်းနေပြီ...၊ မီး လာ ထိုးကြပါဗျို့..." လှမ်းအော် လေသည်။

"အမျိုးသမီးတွေ...၊ အမျိုးသမီးတွေ..."

ပွဲတောင်းသူက ပွဲတောင်းကြသည်။ ဆရာတွေရော၊ ကျောင်းသား တွေရော ကြိုင်ကြိုင် နှင့် မေအောင် တို့ အမည်ကို ထုတ်ဖော်ကာ ခိုင်း နေသဖြင့် မတတ်သာတော့ဘဲ နှစ်ယောက်သား 'လက်ပံပွင့် ကောက် အရောက်လာမယ်' ကို ဆိုကြသည်။ တစ်ယောက်တစ်ပေါက် အသံမညီ သဖြင့် ရယ်ရသေးသည်။

"ဝေခင် ဆိုပါဗျို့" ဟု ပွဲတောင်းပြန်တော့ ဝေခင် က တုတ်တုတ် မှ မလှုပ်။ ထိုင်နေရာမှ မရွေ့။

"ခုချိန်မှစပြီး မဝေခင် သီချင်းဆိုပါလိမ့်မယ်..." ဟု ဂျူဒို က ကြေညာလိုက်သည်နှင့် အားလုံး လက်ခုပ်လက်ဝါး တီးကြသည်။ ဝေခင် မငြင်းသာတော့။ ကြောင်တက်တက်နှင့် ထရကာ... "ဘုတ်တလုတ်တန်" သီချင်းကို သီဆိုလေသည်။ ဂျူဒို က ဝေခင့် ရှေ့တည့်တည့်မှ ထိုင်ကာ ဂီတာ နှင့် ဘေ့(စ်) လိုက်ရင်း ဝေခင့် အား ငေးကြည့်နေသည်။ ဝေခင်က သီချင်းကို တစ်ပိုင်းတစ်စတွင်ပင် ရပ်ကာ... 'တော်ပြီ...၊ ဒါပဲရတယ်' ဟု ဆိုပြီး သူ့နေရာသူ ပြန်ထိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

"ဆရာတို့အလှည့်ဗျို့... ဆရာတွေ... ဆရာတွေ..."

"ဆရာတွေ...၊ ကျောင်းသား ဆန္ဒ လိုက်လျှောပါ..."

သို့ တစ်ယောက် တစ်ပေါက် ဝိုင်းဝန်းတိုက်တွန်းကြဆဲ... ချိုးပေ နှင့် အဝေရာ တို့က ဆရာ ဦးမြတ်ဆွေ ကို အတင်း ဆွဲခေါ်လာကြသည်။ ဆရာက ပြုံးပြုံးရယ်ရယ်ပင်...

"ဟာ... ဆိုပြရမှာပေါ့...၊ ဒါလောက်ပွဲတောင်းဖို့ မလိုပါဘူး...၊ ဆရာ ဆိုပြပါ့မယ်..." ဟု လိုက်လိုက်လျောလျော ပြောပြီးနောက်...

"ခဏလေး...၊ ဆရာချမ်း လို့ ကုတ်အင်္ကျီ သွားဝတ်ဦးမယ်" ဆိုကာ မလိမ့်တပတ် နှင့် လစ်ပြေးလေသည်။

ထိုအခိုက်ဆရာတွေလည်း တစ်ယောက်ပြီးတစ်ယောက် မှောင်ထဲ ပျောက်ပျောက်သွားတော့သည်။ ဘဲဥက...

"ဆရာတွေ ပြေးကုန်ပြီ...၊ မရှိတော့ဘူးဟေ့..." ဟု အော်လိုက် လေသည်။

"ဆရာတွေ မရှိလည်း တို့အလှည့်ပေါ့...၊ သူ့အလှည့် ခတ်ပြား ခန်းမှာ အဆိုကျော် ကိုချိုးပေက 'သချိုင်းမျက်စောင်းထိုး' သီချင်းနဲ့ ကာလနာ တိုက်ပါလိမ့်မယ် ခင်ဗျား..."

အဝေရာက ကြေညာလိုက်ရာ တသောသော ရယ်ကြပြန်သည်။ သည်တော့ စိပ်ပုတီးက...

"ခဲပေးပါ...၊ တိုက်ဆောက်မယ် သီချင်းပါကွ..." ဟု ဝင်ပြောဆဲ... ဘဲဥ က ကိုပြံ ကို အတင်း တွန်းတုတ်ကာ...

"မြန်မာ့အသံ၊ အသံတွေ စိစစ်ပြီးမှ ကာလနာ တိုက်တဲ့ အသံကြီး နဲ့ ကိုပြံ က ဆိုပြပါလိမ့်မယ်..."

ကိုပြံ က ဘဲဥ၏ ခေါင်းကို ပုတ်လိုက်ပြီး ဘဲဥ၏လည်ကုတ်ကို လှမ်းကိုင်ဆွဲကုတ်လာကာ...

"ဇာတ်လမ်းစိစစ်ပြီး... ရုပ်ရှင်ရိုက်ခွင့်ရတဲ့ ကာလနာတိုက် ရုပ်ရှင် ဇာတ်လမ်းတစ်ခုက ဇာတ်လိုက် ကိုဘဲဥခင်ဗျား...၊ အကပွဲအမီအိုက်တင် နဲ့ အစွမ်းကုန် ကြိုးစားပါလိမ့်မယ်..."

www.burmeseclassic.com

www.burmeseclassic.com



မီးပုံရှေ့မှာ ကိုးရိုးကားရားတွေ က ကြ ခုန်ကြ ပြန်လေသည်။ ဒီအရွယ်တွေဆိုတော့ အပူအပင် သိပ်မရှိလှ၊ ပြင်ဦးလွင် မြေတိုင်းစခန်း နောက်ဆုံးနှုတ်ဆက်ပွဲပေပဲ။ အစွမ်းကုန် ကြကြတော့သည်။ သို့ပေမဲ့ လည်း ညီအစ်ကိုမောင်နှမတွေပမာ တရင်းတနှီး နေလာကြပြီးမှ တစ် ယောက် နှင့် တစ်ယောက် ခွဲခွာကြရမည်ဆိုတော့ဘယ်သူမှစိတ် မကောင်းနိုင်ကြ။

ထင်းထည့်လို့ မလောက်နိုင်၊ မီးတွေလည်း အတော်ကုန်ခဲ့ပေပြီ။ တစ်စ, တစ်စ မီးသေလုလုဖြစ်လာသည်။ ဝေခင် က အိပ်ချင်စိတ်နှင့် မျက်စိမှေးလာတော့မှ နာရီကြည့်လိုက်ရာ ည သန်းခေါင် ရှိလုပေပြီ။ မိန်းကလေးတွေလည်း အဆောင်ပေါ်သို့ တက်ရန် အသီးသီးထ, ပြန်ကြ လေသည်။

ဝေခင်နှင့် ကြိုင်ကြိုင်တို့ နောက်သို့ ဂျူဒိုက အပြေးအလွှားလိုက် ခဲ့သည်။ သည်တော့ ဝေခင် က ရိပ်မိ သိရှိပြီး ဂျူဒို့ အမူအရာပျက်နေ သည်မှာ ယခုမှမဟုတ်။ ဂျူဒို ကို ဝေခင် သွားလေရာတွင် ဆုံရတတ်သော ကြောင့် ကြိုင်ကြိုင် နှင့် မေအောင် ကပင် 'ဂျူဒို ရောဂါသဲနေပြီ ဆေးကြမ်းတိုက်ဦး' ဟု နောက်တတ် ပြောင်တတ်သည်။

ဝေခင်လည်း ဂျူဒို့ ကို မြင်ရသည်နှင့် ရင်ထဲ ထိတ်ခနဲ ဖိုသွား လေသည်။ ရင်ခုန်သည်ဆိုတာ ဒါပဲလား၊ ရင်ခုန်တယ် ဆိုတာရော၊ ချစ် ခြင်းရဲ့ အချက်ပြမီးလား၊ ဝေခင် မတွေးတတ်။ တွေးလည်း မတွေးချင် မတွေးနိုင်၊ တွေးနိုင်ရန် အခြေအနေမရှိ။ သို့ကြောင့် အေးစက်သော လက် နှင့် ကြိုင်ကြိုင့် လက်ကို ဆွဲကိုင်ထားမိလေသည်။

"ပြောရဦးမယ်...၊ မမြရီရေ့" ဆိုသော ဆရာသော်တာဆွေ ဆေး အတိုင်း ဂျူဒို့ က ဝေခင် ကို ခေါ်တတ်လေသည်။ စ, ချင်၊ နောက်ချင် လည်း သည်လို ခေါ်သည်။ အလုပ်ကိစ္စ တိုင်ပင်ချင်လည်း ခေါ်သည်။ ယခုတော့ ပြောစရာ ရှိ၍ ခေါ်ပြန်သည်။

မီးရောင်ကွယ်ပြန်တော့ ဂျူဒိုမျက်နှာကို ကြယ်ရောင်အောက်တွင် ဖြူဖျော့စွာ မြင်တွေ့ရလေသည်။ အေးချမ်းသော ညတွင်ပင် နဖူးတွင် ချွေးပေါက်များ သီးနေသည်။

ပြောရဦးမယ်ဆိုလို့...၊ ပြောချင်တာတွေကတော့ အများကြီးပဲ...

www.burmeseclassic.com

www.burmeseclassic.com



ဘာ ကစ ပြောရမှန်း မသိတာ ခက်တယ်...၊ ပြီးတော့ ကြိုင်ကြိုင်ရေ...၊ နှလုံးသားရဲ့ လျှို့ဝှက် အစီရင်ခံစာဆိုတာ...”

ကြိုင်ကြိုင့် အား စစ်ကူ တောင်းသေးသည်။ ဝေခင်ကလည်း အတင်း ဆွဲထားသဖြင့် ကြိုင်ကြိုင် က ဘာလုပ်ရမှန်းမသိ၊ နောက်တော့ ဝေခင် က စဉ်းစားပြီး...

“တို့ကို သူငယ်ချင်းလို သစ္စာရှိရှိ ပေါင်းပါဟယ်...” ဟု သတိပေးလိုက်လေသည်။

သုံးယောက်သား လမ်းတွဲလျှောက်လာတော့ ကြိုင်ကြိုင် က မလှမ်းမကမ်း ကပင် လိုက်လာလေသည်။

“သစ္စာရှိရှိပါပဲ... ဝေခင်ရာ... သစ္စာတရား ငါ့မှာ ရှိပါတယ်...။ သူငယ်ချင်းလို့ နင်က ဆိုလိုက်ရင် ငါ့ရဲ့ ရာသက်ပန် သူငယ်ချင်းပေါ့...”

“တို့ကို ဒီလိုတစ်မျိုး စိတ်မကူးပါနဲ့...”

“စိတ်ကူးပြီးပြီ၊ မရတော့ဘူး...၊ ပြန် မနုတ်နိုင်ဘူး...”

“အဲလို... တို့ကို ရိုးရိုး မပေါင်းသင်းတတ်ရင်တော့ အပေါင်းအသင်းဖြတ်...၊ ဒါပဲ...၊ ဒီနေ့ကစပြီး တို့နဲ့ ဂျူဒို မသိတော့ဘူး၊ မခေါ်တော့ဘူး၊ နှုတ်မဆက်တော့ဘူး...”

ဝေခင်က ခပ်ပြတ်ပြတ်ပင် ပြောမိလေသည်။ သည်တော့ ဂျူဒိုက ဝေခင့်အား တွေတွေကြီး စိုက်ကြည့်နေသည်။ ထို့နောက် မှောင်ရိပ်ထဲမှ ဝေခင့်မျက်နှာလေးကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကာ ထိုးကာ ကြည့်ရင်း...

“ဒီလို မပြောပါနဲ့...”

ဝေခင်က မျက်နှာကို တစ်ဘက်သို့လွှဲကာ ခေါင်းကို ခါယမ်းလျက်...

“တကယ်ပါပဲ ဂျူဒိုရယ်...၊ တို့ သိပ်စိတ်ပျက်တာပဲ...။ တစ်လလုံးလုံး တို့ကို နှမလေးလို စောင့်ရှောက်လာပြီးမှ ဆင်ပြောင်ကြီး အမြီးကျမှ မတစ်ပါစေနဲ့...။ တို့ကို စောင့်ရှောက်လာတဲ့ ကျေးဇူးတွေ ဘယ်လိုဆပ်ရမှန်းတောင် မသိပါဘူး။ အစကတော့ ရိုးရိုး၊ နောက်တော့ တစ်မျိုး ဆိုးချင်ပါနဲ့၊ တို့ စိတ်ရှုပ်တယ် ဟယ်...။ တို့ကို သနားရင် ဒီစကား ဒီတင်ပဲ ရပ်တော့...”

www.burmeseclassic.com

www.burmeseclassic.com



သည်အခါ ဂျူဒို ငိုင်လေပြီ။ နည်းနည်းထွေနေပေမင့် သတိတော့ ကောင်းသည်။ ဝေခင်ပြောတာတွေ သူက အားလုံး သိနေသည်။ ဝေခင်က စကားတတ်သည်။ သူ ဘယ်လိုပြောရမည် မသိ။ သည်တော့ ဂျူဒိုက အရှိန်ယူကာ ရယ်မောလိုက်သည်။ နောက် လက်နှစ်ဖက် မြှောက် လိုက်သည်။ အရှုံး ပေးလိုက်ပြီ ဆိုသည့်သဘော။ တကယ်တော့ ဝေခင်က တမင်သက်သက် အနိုင်ယူသည် မဟုတ်။ ဝေခင့်မှာ အသနားခံနေခြင်း သာ ဖြစ်လေသည်။

သနားစရာဘဝနှင့်ဝေခင်...။ ဝေခင်သည် သနားစရာ မိန်းက လေး သာ ဖြစ်လေသည်။ ယခုလည်း လက်နှိပ်ဓာတ်မီး နှင့် ထိုး၍ မြင် ရသော ဝေခင့် မျက်နှာလေးမှာ ညှိုးငယ်လျက်...၊ မျက်လုံးတို့ကလည်း မျက်ရည်စများ ရစ်လည်ဝိုင်းနေသည်။ ဝေခင့်အား လမ်းခွဲပြန်လာတော့ ဂျူဒိုသည် ဝေခင့်အတွက် ချစ်တေးသီဖွဲ့မည့်အစား ကရုဏာတေးသာ သီမိလေသည်။ ဒါကတော့ ဝေခင့်အတွက်...။

❀

www.burmeseclassic.com

www.burmeseclassic.com

## [၃၀]

ဝေခင်တို့ ပဉ္စမနှစ်သို့ ရောက်တော့ 'ဂျီ' ဆောင် သို့ ပြောင်းလာရသည်။ ဂျူဒို တို့နှင့် မောင်နှမဆောင် ဖြစ်လေသည်။ သည်အဆောင်များသည် တည့်လည်း မတည့် တကျီကျီ ရန်ဖြစ်ကြသည်။ သံယောဇဉ်လည်း ဖြစ်ကြသည်။ ဘောလုံးပွဲတွေ၊ ဘာတွေမှာတော့ သိသာသည်။ စားစရာတွေ အစုံစုံ နှင့် နှမငယ်များသဖွယ် အားပေးကြသည်။

'ဂျီ' ဆောင်ရှေ့တွင် ဘောလုံးကွင်း ရှိသည်။ ဘောလုံး လာလေ့ကျင့်လျှင် ဂျီဆောင် ရှေ့ ပိတောက်ပင်ပျိုအောက် ထွက်ရပ်ကာ စကားပြောနေကြသော ကျောင်းသူတွေဆီ ဘောလုံး တမင် ရောက်အောင် ကန်လွှတ်သည်။ ကျောင်းသူတစ်ယောက်ယောက် မှန်လျှင် ရန်ဖြစ်ကြသည်။ ထို့ပြင် မိန်းကလေးအဆောင်ဝင်းထဲ တမင် ကန်လိုက်ပြီး မနေ့မနပ် ကျောင်းသားသစ်လေးများကို မြှောက်ပင့်ကောက်ခိုင်းပြီး လက်ခုပ်တီး ဩဘာပေးကြသည်။ ရောမ သူရဲကောင်းကြီးတဲ့...။

ဂျီဆောင် ဧည့်ခန်းဆောင်က တသီးတခြား ဇရပ်တွေ၊ ဘုန်းကြီးကျောင်းတွေ အမိုးတွေလို အချွန်အတက်တွေနှင့် 'ရှီချင်စရာကဂျီဟောလ် ဧည့်ခန်း' ဟု ကျောင်းသားတို့ စာချိုးကြသည်။ ဂျူဒိုတို့ လူသိုက်က ဂျီဟောလ်ဧည့်ခန်းကို သုသာန်ဇရပ် ဟု မခံချင်အောင် ခေါ်ကြသည်။

ဂျူဒို ဝေခင့်ဆီ လာလည်လျှင်တော့ ဘယ်တော့မှ ဧည့်ခန်းတွင် သွားမထိုင်၊ ပိတောက်ပင်အောက်တွင် မိုးတိုးမတ်တတ် စကားပြောမြဲသာ။ ပြီးတော့ ဝေခင်ပြောသလိုပင်၊ ဂျူဒိုသည် ဝေခင့်ကို ဆန်းဆန်း

www.burmeseclassic.com

www.burmeseclassic.com



ပြားပြားစကားတွေ ဆက် မပြောတော့။ မပြောမိအောင် သူ့စိတ်ကို ချုပ်လိုက်သည်။

သို့ပေမဲ့ သံယောဇဉ်တော့ ပို၍ ငြိတွယ်သည်။ ဗဟိုထမင်း စားဆောင်မှာ အင်္ဂလိပ်စာလုံး U ပုံသဏ္ဌာန် အလည်တွင် မိန်းကလေး ထမင်းစားခန်း၊ ဘေးနှစ်ဖက်က ကျောင်းသားများအတွက်အခန်း...။

ထမင်းစားခန်းက တွဲနေတော့ တစ်ယောက်ကို တစ်ယောက် ထမင်းလာစားကြချိန်၌ မြင်တွေ့ရလေသည်။ မိုးတွင်းဆိုလျှင်တော့ မိုးရေ သဲသဲကြားထဲ ပြေးလွှားကာ လာ စားကြရသည်။ အထူးသဖြင့် ဂျီဆောင် နှင့် ထမင်းစားဆောင်က အတော်လှမ်းသည်။ တစ်ခါတလေ ဖြတ်လမ်း က မြက်တောတွေ ဖြတ်လာရပြီ ဆိုလျှင် ကျောင်းသူများကို ကျွတ်တွယ် သဖြင့် အလန့်တကြား အော်ကြ ငိုကြရသည်။ဟိုတစ်လောကပင် ကျွတ် တွယ် ခံရသော မိန်းကလေးတစ်ယောက် အော်ငိုနေသံကြားရသဖြင့် ဝေခင့် အသံမှတ်၍ ပြေးကြည့်မိသေးသည်။ နောက်မှ ဝေခင် မဟုတ်မှန်း သိရသဖြင့် အသာ လှည့်ပြန်ခဲ့ရသည်။ သည်အကြောင်းကို ဝေခင့်ကို တွေ့၍ ပြောပြတော့ ဝေခင် က ရယ်လျက်...

"တို့က တောသူပဲ ဟယ်..." ဟု ပြောသေးသည်။

မိုးတွင်း စကြီတစ်လျှောက်၊ လျှောက်လာပြန်တော့လည်း မိုးရေ တွေ ပက်သဖြင့် သမ်တလင်းက ချောနေတာကြောင့် မကြာခဏ ချော်လဲ ကြသည်။ သို့ကြောင့် ခေတ်ဆန်ဆန် အလှအပတွေ မမက်မောနိုင်တော့ ဘဲ ပလပ်စတစ်ဖိနပ်အမာများကိုသာ တဂွပ်ဂွပ် အသံမြည်အောင် စီးကြ ရသည်။ အဝတ်အစားတွေကလည်း မိုးရေခံ အပေါ်စား အဝတ်သာ ဝတ်ကြရသည်။ အလှပြင်ချင်စိတ် သိပ် မရှိသဖြင့် ဖြစ်သလို ခေါင်းကို ဘီးဆံပတ်နှင့်သာ ပတ်သွားတတ်ကြသည်။

သို့ကြောင့် ဂျီဟောလ်သူတွေ ပုံမလာဘူးဟု ကျောင်းသားတွေ စ ကြ နောက်ကြသည်။ အဘွားအိုဆောင်ဟုလည်း ကလိကြသည်။ နှစ် ပတ်လည် ထမင်းစားပွဲ 'မောင်ရင်းနှမ ဒိုးပတ်ဝိုင်းများ' တွင် ကျောင်းသားများက...

www.burmeseclassic.com

www.burmeseclassic.com



"မာလာ အင်းယား ပြေးလို့ရှာ...
ဂျီဟောလ်သူဟာ အကျည်းတန်မို့"
"ဂျီဟောလ်သူတို့ လှလိုက်တာ...
မြင်ကြသူငါ တောထွက်ချင်ရဲ့..."
ဆိုကြတော့ ကျောင်းသူအုပ် ခေါင်းဆောင်ကလည်း အောက်ပါ
အတိုင်း...
"တောထွက်ချင်တဲ့ စက်မှုမောင်...၊
ဂျီဟောလ်ဆောင် က အမျှ... အမျှ..."
"စားချင်လှတဲ့ စပျစ်ချို...၊
လှမ်းမမီသလို ချဉ်ကြတာပေါ့..."
ချေပ ပြန်သည်။ ထို့နောက်...
"ချဉ်ရုံမကတဲ့ စပျစ်သီးရယ်...၊
ပုပ်ပွနေတယ်... (ဆောရီး)၂ "
ရောင်းမစွံလို့ ပုပ်သိုးတာ...၊
သွန်ပစ်ရမှာ သူတို့မသိ..."
"ပုပ်တယ်ဆိုပြီး လိုချင်ပြန်...၊
မျှော်တေးသံတွေ ကြားလို့ မဆုံး..."
"အလှကြွယ်တဲ့ ညီမငယ်တွေ...၊
ဒီ လူတွေကို ရှောင်ကြ ရှားကြ..." စသည်ဖြင့် အတိုင် အဖောက်
သာကြရင်း ပွဲကျကြလေသည်။

ဝေခင့်အဖို့တော့ ဂျီဟောလ် ဆောင်တွင် နေရသမျှ အချိန်တွေမှာ
လွမ်းတစရာတွေ ပြည့်နှက်နေသည်။ မေအောင်ကလည်း အဆောင်
ရောက်လာသဖြင့် နှစ်ကိုယ့်တစ်စိတ် ခင်မင်တွယ်တာကြလေသည်။

သုံးယောက်တစ်ခန်းမို့ ကြိုင်ကြိုင်၊ ဝေခင်နှင့် အခြားကျောင်းသူ
တစ်ယောက်က တစ်ခန်း၊ မေအောင်နှင့် မိန်းကလေး နှစ်ယောက်က
တစ်ခန်း၊ ဒုတိယ အထပ်တွင် အခန်းတစ်ဆက်တည်း၌ ရှိသဖြင့် ခြောက်
ယောက်သား ပူးတွဲမိကြသည်။

အခန်းတွေက ကျယ်လည်း ကျယ်ပြီး အခန်းတိုင်း ရေချိုးခန်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာနှင့် တွဲထားသဖြင့် နေရ-ထိုင်ရတာ သက်သောင့်သက်သာ ရှိလေသည်။ ဝရန်တာနှင့် ပြူတင်းပေါက်တို့မှ လေ တဟူးဟူး ဝင်နေသည်။

ဂျီဟော်လ် ၏ အရိပ်အာဝါသက အေးချမ်းသည်ဟု ဝေခင် ထင်လေသည်။ ဘာသာရေး ကိုင်းရှိုင်းသူ များသောကြောင့် မျက်နှာတွေက ကြည်ကြည်လင်လင်၊ ချမ်းချမ်းမြေ့မြေ့ပင်။ ဘာသာတရားကို တကယ် လိုက်စားမိ၍ နက်နက်နဲနဲ တွေးတောဆင်ခြင်လာပြီဆိုလျှင်လည်း နှလုံးသားတို့က ဖြူစင်တာကို ဖြူစင်ကြည်လင်သော အရောင် က မျက်နှာတို့ လာ ဟပ်လေ့ ရှိသည်။ သို့ကြောင့် ထိုမိန်းကလေးများကြည့်ရသည်မှာ အေးအေးချမ်းချမ်း ရှိသည်ဟု ထင်ရလေသည်။

စာကြည့်စားပွဲတွင် ဖန်ခွက်နှင့် ဇီဇဝါပန်းများကို စိုက်ကာ ဘုရားကို ပန်းကပ်လေ့ရှိပြီး၊ ကိုယ်လိမ်းပေါင်ဒါဘူးပေါ် ဖယောင်းတိုင် စိုက်လျက် ဆီမီးပူဇော်သည်မှာလည်း အလေ့အကျင့်လိုပင်တည်း။

သာယာကြည်နူးစရာ အကောင်းဆုံးအချိန်ကား... အဖိတ်ဥပုသ်နှင့် အခါကြီးနေ့ကြီးရက်များတွင် ညအချိန်စာကြည့်ခန်း၌ ဝတ်ရွတ်သောအချိန်ပင်တည်း။ မင်္ဂလာရှိသည်ဟုလည်း ထင်မိသည်။

ထို့ပြင် ပညာ ဗဟုသုတ ကို လေ့လာ ရှာမှီးခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ကို သင်ကြားခြင်း၊ လူ့ကျင့်ဝတ် ပြုမှုများကို ဆည်းပူးခြင်း၊ နှုတ်ချိုခြင်း၊ ဤတရားများသည် မြင့်မြတ်သော မင်္ဂလာမည်၏ဟု ဘုရားဟောလည်း ရှိခဲ့ရာ ဘုရားဟောနှင့်အညီ ကျင့်ကြံသည်ဟု ဝေခင် က သူ့ဘာသာသူ ကျေနပ်နေရလေသည်။

ဂျူဒို ကမူ ဝေခင်တို့အား "ဘွားသီလ" တွေဟု ကင်ပွန်းတပ် တတ်သည်။

ဂျူဒို ဆို၍ ဂျူဒို သည် သူ့ကိုယ်သူ အတော် ထိန်းသိမ်းနိုင်ပြီ ဖြစ်သည်။ အမူအရာတွေကလည်း ပုံမှန် မူမှန်ပင်။ ဝေခင့်အား မိတ်ဆွေ ရင်း သူငယ်ချင်းပမာ အနီးကပ် ပေါင်းလည်း ရိုးဖြောင့်သော စိတ်ထား ထားလေသည်။

"သူငယ်ချင်းရေ... " ဟု ဝေခင်ကို ခေါ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ယခုတစ်လော ဝေခင့်ကို စကားပြောလျှင် သူငယ်ချင်း သူငယ်ချင်းဟု ခေါ်ပြီး သူငယ်ချင်းချင်း မိုးမွှန်အောင် ထည့်ပြောတတ်လေသည်။ ကြိုင်ကြိုင်ကတော့ အယုံအကြည် မရှိ၊ ဂျူဒိုဟန်ဆောင်နေသည်ဟု ထင်လေသည်။ ကြိုင်ကြိုင် က ဝေခင် နှင့် ဂျူဒိုကို သဘော တူနေသည်။ ထို့ကြောင့် နံ့သာယပ်တောင် သီချင်းဆိုပြီး ဝေခင်အား စ တတ်လေသည်။

ကိုယ်ချစ်ရသူအတွက်ရယ်... ယုယမြတ်နိုးတန်ဖိုးထားကာ ကွယ်... မောင့် လက်ဆောင်မွန်ရယ်... ချစ်သူအတွက်သာ စေတနာတွေ ကြွယ်...

ဝေခင်က စိတ်မဆိုးနိုင်။ မျက်နှာညှိုးလျက် ခေါင်းကို ခါယမ်းကာ...

"စိတ်ကူးယဉ်စခန်းတော့ မရှိဘူး ရွှေကြိုင်ရေ...၊ တို့အခြေအနေနဲ့ အိပ်မက်လှလှ မက်နိုင်ပါ့မလားဟယ်...၊ မေတ္တာလမ်းမြောင်လေးမှာ လက်တွဲ စကားပြောနိုင်ပါ့မလား၊ ခရေတောမှာ စိန်ပြေးတမ်း ကစားရမလား၊ ပိတောက်ခက်တွေ စာအုပ်ကြားထဲ ညှပ်ပြီး တစ်ယောက်ကို တစ်ယောက် ကမ်းလှမ်းနေရမလား..." ပြောရင်း ရယ်မိသေးသည်။ ကြိုင်ကြိုင်က...

"ဂျူဒို သနားပါတယ်ဟယ်..." ဟူ ဆိုလိုက်လျှင်...

"ကိုယ့်ကိုယ်ကိုယ် အရင် သနားရဦးမယ်..." ဟု ပြန်ပြောလေ့ရှိလေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## [၃၁]

ကျောင်းဖွင့်စ ကတည်းက ပေါင် ခဲ့ရသော ဆွဲကြိုးအတွက် အတိုး သစဉ် ပေးနေရပြန်ချေသည်။

သည်တော့ ထုံးစံအတိုင်း ဒေါ်ခင်စန်းမြင့်အိမ်သို့ မသွားချင်ပါ ဘဲလျက် သွားရပြန်သည်။ ဒေါ်ခင်စန်းမြင့်အိမ်တွင် ဖဲဝိုင်းက စည်ကား မြဲပင်။ ဒေါ်ခင်စန်းမြင့် ဖဲဝိုင်းက မထ မချင်း စောင့်ရသည်က အလုပ် တစ်ခု...။ စိတ်လည်း ပျက်၊ စိတ်လည်း ကုန်သည်။

ဆွဲကြိုး မပေါင်လို့ကလည်း မဖြစ်။ သည်နှစ်အစ အမေက 'ချွေသုံး' ဟု ဆိုကာ ပို့သည့်ငွေ ၇၅ ကျပ်ထဲသာ...။ အစ်ကိုဆီက ကျောင်း သခ နှစ်လ ပေါင်းအတွက် တစ်ခါသာ လာသည်။ သည်တော့ ဝေခင် အသက်ရှူကျပ်ရပြန်သည်။

မတင်ရွှေဆီမှ ငွေအနည်းငယ် ဆွဲမည် စိတ်ကူးလည်း မတင်ရွှေ က သူ့ဒုက္ခနှင့်သူ၊ ထိုနေ့ကဆိုလျှင် မတင်ရွှေ လုံးလုံးမျက်နှာ မကောင်း။ သမ်းမှာ လာကြရင်း...

"လှငွေကလေးတွေကလည်း အစ်မဆီမှာ၊ လှငွေ မရှိတော့ဘူး"

"ဟင်... အစ်မလှငွေ မရှိတော့ဘူး... ဘယ်သွားလို့လဲ..."

"သူ့လင်က နှင်ချလိုက်လို့..."

"ဟင်... ဘာဖြစ်လို့..."

'အကျင့်ဖောက်ပြန်လို့တဲ့ကွယ်... လှငွေ ကလည်း မကောင်းဘူး၊ ငွေစ မရှိတာလည်း မရှိတာပေါ့၊ ဒါပေမဲ့ ငွေရဖို့ အမျိုးမျိုး သူ အားထုတ် နေတာပဲ၊ သူ့လင် ရုံးမှာ လက်ဖက်ရည်ဆိုင် တည်တယ်၊ အဲဒီက စာရေး တစ်ယောက်နဲ့ သူ့လင်က သမုတ်တယ်...၊ ခုခေတ်ကလည်း ဆိုးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



လင်ရှိမယားလည်း ရှောင်ကြတာ မဟုတ်ဘူး...၊ မအေသေရော (...) တွေ...'

မတင်ရွှေက ဆဲရေးလေသည်။ ဝေခင်ကတော့ မတင်ရွှေ၏ မျက်ရည်စများနှင့် မျက်လုံးကို ငေးကြည့်ရင်း စိတ်မကောင်းဖြစ်ရလေသည်။ မတင်ရွှေက ဘတ်(စ်)ကားပေါ်တွင် မျက်ရည်သုတ်လျက်...

"ခုတော့ အစ်မ ဒုက္ခရောက်ရပြန်တာပေါ့...၊ မှောင်ခို ပစ္စည်းလေး ဘာလေးကလည်း မက်တယ်လေ၊ ဒါတွေ တစ်အိမ်တက်ဆင်း တက်ရောင်း၊ ဟိုလူနဲ့ ထိကပါး ရိကပါး၊ ဒီလူနဲ့ ထိကပါး ရိကပါး၊ သတိထား နေတာ ကြာပြီ...၊ သူ့ယောကျ်ားရုံးက အရာရှိတွေကလည်း ခပ်ပျက်ပျက် အမှုထမ်းတွေက ထင်ရာစိုင်း၊ ဘယ်လိုတွေကို ရှုပ်ယှက်ခတ်နေမှန်း မသိပါဘူး..."

"အကျင့်ဖောက်တယ် ဆိုတာရော ဟုတ်လို့လား အစ်မရယ်... လူတွေရဲ့ ပါးစပ်ကလည်း အစုံပြောတတ်တာ..."

"ဩော်... ပုပ်လို့ပေါ်တာပေါ့၊ ဒါမျိုးကတော့ ဘယ်လိုလူ လက်ဆုပ်လက်ကိုင် ဖမ်းမိမလဲ မဟုတ်ဖူးလား...၊ လှငွေ ခဏခဏ ပြ ပြောတယ်၊ ဆင်းရဲတဲ့ တစ်ခုလပ် စာရေးမလေးတစ်ယောက်ကို အရာရှိ သုံးယောက်က အိမ်ငှားပေးထားပြီး တစ်ယောက် ၅ဝိ ပေးသတဲ့၊ တစ်ထော ၁၅ဝိ ဆိုတဲ့ ငွေဟာ မနည်းဘူး...၊ ဖော့ခရစ် သုံးထည်စာ၊ ခေါက်ထီး သုံးလက်စာနဲ့ အမကတောင်... လှငွေ... နင် ဒါတွေ အားမကျနဲ့နော်... လူပျက်စီးရင် အဖတ်ဆယ်လို့ မရဘူးလို့ ကြပ်ကြပ်ပြောတဲ့ကြားထဲ ဒီလို ဖြစ်ရတာပဲ..."

ဝေခင် က သူမ ကြားဖူးသော မြို့ကြီး ပြကြီး လောက ဒုစရိုက် ဘုံဘဝကို အံ့ဩ ကြက်သေ သေရလေသည်။ မတင်ရွှေက နှုတ်ခမ်း မဲ့လျက်...

"မကောင်းမှုက အမျိုးမျိုး မဟုတ်လား၊ လောကကြီးမှာ ... လာဘ်ထိုးတယ် ဆိုတာမျိုးကတော့ ကြုံဖူးတာ ကြာပါပြီ... အရှက် မိန်းမလာဘ်ထိုးတာတော့ ခုမှပဲ ကြားဖူးရတယ်၊ လှငွေကို ဖျက်ဆီး တာ စာရေး မဟုတ်သေးဘူး...၊ အစ ပထမ က အရာရှိ နောက် ...

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် သူ့အထက်ကို သူ ရာထူးတိုးဖို့ လာဘ်ထိုးသတဲ့တော်...၊ ဒီတော့ ကျုပ်ညီမ ဖာသည် ဖြစ်ရတာပေါ့..."

ပြောရင်း ဆိုရင်း မျက်ရည်များ ကျလာပြန်သည်။ တကယ်တော့ 'ဖာသည်' ဆိုသည့် စကားက ရင့်သီးလှသည်။ မတင်ရွှေလို မိန်းမမျိုးကတော့ လူယဉ်ကျေး အမည်ခံ လူရှေ့ သူရှေ့ ဟန်ဆောင် စကားပြောသလို အဘယ်မှာ 'ပြည့်တန်ဆာ' တို့၊ မကောင်းတဲ့ မိန်းမ တို့ စကားအလှအယဉ် အကျေးတွေ သုံးနေပါအုံ့နည်း...။ လူကုံထံတွေပင် စိတ်ဆိုးလျှင် မိမိအိမ်စေအပါးများကို သည့်နှယ် ဆဲဆိုကြသေးသည်ပဲ။

ဝေခင်ကတော့ ရွှေမြန်မာလေ့ အညာ ကျေးလက်တွင် ကြီးပြင်းလာရပြီး အမေ က တစ်ခါဖူးမှ မအေ၊ နှမ၊ မဆဲရေးစဖူး၊ နှုတ်ထွက်စကားကြမ်း မဆိုစဖူး၊ သူ့အလွန်ဆုံး စိတ်ဆိုးလှ သေချင်းဆိုး' ဟု ပြောသည်။ 'ခွေး'၊ 'ခွေးမ' ဟု ဆဲသည်။ ဒါပါပဲ။ သိပ် စိတ်ဆိုးလာပြီဆိုလျှင်တော့ 'မြွေပွေးကိုက်တွေ' ဟု ဆိုသည်။

မတင်ရွှေက...

"ဝေခင့်ကို အစ်မ ဒါတွေ မပြောချင်ပါဘူး၊ လှငွေ လို နည်းမျိုးနဲ့ ညာသင် စရိတ် ရှာတယ်ဆိုတဲ့ ကောလိပ်ကျောင်းသူတွေ အကြောင်း အစ်မ ပြောဖူးသားပဲ၊ ဟိုအိမ်သွားရင် ကျော်ကျော် ကို နည်းနည်း သတိထား...၊ ကျော်ကျော် ကို မမစန်း က မြှောက်ပေးနေတာ၊ တကယ်တော့ အကောင်း မဟုတ်ဘူး...၊ ကျော်ကျော့် အမေ နဲ့ မမစန်း တို့က အပြိုင်တွေ မဟုတ်လား...၊ ကျော်ကျော် ဝေခင် နဲ့ ငြိရင် ပညာသင်ပျက်အောင် ချောက်ချတာနေမှာပေါ့...၊ ပြီးတော့ ကျော်ကျော့်ကို သူ့အမေ ညီမှန်းထားတာက ခိုင်ကေတဲ့..."

"တော်ပါအမရယ်...၊ ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့၊ ဘာဖြစ်ခြင်တာလိုက်လို့..."

"အစ်မက ကျော်ကျော်နဲ့ ဝေခင့်ကို လွှတ်ပေးမှာ စိုးလို့ပါ"

"အိုး... ကျွန်တော် ဆော်ပစ်လိုက်မှာပေါ့..."

သည်တော့ မတင်ရွှေ က ရယ်လေသည်။ ဝေခင်က...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျွန်တော် ဒီအိမ်ကို သိပ် မသွားချင်ပါဘူး။ ကျွန်တော့်အတိုးငွေလေး ပေး ပေးပါဆိုတာ အစ်မမှ တာဝန် မယူဘဲ လမ်းစရိတ်ပေးမှာပေါ့..."

"အံမယ်လေး... မလုပ်ပါနဲ့ ညီမရယ်...၊ ကျုပ်မယ် ဘတ်(စ်)ကား တွေ လူတိုးလွန်းလို့ ခါးပိုက်နှိုက်ခံရတာ နှစ်ခါရှိသွားပြီ...၊ သူများပိုက်ဆံ တစ်ကျပ်တစ်ပြားတောင် မကိုင်ချင်ပါဘူး၊ ညည်းငွေကိုလည်း ကျုပ် စိုက် မလျော်နိုင်ဘူး..."

သည်တော့လည်း ဝေခင်အဖို့ ဒီအိမ်ကို မလွှဲသာ မရှောင်သာ လာရပြန်သည်။ နောက်ဖေးပေါက်မှ ခါတိုင်းလိုပင် လှည့်ဝင်ကြရသည်။ ဖဲဝိုင်းကတော့ ဆူညံမြဲ၊ တဝါးဝါးနှင့် ပွဲကျမြဲ၊ စည်ကား သိုက်မြိုက်မြဲ ပင်...။ မီးဖိုဆောင်မှ ထမင်းစားခန်းသို့ လှမ်းမြင်နေရသည်။

ဒေါ်ခင်စန်းမြင့်က အတိုးငွေတွေကို သူကိုယ်တိုင်ပဲ လက်ခံသည်။ အိမ်က ကောင်မလေးတွေကို ပေးခဲ့တာကို မကြိုက်။ ကောင်မလေး တွေက ငွေမြင်လျှင် သူတို့ လခထဲက ကြားဖြတ် တောင်း သုံးသောကြောင့် တဲ့၊ ထို့ကြောင့် ဒေါ်ခင်စန်းမြင့်ကိုတော့ ဖဲဝိုင်းမှ ထ အလာကို စောင့် နေရမြဲ ဖြစ်သည်။

ဖဲဝိုင်းတွင် အမေရိကန်သမ္မတကတော်ဟောင်း ဂျက်ကလင်း ကနေဒီ အကြောင်း၊ ဟောလီဝုဒ် ရုပ်ရှင်မင်းသမီး အယ်လီဇဘက် တေလာအကြောင်း၊ ဂျိမ်း(စ်)ဘွန်းရုပ်ရှင်ကားများအကြောင်း၊ ထုတ် ရောင်းတော့မည်ဟု သိရသော နောက်ဆုံးပေါ် မာဇဒါ ဖယ်မလီယာ- သာဒ့်တင်း ဟန်ဒရက် မော်တော်ကားများအကြောင်း၊ အကြောင်းအရာ မျိုးစုံ နှုတ်မှပြောလည်းပြောနိုင်၊ ဖဲကို သဲသဲမဲမဲ ရိုက်လည်း ရိုက်နိုင် ကြသည်။

ထိုနေ့က ဒေါ်ခင်စန်းမြင့် ထ, လာတော့ ဒေါ်ခင်စန်းမြင့်နှင့် ကပ်လျက် ကျော်ကျော် က ဒေါ်ခင်စန်းမြင့် ပခုံးကို ကိုင်လျက် ရိုက်ပါ လာလေသည်။ သည်နှစ် ကျော်ကျော့်ပုံစံ ပြောင်းလာသည်။ ဒိုင်ကဆံပင် လည်း ပို ရှည်လျက် မျက်မှန်တစ်လက်ပါတိုးလာလေသည်။ ဒေါ်ခင်စန်း

www.burmeseclassic.com

www.burmeseclassic.com



မြင့်က ဝေခင့်အား ခြေဆုံးခေါင်းဆုံး ကြည့်ကာ...

"ဝေခင်ရေ... တစ်ကျောင်းတည်း နေကြပြီး ရန်ဖြစ်တယ်လို့ တစ်ယောက်ကို တစ်ယောက် ခင်ခင်မင်မင် ပေါင်းမှာပေါ့"

ဝေခင်က ဘယ်သို့ ဘယ်ညာ မဖြေ။ မျက်လုံး အောက်စိုက်ကာ နှုတ်ဆက်နေသည်။

"ကျွန်တော် ခေါ်ပါတယ် အန်တီ..."

ကျော်ကျော်က စပ်ဖြဲ စပ်ဖြဲနှင့် ပြောသေးသည်။ ဝေခင်က ဘာ ထင်မြင်ချက်မှ မပေး။ ဒေါ်ခင်စန်းမြင့်က ငွေယူပြီး ထမင်းစားခန်းထဲ ပြန် ဝင်သွားတော့ ကျော်ကျော် က နေရစ်ခဲ့ပြီး...

"ဟော့ ဝေခင်... နင်ငွေလိုတာ သူကြီးမင်း က မစောင်မ, ဘူး လား..."

"ဘာ..."

"ဩော်... ရန်နိုင်ကြီး က မကူညီဘူးလားလို့ မေးတာပါ...၊ ဒီနှစ် ရန်နိုင်ကြီးကျောင်းမှာ အလုပ် ရတယ်လေ...၊ ဒီမိုစခြေ (သရုပ်ပြဆရာ) လုပ်မလို့တဲ့၊ ဝမ်းမသာဘူးလား..."

ဝေခင်က နှုတ်မှ မဖြေချင်သဖြင့် ခေါင်းကို ခါယမ်းပြလိုက်သည်။ ကျော်ကျော်က ဝေခင့်မျက်နှာကို စိုက်ကြည့်ပြီး...

"ဝမ်းမသာဘူး... ဘာဖြစ်လို့လဲ၊ ရန်နိုင်ကြီး နဲ့ ခင်တယ် မဟုတ် လား..."

ဝေခင်က ခေါင်းညိတ်ပြသည်။

"သူက စာတော်တယ်...၊ ဂျူဒို လို ပေါ့ပေါ့ မဟုတ်ဘူး...၊ စာမေးပွဲ တုန်းက ကြယ်ပွင့်တွေ ဘာတွေနဲ့ အောင်တာပဲ၊ သူကြီးမင်းတို့များ ကြိုးစားလိုက်တာ ဟဲ... ဟဲ..."

ကျော်ကျော် က လှော်င်သလို ပြောနေသေးသည်။ စကားတွေ ဘတော့ တောင်ရောက် မြောက်ရောက်ပင်။ ဟိုပြော ဒီပြော ပြောချင် ရာများ ပြောနေသည်။

"ဟော့ ဒါထက် မေမြို့ကင့်(ပ်)ထွက်တုန်းက ဂျူဒိုတို့ အရမ်းကျ ခဲ့တယ်ဆို...။ ဂျူဒို သောက်တယ်ဆိုလို့ ရန်နိုင်ကြီးက မတောင် ဆူနေသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နှင့်ကို နံ့သာယပ်တောင် လက်ဆောင်ပေးတယ်ဆို..."

"အို... မဟုတ်တာတွေ..."

"ခိုင်ကေ ပြောတာတော့... နှင်က ဂျူဒို နဲ့ ပို ရင်းတယ်တဲ့... ရန်နိုင်ကြီးကတော့ သမာဓိပိုးကြီးနေမှာ၊ ဟား... ဟား... မစွံပါဘူး ဒါပေမဲ့ မိန်းမတွေက စာတော်ရင်၊ ဒီဂရီရှိရင် ပိုမက်တယ် မဟုတ် လား..."

"ဒါတော့ မင်းတို့ အသိုင်းအဝိုင်းက မိန်းမတွေ ဖြစ်မှာပေါ့၊ ကား... တိုက်တို့ ပါရင် ပို သဘောကျမယ်မဟုတ်လား..."

"နှင်ကရော..."

"တို့က ဘာဆို ဘာမှကို စိတ်မကူးဘူး..."

သည်တော့ ကျော်ကျော် က လေတစ်ချက် 'ဝှီ' ခနဲ ချွန်ကာ "ဘယ်ဆိုးလို့လဲ" ဟု ပြောကာ ရယ်နေသည်။ ဝေခင်ကမူ ... မဆိတ် နေသည်။

မတင်ရွှေ အိမ်ပေါ်မှ ဆင်းလာသည်နှင့် တစ်ချိုးတည်း လှည့်... ခဲ့ကြလေသည်။ မတင်ရွှေ က ဒေါ်ခင်စန်းမြင့်အိမ်သို့ ရောက်လျှင် နံ့သာ... ဖြူများ သွေးကာ မယ်တော်ကြီးခေတ်ပုံ၊ ဘိုးဘိုးအောင်ခေတ်ပုံနှင့် နတ်အုန်းတို့ကို ပက်ပေးရမြဲပင်။ ဝတ္တရားလို ဖြစ်နေသည်။ ကောင်း... ချင်ရှာသော မတင်ရွှေကလည်း လိုလိုချင်ချင်ပင် ပြုလုပ်ဆောင်ရွက်... တတ်လေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# [၃၂]

ဝသန်နှောင်းမိုးတို့ရွာသွန်းဆဲ၊ တိမ်ပန်းရစ်ပတ်၊ တိမ်ညိုထပ်လျက် ထပ်ရပ် ဝဥ္စာတစ်ခွင် တစ်ခုလုံး မှိုင်းမှိုင်းညို့ညို့ ဆိုင်းဆို့ကာ နေလေသည်။ လွမ်းစရာ ရာသီတွင် ဝေခင်တို့ စာမေးပွဲဖြေကြရပြန်လေသည်။

စာမေးပွဲက ဖြေပြီးထွက်ခဲ့တိုင်း ဂျူဒို တို့က သူတို့ အမှတ်အသား နှင့် သူတို့ ညာလက်မ ကော့လျက် ထောင်ပြကြသည်။ ဖြေနိုင်သည့် အဓိပ္ပာယ်၊ ဖြေနိုင်သည်ဆိုသော အထိမ်းအမှတ်ပင်တည်း။ ချိုးပေနှင့် အဝေရာကမူ ခေါင်းကို ခါယမ်းလျက် မျက်နှာ ရှုံ့ကာ လက်မကို အောက်စိုက်ပြလေသည်။

ဝေခင် က ဗရုတ်သုတ်ခတွေနှင့် ဖြေနိုင် တစ်ချက်၊ မဖြေနိုင် တစ်ချက်။ စာမေးပွဲနီးမှ အမေ နေမကောင်း ဖြစ်ပြန်သည်။ ဒီတော့ ငွေလျှော့ ပို့ပြန်သည်။ အကိုတင့်မော်ဆီက ငွေ ရောက်လာလို့သာ တော်တော့သည်။ စာမေးပွဲဝင်ကြေးအတွက် ကျောင်းလခအတွက် ပြေလည်သွားခဲ့သည်။ ထို့ကြောင့် အကျီကြယ်သီး တံ တပ်သော အလုပ်ကို လက်မလွှတ်ရဲ၊ စာကျက်ချိန်တွေက လျော့ပါးခဲ့လေသည်။

စာမေးပွဲ မပြီးခင် (၃) ရက်လောက်တော့ မိုး မရွာသဖြင့် အတော် ခင် ပူအိုက်နေသည်။ ဝေခင်လည်း ဌာနတစ်ခုသို့ အသွားအဆောက်အဦ (၂) မှ ပေါင်းကူးလမ်းလေးမှာ ရန်နိုင်နှင့် ဆုံမိကြသေးသည်။ ရန်နိုင်သည် သူ့တိုက်ပုံအကျီ နှင့် သူ့ကိုယ်ကို ယပ်ခတ်ရင်း လေပူတွေ မှုတ်ထုတ်ကာ၊ သူ့ကိုယ်မှာ ချွေးတွေရွှဲနစ်နေသည်။ ရခိုင်လုံချည်ခရမ်းရင့်ရောင် အကွက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် လုံချည်က ထူသဖြင့် မသက်မသာ ဖြစ်နေပုံရသည်။ အလုပ်များ ဟန်နှင့် ပျာယာခတ်ပြီး ဝေခင့်ကို မြင်တော့မှ ပြုံးပြီးနှုတ်ဆက်သည်။

"ဘယ်တုန်း ဝေခင်"

"ဒီပတ်(တ်)မင့်(ဌာန)ကို သွားမလို့ပါ..."

"စာမေးပွဲ ဖြေနိုင်လား..."

"ပိုင်တဲ့ဘာသာတော့ ပိုင်ပါတယ်... တချို့လည်း သိပ် မပိုင်ဘူး"

"မတွေ့ရတာကြာပြီနော်..."

"ဟုတ်ကဲ့..."

"ကိုညာဏ်ထွန်း အလုပ် ဝင်ပြီလား"

"မဝင်ရသေးဘူး..."

"နောက် ဘာသာတွေ့မှာ ဖြေနိုင်အောင် ကြိုးစားပေါ့..."

"ဟုတ်ကဲ့..."

"ရန်ပိုင်ကတော့ ဖြေနိုင်တယ် ပြောတာပဲ..."

"ဟုတ်တယ် သိပ်ဖြေလို့ ကောင်းတယ်တဲ့..."

"မေမြို့စခန်းမှ ရန်ပိုင် တော်တော်ဆိုးတယ်ဆို၊ အရက်တွေလည်း သောက်၊ ဝေခင်ကိုလည်း နှောင့်ယှက်တယ်ဆို... ဟုတ်လား..."

ဝေခင် က ခေါင်းငုံ့နေသည်၊ မဖြေ။ ရန်နိုင်ကသာ ဆက်၍-

"ရန်ပိုင် စိတ်လေနေတယ် ထင်ပါရဲ့... သူ မမိုက်သင့်ဘူး၊ ကိုယ် လည်းသူ့ကိုပြောပါတယ်။ ဝေခင့် အစ်ကို ကိုတင့်ဇော် ဆီကတော့ 'စာ' လာသေးတယ်..."

"ဟင်... ကိုလေးဆီက စာ..."

"ဟုတ်တယ် ကိုတင့်ဇော် က ရန်ပိုင် နဲ့ သူ့နှမ အခြေအနေ စုံစမ်းပေးပါတဲ့။ တကယ်လို့ စကား ကတိတွေ လွန်နေလောက်အောင် ဖြစ်နေရင် ရန်ပိုင့်ဘက်က ရုပ်သိမ်းပေးပါတဲ့၊ ဝေခင့်ကို အိမ်က အခြေ အနေ မကောင်းဘူး။ ဝေခင်ရဲ့အသက်က (၂၁) နှစ်ပဲ ရှိသေးလို့ ငယ် သေးတာက တစ်ကြောင်းတဲ့၊ အိမ်ရဲ့စီးပွားရေးကို တာဝန်ယူရမှာက တစ်ကြောင်းတဲ့။ ရန်ပိုင်နဲ့ ဝေခင့် အခြေအနေကို အချိန်မီ တားဆီးပေး ပါတဲ့..."

www.burmeseclassic.com

www.burmeseclassic.com



ဝေခင်၏မျက်နှာမှာ နီမြန်းသွားလေသည်။ ထို့နောက် မျက်ရည်တို့သည် ပုလဲပွင့်ပမာ မျက်ခမ်း ထောင့်စွန်းတွင် ခိုတွဲလာလေသည်။ ရန်နိုင်က သည်တော့ သက်ပြင်းတစ်ချက် ချကာ...

"ကိုယ် မှားသွားပြီ... ဒီစကားဟာ ဒီ အချိန် မပြောသင့်ပါဘူး။ လူရှင်းတာ နဲ့ ဝေခင့် ကိုယ်ရေးကိုယ်တာတွေကို ပြောမိတာပါ။ တကယ်တော့ ဝေခင် စာမေးပွဲ မပြီးသေးတာ ကိုယ်သိလျက်သားနဲ့... ခွင့်လွှတ်ပါ ဝေခင်..."

"ကိစ္စမရှိပါဘူး..."

ရန်နိုင်က နှုတ်ဆက်ထွက်ခွာတော့ ဝေခင် သည် မတုန်မလှုပ်ကျန်ရစ်လေသည်။ စိတ်ထဲလေး၍ ကျန်ရစ်သည်။ စာမေးပွဲအတွက်လည်း နဂိုကတည်းထဲက ခပ်လေးလေးပင်။ တစ်နှစ် မအောင်လျှင် သိသိသာသာပင် စရိတ်တွေက တက်လာဦးမည်။ ဒီနှစ်တွေတောင် အနိုင်နိုင် ဖြတ်ကျော်ခဲ့ရသည်။ အမေလည်း နေမကောင်းဖြစ်နေသည်။ ဝေခင် အလုပ်လုပ်ချိန်ကျတော့ အမေ အနားယူရတော့မည်။ အနားယူစေမည်။

* * *

တွေးထင်သည့်အတိုင်းပင် ဝေခင် ဒီနှစ် စာမေးပွဲကျသည်။ စိတ်တစ်လိုက်ပုံက လူမှာ ကျွမ်းသန္တာ လန်မတတ်ပင်။ ဝေခင်တို့ မိန်းကလေးအုပ်တွင် ကြိုင်ကြိုင်ရော၊ မေအောင်ရော၊ စမ်းစမ်းရော အောင်သည်။ ဝေခင်တစ်ယောက်တည်းသာ ကျကျန်ရစ်သည်။

ချဉ်ဖတ်တို့အုပ်စုကလည်း အကျများသည်။ ချဉ်ဖတ် နှင့် ဗိုလ်စုတ်တော့ အောင်သွားကြသည်။ ခိုင်ကေ လည်း အောင်သွားပြီ။ ဘာ့ကြောင့်မှန်း မသိ၊ ခိုင်ကေသီမော် က ဝေခင် အောင် မအောင် ကို တကူးတကမေးလေသည်။ ခိုင်ကေသီမှော်ကလည်း ဝေခင့်အကြောင်း တီးတိုးကြားဖြန့် သမားလေး ဖြစ်သည်။

လူတချို့သည် မနာလို စိတ်နှင့်အတူ ကြီးပြင်းလာကြသည် ထင်သည်။ အချို့က လူတို့၏မကောင်းသတင်းကို စောင့် နားထောင်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာ ဘာသာရပ်တွေက ခက်ခဲသလောက် သဘော တရားသိပ်တွေးရသည်။ သို့ကြောင့် စာသင်ခန်းတွေထဲတွင် ဆရာတွေက သင်စရာရှိလျှင် သင်၊ မရှင်းလျှင် ချက်ချင်း ထ မေးနိုင်သည်။ သည်ထဲက မရှင်းပြန်လျှင် ဆရာ့ဆီ သွားပြီး တွေ့ဆုံ မေးမြန်းနိုင်သည်။ သို့က လောက် မေးနိုင်တာတောင် ဆရာက တစ်နေရာမှ လှည့်ကွက်ဖမ်းကွက် ထည့်ထားလျှင် ကျွမ်းပစ်သွားလေ့ရှိကြသည်။

သို့ပေမင့် ကိုယ့်ဌာနဆိုင်ရာ ဘာသာရပ်စာမေးပွဲများကိုတော့ အမှတ်ပေးသည့်နေရာမှာ သက်ညှာလေ့ရှိကြသည်။ ကျောင်းသားတွေ အဖို့ ဌာနဆိုင်ရာ ဘာသာရပ်တွင်တော့ကျလေ့ မရှိ။ အားလုံးသော ဘာသာရပ်တွေတွင် ဌာနအလိုက်ခက်ခဲသဖြင့်ကျသော ဘာသာရပ် ကတော့ အီလက်ထရစ်ကယ်လျှပ်စစ်လိုင်းပင်တည်း။

ဂျူဒို တို့ အုပ်စုတွင်လည်း ဂျူဒို၊ ချီးပေ နှင့် အဝေရာ တို့ ကျကြ သည်။ ဂျူဒို က သူ့ကိုယ်သူ အောင်လိမ့်မည် ထင်သောသူမို့ အရူး တစ် ယောက်ပမာ မော်လမြိုင် လမ်းမလယ်ကောင်တွင် လျှောက် ပြေးနေ သည်ဆိုက်။

ထို့နောက် လမ်း မာတ်မီးတိုင်တွေကို ခဲနှင့် မှန်အောင် ထုကာ ကလေးပမာ ငိုလေသည်။ ရန်နိုင် က ဂျူဒို့ နောက်မှ ပြေးလိုက်ကာ...

"ဟေ့ ရန်ပိုင်၊ ဘာလုပ်တာလဲ အရူးလား" မေးတော့...

"အေး... အရူး ငါ ရူးနေတယ်" ဟု ဖြေသည်။

"တယ် ခက်တဲ့ကောင်၊ ကိုယ့်စိတ်ကိုယ်နိုင်မှပေါ့ကွ။ ယောက်ျား မင်းအတွက် တစ်အိမ်လုံး စိတ်မချမ်းမသာဖြစ်နေကြပြီ... လာ... ပြန် မယ်"

"မပြန်ဘူးကွာ..."

"ယောက်ျားပဲကွ... ခံနိုင်ရည်ရှိမှပေါ့၊ ကျောင်းသား စာမေး ကျတာ အဆန်းလား၊ ကျတာအောင်တာ နှစ်မျိုးရှိမှာပေါ့..."

"ကျရင် လူတိုင်း စိတ်ထိခိုက်တာပဲ၊ စာမေးပွဲကျရင် ကျောင်းသား တွေက သေချင်လောက်အောင် စိတ်ညစ်တယ်၊ တချို့ ကိုယ့်ကိုယ်ကို သတ်သေကြတယ်ဆိုတာ မင်း မကြားဖူးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဂျူဒို က ရှိက်သံ တစ်ဝက်နှင့် ရန်ထောင်လေသည်။ ရန်နိုင် က အသာအယာ ပြုံးလျက်...

"စာမေးပွဲကျလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ ကျောင်းသား လောက် မိုက်မဲတာ၊ ဦးနှောက်ညဏ်မရှိတာ...။ စာမေးပွဲဟာကျောင်းသား တွေရဲ့ အဓိကမဏ္ဍိုင်ဖြစ်ပေမဲ့ လူ့ဘဝ ရဲ့ အဓိကမဏ္ဍိုင်တော့ မဟုတ် ဘူး... ငါးခါ ခြောက်ခါ (၁၀) တန်း ဖြေတဲ့ လူတွေရှိတယ်။ ဒါမှ မအောင် ရင် အလုပ် ဝင်လုပ်ကြတယ်။ တစ်နေရာရာမှာ အောင်မြင်ကြတယ်... ဒီလူတွေရဲ့ စိတ်ဓာတ်ဟာ ဘယ်လောက်ကြံ့ခိုင်သလဲ။ သူတို့စိတ်ဓာတ်ကို မင်းတို့ ငါတို့က လေးစားရမယ်... အတုခိုးရမယ်..."

"ရန်နိုင့် ပြောစကားများကို ဂျူဒို က နားဝင်လေသလား မသိ။ လမ်းဓာတ်မီးတိုင်ကို ဖက်ကာ ဓာတ်တိုင်ကို ပါးနှင့်ကပ်တာ ငိုနေပြန် သည်။ ဓာတ်တိုင်မီး အရောင်သည် ဂျူဒို၏ မျက်ရည်များကို ရွှန်းလက်စေ သည်။ လူခြေတိတ်သော ညအခါတွင် ညီအစ်ကိုနှစ်ယောက်သာ လမ်းမ လယ်တွင် ရှိနေကြသည်။ ရန်နိုင်က ညီကို ကြင်နာ သနားလျက် ပခုံးကို ပုတ်ကာချော့မော့ရင်း...

"စာမေးပွဲကျလို့ သတ်သေတဲ့ အလုပ်ဟာ လူငယ်တွေအဖို့ အရှုံး နှစ်ခါ ပေါ်ရတယ်... အမှန်က အရှုံးထဲက အမြတ်ထွက်အောင် လုပ်ရ မယ်။ ရန်ပိုင်... မင်းဒါလောက် စိတ်မညစ်ပါနဲ့...၊ နောက်နှစ် အောင်မှာ ပေါ့ကွာ... တစ်နှစ်ဆိုတာ ခဏလေးရယ်၊ ဟိုလှည့်ဒီလှည့်နဲ့ကုန်သွား မှာပါ..."

"ရှက်တာတစ်ခုပါပဲ၊ ကျော်ကျော်တို့က ဘာပြောမလဲ... ဒီကောင် တွေက သူများကို အင်မတန် မှိုချိုးမှုစ်ချိုး ပြောတတ်တဲ့ ကောင်တွေ။ ငါက ဒီကောင်တွေကို မြို့နေပေါ်နေ အရှင်မွေးလို့ နေ့ချင်းညချင်းကြီးတဲ့ ကောင်တွေဆိုပြီး လုံးလုံး အထင်ကြီးတာ မဟုတ်ဘူး၊ ခုတော့ ငါ... အသုံးမကျဖြစ်ရတာပေါ့"

ဂျူဒို ဗလုံးဗထွေး နှင့် ပြောရင်း ငိုပြန်သည်။ ရန်နိုင်က အတော် ချော့မော့မှ အိမ်ထဲဝင်ရန် ပြန်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီးပေကတော့ ကြက်ကြီး လည်လိမ်ထားသလို ငိုင်ကာ တစ်ည လုံး ဆေးပေါ့လိပ်တွေ ထိုင်သောက်နေသည်။ ဘယ်နှလိပ် သောက်မိ သည် မသိ။ ချီးပေ၏ အမေက 'မိုက်တာကိုး... ကျမှာပေါ့၊ မိုက်ဦးလေ...။ မိုက်ပါဦးလား...' ဟု မြည်တွန်သဖြင့် နားနှစ်ဖက်ကို လက်နှင့်ပိတ်ကာ အိမ်ရှေ့ကွပ်ပစ်ပေါ် တစောင်း လှဲနေလိုက်လေသည်။

အဝေရာ ကမူ စောင်ကြီး ခေါင်းမြီးခြုံကာ အိပ်ရာထဲ ခွေလျက် တစ်ည နှင့် တစ်နေ့ လုံးလုံး အိပ်ရာထဲက မထ။ ထမင်း မစား၊ ရေ မသောက်၊ ဘယ်သူခေါ်လို့မှလည်း မထူး။ ညနေကျတော့ အဝေရာ့ အမေက အဝေရာ့ ကို ဖွတ်အတင်း ထ ခိုင်းကာ အိမ်ဦးခန်းရှိ ဘုရားစင် ရှေ့သို့ ခေါ်လာလျက် ဘုရားဝတ်ပြုခိုင်းပြီး၊ ညောင်ရေအိုးရှေ့ ချထား ရင်း... 'လိုက်ဆို' ဟု ပြောလိုက်လေသည်။ အရက်ကို ဘုရားမှာ လျှိုခိုင်း သည်။ အမေဖြစ်သူက...

"ဘုရားတပည့်တော်သည်၊ အရက်သေစာ မသောက်စား တော့ဘဲ၊ ဘုရားအရှင်သခင် ကိုယ်တော်မြတ်ကြီးအား ပေးအပ် လှူဒါန်းပါသည်။ အရက်သေစာ မသောက်ရန် ကတိသစ္စာခံပါ သည်။ ကတိချိုးဖောက်ခဲ့သော်..."

တစ်ပုဒ်စီ တိုင်ပေးကာ သား က လိုက်ဆိုရသည်။ ဤသို့ဆိုကြဆဲ အမေရော၊ သားရော မျက်ရည်တွေ ကျလာကာ မပြီးဆုံးမီ သားအမိ နှစ်ယောက် ငိုပွဲကြီး ဆင်ကြပြန်သည်။ အမေက...

"အရက်သောက်တာ သိပ်ကောင်းတာပဲနော်၊ အရက်ရဲ့ အပြစ် တွေ တွေ့ပြီလား၊ နင့် ဦးလေးဟာ အရက်ကြောင့် သေတယ် လို့ ငါ ခဏခဏ ပြောခဲ့ပါရောလား၊ အဆုတ်ထဲက ရေကိုပိုက်နဲ့ ထုတ်ရတယ်။ ဆေးရုံမှာ ဘယ်လောက်ခံရသလဲ၊ မနှစ်ကတင် လမ်းမှာ မူးလဲလို့ ကား ကြိတ် ခံရတဲ့ ဘဖိုး အကြောင်းလည်း ပြောတာအဖန်တရာတေနေပြီ သားမယားက အလောင်း ဘယ်လိုက်ကောက်ရမှန်း မသိတဲ့ ဘဝ ပျက်စီးတဲ့ ဘဝ၊ အပေါင်းအသင်းတွေနဲ့ စ ကတည်းက အကျင့် မလုပ်နဲ့ လို့ ပြောသားပဲ၊ နားမဝင်ဘူး... နားမဝင်ဘူး၊ အမေက ပြောလိုက်ရင် သူတို့က သိပ်တတ်တယ် သိပ်သိတယ်"

www.burmeseclassic.com

www.burmeseclassic.com


အဝေရာ ၏ မိခင်က ငိုရင်း ဆူလေသည်။ အဝေရာက အမေ့ကို လက်အုပ်ချီလျက် "အမေရယ်၊ ရှိခိုးပါရဲ့၊ မဆူပါနဲ့ အမေရယ်၊ ကိုယ့် ဖာသာကိုယ် စိတ်ညစ်တာက တစ်မျိုး၊ အမေက ဆူတာ တစ်မျိုးနဲ့ ကျွန်တော် ကိုယ့်ဘာသာကိုယ် အဆိပ်သောက် သေမိလိမ့်မယ်" ဆိုတော့ မှ အမေ့ဆူသံ တစ်မုဟုတ်ချင်း တိတ်သွားသည်။ အဝေရာလည်း စောင် ခေါင်းမြီးခြုံ အိပ်မြဲ အိပ်ပြန်သည်။

ဝေခင်ကြတော့ အုံ့ဩဖွယ်ရာ ကောင်းလောက်အောင် ကြိတ်မှိတ် နေသည်။ အမေ့ရှေ့ မျက်ရည်တစ်စက်မှ မကျ။ အမေကလည်း မဆူ၊ ဆေးလိပ်ဟာ ဖွာရှိုက်ရင်း "တစ်နှစ်စာ ပိုရှာဖို့ ဖြစ်လာပြန်ပေါ့အေ တောက်လျှောက်ကြီး အောင်လာပြီးမှ ဒီနှစ်ကျမှ ဖြစ်ရတာ... ကုသိုလ်ပေါ့ တို့ ကုသိုလ်ဆိုးတယ်လို့ပဲ မှတ်ရမှာပေါ့၊ မွဲဖို့ ဇာတာပါရင် မွဲရမှာပဲ ကံမရှိ ဉာဏ်ရှိတိုင်း မွဲ... ဆိုတာ ဒါပဲ"

ဤမျှသာပဲ ပြောသည်။ ဝေခင်သည် အမေ့အား သနားစိတ်အတိ နှင့်...။

"နောက်နှစ်အောင် အောင် လုပ်ရမှာပေါ့ အမေရယ်၊ ကျွန်တော် ကြိုးစားပါ့မယ်" ပြောရင်း ရင်ထဲ နှံးလျက်ကပင် ပြုံးရလေသည်။ စိတ်ထဲ ကမူ အရှုပ်ကြီးပြတ် ချုံးချုံးကျနေသည်။ "ဘုရား... ဘုရား ဘယ်လို ကြံရပါ့မလဲ၊ ဘယ်လိုလုပ်ရပါ့မလဲ၊ တက္ကသိုလ်စရိတ် ဘယ့်လောက်ကြီး တယ်ဆိုတာ အမေ မသိဘူး၊ ရှာဦး ကြံဦးပေါ့...၊ မိဝေခင်၊ နွားလို ရုန်း ဦးပေါ့၊ မျက်နှာငယ်ဦးပေါ့" ဟု ရင်ထဲ ပွဲတင်ရိုက်ခတ် မြည်ဟည်းနေကာ မျက်ရည်များ လည်လာပြီး မြုန်းဆို ထိုင်ရာမှ ထ လျက် ရက်ကန်းစင် တွင် ဝင်ထိုင်လိုက်သည်။

တိုင်ထားသောအညိုရင့်ရင့်ချည်မျှင်များကိုလက်ညှိုးနှင့် အသာ ဆွဲသပ်ပြီး...

"ကျွန်တော် စိတ်နည်းနည်းမှ မလျှော့ဘူး အမေ၊ 'ငှက်ရွှေဟာ ပျံရင်း သေတယ်တဲ့၊ ကျွန်တော် ကြိုးစားရင်း သေချင် သေသွားပစေ' ကျွန်တော် ကြိုးစားမယ်၊ ကုသိုလ်ဘယ်လောက် ဆိုးဆိုးပေါ့... လာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



ကံဆိုး၊ အဲ့ဒီ ကံဆိုးကို ကျွန်တော် ပွတ်ချေပစ်လိုက်မယ်၊ ကျွန်တော်-ကျွန်တော်"

ပြောရင်း ဒေါ်သသံ ပါလာကာ အသံနည်းနည်း တုန်လာသဖြင့် သူ့စကားကို ရပ်လိုက်သည်။ သည်တော့မှ မျက်ရည်ကျလာသည်။ မျက်ရည်ပေါက်တို့သည် ချည်မျှင်တန်းပေါ် ကျလာလျက် တစိမ့်စိမ့် နှင့် စွတ်စိုသွားလေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## [၂၂]

စာမေးပွဲ ကျပြီဆိုတော့ စိတ်နှလုံး ချုံးချုံးကျ ဖြစ်ပြီး စိတ်ဓာတ်က ပါ ကျသွားသည်။ ဝေခင်တို့ မိန်းကလေးအုပ်ထဲ ဝေခင်တစ်ယောက်တည်း ကျတော့ ပိုဆိုးသည်။ ကျောင်းတွေပြန်ဖွင့်လို့ ကျောင်းတက်ရပြန်တော့ ရင်ထဲ တမြေ့မြေ့ နှင့် ဆွေးလာလေသည်။

အတန်းသစ် တက်ရသူတွေအဖို့ ရွှင်လန်းစိတ် နှင့် ပြုံးနိုင်သော်လည်း အတန်းဟောင်းတွင် ရစ်ဝဲကျန်ရစ်သူတွေအဖို့တော့ မအေးနိုင်။ မရွှင်နိုင်။ အထူးသဖြင့် ဝေခင့် အဖို့ ပို နုံးသည်။ ခိုင်ကေသီမော်တို့လို မျိုးကြီးပျော်တွေ မော်လို့ပြုံးနိုင်ပေမဲ့ သူ့မှာက မယဉ်မကျေး၊ တောသွေး နှင့် နုံ့ချာချာ ပညာတင့်ချင်၍ အမြင့်ကို ချူချင်သော်လည်း တံချူတို လှ ဆင်းရဲရသည် ဟု ငိုညည်းရမည့်ကိန်းကြုံရသည်။

ကျောင်းတွင် တစ်နှစ်ကျသည် ဆိုကတည်းက အဆောင်၌ နေခွင့် မရ။ အဆောင်မှ ထွက်ရသည်။ ဂျီဆောင် ခေါ် ဥတ္တရဆောင်တွင် ဝေခင် မနေရတော့။ ကြိုင်ကြိုင့် တို့နှင့် လက်တွဲဖြုတ်ခဲ့ရလေသည်။ အပြင်၌ အိမ်ငှားနေကြရသည်။ ပိန္နဲဆောင်၊ ပျဉ်းမဆောင် စသော နာမည်များနှင့် အိမ်များမှာ ကျောင်းဝင်းအတွင်းတွင် ရှိသည်။ ဝေခင်ကတော့ သူ့လို ကျသူများစု၍ ကျောင်းမှ လမ်းတစ်ဖက်အကူး ဘီ-ပီ-အိုင် လမ်းထိပ်မှ သစ်သားအိမ် တစ်လုံးကို ငှားရမ်း နေထိုင်သည်။ အမည်လေးက ခပ် သင်းသင်း... 'မဂ်လာ' အဆောင်တဲ့။

သည်မှာ မဂ်လာယူလျက် စိတ်ဓာတ်အသစ် မွေးရဦးမည်။ ဖြစ် ခြင်းပျက်ခြင်းတရားတွေနှင့် လူ့ဘဝတွင် မကြာခဏ ဖြစ်ရပြီး၊ မကြာ

www.burmeseclassic.com

www.burmeseclassic.com



ခဏ ပျက်ရသည်။ သို့ကြောင့် အသစ်အသစ် ထပ်ခါဖြစ်သည် ဟု
က တစ်မျိုး တွေးသည်။ ဝေခင်ဆိုသည့်ကောင်မလေး၊ နောက်နှစ်နှ
လျှင် အင်ဂျင်နီယာဖြစ်တော့မည်။ ဒီ မျှော်လင့်ချက် ရောင်ခြည်
တွင် ဝေခင်တစ်ယောက် အသက်ရှင် လှုပ်ရှားနေသည်။

ဆင်းရဲသားပေမင့် ဖြူစင်သော မိန်းကလေး၊ ရိုးဖြောင့်တည်
သော မိန်းကလေး၊ အနေအထိုင် အေးဆေးသော မိန်းကလေး၊ ရည်
သနာ မရှိသော မိန်းကလေး၊ ယုတ်စွအဆုံး ဂျူဒို က နှစ်သက်မြတ်
သည် ဆိုတာတောင် ဂျူဒို နှင့် ဘာမှ မဖြစ်သော မိန်းကလေး
ဆိုလျှင် ဝေခင့် လက်ကိုပင် မထိဘူး မကိုင်ဘူး။ ပုံဆွဲရုံတွေကို ချိန်
စရာ ဟု ကျောင်းသားတွေက ပြောကြပေမဲ့ ဒါတွေနှင့်အဝေး
မေတ္တာလမ်းမြောင်းပင် ချစ်သူနှင့်တွဲပြီး ခြေ မနင်းဘူးသော မိန်းက

ချစ်သူဆိုတာ စိတ်ပင် မကူးရဲသောသူ။ ဤမျှ အလိမ္မာကြီး
မိန်းကလေးသည် ဘဝအသစ် ကို ဒီထက် ကောင်းအောင် သန်
တည်ထောင်ပြန်သည်။ အားမာန်တင်းပြန်သည်။

ကြိုင်ကြိုင်နှင့် မေအောင်တို့က မကြာခဏ ဝေခင်တို့
လာ၍ အားပေးကြလေသည်။ ဝေခင့် ကို တွေ့တိုင်း ကြိုင်ကြိုင်
မျက်ရည်ဝဲလျက်၊ မေအောင်က မျက်စိ-မျက်နှာမကောင်း၊ ဝေခ
တော့ အပြုံး မပျက်၊ ရယ်စရာ မောစရာပင် ရှာကြံပြောမိသေး

"ဂျူဒိုတို့လည်း ခြေငြိမ်သွားပြီလေ။ ခိုးပေဆိုလည်း အရင်တ
ပြောင်ချော်ချော် အရိပ်နိမိတ် လုံးဝ မတွေ့ရတော့။ ထေရ်ကြီး
ရဟန်းလား အောက်မေ့ရတယ်။ အဝေရာလည်း အဝါရည်ကိုစွန့်လိုက်
သူ့အမေက ဘုရားလှူခိုင်းသတဲ့၊ အင်း... နာဠာဂီရိ ဆင်မိုက်
ဒူးတုပ်ရရှာ ဆိုတဲ့ အတိုင်းပဲ၊ အကုန် ဝပ်ကုန်တော့တာပဲ..." ဟု
ရယ်နေသေးသည်။

ကြိုင်ကြိုင်က ဝေခင့်အား စိုက်ငေးလျက် ကြည့်နေမိသည်။
အတော် ပိန်သွားသည်။ နားထင်နားရင်းများ ကျသွားက
လည်း ချိုင့်နေသည်။ ဝေခင့်အသားတွေက ဖြူဖျော့နေသည်။ မေ
ကတော့ ဝေခင်နှင့်အတူ ရယ်မောမိလျက်...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အဖွဲ့တွေ လက်တွဲညီညီ ချီလိုပေမဲ့ လက်တွဲဖြုတ်လိုက်ကြတော့ အားလုံး စိတ်မကောင်းကြဘူးပေါ့။ ကာယကံရှင်တွေက ပိုဆိုးတယ်။ ဂျူဒို ဦးဆောင်တဲ့ အနုပညာ အဖွဲ့လည်း ဝါးအစည်း ပြေပြီး ဘောလုံးသမားလည်း ဘော မကန်နိုင်၊ ကဗျာဆရာလည်း ကဗျာမစပ်နိုင်၊ သူတို့ဟာ ပျော်တတ်ပါးတတ်ဗရုတ်ကျပေမဲ့ စည်းရုံးရေး ကောင်းတယ်။ လူကြီးနဲ့နီးစပ်တယ်၊ ပြည်သူ နဲ့ တသားတည်းဖြစ်တယ်၊ ကောလိပ်ကျောင်းသားဆိုပြီး ဟိတ်ဟန်တွေ ရှိကြတာမဟုတ်ဘူး၊ သူတို့အတွက် ကိုယ်တို့လည်း စိတ် မကောင်းပါဘူး"

သည်တော့လည်း ဝေခင်က ပြုံးရယ်နေရာမှအတွေးနှင့် ငေးသွားရှာလေသည်။ ကြိုင်ကြိုင်က စိတ်ပြောင်းစေရန် ဟိုပြော - သည်ပြော ပြောနေသည်။

"ဒီနှစ်ကတော့ အကျများတယ်၊ ကင်ညာ အုပ်စုလည်း တပြုံလုံး ကျတယ်၊ ချဉ်ဖတ် တို့အုပ်က ဟစ်ပီ ကျတယ်၊ နှာ သာမောင်လည်း ကျတယ်၊ နှာသာမောင်ဆိုရင် ရူးသလို-နှမ်းသလို ဖြစ်နေပြီ၊ ကျောက်ရုပ်ကတော့ ကျောင်းတောင်ပြန် မနေဘူး၊ သူ စာသင် ပေးလိုက်ရတဲ့ဟာတွေက အောင်လို့ စိတ်နာလို့တဲ့"

အသားမည်းသော အုပ်စုကို ကင်ညာအုပ်စု ဟု ခေါ်သည်။ ကြိုင်ကြိုင် က ဝေခင် စိတ်သက်သာစေရန်လည်း ရည်ရွယ်သည်။ ဝေခင့်စိတ်နှလုံးဗုန်းဗုန်းကျမှာကို ကြိုင်ကြိုင်စိုးရိမ်သည်။ အမူအရာနှင့် လှုပ်ရှားမှုက နည်းပြီး တမြေ့မြေ့နှင့် စိတ်မချမ်းမြေ့တာ က ပိုဆိုးသည်။

ကြိုင်ကြိုင် တို့ နှုတ်ဆက်ထွက်ခွာတော့ ညနေ နေဝင်ဖျိုးဖျ အချိန်ရောက်လုနီးမှ ဂျူဒို ရောက်လာလေသည်။ ဘီ-ပီ-အိုင် လမ်းချိုးက လျှောက် လမ်းလျှောက်နေဆဲ ဂျူဒို ရောက်လာသောကြောင့် လမ်းလျှောက်ရင်းပင် စကားပြောကြဆိုကြသည်။ ဂျူဒိုကပင် စတင်၍...

"သူငယ်ချင်းရေ... ပိန်လှချီလား၊ စိတ်မလျှော့နဲ့နော်..." ဟု ပြောလိုက်သည်။

"ဂျူဒိုလည်း... ပိန်တာပဲ"

သည်တော့ ဂျူဒို က ရယ်နေသည်။ ဂျူဒိုမှာ ရန်နိုင် နှင့်ရုပ်တူသော်လည်း ပို၍ဖြူသော သူ့အသားမှာ ပိုးဟပ်ဖြူ လို ဖျော့နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိန်သဖြင့် ပိုမြင့်သွယ်သလို ထင်ရလေသည်။ ထိုညနေက ဂျူဒိုမှာ တ
ထရွန် ရှပ်ဖြူလက်ရှည် ဝါကျင့်ကျင့် ကို လက်ပင့်တင်လျက်၊ ချည်လုံချည်
အနက်နှင့် အဖြူကွက် ကို ဝတ်ထားသည်။ ဝေခင့် ကို ကြည့်လိုက်တော့
လည်း ဂျူဒို့ပုဆိုးစ အဆင်မျိုး အဖြူနှင့် အနက်ကွက် လက်စက အင်္ကျီ
မီးခိုးရောင် ချည်ပြောင်လုံချည် ဝတ်ထားသည်။ ဒါကို သတိထားမိသော
ဂျူဒိုကရယ်လျက်...

"သူငယ်ချင်းနဲ့ ငါနဲ့ လုံချည်နဲ့ အင်္ကျီကအစ အတူတူပဲနော်၊ တော်
သေးတာပေါ့၊ ပုဆိုးကို အင်္ကျီချုပ်တယ်ဆိုတော့... အပြစ် မရှိပါဘူး"

"အစစ်ပဲ၊ ထဘီကို ရှပ်အင်္ကျီချုပ်တာပဲ ကြည့်မရတာ အန်ကယ်
ဦးကျော်ဇံရဲ့ ရှပ်အင်္ကျီဆိုရင် မမစန်းက ထဘီနဲ့တစ်ဆင်တည်း အင်္ကျီ
နီရှား ပါတိတ်ဆိုလား..."

"အဲ့ဒါ ခေတ်စားနေတာပဲ"

နှစ်ယောက်သား ရောက်တတ်ရာရာ ပြောမိသေးသည်။ ဝေခင်

"ခု ဘယ်မှာလဲ" မေးတော့...

"အပယ်ရတနာဆောင် မှာလေ"

"ဘယ့်နှယ်..."

"သူငယ်ချင်းကလည်း 'အ' ပါ၊ ကြို့ကုန်းရွာမှာ တို့ဘာသာ
အိမ်ငှား နေရတာပေါ့၊ ဒါကို တို့က 'အပယ်ရတနာ'လို့ နာမည်
တာပေါ့၊ တို့က အပယ်ခံတွေ မဟုတ်လား"

"လွမ်းစရာတွေ ပြောမနေပါနဲ့ဟယ်"

"ဒီလိုဆိုရင်... ဘွာ"

"ကြို့ကုန်းရွာဆိုတော့ သိပြီ၊ ဂျီဆောင် ရဲ့ နောက်ဘက်... ဟုတ်
လား၊ အဲဒီကနေ မှန်ဘီလူး နဲ့ လှမ်းလှမ်းကြည့်လို့ ဒီက ကျောင်းသူတွေ
တစ်ခါ ကျတာ မမှတ်သေးဘူးလို့ ဆူဆောင့်ကြသတဲ့။ မနှစ်က အစ်မ
က ပြောဖူးတယ်"

"တို့တော့ တော်ပြီ၊ ဗရုတ်ကျတာတွေ စခန်း သိမ်းပြီ၊
ပျော်... ပျော်တော့ ပျက်သတဲ့၊ အပျက်ကိန်းကြီး တစ်ခါတည်းဆိုက်
တာ၊ ခုတော့ ငါတို့ကိုယ် ငါတို့ ဘဝခြားသလိုပဲ သူငယ်ချင်း... အဆောင်
နေခဲ့ရတဲ့ ဘဝဆိုတာတော့..."

www.burmeseclassic.com

www.burmeseclassic.com



ဂျူဒို က သူ့ရောင်းရင်းများနှင့်အတူ အဆောင်နေရသော အဝကို ပြန်လည် တမ်းတနေသည်။ ညတိုင်း ဂျူဒို့အခန်းတွင် စကားဝိုင်းကြီး ဖွဲ့တတ်သည်။ ချီးပေ၊ ဘဲဥ၊ ကိုပြံ တို့အပြင် ဟိုလူဒီလူတွေ ဂျူဒို့အခန်း သို့ ရောက်လာတတ်ကြသည်။ ရေနွေး ကို လျှပ်စစ်ဖို ပေါ် ဖလား တင် လျက် တည်ပြီး လက်ဖက်ခြောက် ခတ်၊ လက်ဖက်၊ ပဲလှော်၊ ငါးပိကြော် တို့ကို ရောသုပ်ကာ အနီးအနားဆိုင်မှ ဆီ သွားဝယ်သူ ဝယ်၊ သံပရာသီး သွားဝယ်သူဝယ်... သုပ်စားကြသည်။

အခန်းရှေ့ သင်ဖြူးတစ်ချပ်ခင်းကာ တစ်ယောက်တစ်လက်နှိုက် စားကြရာ တစ်ခဏသာ ခံသည်။ ၁၀ ယောက်၊ ၁၁ ယောက်ဆိုတော့ နည်းတဲ့အုပ်မှ မဟုတ်ဘဲ။ ဘယ်လို အစားမျိုးမှ မခံ။ အစားကောင်းသော အရွယ်တွေလည်း ဖြစ်သောကြောင့် ပိုဆိုးသည်။

(၇) နာရီက စသော စကားဝိုင်းက တစ်ခါတလေ ညသန်းခေါင် တိုင်အောင်ပင်။ အဝေရာ၊ ချီးပေ နှင့် ကိုပြံ တို့က တဟားဟားရယ်မော တတ်ကြသောကြောင့် အဆောင် နည်းပြဆရာပင် ခဏခဏ သတိပေး ရဖူးသည်။ ကျောင်းဖွင့်၍ နှစ်ဝက်ကုန်လုလုတွင် စကားဝိုင်းကြီးများ ပျောက်၍ ကျားဝိုင်းတစ်လှည့်၊ ရှူးစစ်ဘုရင်ဝိုင်းတစ်လှည့် ဝိုင်းကလေးများ တွင် အာရုံဝင်စားကြပြန်သည်။ ရှုံ့သူက နိုင်သူကို မုန့် တဝ ကျွေးတမ်း တစားကြသည်။

တစ်ခါတစ်ရံလည်း ဂျူဒို၏ဂီတာနှင့် စောင်း လက်သံသည် လရောင်ဖြာလင်းသော ဝရန်တာတွင် ပျံ့လွင့် နေတတ်သည်။ အဆိုတွေ အတီးတွေကလည်း အစုံစုံပင်၊ တစ်ခါတစ်ခါတော့လည်း အတီးအမှုတ် တွေ ဘေးဖယ်ကာ ဘဲဥက မိန်းမငြိကာ ဖွဲ့လေသည်။ ဘယ်ကောင်မလေး ခုံနံပါတ်က ဘယ်လောက်၊ ဘယ်သူက သူ့မြို့မှာရည်စားနဲ့၊ ဘယ်သူက ဘယ်သူ့သမီး... စသည်ဖြင့် မိန်းမစာရင်းပြုလုပ်ကြသည်။ ဘဲဥကို မိန်းမ အဘိဓာန်သဖွယ် သဘောထားလျက် 'ဆရာကြီးဆရာကြီး' ဟုလည်း တင်ပွန်းတပ်ကြသေးသည်။

အသင်းအပင်းတွေလုပ်တော့လည်း ဂျူဒိုတို့က ရှေ့ဆုံးက အသင်း ရန်ပုံငွေကောက်ရန်၊ လေ့လာရေး ခရီးထွက်ရန် လုံးပန်းကြ သည်။ တနင်္ဂနွေနေ့ ထမင်းစားခန်း သန့်ရှင်းရေးလုပ်သည်း ဂျူဒိုကပင်

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်လေသည်။ စည်းရုံးရေး စိတ်ဓာတ်ကတော့ အပြည့်အဝပင်၊ ပြေးခုန်ပစ်ပွဲတွေလည်း ဂျူဒိုတို့ကပင် ဆော်ဩ လုပ်ကိုင်ခဲ့သည်၊ အဆောင်၌ လူချစ်လူခင်များသော ဂျူဒိုကား ယခုတော့ အပယ်ခံဘဝသို့ ရောက်လေပြီ။ ဘဲဥတို့ ကိုပြုံတို့လည်း စိတ်မကောင်းကြ။ တစ်နေ့ ကပင် ဘဲဥ လာ၍ ဝမ်းနည်းစကားပြောကြားသေးသည်။ ဂျူဒိုက...

"ငါ့ကို ကျော်ကျော်က ဗရုတ်ကျလို့... ကျတာတဲ့၊ တကယ်တော့ ငါတို့ ဗရုတ်ကျတာ... ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး၊ စည်းရုံးရေး စိတ်ဓာတ်တွေနဲ့ တို့တွေ အလုပ် လုပ်ခဲ့တာပဲ။ ဒီအဆောင်တွေမှာက ဆရာတွေအလစ် ဖဲဝိုင်းဖွဲ့တဲ့သူတွေဖွဲ့ကြတာ။ တို့ကို ဒီလိုစာမေးပွဲကျအောင် ဒဏ်ခတ်တာတော့ နည်းနည်းမှ မတရားပါဘူး၊ လောကကြီးကို သိပ်စိတ်နာတယ်"

ပြောပြီး ဖြိုးဆို မျက်ရည်များ လည်လာသဖြင့် မျက်နှာကို တစ်ဘက်သို့ လှည့်နေလိုက်လေသည်။ ထို့နောက် ဂျူဒိုက ရယ်ပြန်ကာ "ရယ်စရာတော့ သိပ်ကောင်းတာပဲ၊ ကျော်ကျော့် အမေက ငါ့ကို တကူးတက ခေါ်ပြီး ကောင်းကောင်းနေဖို့ ဆုံးမတယ်။ စာမေးပွဲကျတဲ့သူဆိုတော့ ဟိုလူက ပြော ဒီလူကနှိမ်နဲ့ တစ်ခါတည်း လူရော စိတ်ရော တောင်ပေါ်က ဒလိမ့်ခေါက်ကွေးကျရတဲ့ အဖြစ်"

သည်တော့ ဝေခင်လည်း မျက်ရည် လည်လာလေသည်။ ရင်ထဲ ဝမ်းနည်းစိတ်တွေ လှိုက်လျက် ငိုချင်လာသည်။ သည်တော့ ဝေခင်ကလည်း ရယ်မလိုမျက်နှာထား တမင်လုပ်လျက်...

"ငိုချင့်လျက်သားနဲ့တော့ ရီမနေပါနဲ့ ဂျူဒိုရယ်၊ မပူရပ်ကို ဟန်လုပ်ရတာ စိတ်ကြေကွဲပါတယ်။ ခု တို့လည်း ငိုချင်တယ်... အတော်ပဲပေါ့၊ ဂျူဒို ငိုရင် တို့လည်း အဖော်ရတာပေါ့၊ တို့ ငိုကြရအောင်ဟယ်... တို့ထိုးရှုံးတယ်လို့တော့ မထင်ပါနဲ့"

ပြောရင်း မျက်ရည်များ ဖြာစီးလာကာ ငိုလေသည်။ ဂျူဒိုက တစ်ဘက်သို့ မျက်နှာ လှည့်မြဲလှည့်လျက် မျက်ရည်ကျနေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

# [၃၄]

အပြင်မှာ အိမ်ငှားနေရသည်ဆိုတော့ အဆောင်မှာနေသလို စရိတ်က မသက်သာ။ သည်တော့ ဝေခင် က ထုံးစံအတိုင်း ဒေါ်ခင်စန်းမြင့် အိမ်သို့ ပြေးရပြန်သည်။ ထိုနေ့က မတင်ရွှေ နေမကောင်းသဖြင့် အဖော်မခေါ်ခဲ့ရ။ ပြီးတော့ ကျော်ကျော်နှင့်လည်း မဆုံချင်သဖြင့် ဦးကျော်ဇံရှိသော စနေနေ့လယ်ကို ရွေးလာခဲ့လေသည်။ စနေနေ့ကတော့ လင်မယားနှစ်ယောက် ရုပ်ရှင်ကြည့်လျှင်ကြည့်၊ မကြည့်လျှင် ဖဲဝိုင်းနှင့် အိမ်မြဲနေတတ်သည်။

ထိုနေ့ကအိမ်တွင် ဘယ်သူမှ မရှိ။ ဖဲဝိုင်း မရှိသဖြင့် အိမ်ကြီးမှာ ခြောက်သွေ့နေသည်။ အိမ်စေတွေလည်း မရှိကြ။ အိမ်စေတွေကတော့ စနေနေ့ဆိုလျှင် ရုပ်ရှင် ထွက်ကြည့်တတ်သည်။ ကလေးတွေက ရေကူးကန် သို့ သွားကြသည်။

ဦးကျော်ဇံတစ်ယောက်တည်းသာ အိမ်တွင် ကျန်ရစ်သည်။ ဝေခင် က ဒေါ်ခင်စန်းမြင့်ရှိမည်အထင်နှင့် အသံပြုဆဲ ဦးကျော်ဇံ ကိုသာ တွေ့ရသည်။ ဒေါ်ခင်စန်းမြင့် ဂျာမန် ဘာသာသင်ကျောင်းသို့ သွားသည်ဟု ဆိုသည်။ ဦးကျော်ဇံကပင် ဒေါ်ခင်စန်းမြင့်ကိုယ်စား ဝေခင့် ကို ပစ္စည်းအပေါင် နှင့် ငွေချေးမည် ဆိုသောကြောင့် ဝေခင့် မှာ ဝမ်းသာသွားရလေသည်။ ထမင်းစားခန်း၏ ဘယ်ဘက်ခန်းသို့ ဦးကျော်ဇံဝင်သွားကာ ဘီဒိုအံဆွဲတစ်ခုဖွင့်သံ ကြားရလေသည်။ ငွေစက္ကူတွေ တဖျပ်ဖျပ်နှင့် လှန်လှောရေတွက်နေသံလည်း ကြားသည်။ လေတိုက်သဖြင့် သတင်းစာစက္ကူတွေ လွင့်သံတွေလည်း ကြားရသည်။

"ဝေခင်ရေ... ပိုက်ဆံတွေ လွင့်ကုန်ပြီ၊ လာ ကောက်ပေးပါဦး" ဟု အကူအညီ တောင်းသဖြင့် သွား ကောက်ပေးရသေးသည်။ နှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



တန် ငွေစက္ကူတွေလည်း ဟိုတစ်ရွက် ဒီတစ်ရွက် လွင့်နေသည်။ ဦးကျော်ဇံက ဝေခင် ကောက်ပေးသော ငွေစက္ကူများကို ယူကာ ဝေခင့်မျက်နှာ လှမ်းကြည့်ပြီး...

"ဝေခင့်ဆီက အတိုးတွေ ယူရတာလည်း မနည်းတော့ဘူး။ မင်းမမစန်း ကလည်း ဒီအလုပ်မျိုး သိပ် လုပ်တယ်၊ အန်ကယ်ကတော့ မင်းဆီကရော၊ တင်ရွှေ တို့ လှငွေတို့ဆီကရော အတိုးယူရတာ အားနာတယ်၊ ခု ဝေခင် တစ်နှစ်မှာ ကျောင်းပိတ်ရက်နဲ့ ဘာနဲ့... ဆွဲကြိုး(၈)လပဲ ပေါင်တယ်ထား... အတိုးကတစ်လ ၁၅ ဆို... ဘယ်လောက်လဲ"

"၁၂၀ ပါ" ဝေခင် က ဖျတ်ခနဲဖြေသည်။

"အင်း... အာအိုင်တီကဆိုတော့ သင်္ချာအတွက် ကောင်းပဲ၊ တစ်နှစ်ကို ၁၂၀၊ ခု ဝေခင် ဘယ်နှနှစ်ရှိပြီလဲကွ၊ ဆွဲကြိုးပေါင်တာ..."

"လေးနှစ်ရှိပြီ ထင်တယ် အန်ကယ်"

"၄၈၀ တောင် ရှိသွားပြီပဲ... ဆွဲကြိုးတန်ဖိုးလောက် ရှိရောမယ် ဟုတ်လား"

ဒေါ်ခင်စန်းမြင့် က စကားပြောမြန်သလောက် ဦးကျော်ဇံက အေးအေးဆေးဆေး ပြောတတ်လေသည်။ ဝေခင် က မျက်နှာ ညှိုးငယ်စွာ နှင့် ခေါင်းကို ခါယမ်းကာ...

"နှမြောလို့ မတွက်တော့ပါဘူး" ဟု ပြောမိလေသည်။

သည် အချိန်အထိ ဦးကျော်ဇံ တွင် မရိုးမသား အမူအရာ မရှိ။ တကယ်တော့လည်း သူသည် လူကြီး လူကောင်းတစ်ယောက်။ ဝေခင်ကလည်း မိမိကိုယ်ကို ယုံကြည်ကိုးစားသော စက်မှုတက္ကသိုလ် ကျောင်းသူတစ်ယောက်...

ဦးကျော်ဇံသည် အရာရှိကြီးဖြစ်သည်။ ခေတ်ပညာတတ်၍ ဂုဏ်ရှိန် မြင့်မားသူလည်း ဖြစ်သည်။ လူကြမ်းချစ်တင်ကြီး တို့လို မျက်နှာ ပြောင် နှင့် မိန်းကလေးကို အကြမ်းဖက်၍ ဘယ်နည်းနှင့်မျှ အနိုင်ယူမည် မဟုတ်ပေ။ ဦးကျော်ဇံ က နိုင်ငံခြားတွင် ကျောင်းစရိတ် ရှာကြရသော မိန်းကလေးများအကြောင်းကို တစ်စ, တစ်စ ပြောပြပြီးနောက် ဓာတ်ပုံ အချို့ကို ဝေခင်အား ပြသကာ-

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ဝေခင်... ဒါဂျပန်နိုင်ငံမှာ၊ ဒါက... ယိုးဒယားမှာ၊ ဒါက ပြင်သစ်... အကုန်မိကောင်းဖခင်သားသမီးတွေ"

ပြောတော့ ဝေခင် က မမြင်ဝံ့သော ဓာတ်ပုံများထံမှ မျက်စိလွှဲလိုက်လေသည်။ သည်တုန်းက ဒေါသထွက်ဖို့ သတိမရ။ "ရှက်စရာ ဓာတ်ပုံတွေပါလား" ဟု အံ့သြခြင်း ဖြစ်မိသည်။ ဓာတ်ပုံတွေမှာ ကိုယ်လုံးတီးများနှင့် မိန်းမငယ်များ၏ပုံအပြင် ကျားမ ပုံမများဖြစ်သည်။

"အပြာဓာတ်ပုံဆိုတာ ဒါပဲ" ဟု ဝေခင်က အတွေးပေါက်ပြီး ငွေစက္ကူများကို ဦးကျော်ဇံ ဆီ ပြန်ပစ်ပေါက်လိုက်ကာ...

"ကျွန်တော် ဘယ်လို အစားလဲဆိုသော အန်ကယ် မသိဘူးလား။ အန်ကယ် ကျွန်တော့်ကို အထင်သေးတာ... ကျွန်တော် သိပ်အံ့သြတယ်" ဟု ပြောမိလေသည်။

သည်တော့ ဦးကျော်ဇံက ပျာပျာသလဲ အမူအရာ နှင့် ဝေခင်အား

"နိုး... နိုး ဝေခင်၊ အန်ကယ့်ကို အထင်မှားနေပြီ၊ အန်ကယ်က ဝေခင်ကို အထင်သေးတာ မဟုတ်ဘူး။ ဝေခင် က အထင်မှားနေတာ"

"ဒါဖြင့်ဘာလို့ ဒီလို အယုတ်တမာ ဓာတ်ပုံတွေကို ပြရတာလဲ။ အန်ကယ် မရှက်တတ်ပေမဲ့ ကျွန်တော် ရှက်တယ်"

ဝေခင်က အသံကိုထိန်းကာ ပြောလိုက်လေသည်။ သည်တော့ ဦးကျော်ဇံ က မျက်နှာထားတည်ကြည်စွာနှင့်ပင်...

"မဟုတ်သေးပါဘူးကွ၊ မင်းက ခေတ်ပညာတတ် မိန်းကလေး တစ်ယောက်တည်း မင်း ဆေးကျောင်းတက်ရင်လည်း ဒါမျိုးတွေ မြင်ရမှာ"

စင်စစ်တော့ ဦးကျော်ဇံသည် မွန်ရည် နှစ်လိုဖွယ် ရုပ် ရှိသည်။ သူ့အပြုံးသည် ချိုမြသည်။ အရုပ် ပျပ်သဖြင့် အရွယ်ကလည်း တင်သည်။

"ဒီလိုဆိုရင် အန်ကယ်နဲ့အန်ကယ်သမီး ဒီဓာတ်ပုံမျိုးအတူတူ ကြည့်မလား"

ဦးကျော်ဇံ သည် ရုတ်တရက် မျက်နှာ နီမြန်းသွားသည်။ လူကြီး မှာ ရှက်သွားသည်။ သို့ကြောင့် ပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက စကားတတ်ပဲ၊ ကျော်ကျော်က မင်းအကြောင်းတွေ အစုံ စုံ ပြောတာတောင် အန်ကယ် အထင် မသေးခဲ့ပါဘူး၊ မင်းက မျက်နှာ များတယ် တဲ့၊ မင်းမှာ စစ်သားရယ်၊ ရန်နိုင်၊ ရန်ပိုင်ဆိုတဲ့ အမြွှာညီအစ်ကို ရယ်၊ ရည်းစားတွေ ထည်လဲ ရှိတယ်တဲ့၊ ခိုင်ဇေ နဲ့ လှလှသော်တို့က ဒီလိုပဲ ပြောကြတယ်။ အန်ကယ် ဒါတွေ မယုံခဲ့ပါဘူး၊ မင်းမှာ ရည်းစား ရှိတာတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ မျက်နှာများတယ်ဆိုတာတော့ မဟုတ် ဘူး"

ဝေခင်က 'တောက်' တစ်ချက်သာ ခေါက်လိုက်မိသေးသည်။ ဦးကျော်ဇံက ဆက်၍...

"ဒါတွေကတော့ စိတ်ဆိုးစရာ မရှိပါဘူး။ ကိုယ် မဟုတ်ရင် ပြီးတာ ပဲ၊ အမှန်ကတော့ မင်းကို အန်ကယ် စော်ကားတာ မဟုတ်ပါဘူး။ မင်းကို မြင်မြင်ချင်း သနားတယ်၊ သံယောဇဉ်လည်း ဖြစ်မိတယ်။ မိန်းကလေးတွေ ဟာ ငွေကြေး နွံမ်းပါးရင် ပျက်စီးသွားတာတွေ အများကြီးပဲ။ နိုင်ငံခြား မှာ ပိုဆိုးတယ်။ ဒါကို မင်း သိစေချင်တယ်။ လှိုင်းရေ အရှိန်ကြီးလာရင် ဘယ်လောက်ပဲ တင်းခံခံ မရဘူး။ မျောပါစမြဲပဲ။ သင်္ဘောကြီးတွေတောင် မှ လှိုင်းလုံးတွေကြား နစ်ရသေးတာပဲ။ မင်း... အဲလို နစ်သွားမှာကို အန်ကယ် စိုးရိမ်တယ်။ မင်းရဲ့ ရုပ်ရည်ကလေးကလည်း လှတယ်။ လှတဲ့ မိန်းကလေးဟာ အန္တရာယ် ပိုကြီးတယ်"

"ကျွန်တော် ဘာကို ကြောက်ရမှာလဲ"

"ပျက်စီးမှာကိုပေါ့...၊ ပျက်စီးမှာ စိုးလို့ပြောနေတာ...။ မင်း တည် တယ် ဆို၊ အန်ကယ်တို့ သိပါတယ်။ ရုပ်မြင်လိုက်ရုံနဲ့ သိတာပေါ့ကွာ... ဒါပေမဲ့ ဒီလို ဆင်းရဲတွင်း နစ်နေမယ့်အစားတော့ အန်ကယ့် အနေနဲ့ မင်းကို..."

သည်တော့ ဝေခင်က ဆတ်ခနဲ ဦးကျော်ဇံ၏ မျက်နှာကို ကြည့် ကြည့်လိုက်လေသည်။ ဦးကျော်ဇံကလည်း ဝေခင့် မျက်လုံးများကို စိုက် ကြည့်ရင်း 'ကူညီချင်ပါတယ်' ဟု တီးတိုးလေသံနှင့် ပြောလိုက်လေသည်။ ထို့နောက် ငွေစက္ကူများကို ဝေခင့် အား ကမ်းပေးလိုက်ရာ ဝေခင်က ခေါင်းကို ခါယမ်းလျက် ကလေးငယ်များကဲ့သို့ လက်ကို နောက်ပစ်ထား လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယူလေ...၊ ယူပါ... မင်းဆွဲကြိုး ထားခဲ့ပေါ့...။ ခါတိုင်းလို ပေးတာပါ။ ဘာ အောက်မေ့နေလို့တုံး..." ဦးကျော်ဇံ က ရယ်ကာ ပြောလိုက်လေသည်။ ဝေခင်က မယူ။ ဆွဲကြိုးကို နောက်ထပ်ပေါင်ရမည့် သူတစ်ဦး ရှာဖွေရန် ခေါင်းထဲ စဉ်းစားနေကာ အတွေး နှင့် ငေးနေမိသည်။ ဦးကျော်ဇံက ငွေစက္ကူများကို သူ့လက်နှင့် ရေတွက်သလို ပြုလုပ်ရင်း...

"အန်ကယ့်ဂုဏ်၊ အန်ကယ့် သိက္ခာကို မင်း နားလည်ဖို့ ကောင်းပါတယ်။ မင်းကို ရိုးရိုး ကူညီမယ် ပြောတာပါ။ မင်းအထင်မှားတဲ့အတွက် စိတ်မကောင်းပါဘူး။ မင်းအတွက် ဦးတည်ပြီး ပြောတာပါ။ အမှန် က တော့ ယောကျ်ားတွေဟာ ဂုဏ်ရှိရင်... ကားရှိရင် တိုက်နဲ့တာနဲ့ တစ်ယောင်တဆောင် ထားနိုင်ရင် ဘယ်လိုမိန်းမမျိုး ယူမလဲ။ တက္ကသိုလ်ဘွဲ့ရတွေ၊ အရွယ်ကောင်းတွေ လှတာတွေ တသီကြီး ခေါင်း ခေါက်နိုင်တာပဲ..." ဦးကျော်ဇံ၏ ဝေ့လည်ကြောင်ပတ် စကားတွေကို သိပ်နားမလည်လှ။ အသားလိုလို့ အရိုးတောင်းတာလား၊ ရိုးရိုးလား၊ ဆန်းဆန်းလား မသိ။ ဝေခင် တစ်စုံတစ်ခုကို တွေးမိကာ ပြန်လည် ချေပမိသည်။

"ဒီလို ခေါင်း ခေါက်နိုင်တဲ့ မိန်းမတွေဟာ ကျွန်တော်တို့လို ရိုးရိုးသားသား ဘယ်ဟုတ်မလဲ။ သိက္ခာ မရှိတဲ့ အပေါစားတွေနေမှာပေါ့၊ ကျွန်တော်ကတော့ အပေါ့စားမဟုတ်ဘူး..."

ဦးကျော်ဇံက ဝေခင့်စကားကို ရယ်မောနေသည်။ ဝေခင့် ပခုံးကို အသာအယာ လက်နှင့်ပုတ်ကာ ဝေခင့် လက်ကို ဆွဲ နူတ်ဆက်လျက် ခင်း သိပ်တော်တဲ့ မိန်းကလေး အမိပ္ပာယ်နှင့် You are very smart ဟု ပြောလိုက်လေသည်။ ဝေခင်က သူ့လက်ကို ဆောင့်ရုန်းပြီး လှည့်ပြန် ၍ ခြေလှမ်းပြင်လေသည်။ ဦးကျော်ဇံ က ဝေခင့် လက်ထဲ ငွေစက္ကူ တွေ အတင်းထည့်ပေးနေသည်။

"မယူဘူး... မယူဘူး" ဟု ဝေခင်က ငြင်းဆန်လိုက်လေသည်။ ဝေခင့် စိတ်ထဲ၌ ငွေစက္ကူများကို အ မင်္ဂလာအဖြစ်မြင်နေသည်။ အတယ်တော့ အားလုံး အပိုင်းပိုင်းဆုတ်ဖြဲပြီး ထိုသူ့ မျက်နှာခွက်သို့သာ

www.burmeseclassic.com

www.burmeseclassic.com



ပစ်ပေါက်လိုက်ဖို့ ကောင်းသည်။ သို့မဟုတ် မီးတင်ရှို့လိုက်ချင်သည်။ စိတ်ထဲမှလည်း 'ဒီလို နားထင်စပ် ကျိုးကျားဖြူပြီး ထိပ်ပြောင်နေတဲ့ လူကြီးကို အရာရှိကြီးဖြစ်ဖြစ်၊ ဘုံပြဿာဒ် နဲ့ ထားထား၊ ဘဲလ်အဲ့ကားနဲ့ တင်ခေါ် ခေါ်ယူရမှာလား။ ထမင်းရည်ပဲ လျက်တော့မယ်။ စာမသင်ရ လည်း နေ...' ဟု တွေးမိလေသည်။

ထိုအခိုက် ဒေါ်ခင်စန်းမြင့် ပြန်လာတာနှင့် ပက်ပင်းတိုးပြန်တော့ ဒေါ်ခင်စန်းမြင့်က စားပွဲပေါ်မှ ခွတ်ပုံများကိုကောက်ကိုင်ကြည့်ပြီး အမူအရာ အပျက်ပျက်နှင့် ပိုက်ဆံပေးနေသော သူ့ယောက်ျားနှင့် မျက်နှာနီနေသော ဝေခင့်ကို တစ်မျိုး တွေးထင်ကာ...

"ဖာသည်မက ဒီအခန်းထဲ ဘာလာလုပ်တာလဲ" ဟု ပက်ခနဲ ဆိုးရွားစွာ ရန်ထောင်လိုက်လေသည်။

"ကျွန်တော့်ကို မဆဲပါနဲ့၊ ခင်ဗျားယောက်ျားမတရား လုပ်တာပဲ" ဟု ဝေခင်က ပြန်ချေသည်။

"ဆဲတော့ ဘာဖြစ်သလဲ...၊ နင်မှ အဟုတ် မဟုတ်တာ"

"အဟုတ်မဟုတ်ရအောင် ကျွန်တော် ဘာလုပ်လို့လဲ"

"ဟဲ့ လင်ခိုးမ... နင် ဘာလုပ်တယ်ဆိုတာ နင့်ဘာသာနင် မသိဘူးလား..."

ဦးကျော်ဇံက တစ်ခွန်းမှ ဝင်မပြော။ ဒေါ်ခင်စန်းမြင့်က ဝေခင့်အား ရန်သူသဖွယ် သဘောထားလျက် အမျိုးစုံ ဆဲရေးလေသည်။ အထက်တန်းစား အခေါ်ခံသူတို့ အဆောင်အယောင်တွေနှင့် မလိုက်အောင် စရိုက်ကြမ်းစွာ နင့်သီးသောစကားလုံးများနှင့်ပုတ်ခတ်လေသည်။

"ကျွန်တော့်ကို ဖာသည်လို့ မဆဲပါနဲ့။ ကျွန်တော်တို့မှာ ထုံးစံ မရှိဘူး။ ခင်ဗျားတို့ ထုံးစံရှိရင်တော့ မပြောတတ်ဘူး..."

"လူပါးဝ လို့"... ဒေါ်ခင်စန်းမြင့် က ဝေခင့် ပါးကို လှမ်း ရိုက်လေ သည်။ ဝေခင်ကလည်း မခံ။ တစ်ချက် ပြန်ချသည်။ ဒေါ်ခင်စန်းမြင့်က ဆွေ့ဆွေ့ခုန်လျက် သားလှီးဓား တစ်ချောင်းကို ကောက်ကိုင်ကာ ဝေခင့် အား လှမ်းထိုးလိုက်ရာ ဦးကျော်ဇံကလည်း ကမန်းကတန်း ဆွဲ။ ဝေခင် ကလည်း ဘယ်လက်နှင့် ရင်ဘတ်ကို ကာလိုက်သဖြင့် လက်ခလယ်

www.burmeseclassic.com

www.burmeseclassic.com



အရင်းကို ထိုးစိုက်မိလေသည်။ လက်ကို လျှပ်ထိုးမိသော်လည်း ပူခနဲ ဖြစ်သွားကာ သွေးတွေ ဖြာဆင်းလာလေသည်။ ဦးကျော်ဇံက ဒေါ်ခင် စန်းမြင့်အား အတင်းလှမ်းဖက်ကာ...

"မာမီရေ တော်တော့ကွယ်၊ လက်လွှန်မယ်၊ ဘာမဟုတ်တာနဲ့ မောင်တို့ နာမည်ပျက်ရလိမ့်မယ်။ မောင်တို့ဂုဏ်သိက္ခာကို စောင့်စည်း မှပေါ့"... ဟု ချော့မော့သလို ပြောလိုက်လေသည်။

ဝေခင်သည် ထိုအိမ်ကြီးထဲမှ ပြေးထွက်လာခဲ့သည်။ လက်မှဒဏ် ရာသည် စပ်ဖျဉ်းဖျဉ်းနှင့် နာလာကာ သွေးတွေ တဒိန်းဒိန်း တိုးလာသလို လက်အကြောတွေက တဆတ်ဆတ် တုန်နေသည်။ စောစောကတော့ ပူခနဲသာ ဖြစ်သွားသည်။ ဒါလောက် နာလိမ့်မည် မထင်။ ဝေခင်သည် ထူပူလျက် ရင်ထဲ အသက်ရှုကျပ်ပြီး နှလုံးသားတွင် နာကျင်နေသည်။ ငိုရမည်လား။ ဒေါသဖြစ်ရမည်လား။ ဝမ်းနည်းရမည်လား၊ စိတ်အားငယ် ရမည်လား။ စိတ်အားတင်းရမည်လား။ ဘယ်လိုခံစားရမည် မသိ။ စိတ် က လွတ်လပ်သော လေဟာပြင်ကို ရောက်နေသလို သတိလစ်နေသည်။ လက်နာတာကိုတော့ သိသည်။ လက်ကိုင်ပဝါနှင့် သွေးတွေကို သုတ်ပစ် ကာ ဒဏ်ရာကို စည်းထားလိုက်လေသည်။ ခြေလှမ်းတွေကတော့ ဘတ်စ် ကား မှတ်တိုင်ရှိရာသို့ လာခဲ့နိုင်သေးသည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## [၃၅]

သညာ ကင်းမဲ့သူပမာ လျှောက်လာခဲ့သော်လည်း ခြေလှမ်းတွေက မျက်စိ တပ်ထားသလိုပင်။ ပထမ တက္ကသိုလ် ဆေးရုံတွင် လက် အနာကို ဆေးသွား ထည့်သည်။ နောက်ခြေလှမ်းတွေက ဂျီဆောင်ရှေ့ရှိ ပိတောက် ပင် နှစ်ပင်ရှိရာသို့ ဦးတည်နေသည်။

နံနက်ကပင် ထို ပိတောက်ပင်ပျို တို့မှပထမဦးဆုံးအကြိမ် ပိတောက်ပွင့်ခဲ့တာ အမှတ်ရသေးသည်။ ကျောင်းတွေ ပြန်ဖွင့်မှ ပွင့် သောကြောင့် ဂျီဆောင်သူကို ဝမ်းပမ်းတသာ ခုန်ပေါက်ကာ ဝေဝေ ဆာဆာ ဖူးပွင့်သော ပိတောက်များကို ခူးကြလေသည်။ ကြိုင်ကြိုင်နှင့် မေအောင်ပင် ဝေခင် ရှိရာ မဂ်လာ သို့ တကူးတက ပန်းတွေလာပေး သည်။

ညနေချိန် ဂျီဆောင် မှာ ထုံးစံအတိုင်း အေးအေးချမ်းချမ်း တိတ် တိတ်ဆိတ်ဆိတ်ပင်။ ယခုရောက်လာသော အဆောင်မှူး ဒေါ်သောင်း ခင် သည် စည်းကမ်းကြီးသည်။ သို့သော်လည်း စည်းကမ်းကို စည်းကမ် အနေနှင့် မဟုတ်ဘဲ အသိစိတ်ဓာတ် နှင့် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတ ပိုကြိုက်သည် ဆိုသည်။ ည ၇ နာရီခွဲ၍ စာကြည့်ချိန် ခေါင်းလောင်းထိုးပြီ သည်နှင့် လုံးဝ မဆူရ။ ရေဒီယို မဖွင့်ရတော့။

နိုင်ငံခြားက ပြန်လာပေမဲ့ မြန်မာရိုးရာဓလေ့ကို ထိန်းသိမ် ကြောင်း၊ အနေအထိုင် ပိရိတာ ကြိုက်ကြောင်း၊ ယောကျ်ားလေးများနှ တွဲထားသော ထမင်းစားခန်းသို့ သွားလျှင် ဘလောက်စ်အကျီ ဝတ်တ ပင် မကြိုက်။ လက်ရှည်ဝတ်သွားရကြောင်း၊ ဆံပင်သပ်ရပ်စွာ ဖြီးတ ကြိုက်ကြောင်းများကို ကြိုင်ကြိုင် က ပြောပြတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဝေခင့်အဖို့ ဤသို့အေးချမ်းသော ဖြူစင်သော အရိပ်ကို ခိုလှုံခွင့် မရပြီ။ ဝေခင် က ပိတောက်ကြွေပွင့် အစအနများကို ငေးစိုက် ကြည့်နေပြီး တစ်နှစ်တာမျှသာ နေခွင့်ကြုံခဲ့သော ဂျီဆောင် ကို တမ်းတ နေမိသေးသည်။

ဖြစ်ပျက်ခဲ့သမျှ ကြိုင်ကြိုင် ကို ပြောပြရမလား။ စိတ်ကူးပြီးမှ မပြောဖြစ်တော့ အဆောင်ရှေ့မှ ပြန် လှည့်ထွက်ခဲ့လေသည်။ ခြေလှမ်း လာရင်း စိတ်က နွမ်းလျလျနှင့် မောနေသည်။ ကျိန်းစပ်နေသော ပါးနှင့် နာနေသော လက် ကို သတိရတိုင်း စိတ်က မချမ်းသာ။ စိတ်မချမ်းသာ လို့လည်း တတ်နိုင်သည့်ကိစ္စမဟုတ်။ ဖြစ်ပြီးတာလည်း ဖြစ်ပြီးပြီ။

"ဂုဏ်ရှိသူမှ အနိုင်ရသတဲ့။ ငွေများရင် တရားနိုင်သတဲ့။ ဆင်းရဲ နေသရွေ့တော့ ဒီလိုပဲ လှံအစိုက် ခံနေရဦးမှာပဲ" ဝေခင် က အတွေးနှင့် ငေးငိုင်လာလေသည်။ ကားတွေ ဆိုက်ကပ်ထားရာ နေရာဘေးစင်္ကြံ ကို လျှောက်လာတော့ ကိုယ်ပိုင်ကားအချို့ ဆိုက်ကပ်ထားသည်ကို တွေ့ ရလေသည်။ ကျော်ကျော်၏ ဖယ်ဖလီယာ ကားပြာလေးကိုလည်း တွေ့ ရသည်။ အတန်းတွေကတော့ ဆင်းကုန်ပြီဖြစ်သည်။ ခိုင်ကေသီမော်နှင့် တစ်နေရာရာတွင် တွေ့နေတာဖြစ်မည်။ သူတို့နှစ်ယောက်လည်း သည် တန်ဆောင်တိုင်အခါ အလွန်ကပင် စေ့စပ်ကြောင်းလမ်းခဲ့ကြသည်။ များ မကြာမီ အင်းလျားလိပ်ဟော်တယ်တွင် လက်ထပ်ကြမည်ဆိုပဲ။

ဝေခင်ကလမ်းလျှောက်လာရင်း ရင်ထဲက တီးတိုးစကားတွေနှင့်...

"ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်လို့တော့ တို့ယုံတာပဲ။ ခု မကောင်းတာတွေ ဖြစ်လာတာကကော။ အဲဒါ ဗုဒ္ဓဘာသာအရ ဆိုရင် ကံ ကျေးပေါ့။ ကံ ကြွေးတွေ မြန်မြန် ကုန်ပါစေဟယ်။ ဒါဟာ နောက်ဆုံး ပူလောင်ခြင်းပဲ ဖြစ်ပါစေတော့။ ဆင်းရဲတဲ့ဘဝလည်း နောက်ဆုံးဘဝ ပဲ ဖြစ်ပါစေ"... ဆုတောင်းမိသေးသည်။

"သူငယ်ချင်းရေ"

ဝေခင် ကျောင်း အဆောက်အဦစင်္ကြံတစ်လျှောက် လျှောက်လာ ဆဲ...။ ဂျူဒိုက နောက်မှ လှမ်းခေါ်လိုက်လေသည်။ ဝေခင့်စိတ်က မကြည်

www.burmeseclassic.com

www.burmeseclassic.com



မလင်နှင့်မို့ လှည့်လည်း မကြည့်၊ ခြေလှမ်းလည်း မရပ်ဘဲ ဆက်သွားနေသည်။

"သူငယ်ချင်း... နေပါဦး"

ဂျူဒို က လှမ်း အော်လိုက်လေသည်။ ကျောင်းဆင်းချိန်မို့ လူသွားလူလာတွေက ရှင်းနေသည်။ ဝေခင် က သွားမြဲသာ။ ဂျူဒိုက အမောတကော လိုက်လာလေသည်။ စိုးရိမ်ပူပန်စိတ်နှင့် ဆက် ခေါ်ပြန်သည်။ ဒီတစ်ခါတော့ သူငယ်ချင်း မခေါ်တော့။

"ဝေခင်... ဝေခင်ရေ" ဟု ခေါ်သည်။ ဝေခင်က သက်ပြင်းမသိမသာချလျက် လုံးဝ လှည့်မကြည့်။ လှည့်လည်း မကြည့်ချင်။ စကားလည်း ပြောချင်စိတ် မရှိ။ ဂျူဒိုက ခြေလှမ်းကျဲကြီးများနှင့် လိုက်လာရင်း မီလာသော် ဘေးချင်း ယှဉ်လျက် ဝေခင့် မျက်နှာကို လှမ်းကြည့်ကာ

"သူငယ်ချင်း ဘာဖြစ်နေလဲ"

ဝေခင်က မျက်ရည်ပြည့်လျှံနေသော မျက်လုံးများနှင့် ဂျူဒိုအား လှမ်းကြည့်ပြီး ခေါင်းကိုသာ ခါယမ်းလိုက်လေသည်။ ဂျူဒို က ဝေခင့်အား နားမလည်သလို ငေးကြောင်ကြည့်ပြီး...

"ဘာဖြစ်လို့လဲ... ပြောစမ်းပါဦး"

"ဟင့် အင်း" ဝေခင်က ခေါင်းကိုသာတွင်တွင် ခါယမ်းနေသည်။ ဂျူဒို က ဝေခင် ၏ ဘယ်လက်ကို အသာ လှမ်းကိုင်ပြီး...

"ကြည့်စမ်း... လက်က ဘာဖြစ်တာလဲ"

"ဓားနဲ့ ခိုက်မိတာ"

"နင် ဘာတွေဖြစ်လာလဲ"

"မဖြစ်ပါဘူး"

"မဖြစ်ရင် ဘာလို့ ငိုနေတာလဲ"

"စိတ်မကောင်းလို့ပေါ့ဟယ်"

"ဘာ့ကြောင့် စိတ်မကောင်းတယ် ဆိုတာလည်း ပြောမှပေါ့။ ငါ ဘာလုပ်ပေးရမလဲ၊ ဘာကူညီရမလဲ"

သည်တော့ ဝေခင် က မျက်ရည်စများကို လက်ညှိုးနှင့် တို့၍ သုတ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဆွဲကြိုး သွားပေါင်တာ ဟိုအိမ် နဲ့ မပြေလည်ခဲ့ဘူး။ ဘယ်အိမ်လဲဆိုတာ ဂျူဒို မသိသေးပါဘူး။ ပြောရမှာ အရှည်ကြီးရယ်။ ခုတော့ မပြောချင်သေးဘူး မောသေးတယ်။ စိတ်မောလာတာဆိုရင် ပိုမှန်မယ်။ ဆက် မမေးနဲ့ကွယ်…။ တို့မောတယ်"

"သူငယ်ချင်းရယ်။ ပဟေဠိတွေနဲ့ အချင်းချင်းလျှိုနေပြန်ပြီ နင်က မမေးနဲ့ဆိုလည်း ငါ မမေးပါဘူး။ ငါ နင့်ဆီကို လာမလို့။ ခုပဲ ထွက်လာတာ။ နင် ဒီဇိုင်းစာအုပ် လိုချင်တယ်ဆို"

ဂျူဒိုက ဝေခင့်မျက်နှာကို စိုက်ကြည့်ကာ ပြောလိုက်လေသည်။

ဝေခင့် မျက်နှာလေးတွင် ဝမ်းနည်းရိပ်ဝမ်းနည်းရောင်များ ယှက်သန်း နေသည်။ မျက်ရည်စတွေနှင့် ရွှန်းလက်နေသော မျက်ခမ်းတစ်ဝိုက်တွင် မည်းမှောင်စိမ်းလဲ့သော မြမျက်တောင်တို့သည်လည်း စိုစွတ်နေကြသည်။ သို့ပေမဲ့ ဝေခင့်တွင် စိတ်အား တင်းသော အမူအရာလည်း တွေ့ရသည်။ ဝေခင်က ရယ်ရန် ကြိုးစားလေသည်။ ဝမ်းနည်းလျက်ကပင် ရယ်လည်းရယ်မိလျက်…

"အလကားပါဟယ်… လူတွေက တန်ဖိုး မရှိပါဘူး။ ရွှေဘုံမှာ စံစားကြပြီး စိတ်ထားတွေကလည်း ညံ့လိုက်တာ…၊ ဘာ အနှစ်သာရမှ မရှိဘူး။ ပြောရင်တော့ တို့က အောက်တန်းစားပေါ့၊ တို့က စိတ်ထား ယုတ်တဲ့ အထက်တန်းစား ဖြစ်ရတာထက်စာရင် စိတ်ထားမြတ်တဲ့ အောက်တန်းစား ဖြစ်ချင်သေးတယ်"

ဂျူဒိုက ဝေခင့်အား ရွှန်းရွှန်းစားစား စိုက်ကြည့်တော့ ဝေခင်က ရယ်မြဲပင်။

"တို့ကို အရူးတစ်ယောက်လို မကြည့်ပါနဲ့ဟယ်…၊ တို့ မရူးသေးပါဘူး။ အရာရှိကြီးကတော် တစ်ယောက် နဲ့ တို့ ရန်ဖြစ်လာခဲ့တယ်။ တို့အမေ ငါးစိမ်းတန်းက ငါးစိမ်းသည်တွေ ကျနေတာပဲဟယ်၊ ကြောက်ဖို့တောင် ကောင်းတယ်။ သူက တို့ကို ပီ (P)လို့ ဆဲတယ်"

"တောက်…၊ တယ်ရိုင်းပါလား…" ဂျူဒို က ဒေါသဖြစ်နေသည်။ ဝေခင် က လက်ကာပြလျက် မောသလို သက်ပြင်းတစ်ချက်ရှိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ တို့က ပြန်ပြောတယ်၊ ကျွန်တော်တို့မှာ ဒါမျိုး ထုံးစံမရှိဘူး။ ခင်ဗျားတို့မှာ ထုံးစံရှိရင်တော့ မပြောတတ်ဘူး... ဆိုတော့ သူက နာတယ်လေ...၊ သူ့ယောကျ်ားအရာရှိကြီးကလည်း တို့ကို သနားတယ် ကူညီမတဲ့။ သူကလည်း တစ်မျိုးကြောက်စရာ ရွံ့စရာ၊ သိပ်ညစ်ညမ်းတာပဲ၊ ဒီငရဲခန်းထဲ မရောက်အောင် တို့ မနည်း ပြေးလာရတာ။ တို့မှာ အတွယ်အတာ မဲ့လိုက်တာ၊ ရေနစ်လို့ ဆွဲစရာ ကောက်ရိုးတမျှင် ရှာမတွေ့ဘူး"

ဝေခင် က ပြောရင်း ငိုလေသည်။ ဂျူဒို က သက်ပြင်းချလျက်...

"ငွေလိုရင် ငါ့ကို ပြောပါလား"

"ဟန်မလုပ်ပါနဲ့ ဂျူဒိုရယ်၊ ဂျူဒိုတို့ အိမ်ထောင်စုလည်း ငွေအတွက် လုံးပန်းနေတယ်ဆိုတာ တို့ သိပါတယ်" ပြောကြဆိုကြရင်း ကျောင်းအဆောက်အဦ အပြင်သို့ ထွက်လာကြလျက် ဂိတ်ပေါက်ငယ်သို့ သွားရာ လူသွားလမ်းဆီသို့ ဆက်လျှောက်လာကြလေသည်။ ယူကလစ်တပ် ပင်အောက် ရောက်လျှင် ဂျူဒို က ရပ်နားလိုက်လေသည်။ ယူကလစ်တပ်ပင်ညည်ကို မှီကာရပ်ရင်း...

"နင့်အနေနဲ့ ငါ့အိမ်သား တစ်ယောက်ဖြစ်လာရင်တော့ နင့်ကျောင်းစရိတ် မပူရတော့ဘူးပေါ့။ အဖေတို့ အမေတို့က သဘောကောင်းပါတယ်။ သူတို့အတွက် သမီးတစ်ယောက် တိုးတာပေါ့"ဟု ဂျူဒိုက သွေးတိုးစမ်းသလို ပြောဆဲ။ သန္တြဘန်ခိုင်မာရှာသူလေးကတော့...

"အရေးထဲ လူပျိုစကား ပြောနေတာလား။ ဒီလိုဆိုရင် ပြန်တော့မယ်။ တို့စကား ဆက် မပြောချင်တော့ဘူး" ပြောပြီး ဆက်လျှောက်လာမြန်ကာ ဂိတ်ပေါက်ငယ်မှ ထွက်လာခဲ့လေသည်။ ပလက်ဖောင်း ကိုကျော်လျက် ကားလမ်းကို နှစ်ယောက်သား ဖြတ်ကူးလာကြရင်း ဂျူဒိုက...

"နှမလေးအဖြစ်နဲ့ မွေးစားမယ် ပြောတာပါ"

"ဝေ့လည်ကြောင်ပတ်တော့... မပြောနဲ့ကွာ"

"တည့်တည့်ပြောတာပါ"

သည့်နောက်တော့ နှစ်ယောက်စလုံး ရယ်မိကြသည်။ ဝေခင့်စိတ်ထဲ ဘာ အချုပ်အနှောင်မှ မထားတော့။ လွတ်လပ်ပေါ့ပါးစွာပင် စိတ်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးကို အေးချမ်းစေသည်။ ကိုတောင်းတဲ့ လူ့ဘဝမှ ဒီလို အမြဲ လွတ်လပ်ပေါ့ပါးနေရရင် ဘယ်လောက်ကောင်းမလဲ တွေးမိသေးသည်။ သို့တွေး... မာရ်နတ် က အဖျက်လုပ်ငန်းကို စတင်လာကာ... ဖြုန်းဆို 'မင်္ဂလာ' ဆိုင်းဘုတ်ရှေ့နားတွင် အစ်ကိုတင့်ဇော်က သုန်မှုန်စွာ ရပ်နေသည်ကို တွေ့မြင်ရလေသည်။

"ဟင်... ကိုလေး" ဟု ဝေခင် က အံ့ဩသလိုပြောကာ ပြေးလာပြီး ဝင်းတံခါး ဂိတ်အဝင် တရုတ်စံကားပင် အောက်တွင် ရပ်လိုက်သည်။

တင့်ဇော်က တရုတ်စံကားပင် အောက်သို့ လျင်မြန်စွာ ဝင်လာ... ဝေခင်ရှေ့မှောက် ခါးထောက်ရပ်ပြီး...

"သိပ်တော်တာပေါ့... သိပ်တော်တယ်။ ပညာသင်ဖို့ ငါတို့... ဝိုင်းလုံးပန်းရတယ်။ နင်က အလေလိုက်နေတယ်။ ဟုတ်လား... နင့်ကို အလေလိုက်ဖို့ ကျောင်းထားတာလား"

စိတ်ဆိုးမာန်ဆိုးနှင့် အော်ဟစ်လျက် နှမငယ်ကို 'ညည်း' အစား နင်ဟုပင် သုံးနှုန်းလာလေသည်။ အစ်ကိုတင့်ဇော်၏မျက်နှာတွေ... နီရဲကာ မျက်လုံးတွေပါ အရောင် တောက်နေသည်။

"မဟုတ်ဘူး ကိုလေး..."

ဝေခင် က ရှိုက်သံတစ်ဝက်နှင့် ဖြေလိုက်သည်။ တင့်ဇော်...

"ဘာမဟုတ်ဖူးလဲ မျက်မြင်တောင် လိမ်ချင်သေးလား"

"ကိုလေး အထင် မှားနေတယ်။ ကျွန်တော်ရှင်းပြပါ့မယ်... ကျွန်တော် ရှင်းတာ"

"မလိုဘူး မရှင်းနဲ့၊ နင့် အကြောင်း မသိရင်ခက်မယ်၊ ... ချွေးနဲ့စာ ငါ့ချွေးနဲ့စာ နည်းနည်းမှ မထောက်ဘူး၊ စာမေးပွဲလည်း ... ပြီး နင် အရှက် မရှိဘူး"

တင့်ဇော် က လက်ညှိုးနှင့် မျက်နှာနားကပ်ထိုးကာ ပြောခိုက်... ဂျူဒိုသည် တစ်ဘက်တရုတ်စံကားပင်အောက်မှ ဝေခင့် ကို အ... လာကာ...

"ဒီမယ်... ရဲဘော့်... ရဲဘော် အထင်မှားနေပြီ၊ ကျွန်တော်တို့..."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှ ဝင်မပြောနဲ့၊ ငါနှမငါဆုံးမနေတာ၊ မင်းနဲ့မဆိုင်ဘူး"

တင့်ဇော်က ပြောပြီး ဝေခင် ၏ ပွရောင်းနေသော ဆံပင်ကို ဆွဲ၍ ခေါင်းကို မော့စေလျက်...

"နင့်ရုပ်ကြည့်စမ်း၊ လူမြင်လို့မှ မကောင်းဘူး။ တောက်... ငါ ရိုက်လိုက်ရရင်"

"သတ်ပစ်လိုက်၊ ကိုလေး သတ်ချင် သတ်ပစ်လိုက်ပေါ့... ကျွန်တော် သေရဲတယ်"

ဝေခင် က မျက်ရည်စများနှင့် အော်ဟစ်လိုက်ရာ အစ်ကိုတင့်ဇော် က စိတ်လိုက်မာန်ပါနှင့် သူ့စစ်ခါးပတ် ကို ချွတ်ကာ နှမငယ်ကို ရိုက်လေသည်။ ဂျူဒိုက အတင်း လိုက်ဆွဲသော်လည်း 'မင်း မဝင်နဲ့' ဟု တွန်းပစ်လိုက်ကာ ရိုက်ပြန်သည်။

ဝေခင် က ငိုရှိုက်ရင်း တင့်ဇော်၏ မျက်နှာကိုမော့ကြည့်ကာ မျက်ရည်ရစ်ဝိုင်းသော မျက်လုံးများက တင့်ဇော်၏မျက်လုံးများကို စိုက်ကြည့်လျက်...

"ကိုလေး... ကျွန်တော့်ကို လိမ္မာအောင် ရိုက်တာ ကျွန်တော် နားလည်ပါတယ်။ ခု ကျွန်တော်မိုက်တာ မဟုတ်ပါဘူး၊ ကျွန်တော် မမိုက်ပါဘူးဆိုတာ ကိုလေး မယုံဘူးလား" ဟု တုန်ယင်သောအသံ နှင့် ပြောလိုက်သောအခါ တင့်ဇော်၏ မြှောက်လက်စ လက်သည် အားလျော့ကာ ပြုကျသွားလေသည်။ တင့်ဇော်သည် မျက်ရည်လည်လျက် ခါးပတ်ကို ပြန် ပတ်လိုက်သည်။ ဝေခင် က ဒူးထောက်လျက် လက်သီးနှစ်ဖက်ကို အားဆုပ်ကာပေါင်ပေါ်တင်ပြီး...

"အား" ဟု အသံကုန် ခြစ်အော်နေသည်။ ဝေခင့် အော်သံကြောင့် ဆေးလာရှေ့ဈေးဆိုင်တွင် လာသောသူများ၊ အဆောင်မှ ကျောင်းသူများ ပြေးလာကြလေသည်။ ဝေခင်မှ အသံရှည်ဆွဲလျက် အာခေါင်ခြစ်အော်ပြီး နောက် မေ့လဲသွားလေသည်။

ကျောင်းသူများက ဝေခင့်ကို ပွေ့ထူကာ ဝိုင်းဝန်း၍ သတိရ အောင် လုပ်ကြသည်။ 'အင့်' ခနဲ သတိ ရလာသောအခါ ဆေးရုံသို့

www.burmeseclassic.com

www.burmeseclassic.com



ပို့ရန် စီစဉ်ကြလေသည်။ တင့်ဇော်က တရုတ်စကားပင် ပင်စည်ကို ခေါင်းဆိုက်ကာ မျက်ရည်များ ကျလာလေသည်။

ဂျူဒို သည် ဘီ-ပီ-အိုင်လမ်းဘက်သို့ ထွက်လာပြီး လမ်းတစ် လျှောက်ကို လျှောက်မှန်းမသိ လျှောက်လာလေသည်။ ရင်ထဲ၌ လှိုင်း တံပိုးတွေ ထန်လျက်ရှိလေသည်။ ဘယ်ကို သွားရမည် ရည်ရွယ်ချက် မရှိ။ လျှောက်၍သာ နေလေသည်။ ရင်ထဲ၌ တီးတိုးစကားများက ရိုက်ခတ်နေသည်။

"ဝေခင် နေကောင်းလာမှာပါ၊ သူ့ခံစားမှုက ပြင်းထန်လာပြီး ပေါက်ကွဲသွားရတာပါ၊ ဒီလိုဖြစ်တာ ခဏပဲ နေမှာပေါ့။ သူ့ကို စိတ်ရော ဆေးရုံပို့မယ်လို့လည်း တိုင်ပင်နေကြတယ်။ သူတို့ ထင်လို့ပါ၊ ဝေခင် မရူးပါဘူး။ ဝေခင့်မျက်လုံးလေးတွေက ကြည်ကြည်လင်လင်ပဲ၊ ဘယ် တော့မှ ရူးမယ့် မိန်းကလေး မဟုတ်ဘူး။ သူဟာ အားတင်း တတ်တဲ့ မိန်းကလေး...၊ မေမြို့တုန်းက သူပြောခဲ့ဖူးသားပဲ...၊ "လေအဟုန်များ အတောင်လွှင့်လို့ ပျံလိုက်စမ်း..." တဲ့။ လေဆန်ဖြစ်ချင်လည်း ဖြစ်ပစေ အတောင် နှစ်ဖက်ရှိသရွေ့ ပျံရမှာပဲတဲ့။ ဝေခင် အတောင် မကျိုးသေး ဘူး။ အတောင် မကျိုးသရွေ့ ကိုယ်လိုတဲ့ ခရီးရောက်နိုင်ပါတယ်..."

ဂျူဒိုက မပြေးရုံတမယ် လျှောက်လာရင်း စိတ်ထဲက မထွေးနိုင် မမြိုနိုင် နှလုံးသည်းပွတ်တို့သည်လည်း ထိခိုက်နာကျင်လျက် အသည်းစိုင်ကို ဆွဲကိုင်လှုပ်သလို သိမ့်သိမ့်ခါနေသည်။ တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ် လျက် ယိမ်းယိုင်လုလုဖြစ်နေသည်။ စိတ်သာ မတင်းထားလျှင် ဝေခင်နှင့် အတူ ဗုန်းဗုန်းကျလဲသွားမည်သာ ဖြစ်သည်။ အော်ဟစ်ငိုချင်လျက်...

"ဝေခင့်ကို သနားတာ တစ်ခုက လွဲလို့ တခြား ဘာမှ မရှိဘူး။ ဝေခင် စိတ်ချမ်းသာ စေချင်တာ တစ်ခုပဲ။ ငါပျော်တတ်ပေမဲ့ ခုတော့ ငိုရမှာပဲ၊ သူငယ်ချင်းအတွက် ငိုရမှာ၊ ဝေခင် နေကောင်းအောင်များ ငါ့မျက်ရည်တွေနဲ့ ကုစားနိုင်ရင် အမြဲပဲ ငိုရပါစေ။ မျက်ရည်ချောင်းစီး ပါစေ၊ ငါ့မျက်ရည်တွေနဲ့များ သူ့ဘဝကို ဖန်တီးပေးလို့ရရင် ဒီထက်ပို ငိုမှာပဲ..."

ဝေခင့်ကို ချစ်ခင်မြတ်နိုးစိတ်၊ ကရုဏာစိတ်တွေ ဝေလျက် ရှိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လှဲတုန်လှုပ်နေသည်။ ဘယ်နေရာကြည့်လိုက် ကြည့်လိုက်၊ဝေခင်၏ ညှိုးလျော့ နွမ်းဖျော့သော မျက်နှာ အရိပ်တွေကထင်နေသည်။ မိုးကောင်းကင်က တိမ်လိပ်တွေကို ကြည့်မလား၊ သစ်ပင်တွေကို ကြည့်မလား၊ ပန်းပင်ချုံနွယ်တွေကို ကြည့်မလား…၊ ပန်းဝါဝါပွင့်ဖတ်လေးတွေထဲမှ ဝေခင့်မျက်နှာက ညှိုးလျက်ကပင် ပြုံးရယ်နေသည်။

"အားမလျှော့လိုက်နဲ့ သူငယ်ချင်း…"

ခင်ဆွေဦး

၁၄-၈-၇၁

❑

www.burmeseclassic.com